
ရခိုင်လမြို့ဒီဝဦးသည်။

# ရခိုင်ညွန့်ဖူး



# PEAL®
# CD VERSION

# ရခိုင်ညွန့်ဖူးအမှတ်(၆)

## About this book

Type - Daw Khin Si
Proof - U Myo Hlaing
Layout - U Khin Moung

- First Edition -
July, 2002

ရခိုင်သားကြီးစာပေ

# မာတိကာ


| | |
|---|---|
| ၁။ ရခိုင်မင်းသားဒွမ်မာတင် | ဝေသာ |
| ၂။ ဆောင်းကိုဖြတ်သန်းခြင်း | ရွှေရေးအောင် |
| ၃။ ရှင်ထွေးနှင့်ရှင်ထွေးနှောင်း နတ်ရှင်မေ၏မယ်တော် | မောင်ဒေဝ |
| ၄။ အပြည်ပြည်ရှင်ငယ်ရစ်ဝှမ်းဖမ့်ထမ်း | ရွှေသာခိုင် |
| ၅။ ရခိုင်အပြောစကားပြေနန့်အရီးကားပြေရို့၏ အခြီအနီ | ဇယန္တဗောဓိ |
| ၆။ ပထမမြောက်ဦးခေတ် ဂဇာပတိမင်းနှင့် ပတ်သက်၍ကျမ်းကွဲများ | မောင်မှန်းအောင်(ကျိန်းမြေ) |
| ၇။ ရခိုင်မဟာဝဏ်အဖွဲ့ | ခိုင်ရာဇာ(ကျောက်ဖြူ) |
| ၈။ ဒွါရဝတီမှ ရွှေသားရုပ်တုတော် အရိမေတ္တယျဘုရား | နန္ဒာထွန်း |
| ၉။ ရခိုင်နာမ ဘွဲ့မည်လှ | မဟာမြဝါ |
| ၁၀။ မြောက်ဦးမြို့ပြတိုက်မှ ထူးဆန်းသောကျောက်စာတစ်ချပ် | မြတ်စောမွန်(ပညာရေး) |
| ၁၁။ ရခိုင်ထုံးဓလေ့ကင်းပွန်း | အသျှင်ဇေယျစက္က |
| ၁၂။ ပန်းမြောင်းတစ်ခွင် သမိုင်းဝင် | ခိုင်စောသိမ်း(ပန်းမြောင်း) |
| ၁၃။ လခြမ်းမြို့က ကျောက်ကောင်းတစ်ပွင့် | အသျှင်ခေမာစာရ |
| ၁၄။ ၁၃၆၀–ခုနှစ် ကောက်ဦးပန်းနှစ်ပွင့် | ဝူဖေဆန် |


ရခိုင်သားကြီးစာပေ

၁၅။ တောတန်းကျွန်းမြောက်ဘက်ခြမ်းမှရခိုင်
ယဉ်ကျေးမှု အမွေအနှစ်များတည်ရာ    မင်းပြား မင်းသိန်းဇံ
၁၆။ လခြမ်းမြို့မှ ကမ္ဘာကျော်အာဇာနည်၏
ဘဝရုပ်ပုံလွှာ    မဟာပညာကျော်(ရခိုင်မြို့)
၁၇။ အစွမ်းမပေါက်မြို့မရောက်    ခညဦး
၁၈။ လခြမ်းမြို့မှာ ရောင်ပြန်ထင်ဟပ်လာမည့်
ပုံရိပ်များ    စောထွီးသျှင်(မြောက်ဦး)
၁၉။ ရွှေပြည်လော ရှေ့ပြည်လော    အောင်မြကျော်(စစ်တွေတက္ကသိုလ်)
၂၀။ ရခိုင်တို့၏ရှေးဟောင်းစိန်တင်မြို့ကို
ရှာဖွေကြပါစို့    ဘိုးမင်း(ဘူးသီးတောင်)
၂၁။ စူလမဟာရာဇာ    အရှင်ကောသလ္လ(ဂဝေသီ)
၂၂။ သူရိယစက္က၊ ဘီစီ၃–ရာစုခေတ်ရခိုင်မင်း
နှင့်စန္ဒာမုနိမဟာကျန်ဘုရားကြီး    ဦးရွှေဇံ
၂၃။ မြောက်ဦးမြို့တည်လင်္ကာ    ပြေကြီးသျှင်
၂၄။ ရခိုင်ရှိဟောင်းတေးကဗျာများ    ရမ္မာဝတီပညာစာရ
၂၅။ ရခိုင်ညွှန့်ဖူးဝတ္ထုတိုပြိုင်ပွဲစာမူတိနန့်
ပတ်သက်၍    မှတ်တမ်းတာဝန်ခံ
၂၆။ မယူမြစ်ကမ်းမှကြိုကြွဲသံ    မယူသုန်စို

# အမှာစာ

ပထမဦးဆုံးတစ်ကောင်တည်းရာ ရောက်လာစွာပါ။ ယင်းခါကပင် ကျွန်တော်ရို့တစ်အိမ်သားလုံး သတိထားမိကတ်ပါရေ။ သူ့ကိုကြည့်ရစွာ အငြိမ်နီလို့ ရပုံမပေါ်။ ထိုကူးလိုက် ဒေခုန်လိုက်နန့် အလုပ်များနီကတ်တေ။ တစ်ခါတစ်ခါ ပါးစပ်ကလေ့ အော်လိုက်ပါလိမ့်ရေ။ သူ့အသံရေ ကျယ်ကကျယ်နန့် နားထောင်လို့လေ့ မကောင်းပါ။ သူ့ကို ဆရာမောင်ထွန်းရေ လုံးဝသဘောမကျ။ 'ကြည့်ပလင် ကြည့်နီစွာကိုက ဂွကျွေမရ။ အမြင်တစ်မျိုးနန့် ကြည့်တတ်တေ မျက်လုံး၊ ဇာသူ့ကိုလေ့ မယုံရေမျက်လုံး၊ တခြားငှက်တိ သူ့ပိုင်မကြည့်၊ ငါသူ့ကိုကြည့်မရ၊ တချို့ဆိုးရေလူတိ လူထိုးကန်းတိ၊ လူကလန့်တိကို ရွဲ့လို့နာမည်ခေါ်ချင်ကေ။ "ကျီးကန်း"လို့ ခေါ်ကတ်တေမနား။ လူကို တစ်ခုလေ့ကောင်းကျိုးမပီးရေငှက်၊ အပင်တိ အပွင့်သျှေတိ၊ သီးကင်းသျှေတိကို ဖျက်ဆီးတတ်တေ။ ငါရာမဟုတ် အများကသဘောမကျ။ အုန်းနန့်မိုးထားရေ အိမ်ခေါင်တိဆိုကေ သူ ဒုက္ခပီးလို့ ရက်ပြတ်ရက်ပြတ် ပြန်မိုးရရေ။ သူ့ကြောင့် ပျက်စီးလားစွာ အများကြီး။ ဆရာမောင်ထွန်းရေ သူ့သဘောမကျသမျှကို တစ်ယောက်လေ့ မမိန်းဘဲ ပြောနီရေ။ ဒေကျီးကန်းနန့် ပတ်သက်ကေ ဆရာမောင်ထွန်း မကျေနပ်ချက် များပုံရပါရေ။ ဇာအချိန်က ဇာရန်ငြိုးတိ ဟိဖူးလီလေချင့်။ အမှန်ဆို လူနန့်ကျီးကန်း ဇာရန်ငြိုးလေ့ ဟိဖို့မထင်၊ ဆရာပြောနီပုံက အခဲမကျေ ဖြစ်နီရေကာ။

တစ်ခါက တိစန်းမောင်နန့် ကိုဇော်လင်းအိမ်ကို အလည်ရောက်ကတ်တေ။ ယင်းအခါ အိမ်ရှိမှာ ကျီးကျန်းလေးငါးကောင် ရောက်နီရေ။ ဇာခါကပင် လေးငါးခြောက်ကောင် ရောက်ပါလတ်တေလဲ ကျွန်တော်တောင် သတိမထားမိ။ သူရို့ကိုမြင်စွာနန့် "ကိုစန်းမောင်၊ ကျွန်တော်ကတော့ ကျီးကန်းဆိုရေ ငှက်ကို လုံးဝကြည့်မရ။ ဒေငှက်စွာ ရန်လိုရေ။ အရုပ်လေ့မလှ ယေအပြင် အသံလည်းမလှ၊ ကြည့်ရစွာလေ့ ကျက်သရေလေ့ မဟိ"။

ရခိုင်သားကြီးစာပေ

''ဟုတ်တေ၊ မင်းပြောစွာတောင်မက သူ့အသံက ကျယ်ရေ၊ ဆူရေ၊ စူးရေ၊ သလာရေ။ ယေထက်မက အစားအသောက်ဝါ အသီသားကို စားရေ၊ အပုပ်အစပ်ကို စားရေ။ ရှံကို ရှံဖို့ ကောင်းရေ။ ငါက အရောင်ကိုလေ့ မကြိုက်၊ မည်းလို့''

ကျွန်တော်ရေ ကျီးကန်းအကြောင်းကို သူရို့ပြောနီပြီးခါမှ ပို့သူ ကျီးကန်းစတိကို သတိ ထားလာမိရေ။ အမှန်ဆို ဒေလောက်ထိ အမုန်းမပွားသင့်။ သူ့ခမျာ သနားပါရေ။ ဒေပိုင် ရန်ငြိုး တိကြောင့်လားမပြောတတ်၊ အစာစားစွာတောင် စိတ်မဖြောင့်၊ ထိုကြည့်ဒေကြည့်နန့် စားနီရရေ။ အစာသေျှတစ်ဖဲ့ရစွာကို သူ့ဆွေမျိုးအသိုင်းအဝိုင်းတိ ကြားအောင် အော်လိုက်စွာကလေ့ အာကွဲ မတတ်။ ဇာကိုလေ့နမော်နမဲ့နီလို့မရ။ အစားအစာရှာဖို့လို့ တွိကေလေ့ တစ်ကိုယ်တည်း ကောင်း စားရေးကို သူမတွေး။ တစ်ကိုယ်ကောင်းမဆန်။ သင်းကွဲစိတ်မဟိ။ ရောက်တေအရပ်ဒေသက သူ့မိတ်ဆွေ အသိုင်းအဝိုင်းထိ ကြားအောင် အသံကုန်အော်လို့ အသံပီးစွာဗျာယ်။ သူ့ဆွေမျိုး အသိုင်းအဝိုင်းတိ ဒုက္ခရောက်နီကေလေ့ သူ့ကိုယ်ရေးကိုယ်တာကိစ္စတိကို အသာထားပနာ ကူညီတတ်တေ။ သူလုပ်သင့်ရေအလုပ်ကို သူလုပ်တေ။ သူ့ကိစ္စထက် အများကိစ္စကို ဦးစားပီး ရေ။ ပြဿနာကို ပူးပေါင်းဖြေရှင်းချင်မရ စိတ်မျိုးဟိရေ။ အများကို ကူညီတတ်တေး အတို့ အထောင်မလုပ်။ မျိုးချစ်စိတ်ဟိရေ။ ညီညွတ်မှုကို လိုလားရေ။ ပူးပေါင်းဖြေရှင်းလိုရေ စိတ်မျိုး ဟိရေ။ နီးကြားတက်ကြွချင်ရေ ဆန္ဒ အသွင်သဏ္ဌာန်ဟိရေ။

---

*ရခိုင်စာပီ တိုးတက်မြင့်မားပါစီ*

*ရခိုင်လှမြင့်*

# ရခိုင်မင်းသား ဒွမ်မာတင်

ဂျက်စ်လေဒါ
ချူလာလောင်ကွမ် တက္ကသိုလ်
ဝိဇ္ဇာပညာရပ်များ မဟာဌာနခွဲ
အနောက်တိုင်းဘာသာစကားများဌာန
၁၀၃၃၀၊ ဘန်ကောက်မြို့။

ဘန်ကောက်မြို့၊ ၁၅-ဩဂုတ်၊ ၁၉၉၆။

ဦးကျော်ကျော်လှခင်ဗျား

ကျွန်တော်ပေးပို့ထားသော ယခင်ပေးစာများအား ကြင်နာစွာဖြင့် ပြန်ကြားပေးမှုအတွက် အထူးကျေးဇူးတင်ရှိပါသည်။ ထိုပြန်ကြားချက်များသည် ကျွန်တော့်အဖို့ အထူးအသုံးဝင်သော သတင်းအချက်အလက်များ ရရှိစေပါသည်။

ယခု ဤစာနှင့်အတူ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက် ပေါ်တူဂီ အမျိုးသမီး အင်နာမာရီယာမာ့က်စ်ဂီးဒီးစ် ရေးသားပြုစုသော ဒွမ်မာတင်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို လောလော လတ်လတ် ပေးပို့လိုက်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ကျွန်တော်အကြိမ်ပေါင်းများစွာပင် ဆွေးနွေးပြောဆိုဖူးပါသည်။ ယခုဆောင်းပါးသည် "ပေါ်တူဂီလူမျိုးများနှင့် ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတကာဆွေးနွေးချက်မှတ်တမ်းများ" စာအုပ်တွင် ပုံနှိပ်ဖော်ပြပါရှိပါသည်။ ယင်းစာအုပ် ကို ကာလီဖိုးနီးယား တက္ကသိုလ်၊ စင်တာဘာဘရာမှ ၁၉၉၅-ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ၄၅၁-မျက်နှာပါရှိပါသည်။ (အက်ဖ်အေဒူတြာ နှင့် ဂျေ၊ စီ၊ ဒေါ့စ်ဆန်တာ့စ် တို့က တည်းဖြတ်ပါ သည်။) စစ်တကောင်းမြို့စားများနှင့် ပတ်သက်သော ရေးသားချက်များ၌ အမှားအယွင်းများ ပါရှိနေကြောင်း အသိပေးထား လိုပါ

သည်။ ဤအမျိုးသမီးသည် ရခိုင်စာအုပ်စာတမ်းများ၊ အထောက်အထားများကို မလေ့လာဖူးပါ။

လေးစားစွာဖြင့်
ဂျက်စ်

--------------------------------

*(အောက်ဖော်ပြပါ အကြောင်းအရာများသည် ပူးတွဲစာ၌ ပါရှိသည့်အတိုင်း Maria Ana Marques Guedes ရေးသားပြုစုသော D.Martin, an Arakanese Prince at the services of the Estado da India and of Portugal's designs for the seubmissionb of Burma ဆောင်းပါးမှ စာ ၇၉-၈၆ကို ထုတ်နုတ်ဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။)*

ဒွမ်မာတင်၏ ဘဝသည် မောရစ်ကောလစ်အတွက် စိတ်ဝင်စားဖွယ်အကြောင်းအရာ ဖြစ်ပါသည်။ ကောလစ်သည် ဩဂတ်စတင် ဘုန်းတော်ကြီး မန်နရိတ်၏ ၁၇-ရာစုမှတ်တမ်းများကို အခြေပြုလျက် ဒွမ်မာတင်၏ဘဝတာကို တည်ဆောက်ယူပါသည်။ တိကျမှုတော့ သိပ်မရှိလှပါ။ ဤသို့ဖြင့် ဆောင်းပါးတစ်စောင်ကို ၁၉၂၅-ခုနှစ် ကာလအထိတွင် မင်းသားနှင့်ပတ်သက်၍ ရေးသားတင်ပြချက်များကို အကျွန်နောက်ထပ် မတွေ့ရတော့ပါ။

၁၉၆၂-ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်အတွဲ-၁၆၊ အပိုင်း-၁ ပါ စာတမ်းကို ဆိုလိုဟန်ရှိပါသည်။ *(မြန်မာပြန်သူ)*

၁၉၉၁-ခုနှစ်တွင် ယခင်ရည်ညွှန်းတင်ပြခဲ့သော စာတမ်းများကို အကျွန်ရေးသားပြုစုခဲ့ပါသည်။ အကျွန်သည် အကျွန်၏စာတမ်းကို အထူးသဖြင့် တရားဝင်စာရွက်စာတမ်းများနှင့် ဩဂတ်စတင် ဘုန်းတော်ကြီးများ၏ ရေးသားချက်များအပေါ် အခြေပြုပါသည်။ ဤစာရွက်စာတမ်းများကို Sanjay Subrahmanyan က Quisling of Cross-cultural Broken? ဟူသော စာတမ်းတွင် အသုံးပြုထားခဲ့ပြီးဖြစ်ပါသည်။ ထိုလေ့လာချက်သုံးခုတွင် ပါရှိသော အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များတွင် အကျွန်တွေ့ရှိထားရာ အရာများကို ထပ်မံဖြည့်စွက်ပါသည်။ တစ်ခုနှင့်တစ်ခု အယူအဆကွဲလွဲနေကြသော ကိစ္စရပ်များကိုလည်း အကျွန် တွေ့ရှိထားသော အချက်အလက်များက ကူညီရှင်းလင်းပေးပါသည်။

မာတင် (Martin)သို့မဟုတ် မာတင်ဟို (Martinho)ဆိုသည်မှာ ကတ်သလစ်သာသနာပြုများက ရခိုင်မင်းသား အားပေးအပ်ထားသော ခရစ်ယာန်အမည်ဖြစ်ပါသည်။ မင်းသားကို လူမမည် အရွယ်ကတည်းက ဩဂတ်စတင်ဘုန်းတော်ကြီးတစ်ပါး သို့မဟုတ် ပေါ်တူဂီလူမျိုး စွန့်စားရေးသမားတစ်ဦးက တိုင်းပြည်မှ ခေါ်ထုတ်လာခဲ့ပါသည်။ သာသနာပြုများက ကြီးပြင်းလာသည်အထိ မွေးမြူပညာသင် ပေးလာခဲ့သဖြင့် မင်းသား

သည် နောင်တွင် အိန္ဒိယအင်ပါယာ(Estadoda India)အတွက် အမှုထမ်းရွက်ခဲ့ပါသည်။ အစဦးတွင် စစ်သည်တော်တစ်ဦးအဖြစ် နောင်တွင် ခံတပ်တစ်ခု၏ ကပ္ပတိန်အဖြစ် အမှုထမ်းရွက်ခဲ့ခြင်းဖြစ်ပါသည်။ မင်းသားသည် အမာခံ အပေါင်ပစ္စည်းတစ်ခု၊ ဝှက်ဖဲ တစ်ချပ်အဖြစ် သဘောထားခြင်းခံရသည်ဟု အကျွန်ုပ်ယူဆပါသည်။ ရခိုင်ပြည်ကို ထိန်းချုပ်အုပ်စိုးရေးအတွက် အသုံးချနိုင်မည့် ပစ္စည်းတစ်ခုအဖြစ်ဖြင့် မင်းသားကို ဂရုစိုက် စောင့်ကြပ်ထားခဲ့ပါသည်။ မင်းသားသည် နန်းအမွေခံလည်း ဖြစ်သည့်အပြင် ပေါ်တူဂီတို့အပေါ် အကြွေးတင်ရှိနေသောကြောင့်လည်း ဖြစ်ပါသည်။

မင်းသား၏အမည်ကို မသိရှိရပါ။ သို့သော် မင်းသားသည် ဇာလာမီဇာ (Xalamixa) ၏မြေးတော်တစ်ပါး ဖြစ်သည်ကိုတော့ အကျွန်ုပ်တို့ သိရှိထားကြပါသည်။ ဇာလမီဇာဆိုသည်မှာ ဆလင်ရှား(Selim Shah)၏ ဘာသာစကားပျက်ဖြစ်ပါသည်။ ရခိုင်ပြည်၏ဘုန်းတန်ခိုး အကြီးမားဆုံးသော ဘုရင်မင်းရာဇာကြီး(၁၅၉၃-၁၆၁၂)ခံယူခဲ့သောဘွဲ့အမည်ဖြစ်ပါသည်။ မင်းသားသည် စစ်တကောင်းမြို့စား၏ သားတော်ဖြစ်ပါသည်။ စစ်တကောင်းမြို့စားအား ပေါ်တူဂီတို့က အလီမန်ဂျာ (Alemanja)သို့မဟုတ် (Alemao) ဟု ခေါ်ဝေါ်ကြပါသည်။

ကောလစ်ကမူ သူကောက်နုတ်ဖော်ပြမထားသော ရခိုင်အထောက်အထားများကို အခြေ ပြုလျက် မင်းမာန်ကြီးဟု သုံးနှုန်းထားပါသည်။ မိမိကိုယ်ကို မျိုးဆက်အမည်နှင့် ပူးတွဲလျက် ရည်ညွှန်းသုံးစွဲသော ဒွမ်မာတင်ဒီအလီမို(D.Martin d Alemar)ကို ၁၆၀၆-ခုနှစ်တွင် မွေးဖွား ခဲ့ပါသည်။ မင်းသားသည် မိမိကိုယ်မိမိ ရခိုင်ဧကရာဇ်၏ မြေးတော်ဟူ၍လည်းကောင်း၊ စစ်တကောင်းဘုရင်၏ သားတော်ဟူ၍လည်းကောင်း ရည်ညွှန်းလေ့ရှိပါသည်။ မြန်မာဧကရာဇ်၏ အနွယ်တော်ဟူ၍ပင် ရည်ညွှန်းတတ်ပါသည်။ ဤအားလုံးတို့မှာ သူအသက်ရှင်နေထိုင်ခဲ့သော ဂုဏ်ရည်ပြ နာမဝိသေသနစကားလုံးများ ဖြစ်ကြပါသည်။

မြန်မာ(Burma/Burmese)ဆိုသော ဝေါဟာရသည် ပေါ်တူဂီတို့အတွက် တပင်ရွှေထီးဘုရင် သို့မဟုတ် ဘုရင့်နောင်ကို သင်္ကေတပြုပါသည်။ ထိုမင်းများမှာ တိုင်းပြည်တစ်ခုလုံး (ရခိုင် ပြည်မပါ)ကို ပြန်လည်စုစည်းလျက် ပထမတောင်ငူအင်ပါယာ (၁၅၃၁-၁၅၉၉)ကို တည်ထောင်ခဲ့သော မြန်မာမျိုးနွယ်စု မင်းများဖြစ်ကြပါသည်။ မိမိ၏ဘိုးဘေးတို့အား ဧကရာဇ်များဟု ခေါ်ဝေါ်သုံးစွဲခြင်း၊ ရခိုင်ပြည်၏ ဘုရင့်တကာဘုရင်ဟု သတ်မှတ်ပြောဆိုခြင်းမှာ ရခိုင်မင်းသားအဖို့ အကြောင်းရှိပါသည်။ မင်းသား၏ ဘိုးဘေး များသည် စစ်တကောင်းနှင့်အလားတူလက်အောက်ခံ ဘုရင်ပိုင်နက်များစွာကို စိုးမိုးအုပ် ချုပ်ခဲ့ခြင်းနှင့် မင်းရာဇာကြီးရောက်ရှိခဲ့သော အနေအထားများ ကြောင့်ဖြစ်ပါသည်။

၁၅၉၉-ခုနှစ်တွင် မင်းရာဇာကြီးသည် အထူးသဖြင့် ဖိလစ်ဒီဘရစ်တို ဒီနီကိုတီ (Filipe de Brito de Nicote)အပါအဝင် ပေါ်တူဂီကြေးစားစစ်သားများ၏ အကူအညီဖြင့် ပထမတောင်ငူအင်ပါယာ၏ နေပြည်တော် တောင်ငူမြို့ကို သိမ်းပိုက် အောင်နိုင်ခဲ့ပြီး

ဘုရင့်နောင်၏မြေးတော်တစ်ပါးနှင့် ထိမ်းမြားခဲ့ပါသည်။ ထို့ကြောင့် မင်းရာဇာကြီးသည် 'ရခိုင်ပြည်၏ဧကရာဇ်၊ ပဲခူးနှင့် မြန်မာအင်ပါယာ၏ တရားဝင်နန်း လျာ'အဖြစ် မိမိကိုယ်ကို သတ်မှတ်ယူဆထားခဲ့ပါသည်။

ဒွမ်မာတင်မွေးဖွားလာသော ကာလဝန်းကျင်တွင် မြန်မာပြည်ရှိ ပေါ်တူဂီလူမျိုး' လွတ်လပ်သော မြင်းသည်တော်'တို့၏ ကြီးထွားလာသော ဩဇာအာဏာသည် မင်းရာဇာကြီးအင်ပါယာ၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေခဲ့ပါသည်။ တသီးတခြားစီ လှုပ်ရှားနေကြသော စွန့်စားရေးသမား အုပ်စုနှစ်စုတို့က ဤခြိမ်းခြောက်မှုကို ဖန်တီးဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ပါသည်။ အုပ်စုတစ်စုကို ဆီဘက်ရှိဠ္ဂန်ဇာလက်တီဘော (Sebastiao Goncalves Tibau)က ဦးဆောင်ပါသည်။ တီဘောသည် စစ်တကောင်းရှေ့ရှိ ဆင်းဒဝစ်(Sandwip)ကျွန်းကို အုပ်ချုပ်ပါသည်။ နီကိုတီမှာ ပဲခူးကို မင်းရာဇာကြီးအောင်နိုင်ပြီးနောက် သန်လျင်မြို့စားအဖြစ် ခန့်ထားခဲ့သူ၊ မင်းရာဇာကြီး၏ ဘုရင်ခံ (Lieutenant)ဖြစ်ပါသည်။ နောက်ပိုင်းတွင် သူ့အရှင်သခင်ဟောင်း (မင်းရာဇာကြီး)အား သစ္စာဖောက်ဖျက်သွားခဲ့သူ ဖြစ်ပါသည်။

တီဘောနှင့် နီကိုတီတို့၏ စစ်တကောင်းပိုင်ဆိုင်ရေး သီးခြားပြင်ဆင်မှုများသည် သူတို့ နှစ်ဦး မဟာမိတ်ဖွဲ့မိရန် အလားအလာရှိသောအခါ၌ ပိုမိုဆိုရွားလာခဲ့ပါသည်။ ဤအကြောင်းကြောင့် မင်းရာဇာကြီးသည် သူတို့နှစ်ဦး၏ အခြေခံစခန်းကို တိုက်ခိုက်ခဲ့ရခြင်းဖြစ်ပါသည်။ မင်းရာဇာကြီး နတ်ရွာစံသည့် ၁၆၁၂-ခုနှစ်တွင် ဘုရင့်မိသားစုအတွင်း အာဏာလုမှုများဖြစ်ပေါ်လာသဖြင့် ပဋိပက္ခများ ပိုမိုရှုပ်ထွေးလာခဲ့ရပါသည်။ ယခင်က ခမည်းတော်အား အကောက်ကြံခဲ့ဖူးသော အိမ်ရှေ့စံ မင်းခမောင်း ထီးနန်းဆက်ခံ လာရခြင်းသည် မင်းမာန်ကြီးအဖို့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ မင်းမာန်ကြီးသည် ဧကရာဇ် မင်းရာဇာကြီး၏ ဒုတိယသားတော်ဖြစ်ပါသည်။ (ဤဆွေမျိုးတော် စပ်မှုနှင့် ပတ်သက်၍ အယူအဆမတူညီမှုများ ရှိပါသည်။) မင်းမာန်ကြီးသည် တီဘောထံမှ စစ်ရေးအကူအညီ တောင်းခံပါသည်။ ဤအကူအညီရရှိစေဖို့အတွက် အနာဂတ်အခွင့်အရေးများနှင့် လဲလှယ်ခဲ့ရပါသည်။

သမိုင်းလေ့လာသူများအကြားတွင် အယူအဆကွဲပြားမှုရှိနေသော်လည်း တီဘော၏ စွက်ဖက်မှုကြောင့် မင်းမာန်ကြီး မိသားစုပြိုကွဲသွားခဲ့ရသည်မှာမူကား သံသယဖြစ်ဖွယ် မရှိပါ။ အကြီး ဆုံးသမီးတော်သည် တီဘော သို့မဟုတ် တီဘော၏သားတစ်ယောက် ယောက်နှင့်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ (သဘောတူညီမှုအရလော၊ အဓမ္မဖိအားပေး မှုကြောင့်လောဆိုသည်ကို အကျွန်တို့ မပြောတတ်ပါ။) ဆင်းဒဝစ်ကျွန်းသို့ မယ်တော်နှင့် အတူ ရောက်ရှိလာခဲ့သည်ကိုတော့ အကျွန်တို့ အသေအချာ သိရပါသည်။ ထိုအချိန်တွင် ခမည်းတော်မှာ စစ်တကောင်း၌ ရှိနေခဲ့ပြီး မင်းခမောင်း၏လက်တွင်း၌ ရှုံးနိမ့်မှုဒဏ်ကို ကြုံတွေ့နေရပါသည်။

မင်းမာန်ကြီး၏ အငယ်ဆုံးသားတော်နှစ်ဦးမှာ နောက်ပိုင်းတွင် မာတင်နှင့် ပက်ထ

ရွန်နီလာဟူသော အမည်များဖြင့် ရှုပ်ထွေးပွေလီလှသော အခြေအနေများ အောက်တွင် စစ်တကောင်းမှ ထွက်ခွာလာခဲ့ရသည်ဟု လေ့လာသိရှိရပါသည်။ အစမှခေါ်ဆောင် ခြင်းခံခဲ့ရသည်ဟု ခန့်မှန်းရပါသည်။ ဩဂတ်စတင်းဘုန်းတော်ကြီးများ၏ မှတ်တမ်းများ အရ သူတို့နှစ်ဦးအား (သူတို့ကိုယ်တိုင်၏ တောင်းဆိုချက်အရ သို့မဟုတ် သေအံ့ဆဲဆဲ ခမည်းတော်၏တောင်းဆိုချက်အရ) ဟူးဂလိ (Hughli)မြို့သို့ လျှို့ဝှက်စွာခေါ်ဆောင်သွား ခဲ့ပါသည်။ ခေါ်ဆောင်သွားခဲ့သူမှာ တိဘော၏အပေါင်းအသင်း ဘုန်းတော်ကြီးရာဖေးလ် (စင်တာမော်နီကာ) (FR. Rafael de Santa Monica) သို့မဟုတ် ဆီဘက်ရှီဒေါ့စ်မာတိုင် ယာစ်(Sebastiao dos Martires)ဖြစ်ပါသည်။ ဒွမ်မာတင်၏ ပေးစာများအရဆိုလျှင် သူတို့အား ခေါ်ဆောင်လာခဲ့သူမှာ ဆီဘက်ရှီဂွန်ဇာလတ် ဖြစ်ပြီး ဆင်းဒဝစ်တွင် နှစ်နှစ်တာ ထိန်းသိမ်းထားပြီးမှ ဟူးဂလိသို့ ရွှေ့ပြောင်းပေးသည်ဟု ဆိုပါသည်။

တိုင်းပြည်မှ ထွက်ခွာလာခဲ့စဉ်က အသက် ၆-နှစ်မျှသာရှိသေးသော ဒွမ်မာတင် ဘဝကို ဩဂတ်စတင်သာသနာပြုများက အုပ်စိုးလွှမ်းမိုးသွားခဲ့ပါသည်။ အသင်းတော် (order)၏ တရား ဝင်ရှုမြင်မှုကတော့ မင်းသား၏ဆုံးဖြတ်ချက်များအတွက် မင်းသား၌သာ တာဝန်ရှိသည်။ စစ်တကောင်းမှ ထွက်လာခဲ့သည်မှာလည်း မင်းသား၏ဆန္ဒအရသာ လျှင်ဖြစ်သည်။ သို့မဟုတ် ဖခမည်းတော်၏ အလိုအရသာလျှင်ဖြစ်သည်။

ဗတ္တိဇံကို ခံယူခြင်း(ခရစ်ယာန်အယူဝါဒကို ခံယူခြင်း) စစ်မှုထမ်းဆောင်ခြင်း၊ ပေါ် တူဂီတို့ လက်အောက်ခံအဖြစ်ဖြင့် ရခိုင်ပြည်ကို စိုးမိုးအုပ်ချုပ်နိုင်ရန် ရည်ရွယ်ခြင်းတို့ အားလုံးမှာလည်း မင်းသား၏ ကိုယ်ပိုင်ဆန္ဒနှင့် ရွေးချယ်မှုများသာ ဖြစ်သည်ဟု ဆိုပါ သည်။

(-ဤဖြစ်ရပ်များအား သိရှိထားပြီးဖြစ်သော စီရင်စုဆိုင်ရာ ဘုန်းတော်ကြီးနှင့် အိန္ဒိယမြို့ စား(Viceroy)တို့၏ ပူးတွဲဆုံးဖြတ်ချက်အရ မင်းသားအား ဟူးဂလိမြို့တွင် 'မင်းသားအဆင့် အတန်းနှင့်အညီ လေးစားစွာဖြင့်' မွေးမြူစောင့်ရှောက်ထားခဲ့ကြပါသည်။ ရခိုင်ဘုရင်က 'အန္တရာယ် တစ်စုံတစ်ရာ မပြုနိုင်စေရန်အတွက်' စောင့်ရှောက်ထား ခဲ့ကြပါသည်။ ဆာအိုနီကိုလော ခရစ်ယာန် ကျောင်း (Convento de Sao Nicolau)တွင် ကတ်သလစ်ဘာသာရေးများကို ဒွမ်မာတင် သင်ယူရပါသည်။ အရွယ်ရောက်လာသော အခါ သူ၏တောင်းဆိုချက်အရ မင်းသားသည် နမတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင် အဖြစ် ခံယူခဲ့ပါသည်။ နမတော်ကို မြို့ပေါ်ရှိ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးက ပညာသင်ကြားပေးပါသည်။

(ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီဟု ကြားသိရသောအခါ) မြို့စားနှင့် စီရင်စုဆိုင်ရာ ဘုန်းတော် ကြီးတို့၏ တောင်းဆိုမှုဖြင့် ဒွမ်မာတင်သည် ဂိုအာမြို့သို့ ထွက်ခွါလာခဲ့ပါသည်။ ဂိုအာမြို့တွင် ကျက်သရေရှင် သခင်မ ခရစ်ယာန်ကျောင်း (Cocvento de Nossa Senhora da Graca)၌ အမှုထမ်းခွင့်ပြုရန် တောင်းခံခဲ့သည်ဟု မင်းသားက နောင်တွင် ရေးသားခဲ့ပါသည်။

ရခိုင်ထီးနန်းကို မင်းသားသာ ရရှိပိုင်နိုင်ခဲ့လျှင် ဘုရားကျောင်းအတွက် ပိုမိုအသုံးတည့်မည်ဖြစ်ကြောင်း မင်းသားအနေဖြင့် မိမိတိုင်းပြည်၏ တံခါးပေါက်များကို ကျယ်ကျယ်ဝန်းဝန်း ဖွင့်ပေးလိုက်ခြင်းဖြင့် ခရစ်ယာန်ဘာသာတရားကို မယုံကြည်သူ (တိုင်းသူပြည်သား)များအား ပြုပြင်ပြောင်းလဲပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အသင်းတော်က ဖြေကြားခဲ့ပါသည်။ ထီးနန်းကို ရရှိပိုင်နိုင်ရေးအတွက် လက်နက်အင်အား အသုံးပြုကောင်းပြုရမည်ဖြစ်သဖြင့် မင်းသားသည် စစ်မှုထမ်းခြင်း အလုပ်ကို လုပ်ကိုင်ခဲ့ပါသည်။

မင်းသာ၏အသက် (၁၆)နှစ်၊ ၁၆၂၂-ခုနှစ်တွင် ဟူးဂလိတရားရုံးတော်က မင်းသား၏ အဆင့်အတန်း၊ အနေအထားကို တရားဝင်အသိအမှတ်ပြုခဲ့ပါသည်။ "စစ်တကောင်းဘုရင်၏သားတော် ရခိုင်ဘုရင်၏ မြေးတော်ဖြစ်သည့်အတွက်ကြောင့် မင်းသားသည် ခမည်းတော်နှင့် ဘိုးတော်တို့၏ အမွေဆက်ခံသူဖြစ်သည်"

အသက်(၁၈)နှစ်အရွယ်မှစ၍ မင်းသားသည် နောက်ထပ်(၁၉)နှစ်တိုင် ကာလရှည်လျားလှသော တာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့ပါသည်။ ၁၆၂၄-မှ ၁၆၄၃ ခုနှစ် အတွင်း ပေါ်တူဂီစစ်သည်တစ်ဦးအဖြစ် အမှုထမ်းဆောင်ခြင်းဖြစ်ပါသည်။

မင်းသားသည် ပေါ်တူဂီဘုရင်မင်းမြတ်အတွက် အမှုထမ်းဆောင်ခွင့်ကို မြို့စားထံမှ တောင်းခံခဲ့သည်ဟု သူ့ဆရာများက ဆိုပါသည်။ "ဤသို့ အမှုထမ်းရွက်ခြင်းဖြင့် သူ့အား ရခိုင်အင်ပါယာ ပြန်လည်ရရှိရေးအတွက် တွန်းအားပေးနိုင်"စေရန် ရည်ရွယ်ခဲ့ပါသည်။ မင်းသားအတွက် ထီးနန်းပြန်ရစေရန် ကြိုးပမ်းဖို့အချိန်အခါ မသင့်သေးပါ။ မင်းရာဇာကြီးမှ တိုက်ရိုက် ဆင်းသက်လာသော အနွယ်တော်များသည် ရခိုင်ပြည်တွင် ၁၆၃၈-ခုနှစ်အထိ အုပ်ချုပ်စိုးစံလျက် ရှိနေခဲ့ပါသည်။

၁၆၂၄-ခုနှစ်၊ ရခိုင်ပြည်၌ မင်းခမောင်း၏ သားတော်မင်းရာဇာကြီး၏မြေးတော် သီရိသုဓမ္မ (၁၆၂၂-၁၆၃၈)သည် အင်အားတောင့်တင်းကြံ့ခိုင်စွာ အုပ်စိုးနေလေရာ ဒွမ်မာတင်မှာ တိုင်းပြည်မရှိသော ဘုရင်တစ်ပါးအဖြစ်သို့ ရောက်ရှိနေခဲ့ရပါသည်။ ထို့ပြင် လစာမရသော စစ်သည်တစ်ဦး လည်းဖြစ်နေပါသည်။ အိန္ဒိယအင်ပါယာက အသိအမှတ်ပြုထားသူဖြစ်သဖြင့် မင်းသားအား လစာမပေးပါ။ ထို့ကြောင့် မင်းသားသည် ဩဂုတ်စတင် ဘုန်းတော်ကြီးများထံမှ ရရှိသောအသုံးစရိတ်ဖြင့် နေထိုင်ခဲ့ရပါသည်။ ဘုန်းတော်ကြီးများကလည်း မင်းသားအား ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားကြသည်မှာ ထင်ရှားပါသည်။ မင်းသား၏ လုပ်ဆောင်ချက်များကို ကြည့်ခြင်းဖြင့် ပေါ်တူဂီအရှေ့တိုင်းအင်ပါယာဆိုသောအရာ၏ ရေကြောင်း လှုပ်ရှားမှုသဘာဝကို ထင်ရှားသိသာ လာစေနိုင်ပါသည်။ မင်းသားသည် ပင်လယ်ပြင်၌ တာဝန်ထမ်းရွက်သည်။ ကမ်းရိုးတန်းရှိ ခံတပ်များကို တိုက်ခိုက်ချေမှုန်းသည်။ အကာအကွယ်ပေးသည်။ ကုန်သွယ်ရေးစခန်း အသီးသီးတို့ အားဆက်သွယ်ထားသော လမ်းကြောင်းများပေါ်၌ အဆက်မပြတ် ကူးသန်းသွားလာသည်။ပေါ်တူဂီတို့၏ ရန်သူတို့ကို ရေကြောင်းတိုက်ပွဲ ဆင်နွှဲသည်။ အာရေဗီးယားနှင့် ပါရှားကမ်းရိုးတန်းမှသည် အရှေ့တောင်အာရှနှင့်တရုတ်ပင်လယ်ပြင်အထိ ပြုပြစင်အောင်

ခရီနှင်ခဲ့သည်။ ၁၆၄၃-ခုနှစ် အထိ မင်းသား၏အမှုထမ်းရွက်ခြင်းများကို အသေအချာပြုစု ထားသော စာရွက်စာတမ်းများကို အခြေပြုလျက် မင်းသား၏ စစ်ရေးထမ်းဆောင်မှု၊ တာဝန်ထမ်းရာဒေသ၊ ရာထူးနှင့်အချိန်ကာလ၊ ဤဆောင်ရွက်ချက်များကို တာဝန်ခံရသော အထက်အရာရှိအမည်နှင့် ရာထူးစသည် တို့ကို ဖော်ပြထားသော ဇယားတစ်ခုကို အကျွန်ရေးဆွဲပြုစုထားပါသည်။ (နောက်ဆက်တွဲကို ရှုပါ)

၁၆၃၃-ခုနှစ်တွင် မင်းသား၏ဘဝသည် အလှည့်အပြောင်းအသစ်တစ်ခုနှင့် ကြုံကြိုက်ရပါ သည်။ ရခိုင်ပြည်၌ သီရိသုဓမ္မဘုရင် နတ်ရွာစံသည့် (၁၆၃၈)ခုနှစ် သားတော်တစ်ပါး ထီးနန်းဆက်ခံသည်။ ထိုမင်းကို နရပတိကြီးက ထီးနန်းမှ ဖယ်ရှားပစ်လိုက်သည်။ နရပတိကြီးသည် အမတ် ကြီးဟောင်းတစ်ပါး ဖြစ်ပါသည်။ ဘုရင်နှင့် နန်းမွေခံသားတော်တို့ သေဆုံးရခြင်းဟာ သူ့လက်ချက် ဖြစ်သည်ဟု စွပ်စွဲခံရသူဖြစ် ပါသည်။ ရက်စက်ကြမ်းကြုတ်သော နန်းလုဘုရင်ဖြစ်သဖြင့် နရပတိမင်းအား ပြည်သူလူထုက အပြည့်အဝ နှစ်သက်သဘောကျမှု မရှိကြသော်လည်း ၁၆၄၅-ခုနှစ် အထိ အုပ်စိုးနေခဲ့ပါသည်။ ဒွမ်မာတင်အား နရပတိကြီးနေရာတွင် အစားထိုးတင်မြှောက်ရေးအတွက် ရခိုင်ပြည်ကို တိုက်ခိုက်ရန် ဤနန်းလုမှုအရေးအခင်းကို အခွင့်ကောင်းအဖြစ် အသုံးချရမည်ဟု ပေါ်တူဂီတို့က ရည်ညွှန်းပြောဆိုထားပါသည်။ ရခိုင်လူထုတို့က တောင်းဆိုကြသည့်တိုင် မိမိအနေဖြင့် အုပ်စိုးသူတစ်ဦးအဖြစ် ထီးနန်းရယူရန် သဘော မတူခဲ့ပါဟူ၍ မင်းသားက နောင်တွင် ရေးသားခဲ့ပါသည်။ ကက်သလစ်အယူဝါဒကို မင်းသားက စွန့်လွှတ်ပစ်လေမလား၊ ပေါ်တူဂီတို့အပေါ် သစ္စာဖောက်သွားမလား စိုးရိမ်ကြသော ဩဂတ်စတင် ဘုန်းတော်ကြီးများက မကြာမီက နန်းရသော စတုတ္ထမြောက် ဒီဂျာအို(De Joao-IV)ဘုရင်ထံ မင်းသားအား လက်အောက်ခံအဖြစ် သစ္စာခံစေသင့်ကြောင်း သဘောရကြပါသည်။ ထို့ကြောင့် လစ္စဘွန်းသို့ မင်းသား လာခဲ့ပါသည်။ မြို့စား၏ ကန့်ကွက်ဆန့်ကျင်မှုများကြောင့် တိတ်တဆိတ် လျှို့လျှို့ဝှက်ဝှက် လာခဲ့ရဟန်ရှိပါသည်။ ၁၆၂၄-ခုနှစ်က စတုတ္ထမြောက် ဒီ-ဂျာအိုထံ ဒွမ်မာတင် ဆက်သွယ်သော ဂိုအာမြို့ အာဏာပိုင်များနှင့် ပတ်သက်၍ ဆန့်ကျင်ကန့်ကွက်လွှာတွင် ပါရှိသည့်အချက်များမှာ ၁၆၄၁-ခုနှစ်တွင် မင်းသားရွက်လှင့်ထွက်ခွာလာခဲ့သည် ဆိုသောယူဆချက်များနှင့် ဆန့်ကျင်နေပါသည်။ ဤယူဆချက်သည် မင်းသား၏အမှုထမ်းဆောင်မှု မှတ်တမ်းပါ အချက်များနှင့်လည်း ထပ်မံကွဲလွဲနေပြန်ပါသည်။ မင်းသားသည် အိန္ဒိယပြည်တွင် ၁၆၄၃-ခုနှစ်၊ နွေဦးပေါက်ရာသီအထိ ရှိနေခဲ့ကြောင်း သူ၏အမှုထမ်းမှတ်တမ်းများမှ သိရှိရပါသည်။

၁၆၄၄-ခုနှစ် ကုန်ခါနီးတွင် ဒွမ်မာတင်သည် လစ္စဘွန်းမြို့၊ ကျက်သရေရှင် သခင်မဘုရား ကျောင်း၌ ရောက်ရှိနေခဲ့ပါသည်။ သူ၏ဩဂတ်စတင် ဘုန်းတော်ကြီးများက ထောက်ပံ့ထားကြပါသည်။ ပထမဦးဆုံး အသနားခံလွှာကို ဆက်သွင်းသည်မှာ ဤနှစ်အတွင် ဖြစ်ဖွယ်ရှိပါသည်။ ပေါ်တူဂီ၌ နေထိုင်စဉ်ကာလတစ်လျှောက်လုံး အသနား

ခံလွှာများ ဆက်သွင်းနေခဲ့ပါသည်။ မင်းသားသည် မိမိအတွက်အလုပ်အကိုင်များ ရရှိစေရန်နှင့် ဘုရင်မင်းမြတ်က သူ့အား ရခိုင်ပြည် ထီးနန်းကို သိမ်းပိုက်ရေးအတွက် အကူအညီပေးရန် ဆုံးဖြတ်သည့်ကာလအထိ ယာယီဖြေရှင်းမှုအနေဖြင့် (လိုအပ်သောအခွင့်အရေးများ ပေးသနားရန်) တောင်းခံပါသည်။ မင်းသား၏တောင်းခံမှုကို အောက်ပါအတိုင်း လိုက်လျောခွင့်ပြုလိုက်ပါသည်။

ပေါ်တူဂီ၌ နေထိုင်စဉ်ကာလအတွင်း အဝတ်အထည်နှင့် စားသောက်စရိတ် အတွက် Milreis ၂၀၀ ရရှိပါသည်။ ထိုငွေကို သဘောထားအရ ရရှိခြင်းဖြစ်ပါသည်။ (မင်းသားသည် ငွေကြေးကို လက်ခံရရှိခြင်းမရှိဘဲ ကုန်ကျစရိတ်များကို ပေးချေပါသည်) ထို့ကြောင့် မင်းသားသည် သူ၏အသနားခံလွှာကို အသစ်တစ်ဖန် ဆက်သွင်းပြန်ပါသည်။ ဂိုအာ သို့မဟုတ် ကိုချင် (Cochin)၌ ကပ္ပတိန်ရာထူးခန့်အပ်ပေးဂုန် အသင်းတော်၌ နှစ်ပတ်လည်ခံစားခွင့် Xerafins၄၀၀ဖြင့် အမှုထမ်းဆောင်ခွင့်ပြုပါရန် (ရာထူးလစ်လပ်ပါက မင်းသားအား ခန့်အပ်ခံစားစေမည်)တို့ ဖြစ်ပါသည်။ ဂိုအာမြို့ ကပ္ပတိန် ရာထူးအတွက် မင်းသားထက် အရင်ဦး၍ အဆိုတင်သွင်းထားသူများ ရှိနေသည်ဖြစ်ရာ ပုသိမ်မြို့စစ်စခန်းများ၏ ကပ္ပတိန်ရာထူး၊ ပုသိမ်မြို့ရှိ ရာထူးကို ခန့်အပ်ထားပြီးဖြစ်နေလျှင် အော်မုဇ်မှ ဂိုအာမြို့အထိ ကပ္ပတိန် ရာထူးသို့မဟုတ် အခြားသောနေရာ တစ်ခု၊ ငွေကြေးဆိုင်ရာအသုံးစရိတ်၊ လစ်လပ်လျက် ရှိသည့် တစ်ခုတည်းသောရာထူး ကပ္ပတိန်လော်ရင်ဇို(Pacodef Sao Lourenco)၏နေရာ (ဤကပ္ပတိန်အား ဘာသာရေးတရားရုံးတော်က အကျဉ်းချထားသည်။) ထိုကပ္ပတိန်ရာထူး အတွက် လစာဝင်ငွေမှာ လုံလောက်မှုမရှိဟု ဒွမ်မာတင်က ယူဆပါသည်။ (ဤတောင်းဆိုချက်တစ်ခုသာလျှင် ပယ်ချခံခဲ့ရသည်။) အိန္ဒိယအင်ပါယာအတွက် အကြံပေးအရာရှိ ရာထူး (-ဤရာထူးကို အလေ့အကျင့်မရှိဘဲ ပေးအပ်သည်) မင်းသား၏ 'ကိုယ်ရည်ကိုယ်သွေး၊ အရည်အချင်း'တို့နှင့် ကိုက်ညီမှုတသော Senhoria ခေါ် ဘုရားထူးခံ ဂုဏ်ရည်အဆင့်။ ထို့ပြင် အပြန်ခရီးအတွက် ကုန်ကျစရိတ်နှင့် အကူအညီ(ဘွဲ့အမည်နှင့် အကူအညီနှစ်ရပ်စလုံးပေးအပ်သည်)တို့ ဖြစ်ပါသည်။

ဤကာလအတွင်း၌ပင် ဒွမ်မာတင်သည် မိမိ၏ အခွင့်အရေးအရပ်ရပ်ကို စတုတ္ထမြောက် ဒီ-ဂျာအိုထံ စွန့်လွှတ်ပေးအပ်လိုက်သည်။

"အရှင်မင်းမြတ်သည် မကြာမီကာလအတွင်း ရခိုင်ပြည်နှင့် စစ်တကောင်းတို့ကို သိမ်းပိုက် အုပ်စိုးတော်မူမည်ဖြစ်ပါသည်။ (ဒွမ်မာတင်)သည် မင်းသားအဖြစ်ဖြင့် ထိုဒေသနှစ်ခုစလုံး၏ တရားဝင် အမွေခံ၊ တရားဝင်ထီးနန်းဆက်ခံသူဖြစ်ပါသည်။ မင်းသားသည် မိမိပိုင်ဆိုင်သော တိုင်းပြည်ဒေသများအား ဘုရင်မင်းမြတ်၏ လက်အောက်သို့ စွန့်လွှတ်ပေးအပ်လိုက်ပြီး ဖြစ်ပါကြောင်း"

ဘုရင်မင်းမြတ်၏ အမိန့်တော်အရ မင်းသားသည် အိန္ဒိယသို့ ရွက်လွှင့်ထွက်ခွာလာခဲ့သည်မှာ ၁၆၄၆-ခု၊ မတ်သုံးရာသီ၌ ဖြစ်သည်ဟု အကျွန်ုပ်ယုံကြည်ပါသည်။ မင်းသား၏ ပေါ်တူဂီသို့ ခရီးထွက်ခွာမှုသည် သူနှင့်ခေတ်ပြိုင်များထဲမှ တစ်ဦးဖြစ်သော မော်လ်ဒိုက်

(Maldives)ကျွန်များ၏ ဘုရင် ဒီ-လူးဝစ္စ(D-Luis)၏ ခရီးနှင့်အလားတူဖြစ်ပါသည်။ ဒီ-လူးဝစ္စသည် ၁၆၃၃နှင့် ၁၆၄၅ ခုနှစ် အတွင်း အိန္ဒိယအင်ပါယာအတွက် အမှုထမ်းဆောင်ခဲ့ပါသည်။ ရခိုင်မင်းသား တွေ့ကြုံခံစားနေရသော အခက်အခဲများကို သိရှိတော်မူသဖြင့် စတုတ္ထမြောက် ဒီ-ဂျာအိုသည် ဒီ-လူးဝစ္စ၏ ခရီးကို တားဆီးထားရန် မြို့စားအား အကြံပြုညွှန်ကြားပါသည်။

အရှေ့တိုင်းမင်းသားတစ်ပါးပါးနှင့် ပတ်သက်၍ ‘ပုဂ္ဂိုလ်ရေးအတွက် သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း ကုန်ကျစရိတ်များကို ရှောင်လွှဲနိုင်ရန်အတွက်ဖြစ်ပါသည်။ သို့သော် ဒီ-လူးဝစ္စသည် လစ္စဘွန်းသို့ ထွက်ခွါလာခဲ့ပြီး ဒွမ်မာတင်နည်းတူပင် ‘ဘုရင်မင်းမြတ်၏ ကာကွယ်မှုအောက်၌ သူ၏တိုင်းပြည်ကို အုပ်စိုးနိုင်ရန် မျှော်လင့်ပါကြောင်း’ ထိုနေရာ၌ ကြေငြာခဲ့ပါသည်။ ရခိုင်မင်းသားနှင့် မတူညီသည့်အချက်မှာ သူသည်ထီးနန်းကို ရယူခဲ့လျှင် အိန္ဒိယအင်ပါယာအတွက် အမှုထမ်းဆောင်ခြင်းမှ တားမြစ်ခံရမည်ဟု ယူဆလျက် (ဂိုအာ) သို့မဟုတ် ကိုချင်ဆိုင်ရာ ကပ္ပတိန်ရာထူးကို တောင်းခံခဲ့ခြင်း ဖြစ်ပါသည်။ ထိုရာထူးကို သူ၏ သားတော် တစ်ပါးပါးထံသို့ လွှဲပြောင်းပေးနိုင်စေရန် ဖြစ်ပါသည်။ တောင်းဆိုချက် ပယ်ချခံခဲ့ရ ပါသည်။ ထို့မျှမက ၁၆၄၆-ခုနှစ်တွင် ဂိုအာသို့ ထွက်ခွာရန်ပျက်ကွက်ခဲ့လျှင် ယခင်ပေးအပ်ထားပြီးသော အခွင့်အရေးများအား လုံးဝရုပ်သိမ်းခြင်း ခံရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခြင်း ခံရပါသည်။

ဒွမ်မာတင်သည် ၁၆၅၀-ခုနှစ်များအတွင်း ပြန်လည်ထွက်ပေါ်လာခဲ့ပြန်ပါသည်။ ဤတစ် ကြိမ်တော့ ကပ္ပတိန်နှင့် Fidalgo ဖြစ်နေခဲ့ပါပြီ။ ထူးဆန်းသောရာထူး ပြန်လည်လာခြင်းဖြစ်ပါသည်။ အိန္ဒိယပြည်၏ ပုဂ္ဂိုလ်ကျော်ကြီးများစာရင်းတွင် မင်းသား၏အမည် ပါဝင်ပါသည်။ မိမိ ကိုယ်ပိုင်တာဝန်ကို အလေးထားဆောင်ရွက်ခြင်း မပြုမီက ကျော်ကြားသောပုဂ္ဂိုလ်ကြီးများပြုလုပ် ခဲ့ကြသလိုပင် ဒွမ်မာတင်သည် စစ်သည်တော်တစ်ဦး၏ စစ်ရေးတာဝန် ထမ်းဆောင်မှုကို လေးနက်စွာ ထင်ရှားစေခဲ့ပါသည်။ ကပ္ပတိန်လော်ရင်ဇို၏ ရာထူးနေရာ၌ ဝင်ငွေနည်းပါးခြင်းကိစ္စ ကို စတုတ္ထမြောက် ဒီ-ဂျာအိုထံ အရေးဆိုတင်လျှောက်ခဲ့ပါသည်။ အိန္ဒိယပြည်မှ ဗရင်ဂျီဂိုဏ်းဝင် များ (Jesuits)နှင့် အခြားသော ဩဇာရှိပုဂ္ဂိုလ်များ ဘုရင့်ဘဏ္ဍာတော်ငွေ အလွဲသုံးစားပြုနေကြပုံကို မင်းသားက ထောက်ပြပြောဆိုခဲ့ပါသည်။ မိမိတာဝန်ကို အသိရှိရှိဖြင့် ကျေပွန်စွာ ထမ်းဆောင် နေသော်လည်း ဒွမ်မာတင်သည် ဩဂတ်စတင်ဘုန်းတော်ကြီးများနှင့် နီးနီးကပ်ကပ်ရှိနေခဲ့ပါသည်။ မိမိကိုယ်ကိုလည်း အိမ်ရှေ့မင်းသားတစ်ဦးအဖြစ် ရည်ညွှန်းပြောဆိုမြဲဖြစ်သည်။ သူ့ကိုယ်သူ ကပ္ပတိန်ဟုမိတ်ဆက်လေ့ရှိသော်လည်း သူ၏ထိုးမြဲလက်မှတ်မှာမူ‘ရခိုင်မင်းသား’ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့် ကောလစ်တင်ပြချက်နှင့် ကွဲလွဲစွာပင် ဒွမ်မာတင်သည် ဂိုအာသို့ အပြန်ခရီးတွင် ၁၆၄၃-ခုနှစ်တွင် ကွယ်လွန်ခဲ့သည်မဟုတ်ပါ။ ၁၆၅၃-ခုနှစ်က ရေးသားခဲ့သော

မင်းသား၏ ပေးစာအချို့ကို အကျွန်ုပ်တွေ့ရှိထားပါသည်။ ထိုစာတမ်းများထဲ၌ မင်းသားသည် မိမိရရှိထားသော အခွင့်အရေးများကို သားသမီးများသို့လည်းကောင်း၊ သူ့အားကာကွယ်စောင့်ရှောက်ခဲ့ကြသော ဘုရားကျောင်းတော်သို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ရန် တွန့်ဆုတ်နှောင့်နှေးနေခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မင်းသားသေဆုံးမှုနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ အကျွန်ုပ်မတွေ့ရသေးပါ။ သို့သော် မင်းသားသည် အိန္ဒိယပြည်၌ ကွယ်လွန်ခဲ့ကြောင်း၊ သူ၏ရုပ်ကလာပ်အား Colegio do Populoဘုရားရှိခိုးကျောင်းဝင်းအတွင်း ဩဂုတ်စတင်း ဘုန်းတော်ကြီးများကမြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြောင်း ဖော်ပြနေသည့် အချက်အလက်တချို့ကို ရရှိထားပါသည်။

မြန်မာပြန်သူ

**ဝေသာ**

# ဆောင်းကိုဖြတ်သန်းခြင်း

မြောက်လေမြူးစ ပြုလာလီယာ။ လီထုထဲ ရှင့်မျိုးပါလာလတ်တေ ရနံ့တစ်မျိုးကို ရှုရှိုက်ခွင့် ရလိုက်တေ။ အား. . . သဇင်ရနံ့ပါကာ။ သဇင်ရနံ့ကို တဝကြီးရှုရှိုက်ရင်း ခန္ဓာကိုယ်ကို မတ်မတ်ရပ်ကာ မျက်လုံးကိုမှိတ်၊ လက်နှစ်ဖက်ကို ရှိသို့ဆန့်တန်းပနာ ဆောင်းဦးပေါက် နိုဝင်ဘာသဇင်ကို ကိုယ့်အတွေးနန့်ကိုယ် ကြိုဆိုလိုက်ရရေ။ မကြာမီ မှာပင် ဒုတိယမြောက် ကြိုဆိုပွဲတစ်ခု လုပ်ရပြန်ရေ။ အားမာန်ပြည့်ဝစွာ ထွက်ပေါ်လာရေ 'ရခိုင်ရိုးမ အမှတ် (၂)'အတွက်. . . ။

ဆောင်းရာသီမှာ ထွက်ပေါ်လာရေ ရခိုင်ရိုးမ အမှတ်(၂)မှ 'ဇော်ထွီး'၏ 'ဆောင်း'ကဗျာကို သူက ဆောင်းရာသီကို ဇာပိုင်များ ဖွဲ့သီထားပါလိမ့်အတွေးနန့် ဖတ်လိုက်တေ။ ယင်းနောက် ဖွင့်ဆိုမိပါရေ။ ယင်းနောက် ဝေဖန်စူးစမ်းမိရေ။ အခြားအခြား သောခေတ်ပေါ် 'ဆောင်အဖွဲ့'များနန့် နှိုင်းယှဉ်ချိန်ထိုးကြည့်မိရေ၊ ဇော်ထွီး၏ 'ဆောင်း' ကဗျာရနံ့ကို စတင်ရှုရှိုက်လိုက်တေဆိုကေ. . . .

'ဆောင်း'ကဗျာထဲမှာ ဝတ်ဆံသုံးဆင့် တွိမြင်တေ။ ကြည့်. . . . .

ဆယ်နှစ်ရာသီပတ်လုံး
ရီခဲပြင်ပြည့်ဖုံး
ဟိုး . . . . ဟေမဝန်ထိပ်ဆုံးက
သင်တုန်းခားတစ်လက်
စိမ့်စမ်းရီတစ်ချက်
ဥတ္တရလူကြမ်း
အပြင်းစားအနမ်းတစ်ချက်
တော်ဝင်သဇင်ပန်းတစ်ခက်

လခြမ်းမြီအပျိုမ
ဆံနွယ်စမှာပ. . . . . ။
ဇော်ထွီး၏ဆောင်းရင်ခွင်ကို ဖြတ်သန်းနိန်ယင်း စတုဓမ္မသာရ ကိုးခန်းပျို့ ပိုဒ်ရီ-
၂၇၈ မှာ. . . . . . .
ဆောင်းခါနှင်းဝ
နွေနှင်းသန်
မိုးဝှန်းနှင်းသောက်
မြစ်လျှောက်ဇသန်
ဟိမဝန်သို့. . . . . ။

ဆိုရေစာသားကို ဖြတ်ခနဲ သတိရမိလိုက်ရေ။ ဇော်ထွီးက ဟိမဝန္တာ၏ 'အပေါင်း' သဘောဖြင့်ပြောရေ။ ကိုးခန်းပျို့က 'အနုတ်'သဘောပြောရေ။ ဆိုလိုစွာကတော့ ဇော်ထွီးက ဟိမဝန္တာသည် ဆယ့်နှစ်ရာသီ ရီခဲပြင်ဖုံးလွှမ်းနိန်ရေလို့ ပြောရေ။ ကိုးခန်းပျို့က ရာသီအလိုက် နှင်းထု၏ဖြစ်ပျက်ပြောင်းလဲမှုကို ဖွဲ့ဆိုပြရေ။ စကားဆိုစရာ တစ်ခုတော့ဟိယင့်။ ဇော်ထွီးက 'ရီခဲ'ဟု ပြောပြီး ကိုးခန်းပျို့က 'နှင်း'လို့ ပြောထားရေကိစ္စ။ နှင်းနန့်ရီခဲ၊ ရီခဲနန့်နှင်း။ မြန်မာနိုင်ငံ ရာသီဥတုသဘောကို ကြည့်ပြီး ပြောရမည်ဆိုကေ ဒေစကားမျိုး ထွက်လာစရာဟိပါရေ။ ဟိမဝန္တာ၏ ရာသီဥတုရေ မြန်မာနိုင်ငံနန့် မတူနိုင်ပါ။ ထို့အတွက် အင်္ဂလိပ်စကား (Ice)ဆိုစွာနန့် (Snow) ဆိုရေစကားကို ခြားနားပြပါမည်။ ရီအီးလွန်းရေအတွက်ကြောင့် ခဲလာကာ အစိုင်အခဲဖြစ်လာခြင်း ကို (Ice)ရီခဲလို့ ခေါ်ရေ။ အဖြူရောင်အထပ်လွှာများ ကောင်းကင်မှ မြီကြီးသို့ကျကာ အစိုင်အခဲ ထုနန့်ထည်ဖြစ်လာခြင်းကို (Snow)နှင်းလို့ ခေါ်ကတ်တေ။

'သင်တုန်းခေါးတစ်လက်'မှ စကာ နိမိတ်ပုံတိနန့် 'ဆောင်း'ကို ဖွဲ့ရေ။ နိမိတ်ပုံပြုစုခြင်းနှင့် စပ်လျဉ်းလို့ 'ဆရာမြဇင်'၏ ကဗျာနရီနန့် နိမိတ်ပုံ'စာအုပ်မှာ အေပိုင်ဖော်ပြထားစွာကို တွိရရေ။

'နိမိတ်ပုံတို့တွင် ဥပမာလည်းပါသည်။ ရူပကလည်းပါသည်။ သင်္ကေတလည်းပါသည်။ သရုပ်ဖော်မှုလည်းပါသည်။ တကယ်တော့ ရူပရုံအဆင်းရုပ်ပုံဖြင့်သာလျှင် နိမိတ်ပုံပြုစုကြသည် မဟုတ်ပေ။ အသံ၊အနံ့၊ အရသာ၊အထိအတွေ့တို့ဖြင့်လည်း နိမိတ်ပုံပြုစုကြသည်”

ဖော်ပြပါ စကားအရ 'သင်တုန်းခေါးတစ်လက်၊ စိမ့်စမ်းရီတစ်စက်၊ ဥတ္တရလူကြမ်း၊ အပြင်း စားအနမ်းတစ်ချက်' အဖွဲ့ရို့ရေ ပြင်းထန်ယှတရေလီကို သင်တုန်းခေါး၊ လူကြမ်း အဖြစ် နိမိတ်ပုံယူ ထားရေ။ စိမ့်စမ်းရီတစ်စက်ကတော့ 'ရီ'ကို ဖွဲ့စွာ။ အေစွာ တိုက်ရိုက် အဖွဲ့အနွဲ့. . . . ။

'လီ'ကို သင်တုန်းခေါး၊ လူကြမ်းအဖြစ် နိမိတ်ပုံယူထားခြင်းရေ အထိအတွိသဘော

(ဖောဋ္ဌဗ္ဗာရုံ)ကို အဆင်း(ရူပါရုံ)အဖြစ် ဖွဲ့ဆိုပြခြင်းဖြစ်တေ။

သင်ရိုး သုဗောဓာလင်္ကာရကျမ်းအလိုအရဆိုကေ 'ရူပဓမ္မသမာဓိဂုဏ်' မြောက်တေလို့ အဆုံးအဖြတ်ပြုရမယ်လေ။

ဆရာတော်အရှင်ကုမာရ၏ 'အလင်္ကာပန်းကုံးကျမ်း'စာ-၂၁၈မှာ 'ရူပဓမ္မသမာဓိဂုဏ်' အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြပါရေ။

'အဆင်းသဏ္ဌာန်ရှိသော ဝတ္ထုများမှာသာ ရစကောင်းရေ ငုပ်လျှိုးရမှု၊ ကြည့်မြင်ရမှု၊ စမ်းသပ်တွေ့ထိရမှု စသောသဘောတို့ကို အဆင်းသဏ္ဌာန်မရှိသော ဝတ္ထုပေါ်၌ တင်စားပြောဆို အပ်သော ရူပဓမ္မသမာဓိဂုဏ်'

ပြင်းထန်ရေ အအီးဓာတ်၊ ချမ်းစိမ့်မှုသဘောရို့ရေ အကောင်အထည် ဒြပ်မဟိ။ မဟိစွာကို ဟိသယောင်နန့် 'သင်တုန်းဓား၊ ဥတ္တရလူကြမ်း'လို့ ဖွဲ့ဆိုရေအတွက် ရူပဓမ္မသမာဓိဂုဏ်မြောက် တေလို့ဆိုခြင်းဖြစ်တေ။

အလားတူနိမိတ်ပုံဟိရေ သို့မဟုတ် သမာဓိဂုဏ်မြောက်တေကဗျာအချို့ကို ကြည့်ကတ် ပါဦးမေ။

(က) စိမ့်အေးမှုဟာ သူ့သွားနဲ့
တို့ရဲ့အရိုးကို ကိုက်ထားတယ်
မြောက်လေရဲ့ တောင်ပံစိုစိုမှာလည်း
နှင်းဆီရနံ့အစက်များ ပြောက်စွန်းလို့. . . .။
အရာဝတ္ထုတိုင်းဟာ
အေးစက်မှုမှာလောင်ကျွမ်း
ငြီးငွေ့ဖွယ်ရာတွေနဲ့လိမ်း
မြူထဲမှာ ဆိတ်ငြိမ်နေရဲ့. . . . . . .။
*(သစ္စာနီ၏'ဆောင်း'မှ)*

(ခ) နှင်းများ. . . .
တဖွဲဖွဲကျဆင်းလာ
ဟောဟိုပြတင်းပေါက်ကို ဖွင့်လိုက်မည်ဆိုပါက
အား. . . . . . အေးစက်စက်သွားကြီးများ
တအားကိုက်ခဲ
ဆောင်းသတ္တဝါရဲ့ ချွန်မြတဲ့လက်သည်းတွေက
စူးရဲကုတ်ခြစ်
စိမ့်ခနဲဖြစ်ကာ
အရိုးအဆစ်တွေ တဖျစ်ဖျစ်မြည်မတတ်
မေးချင်း တဂတ်ဂတ်ရိုက်ကာ

အညာအတာကင်းလှတဲ့ဆောင်း. . . . . . ။

*(နေမျိုး၏ 'ဆောင်းကိုခုတ်မောင်းခြင်း' မှ)*

ဇော်ထွီး၊ သစ္စာနီ၊ နေမျိုးရို့၏ ကဗျာအဖွဲ့အနွဲ့ရှိရေ နိမိတ်ပုံအရနန့်၊ သမာဓိဂုဏ် တင်စားမှုအရပါ တူညီနိန်စွာကို တွီမြင်နိုင်ပါရေ။

'တော်ဝင်သဇင်ပန်းတစ်ခက်၊ လခြမ်းမြီအပျိုမ ဆံနွယ်စမှာပ' စကားများမှ 'လခြမ်း မြီအပျိုမ' အဖွဲ့ကို အင်္ဂလိပ်သဒ္ဒါနည်းဆန်စွာ တင်စားထားကြောင်း တွီရပါရေ။

အထီး=ပုလ္လိင် (Masculine Gender)နန့် အမ=ဣတ္ထိလိင် (FeminineGender) သဘောကို အနည်းငယ် တင်ပြပါမည်။

-ကြံ့ခိုင်မှုသဘော(Strength)

-အားကြီးမှုသဘော(Violence) ရို့ကို ဖော်ပြလိုရေ အထီး= ပုလ္လိင်မျိုး တင်စားကြပါရေ။ ကဗျာ ဒုတိယပိုဒ်မှာ တွီရပါပေ။

-လှပမှုသဘော (Beauty)

-ယဉ်ကျေးသိမ်မွေ့မှုသဘော (Genta Leness)

-အမူအရာတင့်တယ်မှုသဘော (Gracefulness)တို့ကို ဖော်ပြလိုရေအခါအမ-ဣတ္ထိလိင် သဘောမျိုးတင်စားကတ်ပါရေ။

ပထမအပိုဒ်မှာ ပုံစံအဖြစ် 'လခြမ်းမြီအပျိုမ'ကို အမ=ဣတ္ထိလိင် (Feminine Gender)အဖြစ် တင်စားထားပါရေ။ ကဗျာ ဒုတိယပိုဒ်မှာလည်း အေအဖွဲ့မျိုး တွီရပါဦးမေ။

နွီဦးရာသီခရီး
ဆိုက်ဘေးရီးယားအမိမြီသို့
ပြန်ချီလို့လား. . . . . . . .
ဆောင်းဦးရာသီခရီး၊ အဖမြီလေးဝတီသို့
ပြန်ချီလို့လား. . . . . . .
ကြိုးကြာငှက်သာခြင်းသံ
ဘဲငါးရာတောင်ဘယ်
ချိုဝီညံစီယင့်. . . . . . ။

ကြိုးကြာငှက်ရို့၏ ဆောင်းခိုကတ်ပုံကို ကဗျာဖတ်ယင်း မြင်ယောင်လာပါရေ။ ဆောင်း ဦးမှာ ကြိုးကြာငှက်ရို့'အဖမြီလေးဝတီ'သို့ လာခိုလှုံကတ်တေ။ နွီဦးမှာ အမိမြီဆိုက်ဘေးရီးယားသို့ ပြန်ကတ်တေ။

"ဆိုက်ဘေးရီးယား အမိမြီ"

"အဖမြီလေးဝတီ"ဆိုရေ အဖွဲ့အနွဲ့အကြောင်းကို ရှိမှာဆိုခဲ့ပြီးပါပြီ။ ဇော်ထွီး၏ ကဗျာမှာ အထီး=ပုလ္လိင် (Masculine Gender)ဆန်စွာ တင်စားထားမှုတစ်ခု၊

အမ=ဣတ္ထိလိင် (Femenine)ဆန်စွာတင်စားမှုနှစ်ခုရာပါရေလို့ ရာ ပေါင်းရုံးဆိုပါတော့မေ။

ဇော်ထွီး၏'ဆောင်း'ကဗျာ ဒုတိယပိုဒ်နန့် သဘောသွားချင်းတူညီရေ ကဗျာတစ်ပုဒ်ကို ကောင်နုတ်တင်ပြလိုပါရေ။ အင်္ဂလိပ်-အမေရိကန် ကဗျာဆရာမ အယ်လ်နာဝိုင်လီ (Elinor Wylie)(၁၈၈၅-၁၉၂၈)၏လက်ရာဖြစ်ပါရေ။ အေကဗျာဘာသာပြန်ကို ၁၉၉၈၊ ဩဂုတ်၊ စတိုင် သစ်မဂ္ဂဇင်းပါဆောင်းပါးသျှင် 'နရိမင်း'၏ ဘာသာပြန်အတိုင်း ကောင်းနှုတ်ဖော်ပြပါရစီ။

ဖန်ရဲ့ပူစီဖောင်းတွေလို ငှက်ကလေးတွေ
တခြားအမေရိကန်နိုင်ငံတွေကို
ပျံသန်းသွားကြ
ဝိုင်အရက်ရောင်လို တောက်ပတဲ့ငှက်တွေ
ညကြီးမင်းကြီး အာဂျင်တီးနားကို ပျံသန်းသွားကြ
မိုးပြာရောင်ငှက်တွေနဲ့ ရဲရင့်တဲ့ငှက်တွေ
အပူပိုင်းဒေသ မက္ကဆီကိုပင်လယ်ကွေ့ဆီသွားကြ
သူတို့'နေ'နောက်ကိုလိုက်ကြတယ်
သူတို့'အပူဓာတ်'နောက်ကိုလိုက်ကြတယ်
ဒါက သူတို့အရိုးတွေကို ပူနွေးစေလို့
အိုး. . . နွေးထွေး နွေးထွေးနွေးထွေးလှပါဘိ။

ကဗျာ၏ခေါင်းစဉ်မှာ'Winter sleep အိပ်လို့ကောင်းတဲ့ဆောင်း'ဖြစ်ပါရေ။

ဇော်ထွီး၏ကဗျာမှာ တတိယပိုဒ်ကို ဆက်လက်ကြည့်ကတ်ပါမေ။

ကြယ်စုံကောင်းကင်ဘုံ
ငွီနှင်းမှုန်အပက်ပက်
ရင်ခွင်ထက်လွှမ်းခြုံ
စင်ဒရဲလားဝတ်ရုံ
လီဟုန်မှာလွင့်မျော
ရာသီစာသီးနှံ
ရာသီစာအိပ်မက်
ဒဏ္ဍာရီအာသီသ
တစ်ထောင့်တစ်ညပုံပြင်
ရင်ခုန်မွီးဖွားရေကာလ. . . . . . . . ။

ကျေးလက်ခေတ် လူမူအဖွဲ့အစည်းနန့် မြို့ပြခေတ် လူမှုဖွဲ့စည်းပုံရို့ရေ အင်မတန်သျှေ ကွာခြားလားခပါယာ။ ရုပ်ဝတ္ထု၊ အခြီအနိန်ကွဲပြားခြားနားလာစွာနန့်အမျှ ခံစားမှုလေ့ ကွဲပြားခြား နားလာမည်မှာမလွဲ။ ကွဲပြားခြားနားလာရေ အခြီအနိန်သစ်ကို ထင်ဟပ်စီရေ

ကဗျာကို ဖန်တီး ဖော်ပြသင့်ရေလို့ ကဗျာသဘောတရား ဆရာတိက ဆော်ဩနိန်ကတ်ပါရေ။

အေပိုင်နန့် လူငယ်တိ၏ ခေတ်ပေါ်ကဗျာများမှာ ကျေးလက်ခံစားမှု၊ မြို့ပြခံစားမှု၊ စက်မှုသိပ္ပံ သီဝရီခံစားမှု၊ နိုင်ငံတကာစာပီအပေါ် ခံစားမှု၊ အမျိုးသားရီးခံစားမှုတိကို တွိလာရပါရေ။

ဇော်ထွီး၏ကဗျာမှာ 'စင်ဒရဲလားဝတ်စုံ၊ တစ်ထောင့်တစ်ညပုံပြင်'ဆိုရေ နိုင်ငံခြားအကြောင်းအရာတိကို တွိရပါရေ။

ဝေါဟာရအသုံးအားဖြင့် ပြောရဖို့ဆိုကေ 'စင်ဒရဲလား'ဆိုရေ အင်္ဂလိပ်ဝေါဟာရ၊ 'ဒဏ္ဍာရီ' ဆိုရေ သက္ကတဝေါဟာရ၊ 'အာသီသ'ဆိုရေ ပါဠိဝေါဟာရို့ ပါဝင်လာစွာကို တွိရပါရေ။ 'ရာသီစာ သီးနှံ၊ ရာသီစာအိပ်မက်' ဆိုရေ စကားများက ဆောင်း၏ ဗဟိဒ္ဓဖွံ့ဖြိုးမှု၊ 'အဇ္ဈတ္တဂတ'ဆိုရေ 'ဂယက်အနက်အဓိပ္ပာယ်'တိ ပါဝင်နိန်ရေလို့ ယူဆရပါရေ။ 'ဒဏ္ဍာရီအာသီသ၊ရင်ခုန်မှီးဖွားရေကာ' စကားများနန့် ကဗျာကို အဆုံးသတ်ပြထားပါရေ။ 'တစ်ထောင့်တစ်ညပုံပြင်'ဆိုရေစကားကို အနက်ရင်းဖြစ်လီဖို့လား၊ သင်္ကေတအဖြစ်ထားလီစွာလား စဉ်းစားရပါရေ။

သင်္ကေတအနက်မှာ ထူးဆန်းအံ့ဩမှု ဖြစ်ရခြင်းရသ၊ ကြိုးစားအားထုတ် ရခြင်းရသရို့အပြင် အသိအမြင်အသစ် တိုးပွားစီမှုအထိပါဝင်နိန်ပါရေ။

အပိုဒ်သုံးပိုဒ်လုံး၏ အနှစ်ချုပ်ကို လေ့လာကြည့်ကတ်ပါမေ။

ပထမအပိုဒ်နန့် ဟိမဝန္တာတောင်ခြေမှ မြောက်လီတိုက်ခတ်လာကေ လေးဝတီအပျိုမ၏ ဆံနွယ်စမှာ သဇင်ပန်းပန်ချိန်(ဝါ) သဇင်ပွင့်ချိန်ရောက်ယာလို့ ဆိုလိုပါရေ။

ဒုတိယအပိုဒ်နန့် သဘာဝနန့် လိုက်လျောညီထွေဖြစ်အောင် ကြိုးကြာငှက်ရို့ဆောင်းခိုပုံကို ပြပါရေ။

တတိယအပိုဒ်နန့် ဆောင်း၏အလှအပသဘောကို ကောင်းကင်၊ မြီပြင်ဟိ အရာဝတ္ထုများ၊ လူသားများ၏ အထွေထွေအဖြစ်အပျက်များကို ရည်ညွှန်းပြောဆိုပါရေ။

ပုံသဏ္ဌာန်နန့် အတတ်ပညာပိုင်းကို ဆွေးနွေးပါမည်။ ဇော်ထွီး၏ 'ဆောင်း'ကဗျာရေ ခေတ်ပေါ်မော်ဒန်ကဗျာတစ်ပုဒ်ဖြစ်တေလို့ ပြောနိုင်ပါရေ။ တစ်ခုတော့ဟိပါရေ၊ မော်ဒန် ကဗျာမှာ ကာရန်ကို စွန့်ပစ်လိုက်ယာ မဟုတ်ပါလား။ အဂုဇော်ထွီး၏ 'ဆောင်း'ကဗျာမှာ ကာရန်တိ ပြည့်နှက်နိန်ရေ။ ယင်းပိုင်လို့ဆိုကေ မော်ဒန်မှာ ကာရန်ကို စွန့်ပစ်လိုက် ယာဆိုရေ လက္ခဏာ ချက် မပြည့်စုံပါလျက်နန့် အစွာဖြစ်လို့ မော်ဒန်လို့ ဆိုရစွာလဲလို့ ပြောစရာဟိလာပါရေ။ ကာရန် စွန့်ပစ်မှု၊ မစွန့်ပစ်မှုရေ အဓိကမဟုတ်။ ကာရန်ကို ပဓာနမထား၊ မပြုယာ။ ကာရန်ကို လောရီသရီမလုပ်ယာ။ ကာရန်ဟိချင်ဟိ၊ ပါချင်ပါ၊ မဟိချင်နိန်၊ မပါချင်လေ့မပါ။ ရရေ။ ဇော်ထွီးကဗျာ ပထမပိုဒ်မှာ ကာရန်ကြွယ်ကြွယ်ဝဝ တွိနိန်ရရေ။ သို့သော် တမင်တကာ

ကာရန်ကို အဓိကထား စပ်စွာမဟုတ်။ ကျွဲကူးရီပါ သဘောရာဖြစ်တေလို့ မြင်ရေ။

ပထမပိုဒ်ကို ပြန်ဖတ်ကြည့်။ လွတ်လပ်ကာရန်စနစ်ကို တွိမြင်နိုင်ပါရေ။ ဒုတိယ၊ တတိယ ပိုဒ်ရို့မှာလေ့ ကာရန်တိချိတ်လို့။

အေလောက် ကာရန်တိပါနိန်ရေကဗျာကို မော်ဒန်လို့ ဆိုစွာကို အငြင်းပွားစရာ ဟိရေ။ သို့သော်လဲ ဇော်ထွီးကဗျာမှာ ကာရန်ပါရေ မော်ဒန်လို့ ဆိုချင်ရေ။ သူ့အဖွဲ့အနွဲ့ တိရေ မော်ဒန် ကဗျာတိက ဖွဲ့နွဲ့မှုမျိုးဆိုစွာကို ငြင်းလို့မရ။

သစ္စာနီ၊ နေမျိုးရို့၏ ကဗျာနန့် ယှဉ်တွဲကြည့်ပါ။ သစ္စာနီ၊ နေမျိုးရို့က ကာရန်ကို လုံးဝစွန့်ပစ်ထားစွာကို တွိရပါလိမ့်မေ။ ဇော်ထွီးမှာတော့ ကာရန်မစွန့်။ ယေနန့် မော်ဒန် ကဗျာမှာ ကာရန်ပါမှု၊ မပါမှုရေ မပြောပလောက်တေအချက်လို့ ဆိုချင်ပါရေ။

ဇော်ထွီးကဗျာက 'ကာရန်ပါရေ မော်ဒန်ကဗျာ' ဖြစ်တေလို့ ဆိုပါရစီ။ ခေတ်ပေါ်၊ မော်ဒန်ကဗျာရို့ကို အချို့ 'အသျှောတိရီးချင်ပိုင် ရီးထားစွာ မော်ဒန်ယာ'လို့ ပြောတတ် ကတ်တေ။ ကမ္ဘာလောက်ဝမ်းနည်းစရာကောင်းပါရေ။ ယင်းပိုင်ပြောရေလူတိအတွက် ဇော်ထွီး၏'ဆောင်း' ကို အတတ်ပညာပိုင်းကပါမကျန် ဆွေးနွေးခပါရေ။ မော်ဒန်သည် အတတ်ပညာမဲ့ မဟုတ်ကြောင်းကို ဇော်ထွီး၏'ဆောင်း'နန့်သက်သီပြခပါလီယာ။

ရခိုင်မော်ဒန်ကဗျာရို့၏ အတတ်ပညာအဆင့်အတန်းမှာ အခြားသောမော်ဒန် ကဗျာရို့ထက် အဆင့်မနိမ့်ကျကြောင်း တင်ပြခပါရေ။ 'သူများမော်ဒန်ဆိုလို့ လိုက်ဒန် စွာပါ'လို့ ပြောချင်သူရို့ အတွက်မူ 'သက်ရောက်မှုအားသည် အရာရာတိုင်းမှာဟိပါသည်' ဆိုရေစကားကို လက်ဆောင်ပါးလိုပါရေ။

မော်ဒန်ကဗျာနန့်ပတ်သက်၍ ရှိအလားအလာကို ဆွေးနွေးနိန်ကတ်တေ အချိန် အခါမှာ ဇော်ထွီး၏'ဆောင်း'ကဗျာရေ ဆွေးနွေးစရာ အကျိုးပြုဖွယ်ရာကဗျာလို့ ယူဆ လျက် . . . . . ။

**ရွှေရေးအောင်**

# ရှင်ထွေနှင့်ရှင်ထွေးနှောင်း (သို့မဟုတ်) နတ်ရှင်မေ၏ မယ်တော်

ရခိုင်ရာဇဝင်ကျမ်းများတွင် ဘုရင်မင်းတို့၏ အတ္ထုပ္ပတ္တိကို တစေ့တစောင်းဖော်ပြထားပြီး သူတို့၏ကြင်ရာတော် မိဖုရားများကို အမြွက်သဘောသာ တွေ့ရ၏။ သို့နှင့်မိဖုရားတို့၏မျိုးရိုး၊ ဇာတိ၊ မွေးရပ်နှင့် စွမ်းဆောင်ချက် အခန်းကဏ္ဍတို့မှာ မှေးမှိန်လျက်ရှိ၏။ သမိုင်းကွင်းဆက် ပြတ်လျက်ရှိ၏။ ရခိုင်စာပေမှ မိဖုရားများဖြစ်သော ရှင်ထွေနှင့် ရှင်ထွေးနှောင်းတို့၏ ပြဿနာအရှုပ်တော်ပုံကို လေ့လာမိသလောက် ဆွေးနွေးတင်ပြလိုပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၈)တွင် ဒေါက်တာစောထွန်းအောင်ရေး 'နှောင်းရိပ်ကြေးမုံ'ဆောင်းပါးနှင့် ရခိုင်ရိုးမ မဂ္ဂဇင်း အမှတ်(၁)မှ မောင်ခိုင်အောင်ရေး 'သီရိသုမြတ်စွာဒေဝီ'ဝတ္ထုတို့တွင် မင်းခမောင်းနှင့် မိဖုရားကြီးရှင်ထွေ(ပဲခူး နန္ဒဘုရင်၏သမီးတော်)တို့၏ သမီးတော်မှာ နတ်ရှင်မေဖြစ်ကြောင်း ရေးသားထားပါသည်။ ဆိုလိုသည်မှာ နတ်ရှင်မေ၏ မယ်တော်သည် ပဲခူးမှ နန္ဒဘုရင်၏ သမီးတော် ရှင်ထွေဖြစ်သည်ဟု ယူဆထားကြသည်။ ရှင်ထွေနှင့် ရှင်ထွေးနှောင်းတို့၏ သမိုင်းပုံရိပ်အမှန်ကို ရရှိပါက နတ်ရှင်မေ၏ မယ်တော်အစစ်ကို ရရှိပေမည်။

## ရှင်ထွေ

မင်းခမောင်း၏ကြင်ရာတော်မိဖုရားကြီးမှာ ရှင်ထွေဖြစ်သည်။ ရခိုင်ရာဇဝင်ကျမ်းတို့တွင် 'ဓမ္မဒေဝီ'ဟူ၍တွေ့ရ၏။ ကျောက်စာများတွင် 'လောကဒေဝီ' ဟူ၍လည်းကောင်း၊ 'သျှင်ထွေ'ဟူ၍လည်းကောင်း ရေးထိုးထားသည်။ မိဖုရားကြီးရှင်ထွေ၏ အလယ်စေတီကျောက်စာတွင် 'ဆင်ဖြူသခင်၊ ဆင်နီသခင် ဝရဓမ္မရာဇာ၏ မျောက်သားတော်ဖြစ်ထသော ဆင်ဖြူသခင်၊ ဆင်နီ သခင် မဟာသီရိသုဓမ္မရာဇာ၏မယ်တော်ဖြစ်ထသော၊

တောင် မိဖုရားမယ်တော်လည်း ဖြစ်ထသော ဆင်ဖြူသခင်၊ ဆင်နီသခင် နရပတိကြီး၏ ယောက္ခမ တော် မြောက်ဦးမိဖုရားရှင်ထွေ' ဟု တွေ့ရ၏။ ၎င်းကျောက်စာအရ နတ်ရှင်မေသည် မင်းခမောင်း(ဝရဓမ္မရာဇာ)နှင့် မိဖုရားရှင်ထွေးတို့၏ သမီး တော်ဖြစ်သည်။

ထို့ပြင် မိဖုရားကြီးရှင်ထွေ၏ မိဘတို့အား ရခိုင်ရာဇဝင်ကျွန်းများတွင် ရှာဖွေမွှေ နှောက်ကြည့်ရာ မတွေ့ရပေ။ သို့သော် အသျှင်စန္ဒမာလာလင်္ကာရမဟာထေရ်ရေး 'ရခိုင် ရာဇဝင်သစ်ကျမ်း'တွင် မင်းခမောင်း၏ ကြင်ရာတော် မိဖုရားကြီးရှင်ထွေသည် 'ဆင်ဖြူရှင်' ဖြစ်သည်ဟု ဖော်ပြပါရှိ၏။

'ဆင်ဖြူရှင်'ဆိုသူမှာ ပထမမြောက်ဦးခေတ်မှ စတုတ္ထမြောက် မင်းစောလျှာ၏ ဘွဲ့တော်ဖြစ်သည်။ သို့နှင့် နတ်ရှင်မေ၏မယ်တော်သည် ပဲခူးမှ နန္ဒဘုရင်၏ သမီးတော် မဟုတ်ဘဲ ရခိုင်ဘုရင် ဆင်ဖြူရှင် မင်းဒေါလျာ၏မြစ်သာ ဖြစ်ပေသည်။ ရှင်ထွေ၏ ဖခ မည်းတော်၊ ဘိုးတော်တို့မှာ အထွတ် အထိပ်ဖြစ်သော ဘုရင်မင်းဘဝသို့ မရောက်ခဲ့သဖြင့် ဘီလောင်းတော် ဆင်ဖြူရှင်မင်းကို အမွှမ်း တင်လိုသဖြင့် ရေးသားထားခြင်းဖြစ်ပေမည်။

**ရှင်ထွေးနှောင်း**

မင်းရာဇာကြီး(သတိုးဓမ္မရာဇာ)သည် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော ရခိုင်မင်းတစ်ပါးဖြစ်၏။ သူ့လက်ထက်တွင် ရခိုင်ပြည် အလွန်အင်အားတောင့်တင်း ခဲ့သည်။ သို့နှင့် တောင်ငူမင်း (မင်းရဲသီဟသူ) သည် ပဲခူး(ဟံသာဝတီ)ကို တိုက်ခိုက်၍ ရခိုင်ဘုရင် မင်းရာဇာကြီးထံ စစ်ကူတောင်းလာသည်။

ထိုအချိန်တွင် ပဲခူးကို ထိုင်းတို့ တချို့တစ်ဝက် ကျူးကျော်သိမ်းပိုက်ထားပြီး ပဲခူးမင်း (နန္ဒဘုရင်)နှင့် တောင်ငူမင်းတို့မှာလည်း အချင်းချင်း မသင့်မတင့်ဖြစ်လျက်ရှိနေ၏။ အကြောင်းစုံကိုသိရသော မင်းရာဇာကြီးသည် ပဲခူးသို့ သွားရောက်တိုက်ခိုက် အောင်မြင်ခဲ့ သည် သာမက ထိုင်းတို့၏ ရန်စွယ်ကိုလည်း ချေမှုန်းနိုင်ခဲ့သည်။

ယင်းကြောင့် ကျေးဇူးသိတတ်သော တောင်ငူမင်းသည် နန္ဒဘုရင်၏သမီးတော်ကို ရခိုင်ဘုရင် မင်းရာဇာကြီးထံ ဆက်သလိုက်သည်။ ထိုမင်းသမီးမှာ 'ရှင်ထွေးနှောင်း'ဖြစ် သည်။ ရခိုင် သမိုင်းတွင်'ခင်မနှောင်း'၊ ပဲခူးဖြူ'ဟု ဖော်ပြထားသည်။ ရှင်ထွေးနှောင်းသည် စာဆိုသူပီပီ မြောက်ဦးရွှေနန်းတော်၏ အံ့မခန်းကြီးကျယ်ခမ်းနားပုံကို ပိုဒ်စုံရတုဖွဲ့နွဲ့ခဲ့ သည်။

ထို့ပြင် ရခိုင်သမိုင်းအဆိုအရ ဝေသာလီခေတ်ဦးကပင် ရေတွင် ကိန်းဝပ်သော သကျမုနိ (မြောက်ဦးမြို့ရှိ ဘုရားပေါ်ဘုရား) ရေမှပေါ်သည့်နေ့၌ မင်းရာဇာကြီးနှင့် ရှင်ထွေးနှောင်းတို့တွင် သမီးတော်တစ်ဦး မွေးဖွားသန့်စင်ခဲ့သည်။ 'မမင်းပေါ်'ဟု အမည်သညာပေးကြပြီး ဘုရားပေါ် ဘုရား၏ဒါယိကာမဖြစ်သည်ဟု ဆိုကြ၏။ သူမသည်

'နတ်ရှင်မေ' မဟုတ်သည့်အပြင် မင်းခမောင်းနှင့် ရှင်ထွေးတို့၏ သမီးတော်လည်း မဟုတ် ပါ။

နိဂုံးချုပ်အနေဖြင့် ရှင်ထွေနှင့် ရှင်ထွေးနှောင်းတို့အား တစ်ဦးတစ်ယောက် တည်း အဖြစ် သတ်မှတ်လိုက်ပါက 'နှမ်းခံလိုက်ကာမှ တစ်ပွာလျှော့'ဆိုသည့်အဖြစ်မျိုး ကြုံရမည်။ ခမည်းတော် မင်းရာဇာကြီး၏ ကြင်ရာတော်ကို သားတော်မင်းခမောင်းက သိမ်းပိုက်ယူရာမှ သမီးတော် နတ်ရှင်မေ ဖွားမြင်လာသည်ဟု ထင်မြင်ယူဆခြင်းဖြစ်သည်။ သို့နှင့် ရှင်ထွေးနှင့် ရှင်ထွေးနှောင်းတို့၏ အတ္ထုပ္ပတ္တိ၊ တစ်နည်းအားဖြင့် သူမတို့၏ဘဝ သမိုင်းကိုကို လေ့လာစိစစ်ခြင်းဖြင့် နတ်ရှင်မေ၏မိဘများမှာ မင်းခမောင်းနှင့် မိဖုရားကြီးရှင်ထွေး (ရခိုင်ဘုရင် ဆင်ဖြူရှင်မင်းဒေါလျာ၏ မြစ်)ဖြစ်ကြောင်း တင်ပြအပ်ပါသတည်း။

**မောင်ဒေဝ**

# အပြည်ပြည် ရှင်ငယ်ရဟန်း မှုထမ်း

မြောက်ဦးမြို့နှင့် မနီးမဝေးအရပ်တွင် ရှိနေသည့် ဝေသာလီဘုရားပုထိုးကြီး ပျက်စီးပြီး နောက် ရှစ်သောင်းဘုရားသည် အပြင်ပတ်လမ်း၊ အတွင်းပတ်လမ်းများဖြင့် ဝေသာလီဘုရားကဲ့သို့ ဖြစ်ကြောင်း ဆရာများထံမှ ကြားဖူးပါသည်။ ရှစ်သောင်းဘုရား အပြင်ပတ်လမ်း၌မူ ဧရာဝဏ်၊ ဥပေါသထဆင်မွန်၊ ဆဒ္ဒန်တို့အပြင် ဆင်နှင့်ပတ်သက် သောဗဟုသုတအများအပြားတွေ့ရှိရပါသည်။

ရှစ်သောင်းဘုရားတည်သော ဒကာမင်းဗင်နှင့် မင်းဆရာ ဦးမြဝါတို့မှာ ဆင်ကဲဝန် မျိုးမှ ဆင်းသက်သူများဖြစ်ကြပါသည်။ ထို့ကြောင့် အဆိုပါ ဆရာ၊ ဒကာနှစ်ဦးလုံးသည် ဆင်နှင့် ပတ်သက်သော ဗဟုသုတအပြည့်ရှိသူများဖြစ်သည်။

အမြော်အမြင်ကြီးမားသော ဣလိသျှာမင်းရာဇာ (ရခိုင်သက္ကရာဇ် ၈၆၃-၈၇၅) နန်းစံ၏ မိဖုရားတစ်ဦးဖြစ်သော စောနန္ဒီသည် မင်းတိုင်ပင်အမတ် ဆင်ကဲအောင်ထင် ၏သမီးဖြစ်သည်။ ဣလိသျှာမင်းရာဇာနှင့် စောနန္ဒီတို့မှ မင်းဗာကြီးကို ဖွားမြင်သည်။

စိန်တင်စားအမတ်ကြီး မဟာနန္ဒသကြ်န်၏ ဇနီးသည်လည်း ဆင်ကဲဝန်အောင်ထင် ၏ သမီးဖြစ်သည်။ နန္ဒသကြ်န်နှင့် ဆင်ကဲအောင်ထင်၏သမီးငယ် ဇေယျခေမာတို့မှ ဦးမြဝါကို ဖွားမြင် သည်။ ဦးမြဝါနှင့် မင်းဗာကြီးသည် ဆင်ကဲဝန်မျိုးမှ ဆင်းသက်သူဖြစ်ပြီး ညီအစ်ကို ဝမ်းကွဲတော် စပ်၏။ အရွယ်ရောက်သော် မြောက်ဦးနန်းနှင့် မနီးမဝေးတွင်ရှိ သော တောင်ညိုတိုက် အဂ္ဂစိန္တေယျအရှင်ထံ ပညာသင်ကြသည်။ အဂ္ဂစိန္တေယျ ဆရာ တော်သည် ဦးမြဝါ၊ မင်းဗာကြီးနှင့် မြတ်ဆာထွန်း (မဟာပညာကျော်)တို့ကို အသက်(၁၆) နှစ်ကျော်ခန့်တွင် ဗာရာဏသီတက္ကသိုလ် အိန္ဒိယသို့ စေလွှတ်ပြီး အထက်တန်း ပညာ ရပ်များကို သင်ကြားစေလိုသည်။ ထိုခေတ်က ဗာရာဏသီ တက္ကသိုလ်သို့ ဝင်ခွင့်ရ ရန်

မလွယ်ကူပေ။ နုတ်ဖြေဝင်ခွင့်ဖြေဆိုအောင်မြင်မှ လက်ခံသည့် တက္ကသိုလ်ဖြစ်သည်။ ဝင်ခွင့်လျှောက်သူ ဆယ်ဦးအနက် နှစ်ဦး၊ သုံးဦးသာ ဝင်ခွင့်ရကြသည်။

ဗာရာဏသီတက္ကသိုလ်တွင် ပိဋကတ်သုံးပုံအကြောင်း မဆွေးနွေးနိုင်သူသည် အရှက်ရလေ့ ရှိပါသည်။ အဂ္ဂစိန္တေယျဆရာတော်၏တပည့်သုံးဦးဖြစ်သော ဦးမြဝါ၊ မင်းဗင်နှင့် မဟာပညာကျော်တို့မှာ ဗာရာဏသီတက္ကသိုလ်သို့ အခက်အခဲမရှိ ဝင်ခွင့်ရကြသည်။ သုံးဦးလုံးမှာ ပါရမီရှင်များ ဖြစ်ကြလေသည်။ ဗာရာဏသီ တက္ကသိုလ်တွင် ဗုဒ္ဓပိဋကတ်အပြင် ဝေဒကျမ်းများ၊ သက္ကတစာ ပေကျမ်းများကိုလည်း သင်ကြားပေးသည်။ ထို့ကြောင့် ဦးမြဝါ၊ မဟာပညာကျော်၊ မင်းဗင်တည်းဟူသော ဤသုံးဦးသည် ဝေဒကျမ်းများ၊ သက္ကတကျမ်းများကို အရေးတယူ လေးစားသူများ ဖြစ်ကြသည်။

ရှေးတက္ကသိုလ်များ သင်ရိုးဖြစ်သော ဆန်းကျမ်းအတတ်နှင့် နက္ခတ်ပညာတို့သည် ဦးမြဝါအား အင်းပညာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်စေသည်။ ထိုခေတ်က ဗာရာဏသီတက္ကသိုလ်၏ စာကြည့်တိုက်သည် ကမ္ဘာအရပ်ရပ်မှ ကျမ်းစာများ လာရောက်ကူးယူသူများဖြင့် လည်း အမှန်ပင်ထင်ရှား၏။ စစ်နှင့်စပ်ဆိုင်သော သက္ကတပုရပိုက်အဆူဆူသည် ဗာရာဏသီ တက္ကသိုလ်၌ ရှိနေရာ မင်းဗာဘုရင်သည် အကြိုက်တွေ့သွားလေသည်။ သူသည် ဗာရာဏသီ၌ အချိန်ကြာမြင့်စွာ ဆည်းပူးခဲ့ရသည်မဟုတ်ဘဲ ပြည်တွင်းရေးရာများကြောင့် ရခိုင်သို့ ပြန်လာရသော်လည်း ဘုရင်ဖြစ်မည့်သူတစ်ဦး၌ ရှိသင့်သော စစ်ဖက်ဆိုင်ရာ စာပေဗဟုသုတ အလွန်ပြည့်စုံလာခဲ့ပေသည်။

နောင်အခါ မင်းဗာဘုရင် မင်းအဖြစ်ကို ရရှိတော်မူပြီး ဘင်္ဂါ(၁၂)မြို့ ရတော်မူပြီးနောက် မင်းဗာတည်ထားကိုးကွယ်သော ရှစ်သောင်းပုထိုးတော်ကြီး၌ ဗုဒ္ဓဘာသာကျမ်းဂန်လာ ရုပ်ကွက်များ၊ ဝေဒကျမ်းလာ ရုပ်ကွက်များနှင့် သက္ကတစာပေ အရိပ်အငွေ့များ ရက်ဖောက်ယှက်နွယ်ကြောင်း တွေ့ရှိကြသဖြင့် နှောင်းလူများအတွက် နားမလည်နိုင်လောက်အောင်ပင် ရှိပေသည်။

ရှစ်သောင်းဘုရား၌ ဗုဒ္ဓဘာသာဆိုင်ရာရုပ်ကွက်၊ ဝေဒကျမ်းနှင့် သက္ကတဘာသာဆိုင်ရာ ရုပ်ကွက်များတို့အပြင် မျိုးရိုးဗဟုသုတဖြစ်သော ဆင်နှင့်ပတ်သက်သော အကြောင်းအရာများကိုလည်း မင်းဗာဘုရင်နှင့် မင်းဆရာ ဦးမြဝါတို့က ရုပ်ကွက်ထည့်ထား ခဲ့ကြောင်း တွေ့ရှိရပါသည်။

ရှစ်သောင်းဘုရား၏ မြောက်ဘက် အပြင်ပတ်လမ်း နံရံအလယ်ခန့်တွင် လက်ခုပ်တစ်ဖောင်လောက်အမြင့်၌ ထိုင်နေသော မိန်းမတစ်ဦးကို ငှက်ကြီးတစ်ကောင်က ဆံနွယ်မှ ချီသုတ် ဟန် ကျောက်သားပန်းပုရုပ်လုံးပါရှိပါသည်။ လက်နှစ်ဖက်ကို ချီမြှောက်ထားသော မိန်းမရုပ်သည် ၃ပေခန့်ရှိမည်ဟု ထင်ရသည်။ ငှက်ကြီးရုပ်မှာ အတောင်ဖြန့်ကားပြီး လေးပေခန့်ရှိပါသည်။ အနုပညာလက်ရာ ကောင်းမွန်သေသပ်ပြီး ခေတ်ပေါ်ဆေးများ ခြယ်သထား၍ ဘုရားဖူးအများအပြား သတိပြုမိကြပါသည်။

ထိုရုပ်တုကို ကျွန်ုပ်တို့ငယ်စဉ်က 'ကောသမ္ဗီမိဖုရား ငှက်ကြီးချီသည့် အခန်း'ဟု သင် ထားဖူးပါသည်။ အိန္ဒိယပြည် ဥတေနမင်း၏ သမိုင်းရာဇဝင်ဖြစ်၏။ မြောက်ဦးမြို့ ရခိုင်ယဉ်ကျေးမှု ကော်မတီမှ ၁၉၈၇-ခုထုတ် ဘုရားဖူးလမ်းညွှန်စာအုပ်တွင်လည်း ဥတေ နမင်းကြီးသည် ရှစ်သောင်းရုပ်ကွက်၌ ပါရှိကြောင်း ဖော်ပြထားသည်။ ဥတေနဇာတ်သည် ငါးရာငါးဆယ်ဇာတ် မဟုတ်၊ ဘုရားလောင်းဖြစ်ရပ်မဟုတ်သဖြင့် ကျွန်ုပ်အဖို့ လက်တွန့်သော်လည်း ရှစ်သောင်းဘုရား တည်သော မင်းဆရာနှင့် မင်းဗာဘုရင်တို့မှာ ဆင်ကဲမျိုးရိုးနှင့် ဆက်စပ်ပြီး ဆင်နှင့် ပတ်သက်သော ဗဟုသုတကြီးမားသူများဖြစ်၍ ဤရုပ်ကွက်ကို ထည့်လေသလားဟု တွေးမိပါသည်။

လွန်ခဲ့သော နှစ်ထောင့်ငါးရာခန့်က ကောသမ္ဗီပြည် ပူရန္တပမင်းသည် မင်းပြု၏။ တစ်နေ့တွင် ကိုယ်ဝန်ရင့်မာရှိသော မိဖုရားကြီးသည် နီသော ကမ္ဗလာကိုရုံ၍ နေဆာလှုံ နေ၏။ ထိုခဏ၌ ကောင်းကင်၌ ပျံနေသော ထိလိင်္ဂငှက်ဆင်သည် မိဖုရားကိုမြင်လျှင် အမဲသားတစ်ထင်၍ ဆောလျင်စွာ ချီ၍ ပျံလေသည်။ ထိုငှက်ဆင်သည် ဆင်ပြောင်ငါးစီး ကို ချီနိုင်သည်ဟူ။ အကယ်၍ ငှက်ကြီးသည် မိမိအားလွှတ်ချလျှင် ပဋိသန္ဓေသား ပျက်စီးမည်ကို စိုးရိမ်၍ မိဖုရားကြီးသည် သည်းခံပြီးလိုက်ပါလေ၏။ ငှက်ကြီးသည် ဟိမဝန္တာသို့ ပျံသွားပြီး ပညောင်ပင်ကြီး၏ အခွကြား၌ နား၏။ ထိုအခါ မိဖုရားသည် လက်နှစ်ဖက်ကို ချီမြှောက်၍ လက်ဝါးသံကိုလည်းကောင်း၊ ကြွေး ကြော်သံကို လည်း ကောင်းပြု၍ ထိလိင်္ဂငှက်ဆင်ကို ထွက်ပြေးစေ၏။ ညဉ့်အခါ မိုးထစ်ချုန်းရွာ၏။ မိုးစံ၍ အရုဏ်တက်သော် မင်းသားငယ်ကို ဖွားမြင်သည်။ အရုဏာဥတု၊ နေအရုဏ်ငွေ့နှင့် မိုးဥတု ငွေ့၊ ဆောင်းဥတုငွေ့ကိုယူ၍ ဖွားသောကြောင့် "ဥတေန"ဟု အမည်မှည့်လေသည်။

ကေသနီ အမည်ရှိသော ကောသမ္ဗီမိဖုရားသည် အဖတူသားငယ် ဥတေနကိုကြည့် ၍ ဖြေမဆည်နိုင်ပုံကို ရခိုင်စာဆို တန်းခိုးဆရာထွန်းက ၎င်း၏ ဥဒိန္နရတုကဗျာတွင် အောက်ပါ အတိုင်း ဖွဲ့ဆိုထားလေသည်။

"ရူပါရုံပုံတမျှ၊ မေ့မှာငယ်လင်၊ သူ့ဖခင်နှင့် ရုပ်သွင်တူပါလှ၏။ စကြာလမျက်နှာ သွင်၊ မငိုစေလို၊ သားငယ်ကိုလျှင်၊ နို့ချိုတိုက်ပြီးကျင်မှ၊ မွေးမိခင်ကေသနီ၊ အကြင်အချစ်၊ ရွှေစင်အစစ်သို့၊ ရင်၌သားဥဒိန်နှင့်၊ နေမှိန်မှိန်ညနေချမ်း၊ ကျေးငှက်တိရွှစာန်၊ မြူးပျော် ဟန်နှင့် ကျူးတွန်ကာ ပျံသန်းထ၊ နန်းရဝေပြည်ကိုတ၊ ငိုလျက်မနေ၊ ထိုမျက်ရည်ကို ၊ ဖြေဆည်မရလေ. . . . . . ."

ညောင်ပင်အနီးမှ အလ္လကပ္ပရသေ့

အလ္လကပ္ပဘုရင်နှင့် ဝေဌဒီပက ဘုရင်နှစ်ပါးသည် လောကကို ငြီးငွေ့ပြီး မိမိတို့ ပြည်ကို စွန့်၍ ဟိမဝန္တာ၌ ရသေ့လုပ်နေကြသည်။ တစ်နေ့တွင် ဝေဌဒီပကရသေ့ သေပြီး နတ်မင်းကြီး ဖြစ်သွားလေ၏။ အလ္လကပ္ပရသေ့ တရားကျင့်ရာတွင် တောဆင်ရိုင်းများ အမြဲနှောင့်ယှက်နေ၏။ နတ်ဖြစ်ရသေ့က အလ္လကပ္ပအား စောင်းတစ်လက်ကိုပေးပြီး

ဆင်နိုင်မန္တန်သင်ပေးထား၍ အေး ချမ်းစွာ တရားကျင့်နိုင်လေသည်။

အလ္လကပ္ပရသေ့သည် ကျောင်းသခ်မ်းအနီး ပညောင်ပင်တွင် ငှက်ချီလာသည့် မိဖုရားနှင့် သားဥတေနကို တွေ့၍ စောင့်ရှောက်ထားလေသည်။

ဤအကြောင်းကို ဥဒိန်မင်းစောပျို့၌. . . .

'သိကြားဆရာ၊ ပညာကြွေ့ကြွေ့၊ ရသေ့ဘုန်းဝှန်၊ တွေ့မြင်ပြန်ထ၊ သားမွန် ရွှေတုံး၊ မယ့်ပန်းကုံးကို၊ ချစ်ဆုံးမထင်၊ ချစ်ခင်မညိုး၊ ချစ်ကြိုးဆင့်လောင်း၊ ချစ်ဟောင်ထက်တွင်၊ ချစ် သက်တင်၍၊ ခင်မင်ယုယ၊ သားတမျှပင်၊ နေ့ညရှေ့ရှု၊ ပြုစုမဝ၊ ပီယချစ်ခွေ၊ ကျွေးမွေးပေရှင့်' ဟု စပ်ဆိုဖွဲ့နွဲ့ထားပေသည်။

အလ္လကပ္ပရသေ့သည် ဥတေနမင်းသားအား သားတမျှ ယုယ၍ ပြုစုကျွေးမွေးထားကြောင်း ဖော်ညွှန်းဖွဲ့ဆိုထားဟန်ဖြစ်၏။

ဥတေနမင်းသား အရွယ်ရောက်လာသည့် တစ်နေ့သောအခါ ရသေ့သည် နက္ခတ်ယှဉ်ခြင်း ကို ကြည့်၍ ကောသမ္ဗီပြည်ရှင် ပူရန္တပ္ပမင်းသေပြီဟု ဆို၏။ မိဖုရားသည် ငိုပြီး ရသေ့အား သူတို့ဇာစ်မြစ်ကို ပြောပြလေသည်။

အလ္လကပ္ပရသေ့ သူတတ်မြောက်ထားသော ဆင်ညို့မန္တန်ကို ဥတေနမင်းသားအား သင်ပေးသည်။ ဆင်နိုင်စောင်းကိုလည်း ပေးသည်။ ဥတေနသည် ဆင်တပ်ဖြင့် ကောသမ္ဗီပြည်ကိုဝိုင်း ပြီးမိမိသည်ပူရန္တပ္ပမင်း၏သားတော်ဖြစ်ကြောင်း ထင်ရှားစေလျက် ကောသမ္ဗီဘုရင်ဖြစ်လာလေသည်။

ဥဇ္ဇေနီပြည်ရှင် စဏ္ဍပဇ္ဇောတဘုရင်သည် ဥတေနမင်းကို နှိမ်နင်းလိုသည်။ စဏ္ဍပဇ္ဇောတ ဘုရင်သည် သစ်သားဆင်ရုပ်တစ်ခုပြုလုပ်ပြီး ဆင်ဝမ်း၌ တပ်သားခြောက်ယောက်ထည့်လျက် တော၌ထား၏။ သစ်ခုတ်သမားတို့က ဥတေနကို ဆင်ဖြူတော်တစ်ကောင် တော၌ရှိကြောင်း ကြား၍ ဆင်ကိုလိုက်ဖမ်းရင်း ဥတေနသည် နောက်လိုက်များနှင့် ဝေးကွာသွားသည်။ ထိုအခါ ဥတေနဘုရင်သည် ရန်သူကို ဝိုင်းဖမ်းခြင်းကို ခံရလေသည်။

စဏ္ဍပဇ္ဇောတဘုရင်က ဆင်ဖမ်းမန္တန်ကို သူ့အားသင်ပေးက ဥတေနကို လွှတ်ပေးမည် ဆိုသည်။ ဥတေနက သူ့ကို ဆရာသမားအဖြစ် ဆည်းကပ်သူကိုသာ သင်ပေးနိုင်မည်ဟု ဆိုသည်။ ပဇ္ဇောတဘုရင်သည် သူ့သမီးတော်အား ဥတေနထံမှ တပည့်ခံစေ၍ ဆင်ဖမ်းမန္တန် သင်ယူစေသည်။ သမီးတော်ကို ခါးကုန်းရုပ်ဆိုးသော မိန်းမအဖြစ်နှင့် ဥတေနမင်းကို အနူတစ်ယောက်အဖြစ် လှည့်ပတ်ပြောထားပြီး ကန့်လန့်ကာခြား၍ သင်စေသည်။

မင်းသမီးက မန္တန်ကို အမိအရ မရှိပေ။ ဥတေနစိတ်တို၍ ကန့်လန့်ကာကို လှစ်ကြည့်လေသည်။ မင်းပျိုမင်းလွင်နှင့် ဘုရင့်သမီးတို့ ချစ်ကြိုးသွယ်တန်းသွားလေသည်။ သမီးတော် အမည်မှာ ဝသုလဒတ္တာဖြစ်လေသည်။ သမီးတော် ဝသုလဒတ္တာသည် မိန်းမ

ဥာဏ်ဆင်၍ မန္တန်တက်စေရန် ညဥ့်အချိန် ဆေးပင်၊ ဆေးရွက်အချို့ကို နက္ခတ်ယှဉ်၍ တူးရမည်ဖြစ်ကြောင်း ခမည်းတော်အား လျှောက်ထားသည်။

ပဇ္ဇောတမင်းသည် သမီးတော်စကားကို ယုံ၍ ညဥ့်အချိန်မြို့တံခါးကို ဖွင့်ပေးသည်။ ဥတေနမင်းသည် သမီးတော်ကို ဆောင်ကြဉ်းပြီး ကောသမ္ဗီပြည်သို့ ပြေးလေသည်။ ဥတေနသည် သမီးတော် ဝသုလဒတ္တာကို မိဖုရားအရာ၌ ထားလေသည်။ ဥတေနမင်း ကြီး၌ သာမောဖွယ် ကောင်းသော ဥယျာဉ်တော်တစ်ခုရှိလေသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကောင်းကင်ခရီးဖြင့် ကြွလာသော ပိဏ္ဍောလ မထေရ်သည် ဥတေနမင်း၏ ဥယျာဉ်၌ နေသန့်တော်မူလေ့ရှိသည်။ နိဗ္ဗာန်ကို မဂ်ဖိုလ် ဉာဏ်ဖြင့် သမာပတ်ကို ဝင်စား၍ သန္တိသုခကို ခံစားသည်မည်၏။

ငါးရာငါးဆယ်ဇာတ်နိပါတ်တော်၌မူ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေစဉ် ပိဏ္ဍောလမထေရ်ကို အမျက်ထွက်၍ ဆဲရေးသော ဥတေနမင်းကို အကြောင်း ပြု၍ မာတင်္ဂဇာတ် ကို ဟောကြားတော်မူကြောင်း ပါရှိသည်။

ဝေသာလီ၊ လောင်းကြက်၊ မြောက်ဦးခေတ်များက မင်းညီမင်းသားများနှင့်တကွ မင်းတိုင်ပင်အမတ်၊ ဆင်ကဲဝန်၊ အောင်းမချဝန်၊ ပေါက်ထိန်းစသည့် ဆင်အတတ် သင် ကြားသူများအဖို့ ဤဥတေနမင်းကြီးဇာတ်လမ်းသည် ဘုရားအဖြစ်တော် မဟုတ်သော် လည်း ရှောင်လွှဲမရကောင်းသော သိထားရမည့် ဗဟုသုတဖြစ်နေလိမ့်မည်မှာ အမှန်ပင် ဖြစ်၏။ သက္ကတစာပေတွင်လည်း ဥတေနမင်းအကြောင်း အများအပြားပါရှိရာ သက္ကတ စာပေမှ ဥတေနမင်း၏ အမည်မှန်မှာ 'ဥဒယန ဖြစ်ကြောင်း သိရှိရပေသည်။ သက္ကတ စာပေတွင် ပါရှိသော ဥဒယနအကြောင်းသည် အိန္ဒိယသမိုင်း၌ ပို၍အသုံးဝင်ပုံရသည်။

ဗာရာဏသီတက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သော ဆင်ကဲအောင်ထင်၏ မြေးဖြစ် သည့် မင်းဆရာ ဦးမြဝါနှင့် ရှစ်သောင်းပုထိုးတည်တော်မူသော ဘုရင်မင်းဗင်တို့သည် ရှစ်သောင်းပုထိုး၌ ဥတေနဇာတ်လမ်းတစ်ကွက် ထည့်ထားသည်မှာ ဆင်ဗဟုသုတပြည့်စုံ သော ဆင်ကဲဝန်မျိုးဖြစ် ၍ ဟု ဆိုခြင်းသည် လုံလောက်သော အကြောင်းဖြစ်ရန်ရှိသည်ဟု ဆိုနိုင်သော်လည်း ထို့ထက်ပိုသော အဓိပ္ပါယ်များရှိနေသေးသလားဟု သံသယဖြစ်စရာပင် ဖြစ်ပါသည်။

ရှင်ငယ်ဆရာ ဦးမြဝါသည် နက္ခတ်ဗေဒင်များအပါအဝင် မြားမြောင်သော အတတ်ပညာတို့တွင် ဓာတ်ငင်အတတ်ကိုလည်း တစ်ဖက်ကမ်းခတ်တတ်သည်။ ဥတေန ဇာတ်လမ်းကို ရှစ်သောင်းဘုရား၌ ထည့်ရခြင်းမှာ ကောသမ္ဗီပြည်ကို စစ်ရေး၊ စီးပွား ရေးအရ ဓာတ်ငင်ထားလေသလားဟု တွေးမိပြီး အရှင်ကိတ္တိရေးသားသည့် ဣန္ဒိယကြေးမုံ ကျမ်းကြီးတွင် ကောသမ္ဗီပြည်ကို ဖတ်ကြည့်သည်။ အောက်ပါအတိုင်း တွေ့ရသည်။

ယခုအခါ အိန္ဒိယပြည်တွင် ဣလာဟာဗာဒ်မြို့ဟု ခေါ်သော မြို့နယ်အတွင်း ကောသမ္ဗီ မြို့တည်ရှိပြီ ယမုန်နာမြစ်ကမ်းထိပ်တွင် တည်ရှိသည်။ ရှေးအခါက

ကောသမ္ဗီမြို့ကျော်ကြားခြင်းမှာ ဂေါတမမြတ်စွာဘုရားသည် နဝမဝါကို ဤမြို့၌ ဝါကပ်တော်မူခဲ့သဖြင့် ဖြစ်သည်။ ထိုမြို့၌ မြတ်စွာဘုရားအား သူဌေးကြီးသုံးဦးလှူသော ကျောင်းကြီးသုံးဆောင်ရှိပါသည်။ ဃောသိတရုံသည် ဃောသက သူဌေးလှူသော ကျောင်း ဖြစ်၏။

ဗုဒ္ဓဘုရားရှင်တော်ဘုရား၏ သန္တကပရပိုက်ကို ဟောတော်မူသော သန္တကသုတ်တရားတော်သည် ကောသမ္ဗီပြည်၌ ဟောသောတရားဖြစ်၏။ ဗြိတိသျှခေတ်တွင် ဆရာတော် ဦးကိတ္တိ ရှိစဉ်က ကောသမ္ဗီမြို့ဟောင်းသို့ သွားရောက်ခဲ့ရာ လက်ရှိ ၎င်းမြို့၏ မြို့ရိုးမှာ ပေပေါင်းနှစ်သောင်းသုံးထောင့်တစ်ရာ ရှိနေသေး၏။ မြို့ရိုးအမြင့်မှာ ပေခြောက်ဆယ် ပတ်ဝန်းကျင်မြင့်ပြီး ကျုံးမြောင်းတို့သည် ဗြိတိသျှခေတ်ထိ ရှိနေသေးသည်။

ကောသမ္ဗီပြည်(ဝံသတိုင်း)အကျယ်အဝန်းမှာ စတုရန်းမိုင်တစ်ထောင်နှင့် မင်းနေပြည်တော် စတုရန်းမိုင်ငါးမိုင် ရှိသည်ဟု ဆိုသည်။ စေတီပျက်၊ ပုထိုးပျက် မရေတွက်နိုင်သော ရုပ်လုံး၊ ရုပ်ကြွပျက်များကို ထောက်ရှုမြင်၍ စည်ကားသော မြို့ပြနိုင်ငံတစ်ခုဖြစ်သည်မှာ သေချာ၏။ အမှန် အားဖြင့် ကောသမ္ဗီဆိုသော ပြည်သည် ဦးမြဝါနှင့် ဘုရင်မင်းဗင် ရှစ်သောင်းတည်သော သက္ကရာဇ်(၈၉၇)ခုတွင် တိုင်းပြည်အနေမှာ မရှိတော့ပြီ။

ထို့ကြောင့် ကောသမ္ဗီမင်းသမီးရုပ်သည် ကောသမ္ဗီပြည်အား စစ်ရေးစစ်ရာအရ ဦးမြဝါက ခတ်ငင်ထားသည်ဟု မပြောနိုင်တော့ပေ။ ကျွန်ုပ်အနေဖြင့် ပရိယာယ်သဘောဖြင့် အပြစ်မလွှတ် သည်များကိုပါ စုံအောင်တွေးသော်လည်း အမှန်က တစ်စုံတစ်ဦးသည် ဤအတွေးမျိုးလုံးဝ မတွေးသင့်ပါ။ အကြောင်းမှာ ဦးမြဝါအမည်ရှိသော မင်းဆရာယောဂီ၏ လောကီပညာရပ်များသည် မည်သည့်တိုင်းနိုင်ငံလူမျိုးကိုမျှ မရှုဆိတ်သောစိတ်မရှိဘဲ အပြည်ပြည်အေးချမ်းအောင် မိမိ၌တာဝန် ရှိသည်ဟု ယူဆကာ လောကီပညာဖြင့် စီရင်ထားသော ပညာရပ်များကို အင်းအဖြစ် ထည့်ထားကြောင်း ကြိမ်ဖန်များစွာ သင်ကြားခဲ့ရသဖြင့် ဖြစ်ပါသည်။

မြတ်စွာဘုရားလက်ထက်တော်က အထင်ကရဖြစ်သော ရာဇဂြိုလ်၊ သာဝတ္ထိ စသော နေပြည်တော်တို့သည် မြောက်ဦးခေတ် မင်းဗာဘုရင် လက်ထက်တွင် ပျောက်ကွယ်ပြီးဖြစ်သကဲ့ သို့ ကောသမ္ဗီဟူသော ပြည်သည်လည်း ပျောက်ကွယ်ခဲ့လေပြီ။

ကောသမ္ဗီပြည်သည် မင်းဗာဘုရင် လက်ထက်က မင်းနေပြည် မဟုတ်တော့ဟု ဆိုလျှင် ကောသမ္ဗီမင်းသမီးကို အဘယ်ကြောင့် သျှစ်သောင်းဘုရား ရုပ်ကွက်၌ တည်ထားလေသနည်း။ ဟတ္ထိတန္တဆင်ညို့စောင်းနှင့် ဆင်နိုင်သော ဟတ္ထတန္တမန္တန်ကို ပိုင်ဆိုင်သော ဥတေနမင်းကို အလေးထားသော ဆင်ကဲမျိုးမှ ဆင်းသက်သူများ တည်ထားသောဘုရားဖြစ်၍ ဥတေနမင်းဇာတ်အိမ် ကို ထုထွင်းထားရုံပဲလားဟု စဉ်းစားစရာဖြစ်လာပါသည်။

မုံရွေးဆရာတော်၏ ရာဇောဝါဒကျမ်း(ပထမပိုင်း)(နှာ ၁၆၂-၁၆၃)တွင် အာကာသစရိကျမ်း ကို ကိုးကား၍ ဆရာတော်ကြီးက ဤသို့ဆိုပါသည်။

'ဓနသိဒ်ခေါ်၊ နက္ခတ်သော်ကား၊ ထင်ပေါ်ညီးညီး၊ လေးလုံးဆီးသာ၊ ရွှေထီးအရည်၊ ထွန်းလျှံလည်သည်၊ ထိုပြည်ကောသမ္ဗီတည်' ဟု ပါရှိပါသည်။

ဓနသိဒ္ဓိနက္ခတ်သည် ကောသမ္ဗီပြည်၏ နိမိတ်ကိုပြသော နက္ခတ်တည်းဟု ဆိုခြင်းဖြစ်၏။

ဥတိန်မင်းစောပျို့၌လည်း ရသေ့ရှင်သည် ကောင်းကင်နဘော၊ အာကာဗွေသို့ ကြည့်လေ သော် ဓနသိဒ္ဓိနက္ခတ်ညွှိုး၍ ကောသမ္ဗီပြည် မီးတောက်မီးပွားကိန်းဟု သိစွမ်းပုံကို အောက်ပါ အတိုင်း ဖွဲ့ဆိုထားသည်။

'ရသေ့ကျော်သည်၊ စားဝါးရွှေဥာဏ်၊ မှန်အန်မြော်ထင်၊ စိုင်းပြင်းစိတ်ထွေ၊ ကြည့်ရှုလေသော်၊ ရောင်ဝေညီးညီး၊ အင်ကြင်းသီးနှင့် ရွှေထီးလက္ခဏာ၊ လေးလုံးဖြာသည်၊ ဆင်ဝါဖိတ်ဖိတ်၊ ဓနသိဒ် မည်၊ နက္ခတ်သည်လျှင်၊ ရောင်ခြည်မှေးမှေး၊ မရွှင်ရေးဖြင့်၊ လွှတ်သည့်အရောင်၊မိုးလုံးမှောင်ငဲ့' ဟု ဖွဲ့ဆိုသည်။

ဓနသိဒ်ခေါ်သည့်နက္ခတ်သည် ကောသမ္ဗီပြည်နိမိတ်ကို ထင်ရှားစေသော ဥတိန်မင်း ပျို့လာ စာပိုဒ်ဖြစ်သည်။

ဓနသိဒ်ခေါ်သည့် နက္ခတ်သည် ကောသမ္ဗီပြည်နိမိတ်ကို ထင်ရှားစေသော ဥတိန်မင်း ပျို့ လာစာပိုဒ်ဖြစ်သည်။

ဓနသိဒ်နက္ခတ်သည် ကောသမ္ဗီပြည်နိမိတ်ကိုပြသော နက္ခတ်ဟု မှတ်ပါ။ သို့ဖြစ်၍ ရှစ်သောင်းပုထိုးတော် ပြင်ပတ်လမ်းရှိ ကောသမ္ဗီမင်းသမီးရုပ်တုသည် ဓနသိဒ္ဓိနက္ခတ် နိမိတ်ပြရုပ်လုံး သို့မဟုတ် ကောသမ္ဗီမင်းသမီးကိုမြင်လျှင် ဓနသိဒ္ဓိနက္ခတ်ကို သတိရကြရန် နက္ခတ်ကျွမ်းကျင်သော ရှင်ငယ်ဆရာက ပြောပြနေသယောင်။

ရှင်းပါသည်။ နက္ခတ်ဆရာ၊ အင်းဆရာ ရှင်မြဝါသည် ရှစ်သောင်း၌ ထည့်ထားသော အထောင်မကသော အင်းတို့တို့ ဓနသိဒ္ဓိနက္ခတ်နှင့် ယှဉ်း၍နှိုးရသော အင်းတစ်ကွက် ထည့်ထားကြောင်း နှောင်းလူတို့ သိကြလေဟု နက္ခတ်ဆရာ မြဝါက ဆိုလေပြီ။

ထိုအင်းသည် ရခိုင်သာမက အတိုင်းတိုင်းအပြည်ပြည်ကို ချမ်းသာအောင် လှုံ့ဆော်သော အင်းဖြစ်၏။ လွယ်ကူအောင် ဓနသိဒ္ဓိအင်းဟု အလွယ်ဆိုလိုက်ဖိ။ (မူလနာမည် မဟုတ်ပါ။) ကြွယ်ဝလိုသော လောကီသားတို့သည် လောကကြွယ်ဝချမ်းသာစေရန် မြဝါရှင်ထည့်ထားသော ထိုအင်းကို ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်၍ နှိုးကြလေ၏။

ဓနသိဒ္ဓိအင်းသည် တစ်နှစ်လျှင် (၁၂)ကြိမ် စန်းယှဉ်ပြုရာ ကြိုက်ရာ အချိန်တစ်ခု၌ ရခိုင်တို့ ၏အင်းနှိုးဓလေ့အတိုင်း ရှစ်သောင်းဘုရားရှိ ဓနသိဒ္ဓိအင်းကို နိုးထစေကြပါမူ ရခိုင်နှင့်တကွ အပြည်ပြည်သည် အငတ်ဘေးဆိုးများလွတ်၍ ငြိမ်းအေးချမ်းသာလိမ့်မည် ဟု ဆိုနေသကဲ့သို့ဖြစ်ပါသည်။

ရခိုင်တို့၏ အင်းနှိုးခလေ့ကို မတတ်ကျွမ်းသူသည် နေသိဒ္ဓစန်းယှဉ်၍ ရွတ်ကြရသော 'ဝေဒဗွ'ဟူသော မန္တန်ကို ရွတ်ကြည့်၍ အပြည်ပြည်ချမ်းသာအောင်(သို့) မိမိချမ်းသာအောင် ရှစ်သောင်းဘုရားသို့ လာ၍ ဆောင်ရွက်ကြကုန်ဟု ပြောနေသကဲ့သို့ဖြစ်သည်။

ငယ်ရွယ်သူများ သဘောပေါက်စေရန် ပြန်လည်ရေးပြရမူ ရှစ်သောင်းဘုရားရှိ နေသိဒ္ဓိအင်းတော်သည် မြန်မာတစ်နိုင်ငံလုံးနှင့် အတိုင်းတိုင်းအပြည်ပြည် အငတ်ဘေးဆိုးများ လွတ်မြောက်နိုင် ကြောင်း မြောက်ဦးခေတ်တစ်ခုလုံး သက်သေတည်ပြီးဖြစ်ရာ ယုံကြည်စွာဖြင့် အပြည်ပြည်သာယာဝပြောအောင် အထက်တွင်ဆိုခဲ့သည့်အတိုင်း အေးမှုထမ်းကြည့်ကြလေ။ ထိုသို့ အေးမှုထမ်းရာတွင် ရှစ်သောင်းဘုရား၌ ဆန်တင်ကပ်လှူရမည်ဟု ရှေးစကားရှိသည်။ မြဝါရှင်ကဲ့သို့ လူမျိုးအသီးသီးနှင့် အတိုင်းတိုင်းအပြည်ပြည်ကို စေတနာကောင်းထားပါ။

**ရွှေသာခိုင်**

**<u>ကျမ်းကိုး</u>**

၁။ ရာဇောဝါဒကျမ်း-မုံရွေးဆရာတော်ရေး။
၂။ မြောက်ဦးယတြာကျမ်း-ရှေးခေတ်ရေး။
၃။ ဣန္ဒိယကြေးမုံကျမ်း-အရှင်ကိတ္တိရေး။
၄။ သံလျင်မင်းသမီးနှင်ငှ် ဝသုလဒတ္တာ-ပါရဂူရေး။
၅။ ငါးရာငါးဆယ်ဇာတ်တော်-ဦးမြင့်ဆွေရေး။
၆။ ဥဒိန္နရတုကဗျာ-တန်ခိုးဆရာထွန်းရေး။

# ရခိုင်အပြောစကားပြေနန့် အင်္ဂလိပ်စကားပြေ့ရို့၏ အခြီအနီ

မိမိရို့နိန့်စဉ်ပြောကတ်၊ ဟောကတ်တေ စကားတိရေ ကြိုတင်စီစဉ်မှု မဟိဘဲ ရုတ်တရက် အကြောင်းသင့်ရေပိုင် ပြောချင်လိုက်တေ စကားတိဖြစ်တေ။ ယေနရှေန့် နောက်အဆက်အစပ်ဟိ ချောမောပြေပြစ်မှု မဟိတတ်။ ယေနန့်ပြောရေစကားအဆင့်ကို စကားပြေလို့ ပီပီသသမခေါ်နိုင် လို့ ပညာရှင်တိက ဆိုပါရေ။

ပြောစကားကို စိစိစပ်စပ်နားထောင်ကြည့်ပါ။

"၉-တန်းတက်ပျာယ်။ တက်ကေ စာအုပ်သင်ရဗျာယ် မနားယေ။ စာအုပ်တိယက် တိသင်ဗျာယ်၊ ငါတော့ တစ်ဘာသာတည်းဖြေရရေ။ အင်္ဂလိပ်စာ တစ်ဘာသာတည်း ဇာဖြစ်ဆိုကေ ၁၀-တန်းအောင်ပြီးသားဖြစ်လို့၊ မြန်မာစာ ၁၀-တန်းအောင်ရေလူတိ တစ်ဘာသာတည်း ဖြေရရေ။ အင်္ဂလိပ်စာ တစ်ဘာသာတည်း။ ယေခါ ဇာလုပ်လဲဆိုကေ ယင်းမှာ ကျောင်းဆရာလုပ်တေ"။

*(မြောက်ဦးမဂ္ဂဇင်းအမှတ်-၂၊ စာ-၃၅)*

အေစွာရေ ၂၉-၁၂-၉၁နှစ်က ကျင်းပရေ တတိယအကြိမ်မြောက် မြို့နယ်လုံးကျွတ် အာစရိယပူဇော်ပွဲမှာ အ-ထ-က ကျောင်းအုပ်ကြီးဟောင်း ဆရာကြီး ဦးအောင်လှ၏ ဩဝါဒဖြစ်ပါရေ။

ယင်းချင့်ကိုကြည့်ကေ အပြောစကား လက္ခဏာအပြည့်တွိရပါလိမ့်မေ။ ယေတောင်မှ ဆရာကြီးရေ နက်ဖြန်အတွက် ညဦးကတည်းက ကြိုပြီးကေ စိတ်ကူးထားချက်တိ ပါနိုင်ပါသိရေ။ တစ်ယောက်နန့်တစ်ယောက် တွိလိုက်ကြုံလိုက်ရရေအခါမှာ ယင်းချင့်ထက် မပြေပြစ်မှုတိ၊ အပိုစကားပါမှု၊ အဖြည့်အစွက်ထည့်မှု၊ ပြန်လည်ပြင်ဆင်ပြောမှုတိ ပါတတ်ပါသိရေ။

ပြောစကားရေ စကားပြေအဆင့်ကို မရောက်ပါသိ။ စကားပြေနန့် ကောင်းကောင်း

ကွာခြားကြောင်းကို ပညာရှင်တိ ယှဉ်ပြဖူးပါရေ။ ဝတ္ထုရေးရေး လူတိက ဇာတ်ဆောင်စကား ပြောပုံကို သဘာဝကျအောင်ရီနိုင်ရေလို့ ချီးကျူးတတ်တေ။ ယေလေ့သော ဝတ္ထု၊ ပြဇာတ်၊ ရုပ်ရှင်ရို့ထဲမှာ ဇာတ်ဆောင်တိ စကားပြောရေပိုင် အပြင်ပလောကမှာ တစ်ယောက်လေ့ မပြောကတ်ပါလို့ အေဘာခရွမ်ဘီ (Abercrombie) ၏ အဆိုအမိန့်ကို လေ့လာမှတ်သား ဖူးပါရေ။

ကောင်းပါယင့်။ အပြောစကားဆိုစွာ ဇာချင့်ပါလဲ။ ပြေပြေပြစ်ပြစ်ဖြစ်အောင် ကြိုတင်ပြင်ဆင် ထားရေ စကားမှန်သမျှ အပြောစကားပြေဖြစ်တေလို့ ပညာရှင်တိက သတ်မှတ်ကတ်ပါရေ။ အပြောစကားပြေရေ ပေါ့ပေါ့ပါးပါး ဟိတတ်ပါရေ။ အဂုရီးနိန်စွာ အပြောစကားပြေဖြစ်ပါရေ။ အေစွာကို ဖတ်ကြည့်ကေ အဖုအထစ်၊ အဖြည့်အစွက်တိ မပါဘဲ ချောမွတ်နိန်ပါလိမ့်မေ။ ဇာဖြစ် ဆိုကေ ကြိုတင်စီစဉ်မှု၊ ရီးနိန်ရင်း စဉ်းစားမှုအချိန် ရနိုင်မှုရို့ကြောင့် ပြေပြစ်ခြင်း ဖြစ်ပါရေ။ ယေနန့် အဂုရီးသားစွာရေ အပြောစကားပြေ ဖြစ်တေလို့ဆိုစွာ ဖြစ်ပါရေ။

အရီးစကားပြေဆိုစွာကတော့ ရှီးခေတ်ကစသုံးခရေ ‘စာသုံး’ စကားပြေဖြစ်ပါရေ။

“သက္ကရာဇ် ၇၉၂-ခုတွင် မင်းစောမွန် မြောက်ဥမြို့စ်ကိုလုပ်သည်၊ ဘုရားနရိန္ဒသုနှင့် မဟာ ရာစာသုနှင့် သိုက်နိဒါန်းနှိုန်၍ အလမန္ဒာကျိန်သိ အကာသိနှင့်လုပ်၍တေသည်”

(၇၉၂-ခု၊ မြောက်ဦးမြို့တော် မြို့တံဆိပ်ခတ်စာကျမ်း ပီကိ-ချပ်၊ ကြောင်းရှိ-၅ မှ)

အေစွာသည်ပင် အရီးစကားပြေဖြစ်ပါရေ။

‘အရီး’ဆိုစွာ ‘အပြော’ကို ရီးမှတ်ထားစွာဖြစ်တေ အလျောက်စာအရီး အသားပေါ် ခါစက ဆိုကေ အရီးနန့်အပြောရေ ဂုခါလောက်အသွင်ကွဲပြားမှုမဟိနိုင်။ အဂုထက်ပိုလို့ အသွင်တူညီမှု ဟိကတ်ပါလိမ့်မေလို့ ပညာရှင်တိက ယူဆခကတ်တေ။

ယေနန့် အဂုအရီးစကားပြေလို့ ဆိုစွာရေ တစ်ချိန်က အပြောစကားပြေဖြစ်ခလိမ့် မေလို့ ယူဆနိုင်ပါရေ။ အရီးစကားပြေကို ဂန္ထဝင်စကားပြေ၊ ဂန္ထဝင်အရီးအသားလို့ လေ့လာမှတ်သားကတ်တေ။ အပြောစကားပြေကိုတော့ ခေတ်သစ်အရီးအသားလို့ ဆိုကတ်တေ။

တစ်ချိန်ကပြောခစွာကို အရီးအသားနန့် မှတ်တမ်းတင်ခရေ။ အရီးအသားပြောင်း လဲမှုက နှောင့်နှေးရေ။ အပြောက အပြောင်းအလဲက လျင်လျားရေ။ ယေခါ အရီးအသား မပြောင်းလဲခင် အပြောက ပြောင်းလားခရေ။ အပြောပြောင်းလားလို့ အရီးအသားနန့် အကွာအဝီးဖြစ်လို့ ပါလတ်တေ။ အဂုဆိုကေ အရီးနန့်အပြော သိသိသာသာကြီး ကွာဝီး လားခပါဗျာယ်။ အပြောမှာ မသုံးရေ စကားတိ အရီးအသားမှာ ထင်လို့ကျန်ခလီရေ။

အထက်မှာ တင်ပြခရေ မြို့တံဆိပ်ခတ် ကျမ်းပါ ကောက်နုတ်ချက်ကို ကြည့်ကေ သိနိုင်ပါရေ။

"သက္ကရာဇ် ၇၉၂-ခုတွင် မင်းစောမွန် မြောက်ဥမြို့ဝကိုလုပ်သည်၊ နန္ဒသူနှင့် သိုက်နိဒါန်နှိန်၍ အင်လမန္ဒာကျိန်သိ အကာသိနှင်လုပ်၍ တေသည်"

စာလုံးပေါင်းသတ်ပုံကိုတော့ ထားပါဖိ။ အေကိစ္စကတော့ ကျယ်ပြန့်ပါရေ။ အဂုတွိဟိစွာ ကို စစ်ကြည့်ကေ 'အဆက်'တိရေ ဒေနိန့်ခေတ်နန့် မတူပါယာ။ 'တွင်'ဆိုရေ ပစ္စည်းနိန်ရာမှာ 'မှာ'သို့မဟုတ် 'က'ကို ဒေနိန့် သုံးနိန်ကတ်တေ။ 'လုပ်သည်'ဆိုရေ ကြိယာနောက်ဆက် 'သည်'နိန်ရာမှာ 'တေ(တယ်)'ဆိုရေ ကြိယာနောက်ဆက်ကို သုံးရေ။ 'နိဒါန်နိန်၍ ဆိုရေ ပုဒ်ဆက်ပစ္စည်း'၍'နိန်ရာမှာ 'ပြီးကေ၊ ပနာ'လို့ ဆိုရေ ပုဒ်ဆက်တိကို သုံးကတ်တေ။ အချို့က မြန်မာအတိုင်းလိုက်ပြီးကေ 'နဲ့'လို့သုံးလေ့ဟိရေ။ အချို့က 'နက်'၊ အချို့က 'န'။ အချို့က 'နင့်'သုံးကတ်တေ။ ရီးရေအခါမှာတော့ခါ 'နန့်'ကို အများသုံးရေ။ 'နဲ့'ကို အနည်းအပါးတွိရရေ။ ဆရာကြီးမောင်စံဖော်က 'နာင့်'ရာ အသံထွက်ပိုမှန်ရေလို့ ဆိုပါရေ။ အဂုယင်းစာလုံးပေါင်းနန့် ရီးစွာတိလေ့ တွိလာရစပြုယာ။

'လုပ်၍တေသဉ်'ကို ကြည့်ရေခါ 'တေသည်'လို့ နားလည်နိုင်ပါရေ။ ဒေနိန့်ခေတ် စာလုံးပေါင်းဆိုကေ 'တည်သည်'လို့ ပေါင်းပါလိမ့်မေ။ ဒေနိန်ရာမှာ ကြိယာနောက် ဆက်'သည်'ကို ပြောစရာဖြစ်လာပါယာ။ အထက်က 'လုပ်သည်'လို့ 'သည်'ဆုံးကြိယာ နောက်ဆက်မှာခါ 'တေ=တယ်'လို့ သုံးခပါလီရေ။ အဂု 'တည်သည်'ဆိုရေ ကြိယာနောက် ဆက်ကျပါလတ်တေ အခါမှာ 'သည်'နိန်ရာမှာ 'ရေ'လို့ ဖြစ်လားပါရေ။

ပစ္စုပ္ပန်ကာလ ကြိယာနောက်ဆက်ကို ဒေနိန့်အပြောမှာ'ရေနန့်တေ'ကို ခွဲပနာ အသုံးပြု ကတ်ပါရေ။

၁။ လုပ်သည် ကို လုပ်တေ=လုပ်တယ်၊

၂။ တည်သည် ကို တည်ရေ။

ယင်းယှောင် ခွဲခြားပြီးကေ အသုံးပြုနိန်စွာကို တွိရပါရေ။ အချို့အချို့ကတော့ 'တေ'အသုံး မပြုဘဲ 'ရေ'နန့်ချည်းသုံးနိန်စွာလေ့တွိရတတ်ပါရေ။ အနည်းစု ဖြစ်ပါရေ။ နောက်ရခိုင်စကားကို လုပ်ပြောနိန်ရေ ရခိုင်မတတ်တေ လူတိကျကေလေ့ 'ရေ၊ တေ'မကွဲကတ်စွာကို သတိပြုမိပါရေ။

ယေဘုယျသဘောကတော့ 'ရေ၊တေ'ကို ခွဲခြားသုံးကတ်စွာချည်း တွိရပါလိမ့်မေ။

ဒေနိန်ရာမှာ 'ရေ၊ တေ'အသုံးရေ သူ့နိန်ရာနန့်သူ စနစ်တကျ အသုံးပြုကတ်စွာကို လေ့လာကြည့်ကေ သိနိုင်ပါရေ။

ဥပမာ. . . . . . .

ခက်+တေ ('ခက်ရေ'လို့မသုံး)

စစ်+တေ ('စစ်ရေ'လို့မသုံး)

သတ်+တေ ('သတ်ရေ'လို့မသုံး)

ကပ်+တေ ('ကပ်ရေ'လို့မသုံး)

သံရပ်သရမဟုတ်တေ

ကြိယာနောက်မှာတော့‘ရေ’နောက်ဆက်ကိုသုံးတတ်ကတ်ပါရေ။

ဥပမာ. . . . .

က+ရေ ('ကတေ/တယ်'လို့မသုံး)

ကာ+ရေ ('ကာတေ/တယ်'လို့မသုံး)

ကား+ရေ ('ကားတေ/တယ်'လို့မသုံး)

အခြားသရတိနန့် တွဲထားရေ (သံရပ်နန့်မဟုတ်စွာတိ) ကြိယာတိကို တွဲကြည့်ပါ။ 'ရေ' နောက်ဆက်သုံးနိန်စွာကို တွိပါလိမ့်မေ။

အေစွာရေ အရင်က အပြောဘာသာစကားကို အရီးဘာသာစကားနန့် မှတ်တမ်းပြုစုခရေ စကားပြေနန့် အဂုခေတ် အပြောဘာသာစကားကို အရီးဘာသာစကားနန့် ရီးလာရေခါ ကွဲပြားလာရေ စကားပြေတိ၏ အသွင်အပြင်ဖြစ်တေ။

ဒေနိန့်ခေတ်မှာ ရခိုင်ဘာသာစကား အသုံးပြုပြီးကေ ရီးသားစလာရေစာတိဟိပါလတ်တေ။ ရခိုင်အမျိုးသားတိ ထုတ်ဝီကတ်တေ မဂ္ဂဇင်း၊ စာစောင်တိ ရခိုင်မြို့နယ်တိုင်းကလိုလို မဂ္ဂဇင်းထုတ်ဝီလာကတ်တေ။ နောက်အသင်းအဖွဲ့တိ၊ ကျောင်းတိကလေ့ ထုတ်ဝီလာကတ်တေ။ ယင်းချင့်တိမှာ ရခိုင်ဘာသာစကား အသုံးပြုထားရေ ဆောင်းပါး၊ ဝတ္ထုတိကို တွိလာရပါရေ။

ရခိုင်ဘာသာစကား အသုံးပြုပြီးကေ ရီးသားခစွာရေ ၁၉၅၈-လောက်ကစပြီးကေ အစပြုကြောင်းကို 'ရခိုင်စာအရီးအသားပြဿနာ'မှာ ဆရာမောင်ဗသိန်းက ခြီရာခံထားပါရေ။ နောက်တစ်စစရီးလို့ အားယူလာလတ်တေ။ ၁၉၆၁-ခုလောက်ထိ။ ယင်းပြီးကေ စကေတန့်လားခရေ။နောက်တစ်ခေါက် ခေါင်းထောင်လာရေ။ ၁၉၇၁-ခုနှစ်လောက်မှာပ။ ၁၉၇၄-၁၉၇၅ထိရေ ရခိုင် ဘာသာစကားအသုံးပြုမှု တိဟိခပါရေ။ ယေနန့် စကားပြေနယ်မှာ ရခိုင်အရီးအသားအားနည်း နိန်ခစွာ ဖြစ်တေလို့ ယူဆရမေထင်ပါရေ။

၁၉၇၅-လောက်ထိ ရခိုင်အရီးအသားရေ ပက်ကျိခြီလှမ်းနန့် လှမ်းလို့လားနိန်ခပါရေ။ ယင်းကနိန်ပနာ စုပ်စုပ်မြုပ်လားစွာ . . . . . မြုပ်လားစွာ ၁၉၉၄-လောက်မှ လှုပ်လှုပ်သျှေ ပေါ်လာပါရေ။ ၇၀-လွန်နှစ်က ထုတ်ဝီခရေ 'ရခိုင်ညွန့်ဖူး' ဆောင်းပါးတိ တက်စား နောက်ထပ်'ရခိုင်ညွန့်ဖူး' ဆောင်းပါးပေါ်လာပါရေ။ အမှတ်(၂)အနိန်နန့် ယင်းကစပနာ ရခိုင်အရီးအသားတိရေ တစ်စစ တိုးတက်လာပါရေလို့ ဆိုရမယ်ထင်ပါယင့်။

ရခိုင်တန်ဆောင်၊ ရခိုင်မဂ္ဂဇင်း၊ စစ်တွေကောလိပ်မဂ္ဂဇင်းလောက်ရာ မဂ္ဂဇင်းအနိန်နန့် ပြစရာဟိပါရေ။ ယင်းကနိန်ပြီးကေ ပုဏ္ဏားကျွန်းက ဦးရာဇ်မြေမဂ္ဂဇင်းထွက်လာပါရေ။ အမှတ် ၁၊ ၂ နန့် ရပ်စဲနိန်ရေ ဦးရာဇ်မြေရေ အမှတ်-၃ အဖြစ် ၁၉၉၄-လောက်မှာ ထွက်ပေါ်လာပါရေ။ ယင်းကစပြီးကေ ရခိုင်ဒေသဟိ မြို့နယ်တိုင်း

မြို့နယ်မဂ္ဂဇင်းထုတ်ဝီဖို့ဆိုရေ အာသီသပေါ်လာကတ် တေ။ ထုတ်လေ့ထုတ်ဝီလာကတ် တေ။

*(ဒေစာကိုရီးနိန်ရေ ၁၉၉၈၊ ဒီဇင်ဘာလ ၂၄ အချိန်ထိ ရခိုင်ဒေသမှာ မဂ္ဂဇင်း မထုတ်ဝီဘဲ မြေပုံတစ်မြို့ရာ ကျန်ယာလို့ သိရပါရေ။ သို့သော် မြေပုံကလေ့ ထုတ်ဝီနိုင်ရီး အတွက် ကြိုးပမ်းနိန်ကတ်ပါယာ။ ၁၉၉၉-ခုနှစ်လောက်မှာတော့ မြေပုံကလေ့ ထုတ်ဝီနိုင် လိမ့်မေလို့ မျှော်လင့်ပါရေ)*

ထုတ်ဝီရေ မြို့နယ်မဂ္ဂဇင်းတိမှာ ရခိုင်အရီးအသားကို အားပီးရေ မြို့နယ်တိဟိပါ ရေ။ အချို့ကလေ့ ဘာသာလဝါတွိရပါရေ။ ကဗျာတိမှာတော့ ရခိုင်ကဗျာတိ အများဆုံး ပါဝင်လာပါယာ။ (သို့သော် ဂွမြို့နယ်မဂ္ဂဇင်း 'ကမ်းသာယာ'မှာတော့ ရခိုင်ကဗျာ မတွိမိ လိုက်) စကားပြေပိုင်းမှာ ရီးရေလူအားနည်းစွာ တွိရပါရေ။

အချို့က ရခိုင်အရီးအသားနန့် ရီးဖို့စွာကို ရှက်ဟန်တူပါယင့်။ အဆင့်နိမ့်ရေလို့ ယူဆလာ မသိပါ။ ကလောင်ကြီးထဲက ရခိုင်အရီးအသားကိုရီးဖို့ လက်တွန့်နိန်ကတ် ပါသိရေ။

သို့သော် 'ဖိုးကျော့'ရို့ပိုင် အမျိုးသားစာပီဆုရ ပုဂ္ဂိုလ်တိရခိုင်ပိုင်ရီးလာပါယာ။ 'မောင်မောင် ထွန်း' 'မီးလျှံညီးညီး ခရီးရှည်ချီတက်ပွဲ'ရို့ကို ဘာသာပြန်ခရေ ဆရာရို့လေ့ ရခိုင်ပိုင်ရီးလာပါရေ။ (စာမူက စာရီးသူလက်မှာ လက်ခံရဟိထားပါရေ။)

ယင်းယှောင် နာမည်ကြီးတိတောင် ပါဝင်ရီးသားပါလတ်ကတ်စွာကို မိမိရို့အားရ ကောင်းထမန်း တွိနိန်ရပါရေ။ ရခိုင်ရိုးမ အမှတ်(၁)ကို ထုတ်ဝီလိုက်တေအခါ ရခိုင်အရီးအသားရေ တွားနိန်ရာက ပြိုင်းပေါက်ပြလိုက်တေ။ ယင်းနောက်မှာ ထုတ်ဝီ လာရေ မဂ္ဂဇင်းတိမှာ ရခိုင်စကားပြေတိရေ မဂ္ဂဇင်းမှ တစ်ဝက်လောက်ပါလတ်တေ။

ယင်းယှောင်နာမည်ကြီးတိတောင် ပါဝင်ရီးသားပါလတ်ကတ်စွာကို မိမိရို့အားရ ကောင်း ထမန်းတွိနိန်ရပါရေ။ ရခိုင်ရိုးမ အမှတ်(၁)ကို ထုတ်ဝီလိုက်တေအခါ ရခိုင် အရီးအသားရေ တွားနိန်ရာက ပြိုင်းပေါက်ပြလိုက်တေ။ ယင်းနောက်မှာ ထုတ်ဝီလာရေ မဂ္ဂဇင်းတိမှာ ရခိုင်စကားပြေတိရေ မဂ္ဂဇင်းမှ တစ်ဝက်လောက်ပါလတ်တေ။

ရခိုင်စကားပြေနယ်ပယ်ရေ အဂုအချိန်မှာ ကိုယ့်ဘာသာ လမ်းလျှောက်ဖို့ ဒြီလှမ်းစလိုက် တေလို့ ဆိုရပါလိမ့်မေ။

ရခိုင်ရိုးမအမှတ်(၂)ထွက်ပါလတ်တေအခါမှာလေ့ အယင်ကထုတ်ဝီနိန်ကျ မဂ္ဂဇင်းတိ၏ လမ်းကြောင်းက ပိုပြီးကေ လမ်းခွဲထွက်လားရေ။ စကားပြေတိရေ သွက်လက် ပေါ့ပါးစွာနန့် တွိရပါရေ။

သို့သော် ဒေနိန့် ရခိုင်စကားပြေမှာ အားနည်းချက်တိ ဟိနိန်ပါသိရေ။ ယင်း အားနည်းချက် တိကို ကြည့်ပြီးကေ မိမိရို့ စိတ်မပျက်သင့်လို့ ယူဆပါရေ။ မိမိရို့ရေ မြန်မာစာအရီးအသားကို ကြည့်လိုက်ပါ။ ၁၉၈၆-လောက်ကမှ သတ်ပုံကျမ်းဆိုစွာ

ထုတ်ဝီနိုင်ပါရေ။

အဘိဓာန်အကျဉ်းလေ့ ယင်းအချိန်လောက်မှရာ ထုတ်ဝီခစွာ ဖြစ်ပါရေ။ သဒ္ဒါကျမ်း လေ့ ထိုနည်းလည်းကောင်းပါရာ။ မိမိရို့တိုင်သားမှာ စာလုံးပေါင်းသတ်ပုံမညီလို့ အချို့က စိတ်ပျက်နိန်ကတ်တေ။ ကိုယ်ရှိမှာ ရပ်စောက်ဆောက်နိန်ရေ မြန်မာစာနန့် နှိုင်းယှဉ် ကြည့်ကတ်ပါပလင်ယေ။ မိမိရို့မှာ ၁၉၈၅-ခုလောက်ကမှ ကလလရီကြည် တည်စွာ။ (အချို့က ရခိုင်စာတိဝါလို့။ ယင်းစာတိရေ အယင်ကစာတိပါရာ။ အဂုစာ မဟုတ်။ အဂုခေတ်သစ် စာအရီးအသား ခေတ်သစ်စကားပြေ ကို ဆိုလိုစွာ) အဂုမှရာ မွီးဖွားလို့ ဦလှမ်းလှမ်းဖို့ စခါဟိသိရေ။ ဇာယှောင်ခြီလှမ်းမှန်ပါဖို့ရောင်။

ရခိုင်ရိုးမ (၂)မှာ နီရိုင်းနီ(တောင်ရင်းကျွန်း)ဆိုသူက ရခိုင်ရိုးမအမှတ်(၁)မှာပါရေ စာလုံး ပေါင်း၊ သတ်ပုံတိကို ဇာဂနာနန့် ဆွဲထုတ်ပနာ လက်ဝါပြင်မှာတင်ပြရေ။ သူက ရခိုင်စကားပြေကို ကမ္ဘာ့အိုလံပစ် မာရသွန်ပြိုင်ပွဲ ဝင်ခိုင်စီချင်နိန်ယာ။ သူ့စေတနာ၊ သူ့ဆန္ဒကို မိမိရို့အလီးအနက်ထားမိ ပါရေ။ သို့သော် ဒေနိန့်ရေ ဖော်ထုတ်ရေးကာလသိ ဖော်ထုတ်ရာက တစ်စစပျံ့နှံ့အောင်လုပ်ပြီးမှ မြှင့်တင်။ အေဖြစ်စဉ်သျှေကိုလေ့ မိမိရို့ မိပစ်လို့မရ။ ၁၉၉၈-မှာတော့ ပျံ့နှံ့စပြုလာစွာကို တွိရယာ။ ရခိုင်ရိုးမ(၂)ကိုဖတ်ပြီး ပဟေဠိဖြေနိန်ကတ်ယာ။ ပဟေဠိဖြေနိုင်ဖို့အတွက် ဗဟုသုတတိ စုနိန်ကတ်တေ။ ပစ္စုပ္ပန်ရစ်က စာငတ်ပီငတ်တိကို မိမိရို့တွိနိန်ရရေ။

မိမိရို့ရေ ဒေနိန့်ထုတ်ဝီနိန်ရေ ရခိုင်ဒေသထုတ်မဂ္ဂဇင်းတိမှာ ရီးနိန်ရေ အရီး အသားရေ ဒေနိန့်ခေတ်ပြောနိန်ရေ စကားပြော အရီးအသားဖြစ်တေ။ စာသုံးစကားပြေ၊ ဂန္ထဝင်စကားပြေ အရီးအသားကို မိမိရို့ မတွိရသလောက်ပါယာ၊ စာသုံး၊ ဂန္ထဝင်စကားပြေ ပုံစံနန့် ပန်းချီမင်းညို တစ်ယောက်ကတော့ အမြဲလိုလို ရီးစွာတွိရရေ။ နောက်တိုင်းသား တိကိုတော့ သတ်သတ်မှတ်မှတ်ပြောလို့မရပါ။

အချို့ကတော့ ဂန္ထဝင်ဟန်နန့်လေ့ စမ်းရီးကြည့်စွာတိ တွိရပါရေ။ ဥပမာ ပန်း အောင်၏ ဝတ္ထုတိုအချို့။ ဂန္ထဝင်ဟန်ကို စွန့်ပစ်လိုက်ကတ်လို့ ပြောဖို့မလိုဘဲ အလိုလို စွန့်ပစ်ပြီးသား ဖြစ်နိန်ရေ။ ဂန္ထဝင်ဟန်နန့်ရီးကေဝါ မရလား၊ ရရေ။ ယေဒါလေ့ ဒေနိန့်အပြောနန့် မကိုက်ချင်ယာ။ အထူးသဖြင့် ကြိယာနောက်ဆက်'၏၊ သည်'ကိစ္စကို ကြည့်။ ဥပမာ. . . . . . . .

'. . . . . . မောင်ဘသည် စျီးသို့လားလီ၏။ ယင်းမှာ သူ့မိတ်ဆွေနှင့်တွိ၍ လက်ဖက် ရည်ဆိုင်သို့ ဝင်ကာ ညဇကအဖြစ်အပျက်ကို ပြောပြနီသည်။ ယင်းနောက် လက်ဖက်ရည် သောက်၏'

'. . . . မောင်ဘရေ စျီးကို လားလီရေ။ ယင်းမှာ သူ့မိတ်ဆွီနန့်တွိလို့ လက်ဖက် ရည်ဆိုင်ကို ဝင်ပနာ် ညဇက အဖြစ်အပျက်ကို ပြောပြနီရေ။ ယင်းနောက် လက်ဖက်ရည်

သောက်တယ်’

ကတ္တားနောက်ဆက် ‘သည်=ရေ’၊ ကြိယာနောက်ဆက်‘လီ၏=လီရေ’၊ ပုဒ်ဆက်‘နှင့် တွဲ၍=နန့်တွဲလို့’၊ ပုဒ်ဆက် ‘ဝင်ကာ=ဝင်ပနာ’၊ ကြိယာနောက်ဆက်‘နီသည်=နီရေ’၊ ကြိယာနောက် ဆက်‘သောက်၏=သောက်တေ’

အရီးစကားပြေ၊ ဂန္တဝင်စကားပြေနန့် အပြောစကားပြေ အခုခေတ်စကားပြေရို့ အကွာအဝီး ကို တွီမြင်နိုင်ပါရေ။

မိမိရို့ရှိကလားနိန်ရေ မြန်မာစကားပြေမှာတော့ခါ အရီးစကားပြေနန့် အပြော စကားပြေကို သူ့နိန်ရာနန့်သူ အလျဉ်းသင့်ရေပိုင် သုံးနိန်ကတ်ပါသိရေ။ စကား ပြောဟန် နန့် ပိုမိုနီးစပ်စီလို့ရေ နိန်ရာမျိုးမှာ အပြောစကားပြေကို သုံးရေ။ စာဟန်ပီဟန်နန့် ပိုလို့နီးစပ်စီလိုရေအခါမှာ အရီးစကားပြေကို သုံးရေ။ စကားပြေနှစ်ရပ်စလုံးနိန်ရာ ယူနိန် ကတ်ဆဲဟိပါရေ။

မိမိရို့ ရခိုင်စကားပြေနယ်ထဲမှာတော့ အရီးစကားပြေ၊ ဂန္တဝင်ဟန်က တောင်စွယ်နီ ကွယ်ချိန်ရောက်နီယာ။ အပြောစကားပြေ၊ ခေတ်သုံးစကားပြေကတော့ မိုးသောက်ရောင်နီ ပျိုးလတ်ယာ။ ဒေနိန်ရာမာပင် မြန်မာစာစကားပြေနန့် ရခိုင်စာ စကားပြေရို့၏ မျဉ်းကြောင်းရေ ထူသည် ထက်ထူလာနီရေလို့ မသိမသာအကဲခတ်မိပါရေ။ ရခိုင်စာပန်း ပွင့်လန်းမွှီးကြိုင်ပါစီလို့. . . . . . . .

သာစွလေ. . . . . . . ၊

**ဇန္တုယမောဓိ**

၂၄၁၅၂၀၊ဒီဇင်ဘာ၊ ၁၉၉၈
၁၃၆၀၊ ပြာဆန်း ၇-ရက်၊ ၅-တေး

## ပထမမြောက်ဦးခေတ်  ဂဇပတိမင်းနှင့်ပတ်သက်၍  ကျမ်းကွဲများ

ကျွန်ုပ်သည် ၁၉၉၆-ခု၊ နွေရာသီလောက်က မြောက်ဦးမြို့နယ်၊ ပါးတော်ကျွန်းသို့ ရောက်ရှိခဲ့ပေရာ ယင်းကျွန်းတွင် တည်ရှိကြသော ရခိုင်ရှေးဟောင်းပစ္စည်းများ၏ တည်ရှိရာနေရာများသို့ သွားရောက်လေ့လာခဲ့ဖူးပါသည်။

ယင်းသို့သွားရောက်လေ့လာရာ၌ ဒေါက်တာအိမ်မဲ ဖော်ချမ်မာ၏ မှတ်တမ်းတစ်ခုဖြစ်သော (Arakan)စာအုပ်က ကျွန်ုပ်၏လေ့လာမှုကို အတော်အတန် အထောက်အကူပြုခဲ့ပါသည်။ အဆိုပါစာအုပ်၏ စာမျက်နှာ-၅၂၊ ၅၃၊ ၅၄တို့တွင် ပါးတော(Pataw) ကျွန်းတွင်တည်ရှိကြသော သမိုင်းရုပ်ကြွင်းများ၏ အကြောင်းကို ရေးသားပါရှိသည်။

ဤတွင် ပါးတော်ရွာမှ အနောက်မြောက်အရပ် ပါးတော်တောင်တန်း၏ အရှေ့ဘက်ကျသော တောခြေကုန်းမြင့် တစ်နေရာ၌ တည်ရှိသည့် ကျောက်စာတစ်ခုကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုကျောက်စာမှာ ‘ဥတုခင်စိုင်း’ ကျောက်စာပင်ဖြစ်ပါသည်။

ယင်းကျောက်စာနှင့်ပတ်သက်၍ ဖော်ချမ်မာက. . . . . .

“ပါးတော်ရွာ၏ အနောက်မြောက်ဘက်(၄)မိုင်အကွာ တောင်တန်း၏ တောင်ခြေတစ်နေ ရာ၌ ‘ဥတုခင်စိုင်း’ဟု ခေါ်သည့်အလျား(၁၁)ပေ၊ အနံ(၄)ပေ(၂) လက်မရှိသော ကျောက်တုံးတစ်ခု ရှိကြောင်း၊ ယင်း၏အရှေ့ဘက်မျက်နှာပြင်၌ ကျောက်စာ ရေးထိုးထားကြောင်းနှင့် ရေးထိုးသက္ကရာဇ်မှာ ၈၈၆(အေဒီ-၁၅၂၄)ဖြစ်ကြောင်း၊ စာလုံး များမှာ ရခိုင်စာလုံးများပင်ဖြစ်ကြ၍ အများအပြား တို့မှာ မှုရင်းအဓိပ္ပာယ် အပြည့်အစုံကို မဆက်စပ်နိုင်ကြောင်း”စသည်ဖြင့် ရေးထားပါသည်။

ကျွန်ုပ်သည် မျက်မြင်လေ့လာတွေ့ရှိရသော ကျောက်စာပါအကြောင်းများကို လက်ရေးဖြင့် ကူးယူ၍လည်းကောင်း၊ ဓါတ်ပုံရိုက်ယူခြင်းအားဖြင့်လည်းကောင်း ပြုလုပ်ခဲ့ပါသည်။ ကျောက်စာသည် တောင်နံရံမှ ထိုးထွက်နေသည့် သဘာဝကျောက်တုံးတစ်ခု

၏ မျက်နှာပြင်တွင် ရေးထိုးထားခြင်းဖြစ်သည်။ ကျောက်စာ၏ ဝဲဘက်အလယ်မှနေ၍ အောက်ဘက်သို့တိုင် ကွဲအက်နေပေရာ အချို့စာလုံးများကိုပင် ပျက်စီးထိခိုက်လျက်ရှိနေသည်။ အပေါ်ကျောက်စာပါ စာလုံးပုံသဏ္ဌာန်များသည် ဝိုင်းစက်ခြင်းထက် လေးထောင့်ဆန်ဆန်ကို တွေ့ရသည်။

ကျောက်တုံးမျက်နှာပြင်၌ ရေးထိုးထားသည့်စာကြောင်းစုစုပေါင်းမှာ (၇)ကြောင်း ပါရှိသည်။ ပထမစာကြောင်းသည် သက္ကရာဇ်ကို ရေးထိုးထားပြီး 'ခရစ်နှစ် ၈၈၆'ဟု ပါရှိသည်။ နောက်စာ ကြောင်းများ၌ 'ဥတုနတ်လယ်အသျှဉ်း ၁၀-ကို မင်းကောစပတိက တည်ခဲ့သည်။'ဟု ပါရှိသည်။

ကျောက်စာ၏အဓိက ရည်ရွယ်ချက်သည် ဂဇပတိမင်းက သက္ကရာဇ် ၈၈၆- ခုနှစ်တွင် မိမိ၏အလ-ကို မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်ပေသည်။

နောက်တစ်ခုက ဤပတ်ဝန်းကျင်၌ 'စည်းခုံမြို့'ဖြစ်သည်။ စည်းခုံမြို့ကို သုတေသီဖော်ချမ်မာက ဤသို့လျှင် ဖော်ပြသည်။

"အရှေ့ဘက်ကျသော တောင်ကုန်းမြင့်တစ်လျှောက်၌ကား၊ များစွာသော ရေကန်၊ တာရိုး၊ အဆောက်အဦးများ၏ အရိပ်လက္ခဏာများတို့အပြင် ရှေးအခါက ရခိုင်ပြည်တွင် လူသိများပြီး အရေးပါရှိခဲ့သည့် 'စည်းခုံမြို့'တစ်မြို့တည်ရှိခဲ့ကြောင်း ဖော်ညွှန်း၏။ ထိုမြို့ကို သက္ကရာဇ်အေဒီ၁၅၂၃-ခုနှစ်မှ ၁၅၂၅-ခုနှစ်အထိ အုပ်ချုပ်နန်းစံခဲ့သော မြောက်ဦးမင်းဆက်(၉) ဆက်မြောက်သော ဂဇာပတိမင်းက တည်ခဲ့ကြောင်း" ဆိုလေသည်။

ထိုအခါမှ စည်းခုံမြို့သည်လည်းကောင်း၊ သတုခင်စိုင်းကျောက်စာ သည်လည်းကောင်း၊ ဂဇာပတိမင်းနှင့်ပတ်သက်သောအကြောင်းအရာများကို သိချင်လာသည်။ ဂဇာပတိမင်းသည် မည်သူ၏မင်းဆက်ပေနည်း။ ဂဇာပတိမင်းကို ရာဇဝင်တို့က ဖော်ပြကြလေသနည်း။

ဖော်ချမ်းမာ၏မှတ်တမ်း၌ကား ဂဇာပတိမင်းမှာ အေဒီ သက္ကရာဇ် ၁၅၂၃-ခုနှစ်မှ ၁၅၂၅-ခုနှစ်အထိ ဘုရင်မင်းမြတ်ဖြစ်ကြောင်းကို ဆိုထားသည်။ ဤသို့ဆိုလျှင် ဂဇာပတိ နန်းစံခဲ့သောနှစ်မှာ (၂)နှစ်တည်းသာလျှင်ဖြစ်သည်။

ဦးစွာရခိုင်မင်းဆက် ဇယားနှင့် ဖော်ချမ်မာဖော်ပြသော ဂဇာပတိမင်း၏ နန်းတက်သက္ကရာဇ်ကို တိုက်ကြည့်သည့်အခါ တူညီမှုမရှိဘဲ (၁၀)နှစ်ခန့် ကွာဝေးနေသည်ကို တွေ့ရှိရသည်။

ဖော်ချမ်မာမှတ်တမ်းက ဂဇာပတိမင်းနန်းတက်ချိန်ကို အေဒီ ၁၅၂၃-မှ ၁၅၂၅- အထိ ဆိုထားသည်။ နန်းတက်ဇယား၌ကား ဂဇာပတိနန်းတက်ချိန်ကို အေဒီ ၁၅၁၃- မှ ၁၅၁၅-ဟုဆိုထားသည်။ ဖော်ချမ်မာ၏ဖော်ပြပါသက္ကရာဇ်သည် ဂဇာပတိမင်းရေးထိုးခဲ့သည့် ဥတုခင်စိုင်း ကျောက်စာကို အခြေခံ၍ တွက်ယူထားခြင်းဖြစ်သည်ဟု ယူဆရသည်။ ဂဇာပတိမင်းက ဥတုခင်စိုင်း ကျောက်စာကို ရေးထိုးခဲ့သည်ဟု မှတ်ယူရသည်။

တစ်ဖန် ရခိုင်ရာဇဝင်ကျမ်းများကို လေ့လာဖတ်ရှုခဲ့ရာ ယင်းတို့ဖော်ပြချက် သက္ကရာဇ်မှာ ဖော်ချမ်မာ၏ဖော်ပြပါ သက္ကရာဇ်နှင့် မတူညီပေ။

သို့သော် ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်၏ 'မဟာရာဇဝင်ကျမ်း'၌ ဂဇာပတိမင်း နန်းစံချိန်ကို ကောဇာ ၈၈၆-မှ ၈၈၇-အထိ (အေဒီ ၁၅၂၄-မှ ၁၅၂၅-အထိ) ဖော်ပြပါရှိသဖြင့် ဤမင်းနန်းတက်သည့် ခုနှစ်မှာပင်လျှင် ဥတုခင်စိုင်း ကျောက်စာကို ရေးထိုးထားခဲ့ကြောင်း သိရှိရသည်။

အထက်တွင် ဖော်ပြခဲ့သည့်အဆိုများအရ သက္ကရာဇ်နှင့် ပတ်သက်၍ ကွဲလွဲမှုများ ရှိနေသော်လည်း ထိုအဆိုများအားလုံးကပင် ဂဇာပတိမင်းကို မြောက်ဦးခေတ်၏ နဝမ မြောက်မင်း ဖြစ်ခြင်းအဆိုက တစ်ခုနှင့်တစ်ခု တူညီစွာ ဖော်ပြကြသည်။ ဤအတိုင်းဆို ချေလျှင် ပထမမြောက် ဦးခေတ်၏နန်းကို ဆက်ခံသော ဘုရင်တို့မှာ မှန်ကန်မှုရှိပြီး သက္ကရာဇ်၁၀-ခန့်ကွာဝေးနေသည့် ဂဇာပတိမင်းနန်းစံချိန်ကို အထူးလေ့လာသင့်ပေသည်။

တစ်ဖန် ကျွန်ုပ်သည် ဤမင်းနှင့်ပတ်သက်၍ လုပ်ရပ်ဖြစ်ရပ်တို့၏ အကြောင်းကို သိရှိလိုသဖြင့် ရခိုင်ရာဇဝင်ကျမ်းများကို တစ်အုပ်ပြီး တစ်အုပ်ဖတ်ရှုလေရာ တူညီ သောဖော်ပြချက်များရှိသလို မတူညီသောဖော်ပြချက်များကိုလည်း တွေ့ရှိလာရသည်။ ယင်း၌ ရမ်းပြဲတောင် ကျောင်း၏ 'ရခိုင်ရာဇဝင်သစ်ကျမ်း' နှင့် ဦးသာထွန်းအောင်၏ 'မဟာရာဇဝင်တော်ကြီး' တို့ ဖော်ပြချက်မှာ မတူညီကြပေ။ ယင်းတို့ ဖော်ပြချက်ကို အကျဉ်းချုံးကောက်နုတ်၍ ဤသို့ဖော် ပြအပ်ပေသည်။

ရမ်းပြဲတောင်ကျောင်း၏ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒု)၊ စာမျက်နှာ ၃၉-၄၀ တွင်. . . .

ဂဇာပတိမင်းကို ဖခမည်းတော် ပထမမြောက်ဦးခေတ် (၈)ဆက်မြောက်ဖြစ်သော ဘုရင်မင်းရာဇာနှင့်မယ်တော် ကိုယ်လုပ်တော်စောမနော်တို့မှ မွေးဖွားခဲ့သည်။ ဒုတိယ မြောက်ဦးမြို့တည် မင်းဗာနှင့်ဖတူ၊ မိကွဲညီအစ်ကိုများ ဖြစ်ကြသည်။ မင်းဗာထက် ဂဇာ ပတိက အသက်ကြီးသည်။

ဖခင်မင်းရာဇာသည် မြောက်ဦးမြို့ မြို့သက်ကုန်ပြီဟု ယူဆလျက်မြောက်ဘက်သို့ ရွှေ့၍ ဝေသာလီမြို့၌ နန်းစံနေခဲ့သည်။ ဖခင်သည် သားကြီးဂဇာပတိကို အိမ်ရှေ့အပ် နှင်း၍ သားငယ် မင်းဗာကို စစ်သူကြီးပေးအပ်သည်။

မင်းရာဇာနန်းစံ၍ (၁၂)နှစ်ရှိသောအခါ ပုရိန်သက်တို့က ပုန်ကန်သဖြင့် တောင်စဉ်လမူးသို့ ထွက်ပြေးခဲ့ရသည်။ သက်တို့သည် ဝေသာလီမြို့၌ 'မင်းရာဇာ' ဟူသည့်အမည်ကို ခံ၍ (၂၉)ရက် မင်းပြုနေခဲ့သည်။

ယင်းအခါ မှူးမတ်ပြည်သူတို့က မင်းရာဇာကြီး၏ သားကြီး အသက်(၁၆)နှစ်သာ ရှိသော ဂဇာပတိကို မင်းမြှောက်၍ သက်တို့ကို တိုက်ခိုက်လေသော် သက်တို့ ဝေသာလီမှ

ပြေးခဲ့ရသည်။ မှူးမတ်ပြည်သူတို့က ဂဇာပတိကို မင်းလုပ်ရန် တောင်းပန်ကြ၏။ ယင်းကို ကား ဂဇာပတိက မလိုလားဘဲ ခမည်းတော် လမူးချောင်းမှပြန်ရောက်လာသည့်အခါ နန်းကိုပြန်အပ်ခဲ့သည်။

ယင်းကို မှူးမတ်တို့က မလိုလားကြသဖြင့် သားတော် ဂဇပတိကိုသာ နန်းစံရန် အဖန်တလဲလဲ တိုက်တွန်းကြသဖြင့် ယင်းစကားကို ကြားရသော ဖခင် မင်းရာဇာက ကြောက်လန့် ၍ သားတော်လက်ကို ကိုင်လျက် နန်းကိုအပ်နှင်းလိုက်လေသည်။

ဂဇာပတိမင်းဖြစ်လာသောအခါ ခမည်းတော်၊ မယ်တော်တို့ကို အစောင့်အရှောက် လုပ်၍ ကောင်းစွာထား၏။ ဤတွင် ခမည်းတော်၏ မိဖုရားစောသုဘာက သားတော်ဂဇာ ပတိမင်းပြုခြင်း ကိုမလိုလား၍ လင်တော်အား မင်းဆက်လုပ်ရန် အကြိမ်ကြိမ်တိုက်တွန်း နေလေသည်။

ယင်းကို ဂဇာပတိမင်းက အဖန်ဖန်ကြားသိလာရသည့်အခါ မတားသာပြီဆိုပြီး ခမည်းတော်ကွယ်လွန်ပြီးသည့်အခါ ဂဇာပတိမင်းသည် မှောက်သားတော် စောသူဇာနှင့် ရွှေထီးကိုသိမ်း၍ စံမြန်းနေလေသည်။ ဤမင်းကား အရောင်အဆင်းနှင့်ပြည့်စုံ၏။ သာသနာတော်ကိုလည်း ချီးမြှောက်ပေး၏။

အထူးသဖြင့် ဤမင်း၏ ငယ်က ကျေးတော်၊ ကျွန်တော်တို့သည် မိုက်ရိုင်းကြသည် ဖြစ်၍ မင်းဆွေမင်းမျိုးကို မရိုသေကြ။ ဤမင်းသည် အသက်နုငယ်သေးသည်ဖြစ်ရကား တိုင်းရေးပြည်မှု ကိစ္စ၌ ထောက်ထားစီရင်ခြင်းမပြု၊ ဘုရင်အား မနာလိုသူများက ပုန်စား ရန် အခွင့်ကောင်းကို စောင့်နေကြသည်။

သက္ကရာဇ် ၈၇၇-တွင် မှူးမတ်တို့ စစ်ချီထွက်စဉ် ဘုရင်က မှူးမတ်စစ်သူကြီးတို့၏ သားမယားတို့ကို အိပ်ဖန်တက်ခြင်းပြု၏။ ယင်းကိုကြားသိရသော မှူးမတ်၊ စစ်သူကြီးတို့က ပုန်စားရန် စုဝေးကြ၏။ ဤသတင်းကို ကြားသိရသော ဘုရင်က နန်းတော်သို့ ခေါ်ယူ မေးမြန်းခဲ့၏။

အမတ်လေးဦးတို့ကမူ တိုင်ပင်ညီညွတ်၍ ဘုရင်အားပုန်ကန်လေရာ ဇုန္တတ်၏ လက်ချက်ကြောင့် သတ်ဖြတ်ခံခဲ့ရသည်။ နန်းစံကား (၂)နှစ်ကြာခဲ့ပေ၏။

ဤမင်းနှင့်ပတ်သက်သော အကြောင်းကို ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်၏ မဟာ ရာဇဝင်တော်ကြီး၊ စာမျက်နှာ-၃၃-၌ကား ဤသို့ ဖော်ပြထား၏။

'သက္ကရာဇ် ၈၈၅-ခုတွင် နန်းတက်ခဲ့သော မင်းလှရာဇာ စောမွန်၌ကား သားတော် နှစ်ပါး ရှိခဲ့သည်။ ယင်းတို့မှာ ဂဇာပတိ(ဂဇ္ဇာပတိ)နှင့် ဖစောသီရိ(မင်းပါ) တို့ဖြစ်ကြသည်။ ဤမင်းလက်ထက်၌ တောင်စဉ်ခရိုင် လမုခြီ မင်းပြင်အရပ်၌ သူပုန်ထကြွလာသဖြင့် သားတော်အငယ် ဖစောသီရိကို ယင်းနေရာ၌ မြို့စားပေးအပ်ခဲ့သည်။ မင်းရာဇာသည် သက္ကရာဇ် ၈၈၆-ခုတွင် နန်းကျလေသည်။

ထိုအခါ သားတော် ဂဇာပတိသည် မင်းဖြစ်လာခဲ့၏။

ထိုစဉ်ပုရိန်မြို့တော်ဟောင်းက ဒေါ်ဒေါ် ရာဇာသည် မြောက်ဦးကို ပုန်ကန်လာသည်။ ဂဇာပတိမင်းသည် ယင်းသောအခါ ဝေသာလီမြို့သို့ ပြောင်း၍ (၂၉)ရက်တိမ်းရှောင်နေခဲ့သည်။

ယင်းမင်း၏ညီတော် ဖစောသီရိမင်းပြင်စားသည် ကြားသိလေလျှင် ရမ္မာဝတီ၊ ဒွါရာဝတီ မြို့တော်ဟောင်းတို့၌ ရှိကြသော လူများကို ဆင့်ဆိုခေါ်ဆောင်၍ မြောက်ဦးမြို့တော်၌ ဒေါ်ဒေါ်ရာဇာ သက်သူပုန်တို့ကို နှိမ်နင်းသုတ်သင်ခဲ့သည်။ ပြီးမြောက်သောအခါ ဂဇာပတိ မင်းက ညီတော် ဖစောသီရိအား မြို့တော်၌ ရပ်တော်ကျေး၊ စားကျေးကို ပေးအပ်သည်။ မြို့၏အတွင်း ပန်းဈေးမြောင်ကျုံးတော်၌ အိမ်ရှေ့စံအဖြစ်ဖြင့် အိမ်တော်မင်္ဂလာနှင့် ထားတော်မူသည်။ ဤမင်းသည် သက္ကရာဇ် ၈၈၇-ခုနှစ်တွင် နတ်ရွာစံခဲ့သည်။

သုံးသပ်ချက်

ပထမအနေဖြင့် ဤမင်းနှင့်ပတ်သက်၍ ကွဲလွဲနေမှုသည် နန်းတက်သက္ကရာဇ်ပင်ဖြစ်သည်။ ဤမင်း၏ နန်းတက်သက္ကရာဇ် အတိအကျကို ယင်းမင်းလက်ထက်ရေးထိုးခဲ့သည့် ကျောက်စာသက္ကရာဇ်ဖြင့် ညှိပေးက အမှန်ကို ရနိုင်သည်။ ဤမင်းရေးထိုးခဲ့သည့် ဥတုခင်စိုင်း ကျောက်စာ၌ ရေးထိုးသက္ကရာဇ်ကို ၈၈၆-ခုဟု ဆိုထားသဖြင့် ဤသက္ကရာဇ်အပေါ်မူတည်၍ နန်းစံမင်း၏ သက္ကရာဇ်ကို ညှိယူရပေမည်။

ရခိုင်မင်းဆက် ဇယားအနေနှင့် ရခိုင်ရာဇဝင်တို့တွင်ကား ဤမင်း၏နန်းစံသက္ကရာဇ်ကို ဖော်ပြကြရာ၌ ကျောက်စာပါ သက္ကရာဇ်နှင့် (၁၀)နှစ်ခန့် ကွာနေကြသည်။ သို့သော် ဖော်ချမ်မာ၏ ဖော်ပြချက်သက္ကရာဇ်နှင့် ဦးသာထွန်းအောင်၏ ဖော်ပြချက်သက္ကရာဇ်နှစ်ခုသာလျှင် ကျောက်စာနှင့် နီးစပ်မှုရှိလေသည်။

ဒေါက်တာ ဖော်ချမ်မာ၏ဖော်ပြချက်အရ ဂဇာပတိမင်းနန်းတက်သက္ကရာဇ်ကို မူတည်၍ သုံးသပ်ရပါလျှင် ဥတုခင်စိုင်း ကျောက်စာသည် ဂဇာပတိမင်းနန်းတက်ပြီး နောက်တစ်နှစ်အကြာ တွင် ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဦးသာထွန်းအောင်၏ ဖော်ပြပါ ဂဇာပတိမင်း နန်းစံနှစ်ကို ဥတုခင်စိုင်းကျောက်စာနှင့် သုံးသပ်ရပါလျှင် ဂဇာပတိမင်းနန်းတက်နှစ်မှာသာလျှင် ကျောက်စာရေးထိုးခဲ့ကြောင်း သိရသည်။

ဤနှစ်ခုသည်ပင်လျှင် အနည်းငယ် နန်းစံနှစ် ကွာနေကြသော်လည်း အနီးဆုံးဖြစ်အောင် အထောက်အကူပြုပေးသည်ဖြစ်ရာ ဤအဆိုနှစ်ရပ်ကို အခြေခံ၍ ကွဲလွဲစွာ ဖော်ပြထားကြသော အခြားရခိုင်ရာဇဝင်များ၏ သက္ကရာဇ်ကို ပြန်လည်ပြုပြင်ပေးရမည် ဖြစ်သည်။

ဒုတိယအနေဖြင့် ပါးတော်ကျွန်း၌ စည်းခုံမြို့သည်လည်းကောင်း၊ ဥတုခင်စိုင်း ကျောက်စာ သည်လည်းကောင်း အထင်ကရတွေ့ရှိရသည်ဖြစ်ပေရာ ယင်းတို့သည်

ဂဇာပတိမင်းနှင့် သက်ဆိုင်နေသဖြင့် ရခိုင်ရာဇဝင်များတွင် မပါဝင်သော ဤအကြောင်းကိုလည်း ရာဇဝင်တွင် ထင်ရှားလာနိုင် ပါသည်။

တတိယအနေဖြင့် ဤမင်း၏လုပ်ရပ်၊ ဖြစ်ရပ်တို့ကို ရာဇဝင်များက ဖော်ပြကြရာ၌ အကြောင်းအရာတူညီစွာ ဖော်ပြကြသလို မတူညီသော ကျမ်းကွဲများအဖြစ် ဖော်ပြမှုလည်း ရှိနေသည်။ ဤ၌ ရခိုင်ရာဇဝင်သစ်ကျမ်းအဆိုနှင့် မဟာရာဇဝင်တော်ကြီးတို့၏ ဖော်ပြချက်မှာ နန်းစံ သက္ကရာဇ်နှင့် အကြောင်းအရာများသည်လည်း ကွဲလွဲမှုရှိနေသည် ဖြစ်ရာ ယင်းတို့ကိုလည်း ပြင်ဆင် ညှိနှိုင်းပေးရပါမည်။

ထို့ကြောင့် ပထမမြောက်ဦးခေတ်တွင် အုပ်ချုပ်မင်းလုပ်ခဲ့သော ဂဇာပတိမင်းလက်ထက် အခြေအနေအရပ်ရပ် သမိုင်းကြောင်းကို ယနေ့အခါ ရခိုင်သားသုတေသီ အပေါင်းတို့သည် အကျိုးအကြောင်းကို ဆက်စပ်လျက် လေ့လာဖော်ထုတ် အတည်ပြု သတ်မှတ်ရန် တာဝန်တစ်ရပ်အနေဖြင့် ရှိနေပါသေးကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်မှန်းအောင်(ကျိန်းမြေ)**

# ရခိုင် မဟာဒဏ်အဖွဲ့

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ သာသနာတော်ကို ဆတက်ထမ်းပိုင်း တည်တံ့စေလိုသော ရခိုင်ဘုရင်များလက်ထက်၌လည်း ဘာသာရေး အဖွဲ့အစည်းများ ရှိခဲ့သည်။ ယင်းအဖွဲ့ အစည်းများတွင် မဟာဒဏ်အဖွဲ့သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

မဟာဒဏ်အဖွဲ့ဆိုသည်မှာ ဘာသာရေးစည်းကမ်းဖောက်ဖျက်သူများကို ဂါမ ပညတ်အရ၊ ရာဇပညတ်အရ အပြစ်ပေးရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပါသည်။ ဤမဟာဒဏ်အဖွဲ့ကို မြတ်စွာဘုရားပွင့်တော်မူသော ဘီစီ(၆)ရာစု တတိယဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ လောင်းကြက် ခေတ်တို့တွင် မည်သည့်ဘုရင်လက်ထက်က စတင် ပေါ်ပေါက်လာသည်ကို တိတိကျကျမပြောနိုင်သော်လည်း မြောက်ဦးခေတ်ဘုရင်မင်း ဗာကြီးလက်ထက် (အေဒီ ၁၃၅၁-ခု၊ ရခိုင်-မြန်မာ သက္ကရာဇ် ၈၉၃)တွင် ရခိုင်ဒေသအနှံ့ ကြပ်မတ်ဖွဲ့စည်းသည့် အထောက်အထားများရှိကြောင်း တွေ့ရပါသည်။

ဘုရင်းမင်းဗာကြီးသည် ရခိုင်ဒေသအနှံ့သို့ အမိန့်ပြန်တမ်းထုတ်၍ တိုင်း၊ မြို့နယ်၊ ကျေးရွာများတွင် မဟာဒဏ်အဖွဲ့ကို အဆင့်ဆင့်ဖွဲ့စည်းစေခဲ့ပါသည်။ ဥပမာ-ရပ်ရွာတစ် ရွာတွင် ဘုန်းကြီးလူကြီး မဟာဒဏ်အဖွဲ့ဝင်များက ကြပ်မတ်၍ ဘာသာရေးစည်းကမ်း ဖောက်ဖျက်သူများကို အပြစ်ပေးပါသည်။ ဗုဒ္ဓဘာသာဝင်အရွယ်ရောက်သူတိုင်းကို ဘုန်းကြီးကျောင်း၊ ဘုရားပုထိုးသို့ သွားရောက်၍ ဥပုသ်သီလ စောင့်ထိန်းစေပြီး အလှူရေစက်အမျှပေးဝေရာ၌ ပါဝင်စေပါသည်။

အကယ်၍ တစ်စုံတစ်ဦးသည် နာမကျန်း၍ အလုပ်မအားလပ်သဖြင့် ကျောင်းကန် ဘုရားသွားရန် ပျက်ကွက်လိုလျှင် မိမိကျေးရွာရပ်ကွက်၊ မဟာဒဏ်အဖွဲ့ဝင်နှင့် အရပ်လူကြီးများထံ တိုင်ကြားရသည်။ ကျောင်းထိုင်ဘုန်းကြီးထံသို့ပါ လျှောက်ထား

တိုင်ကြားရပါသည်။ မကျန်းမမာ ဖြစ်နေသည်မှအပ အမှုကိစ္စကြီးငယ်ကြောင်း သုံးကြိမ်သုံးခါ ဆက်တိုက်ပျက်ကွက်သောအခါ ယင်းပျက်ကွက်သူအား အပြစ်ပေးရန် ကျောင်းထိုင်ဘုန်းကြီး၊ ရွာလူကြီးနှင့် မဟာဒဏ်အဖွဲ့ဝင်များက စီစဉ်ရပါသည်။ ပြစ်ဒဏ်မှာ ဂါမပညတ်ချက်အရ တစ်နေရာမှ တစ်နေရာသို့ ပြောင်းစေခြင်း၊ မိသားစုနှင့်ကင်းကွာအောင် ရက်၊လ၊ နှစ် အကန့်အသတ်ထား၍ သီးသန့်နေစေပါသည်။ ယင်းအပြစ်ရှိသူအား ရွာသူရွာသားများက ကွမ်းမယူ၊ ရေမပေးဘဲ ပယ်ထားရသည်။ အကယ်၍ အပြစ်ရှိသူသည် ဂါမပညတ်ကို မလိုက်နာလျှင် ရာဇပညတ်ဖြင့် အပြစ်ပေးခြင်း ခံရပါသည်။

ယနေ့ ရခိုင်ဒေသ အချို့သောရွာများ၌ လူကြီးလူငယ်မရွေး ဥပုသ်နေ့တိုင်း သီလခံယူ ဆောက်တည်ရန် ဝတ်မပျက် ရောက်ကြရသည်။ ကျောင်းထိုင်ဘုန်းကြီးက သီလကို ဦးစွာချီးမြှင့်ပြီး တရားဓမ္မဟောကြားသော အလေ့အထရှိပါသည်။ ပြီးမှ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဥပုသ်သည်များအတွက် သီးခြားချီးမြှင့်ပေးပါသည်။ ဗုဒ္ဓဘာသာစေပြီး ဥပုသ်မစောင့်ဘဲ အိမ်ပြန်နိုင်စေရန် လူငယ်များအတွက် ထိုသို့ ခွဲခြားသီလပေးခြင်းဖြစ်ပါသည်။ ယင်းဓလေ့စရိုက်သည် ရှေးခေတ် ရခိုင်ဘုရင်များလက်ထက်က မဟာဒဏ်၏ လက်ကျန်အမွေဖြစ်ပါသည်။ သို့ရာတွင် ပြစ်မှုနှင့် ပြစ်ဒဏ်ကား မရှိတော့ပါ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များမှာ တစ်နေ့တစ်ရက် တစ်နံနက်မျှ ဥပုသ်သီလစောင့်၍ တရားဘာဝနာ အားထုတ်ခြင်းသည် ပို၍မြတ်ကြောင်း ဗုဒ္ဓဟောကြားခဲ့သည် မဟုတ်ပါလား။

ယခုခေတ်တွင် ရှေးခေတ် မဟာဒဏ်အဖွဲ့ကဲ့သို့ ဘာသာရေးကို လေးစားလိုက်နာစေရန် ပြင်းထန်စွာ လုပ်ဆောင်ခြင်းမရှိစေကာမူ ဗုဒ္ဓဘာသာ အယူဝါဒကို လက်ခံယုံကြည်သူမှန်လျှင် ဥပုသ်နေ့တိုင်း ဘုရားကျောင်းကန်သို့ မပျက်သွား၍ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို မိမိတတ်အားသမျှ စောင့်ထိန်းသင့်ပါသည်။ ကိုယ်ရိုးရာနှင့် ကိုယ့်ဗုဒ္ဓဘာသာကို ထိန်းသိမ်းရန်နှင့် ဘုရားကျောင်းကန်သို့ ဝတ်မပျက်သွားလာစေရန် ကျောင်းထိုင်ဆရာတော်များ၊ မိဘများနှင့် ဆရာများက ကြီးကြပ်ဆုံးမ လမ်းညွှန်ပေးရပေမည်။ သို့မှသာ တရားဓမ္မများကြား၍ ရခိုင်ပြည် မဟာဗုဒ္ဓဘာသာထွန်းကားခဲ့ပုံ၊ ကိုယ့်ရခိုင်သည် သာကီဝင်မျိုးနွယ်တွေဟူသော ဗဟုသုတအစုံစုံရစေကာ ယနေ့ ရခိုင်လူငယ်လေးများ အကျိုးပြုသော၊ လိမ္မာသော၊ ယဉ်ကျေးသော အနာဂတ် ရခိုင်ဂုဏ်ဆောင်နိုင်သော သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်စေနိုင်ပါသည်။

ယခု ၂၀-ရာစုနှောင်းခေတ်တွင်ကား ကျွန်ုပ်တို့ ရခိုင် ဗုဒ္ဓဘာသာဝင်များ လိုက်နာစောင့် ထိန်းအပ်သည်တို့ကို လျစ်လျူရှုကာ ပို၍ စည်းကမ်းပျက်နေကြောင်း တွေ့ရပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး အချို့ဆိုလျှင် ငယ်ရွယ်စဉ်မှသည် သေသည်အထိ ကျောင်းကန်ဘုရားသို့ သွားရောက်၍ ဥပုသ်သီလ စောင့်ထိန်းခြင်း

မရှိသည့်အပြင် ဥပုသ်နေ့၊ လပြည့်နေ့၊ လကွယ်နေ့ကို ပင် အာရုံမပြု၊ အမှတ်မထား ကြတော့ပေ။

မိမိ၏အသက်မွေးမှုနှင့် သောက်စားပျော်ပါးမှုကို အလေးပေးဘာသာရေး တာဝန်ပျက်ပြီး ဘုရား၊ တရား၊ သံဃာနှင့် ကင်းကွာခဲ့သူများစွာ ရှိနေပါသည်။ သို့သော် သာရေး နာရေးကိစ္စများ တွင်ကား မပါမပြီး ဖြစ်နေ၍ မသိမမြင်ချင်ယောင်ပြုထား၍ မရပေ။ ယင်းသို့ ကင်းကွာစေသော အကြောင်းတရားများသည် ဗုဒ္ဓ၏တရားဓမ္မများ ကြာရှည်စွာ တည်တံ့မှုကို အဟန့်အတားပြုစေသော အကြောင်းရင်းများဖြစ်နေ ကြပါသည်။

ယနေ့အချိန်အခါတွင် လူမျိုးခြား ဘာသာခြားများက နည်းမျိုးစုံသုံး၍ ကျွန်ုပ်တို့၏ ရခိုင် လူနေမှုအဖွဲ့အစည်းသို့ ထိုးဖောက်ကာ သာသနာပြုနေကြသည်ကို တွေ့ရပါသည်။ ကျွန်ုပ်တို့ အနေဖြင့် လူမျိုးခြား ဘာသာခြားများအပေါ် သာသနာပြုနိုင်ဖို့ဝေးစွ လူမျိုးခြား ဘာသာခြားများက မိမိတို့အပေါ် သာသနာပြုနေခြင်းကို ခုခံကာကွယ်ရန်။ ဥပမာ 'ပြည်တည်နေသော အနာတစ်ခုဟာ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြိုစားသကဲ့သို့' လူမျိုးခြား တို့က ကျွန်ုပ်တို့လူမျိုးကို နည်းမျိုးစုံနဲ့ ဥပမာ အရ နယ်ချဲ့လာသည်ကို အမျိုးသားရေးစိတ် ဖြင့် မျိုးမှန်မှ အဖိုးတန်မည်ဟူသောဇွဲဖြင့် ဆောင်ကြရန်ဆိုသည့် ကိစ္စကိုပင် သတိပြုမိ သည့် အခြေအနေရှိရပေမည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိ၏အမျိုးဘာသာကို အကျိုးမပြုနိုင်လျှင်နေ၊ အမျိုးဘာသာကို ဖျက်ဆီးသူများမဖြစ်စေရန် အလွန်အရေးကြီးပါသည်။ တချို့ဆိုလျှင် အမျိုးဘာသာကို အကျိုးယုတ်စေပြီးမှ တစ်နပ်စား တစ်ဘဝအတွက် စီးပွားရှာနေသူ များလည်း ရှိနေပါသည်။ ကျွန်ုပ်တို့ အနေဖြင့် အမျိုးသီလ နှစ်ဌာနကို စောင့်ရှောက်ထိန်း သိမ်းကြရပေမည်။

အမျိုးဘာသာ ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ အသက်သွေးကြောဖြစ်၍ မြေမြို ၍ လူမျိုးမပြုတ်၊ လူမျိုး မျိုမှ လူမျိုးပြုတ်မည် ဟူသော ဆောင်ပုဒ်သည် ရှိသည်အားလျော် စွာ မိသား စုတိုင်း လုံခြုံရေးအတွက် ကျွန်ုပ်တို့သည် လက်ဆင့်ကမ်းဟောပြောကြရမည်။ သို့မှသာ မိသားစုတိုင်း လုံခြုံရေးမှသည် သာသနာတော်တစ်ခုလုံး လုံခြုံမှုရှိလာမည် ဖြစ်ပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်များကို စိစစ်လေ့လာပါက အကြမ်းအားဖြင့် အဆင့်သုံးဆင့် ကွဲပြား နေကြောင်း တွေ့ရပါသည်။

၁။ ကျောင်းကန်ဘုရားနှင့် ကင်းကွာနေသူများ။(ဗုဒ္ဓဖာသာဟု ခေါ်ပါသည်)

၂။ ကျောင်းကန်ဘုရားသို့ ဥပုသ်နေ့တိုင်းသွား၍ ဥပုသ်သီလ မကြာခဏ စောင့်ထိန်းလေ့ရှိသူများ။

၃။ ဗုဒ္ဓဘာသာစာပေများကို လေ့လာလိုက်စားပြီး ဒါန၊ သီလ၊ ဘာဝနာမပြတ်

ကျင့်ကြံအားထုတ်နေသူများ။

ဖော်ပြပါ အဆင့်သုံးဆင့်အနက် နှိုင်းယှဉ်လျှင် နံပါတ်(၃)အဆင့်ပါဝင်သူများ အလွန်နည်းပါး ပေလိမ့်မည်။

ထို့ကြောင့် ခေတ်ပညာတတ် ရခိုင်လူငယ်ကလေးများအနေဖြင့် ကြိုးပမ်းအား ထုတ်သင့် သော အရာအချက်ကို အကြံပြုလိုက်ပါသည်။

၁။ ရခိုင်တို့ လက်ရှိရောက်ရှိနေသော အခြေအနေကို ရခိုင်အတိတ် ဖြစ်ရပ်များနှင့် အမှန်အတိုင်းသိမြင်ရေး။

၂။ အနာဂတ်နိုင်ငံတော်ကို လူကောင်းများဖြင့်သာ တည်ဆောက်ရမည်။ ထို့ကြောင့် ရခိုင်ဗုဒ္ဓဘာသာတို့သည် အမည်ကို ခံယူနိုင်လောက်အောင်ထိ ကြိုးစားကြရန်။

၃။ အနာဂတ်နိုင်ငံတော်ကို ပြည့်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် တည်ဆောက်ရေး။

၄။ သူရာမေရိယဆိုသော မူးယစ်စေတတ်သော၊ လူမျိုး အညွန့်တုံး စေတတ်သော မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ရေး။

အစရှိသည့် ၎င်းအချက်များကို ယနေ့ ကျွန်ုပ်တို့ လူငယ်များ သတိပြုထားအပ်ပေမည်။

ရှေးယခင်က စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာစာပေ သင်ကြားပေးသဖြင့် ဘုရားကန်တော့ခြင်း၊ ဆရာကန်တော့ခြင်း၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည်ခြင်းနှင့် ယင်းတို့၏ အနက်အဓိပ္ပါယ်၊ အကျိုးတရားများကို မူလတန်း၊ အလယ်တန်း ကျောင်းသားအရွယ် ကပင် သိရှိစေရန် ဘုန်းကြီးကျောင်းများတွင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်ပို့ချရပေမည်။ လူမှုပတ်ဝန်းကျင်ကို ပျက်စီးစေတတ်သော ဒုစရိုက်အလုပ်များ (ဘိန်း၊ ဖဲ၊ အရက်၊ မူးယစ်ဆေးစသည်)တို့ကို ဘာသာတရားနှင့်အညီ ကြိုတင်တားဆီးနိုင်ကြပါသည်။

ပန်းတွင်အပွင့် ၊ လူတွင် အကျင့်ဆိုသည့်အတိုင်း ယနေ့လူငယ်များသည် မိဘအချို့က သင်ကြားမှတ်သားစေသူ အနည်းငယ်မှ ဘာသာစာပေကို မသိနားမလည်ကြပါ။ မတာရွာများတွင် ဩကာသ၊ ဘုရားဝတ်ပြု ဂါထာတော်များကို မရ၍ တတ်ကျွမ်းသူ တစ်ဦးက တိုင်ဆိုပြီးမှ နောက်က လိုက်ဆိုကြရသည်အထိ အခြေအနေဆိုးနေပါသည်။ အချို့မိဘများဆိုလျှင် မအားမလပ်သဖြင့် သင်ကြားပေးမှုမရှိ၍ သားသမီးများ အိမ်ထောင်ပြုသည့်တိုင် မေ့မေ့ပျောက် ပျောက် နေတတ်သူများလည်း ရှိကြပါသည်။

ယင်းကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ အားနည်းချက်အပေါ် တစ်ဖက်တစ်လမ်းမှ အားဖြည့် ပေးပြီး ဗုဒ္ဓသာသနာတော်ကြီး ကြာမြင့်စွာ တည်တံ့သော အဖရခိုင်ဆက်၍ တည်တံ့ပါစေ၊ ကမ္ဘာတည်သရွေ့ လူမျိုးတည်ပါလော့. . . . တည်စေလော့. . . . ။

**ခိုင်ရာဇာ(ကျောက်ဖြူ)**

# ဒွါရဝတီမှ ရွှေသားရုပ်တုတော် အရိမေတ္တယျဘုရား

ရခိုင်၊ ဓညဝတီမြို့တော်၌ မဟာသက္ကရာဇ် ၉၇-၁၄၉(ဘီစီ-၅၉၄-၅၄၂)ခုနှစ်အတွင်း စန္ဒသူရိယမင်းသည် ထီးနန်းတိုင်းပြည်အုပ်ချုပ်စိုးစံတော်မူခဲ့သည်။ ဘုရားရှင်သည် ထိုကာလအတွင်း မဟာသက္ကရာဇ် ၁၂၃-ခု(ဘီစီ-၅၆၈)၊ သက်တော်(၅၅)နှစ်၊ ဝါတော်(၂၀)တွင် ဓညဝတီရခိုင်သို့ ကြွလာတော်မူခဲ့လေသည်။ စန္ဒသူရိယမင်း၏ အဖူးအမြော်ကိုခံယူပြီး သာသနာပြုတော်မူခဲ့၏။ ဘုရားရှင်သည် ဓညဝတီပြည် သာသနာတော်မြတ် အရှည်တည်တံ့ရေးကို မြော်မြင်သိမြင်ကာ ကိုယ်စားတော် မဟာမုနိရုပ်ရှင်တော်ကို စန္ဒသူရိယမင်းအား ဒါယကာရင်း ပြုစေတော်မူလျက် ကိုယ်တော်တိုင်ကြီးကြပ်သွန်းလုပ်ပေးခဲ့ လေသည်။ မဟာသက္ကရာဇ် ၁၂၃-ခု၊ တပိုတွဲလပြည့်နေ့တွင်ပြီးစီးအောင်မြင်လေ၏။

ဘုရားရှင်သည် ဓညဝတီမြို့တော်၊ သီရိဂုတ္တကုန်းတော်၌ မဟာမုနိရုပ်ရှင်တော်ကိုသွန်းလုပ်ပြီးလေသောအခါ ဒွါရဝတီ တိမ်ဆီပျံ့ဝဲ မြို့သံတွဲဆီသို့ ကြွချီတော်မူလေသည်။ မြတ်စွာ ဘုရားရှင် ထိုသို့ကြွလာတော်မူသော ကာလ၌ သိန္ဒြာမင်းသည် ဒွါရာဝတီမြို့တော်တွင် ဘုရင်ခံအဖြစ် အုပ်ချုပ်နေထိုင်လျက်ရှိ၏။ ဘုရားရှင်သည် ဗာထုကတောင်(တန့်တော်မူတောင်) သို့ ရောက်ရှိသောအခါ သိန္ဒဝမင်းသည် နန်းတွင်းအမှုထမ်း၊ မ-းမတ်၊ မောင်းမခြွေရံများနှင့်အတူ သွားရောက်ဖူးမြော် ပူဇော်တော်မူ၏။ ဘုရားရှင်သည် သိန္ဒဝမင်းနှင့် ခြွေရံပရိသတ်တို့၏ အဖူးအမြော် ပူဇော်သည်ကို ခံယူတော်မူပြီး သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ချီးမြှင့်တည် စေတော်မူပြီး တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုသို့ တရားချီးမြှင့်ပြီး နောက် ဘုရားရှင်သည် ဖိုးဦးတောင်သို့ ဆက်လက်ကြွချီတော်မူလေ၏။

**ရွှေဆင်းတုတော် သွန်းလုပ်ခြင်း**

ဒွါရာဝတီ သံတွဲဘုရင်ခံ သိန္ဒဝမင်းသည် ဘုရားရှင်နှင့် သာသနာတော်၌ ကြည်ညိုမဝ ဖြစ်ရှိလေသောကြောင့် ထိုသက္ကရာဇ် ၁၂၃-ခု၊ (ဘီစီ-၅၆၇)တွင် ဓညဝတီမြို့တော်သို့ သွားလေပြီး စန္ဒသူရိယမင်းကြီးအားခစားကာ လျှောက်ထားလေသည်။ ဒွါရာဝတီမြို့၌ မဟာမုနိကဲ့သို့ သဏ္ဌာန်တူ ရုပ်တုတော်တစ်ဆူ ကိုးကွယ်ပူဇော်လိုကြောင်းနှင့် အခွင့်ပြုတော်မူရန် လျှောက်ထားလေ၏။

စန္ဒသူရိယမင်းကြီးလည်း မဟာမုနိနှင့်အတူ ပြုတော်မူရန်ကား သင့်တော်မည်မဟုတ်ကြောင်း ပြန်ကြားကာ အကြံပြုတော်မူ၏။ နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တယျ ဘုရားရှင်ကို ရည်မှတ်၍ ရုပ်တုတော် သွန်းလုပ်ကိုးကွယ်ရန် အကြံပေးတော်မူ၏။ သံတွဲ ဘုရင်ခံသိန္ဒဝမင်းလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလေသည်။ စန္ဒသူရိယမင်းကြီးသည် သိန္ဒဝမင်းသို့ မဟာမုနိ ရုပ်ထုတော်ကို သွန်းလုပ်တော်မူသည့် ပန်းတဉ်းဆရာကြီး စိတ္တရသကျနှင့် တပည့်များကို ပေးအပ်တော်မူလိုက်၏။ သိန္ဒဝမင်းသည် ပန်းတဉ်းဆရာကြီး စိတ္တရသကျနှင့်အဖွဲ့ကို ဆောင်ယူခဲ့ပြီး သံတွဲမြို့သို့ လာခဲ့ကြလေ၏။

ရောက်လျှင် အရိမေတ္တယျ ရုပ်တုတော်ကို သွန်းလုပ်ကြ၏။ မဟာသက္ကရာဇ် ၁၂၃-ခု (ဘီစီ-၅၆၈)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဥဏ်တော် (၈)တောင်အမြင့်ရှိသော ရုပ်တော်မူ ရုပ်တုတော် ရွှေဆင်းတုကို သပ္ပာယ်စွာ ပြီးစီးအောင်မြင်လေ၏။ သိန္ဒဝမင်းနှင့် ဒွါရာဝတီ မြို့သူ မြို့သား၊ နယ်သူနယ်သားအပေါင်းတို့သည် ရုပ်တုတော်မြတ်ကြီး သီတင်းသုံးရာကုန်းတော်တွင် လှပခိုင်ခံ့သော ဂန္ဓကုဋီကျောင်းတော်ကြီးဆောက်လုပ်ကာ လေးမြတ်စွာ ကိုးကွယ်ဆည်းကပ်ရှိ ကြလေ၏။

**သရေခေတ္တရာ တေပါးမင်း ဘုရားဖူးရောက်ရှိခြင်း**

ရခိုင်ဓညဝတီ၊ ဒွါရာဝတီတို့၌ ဘုရားရှင်လက်ထက်တော်အခါကပင် ဘုရားရှင်သည် ကိုယ်တော်တိုင်ကြွရောက်ပြီး ချီးမြှင့်တော်မူသဖြင့် သာသနာတော် ဖြစ်ထွန်းတည်ရှိလေ၏။ ကိုယ်စားတော် မဟာမုနိနှင့် အရိမေတ္တယျ ရွှေဆင်းတုတော်တို့ တည်ရှိလေသောကြောင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းပြောင်လျက်ရှိ၏။ ထိုသတင်းသည် အနီးအဝေး တိုင်းပြည်များသို့ ကျော်ကြားပျံ့နှံ့လေ၏။

အရှေ့ဘက် သရေခေတ္တရာ ပျူမင်းတို့သည်လည်း ထိုသတင်းကို ကောင်းစွာကြားသိကြ၏။ သို့ကြောင့် မဟာသမ္ဘဝ၊ စူလသမ္ဘဝတို့မှ ရေတွက်လျှင် (၁၂)ဆက်မြောက်၌ မင်းဖြစ်သော မင်းမျိုးမဟုတ်သည့် မျိုးခြား တေပါးမင်းသည် ရခိုင်ဓညဝတီသို့ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး ချီလာခဲ့၏။ ဓညဝတီသို့ရောက်ရှိသောအခါ မဟာမုနိဘုရားရှင်ကို ဖူးမြော်ပူဇော်တော်မူ၏။ သရေ ခေတ္တရာနှင့် ဓညဝတီသည် နောက်နောင် ခရီးပေါက်ရောက် လွယ်ကူစွာသွားနိုင်ကြစေရန် ဘူးရွက်မညိုးလမ်းကို ဖောက်လုပ်တော်မူ၏။

ရှစ်လတိုင်ကြာ၏။ ငတပါးမင်းလည်း ဖောက်လုပ်ပြီး သောအခါ ထိုလမ်းမှပင် သရေခေတ္တရာသို့ ပြန်တော်မူခဲ့၏။

ထိုလမ်းသည် ဓညဝတီ၊ ယခု ကျောက်တော်နယ်မှ အမ်းသို့လည်းကောင်း၊ အမ်းမှ မင်းဘူးနယ်သို့လည်းကောင်း ဖောက်လုပ်သောလမ်းပင်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်မှ ကတ္တရာ ခင်းလမ်းဖြစ်အောင် ပြုလုပ်လျက်ရှိနေ၏။ ကားများ ဥဒဟိုသွားလာလျက် ရှိနေကြလေပြီ။ ထိုလမ်း ကို ငတပါးမင်းနှင့် ဖောက်လုပ်ခဲ့သည်မှာ သာသနာတော်နှစ် ၄၃၃ မှ ၄၈၄-ခုနှစ်အတွင်း ဖြစ်၏။ ထိုမင်းသည် (၅၁)နှစ် နန်းစံခဲ့၏။ သာသနာနှစ် ၄၈၄-နှစ်တွင် လွန်တော်မူ၏။

ရခိုင် ဓညဝတီ(၁၁) ဆက်မြောက် သူရိယမုခမင်းနှင့် ထီးပြိုင် နန်းပြိုင်ဖြစ်၏။ သူရိယမုခမင်း သည် သာသနာတော်နှစ် ၄၃၄ မှ ၄၈၄ထိဖြစ်၏။ ထိုသရေခေတ္တရာ ငတပါးမင်းနှင့် ရခိုင်သူရိယ မုခမင်းတို့သည် မညီမညွတ်ဖြစ်ရှိခဲ့ကြကြောင်း စာပေ မတွေ့ရှိ။ မဟာမိတ်အဖြစ်ဖြင့် ဘုရားဖူးသက် သက်လာခဲ့ခြင်းပင် ဖြစ်၏။ ထိုအကြောင်း ကို ငတပါးမင်းသည် ရခိုင်ပြည်၌ (၈)လကြာ နေထိုင်ပြီး လမ်းဖောက်ခြင်းကို ထောက်၍ သိနိုင်၏။ ရခိုင်မင်းကလည်း ကူညီခဲ့ပေရာ၏။ အဘယ်ကြောင့် ဆိုသော် တစ်ပြည်သား မင်းအဖို့ အိမ်ရှင်မင်းမှ သဘောတူ ကူညီပံ့ပိုးမှုမရှိပါက ထိုမျှကြီးမားခက်ခဲသော (၈)လ ကြာလမ်းဖောက်မှု လုပ်ငန်းကြီးကို လုပ်ကိုင်ခြင်းပြုနိုင်မည် မဟုတ်ကြောင်းကို ရိုးသားစွာ သုံးသပ်မိပေသည်။

## ဘဇ္ဇမင်းအမတ် ရာဇသူရိယရောက်လာခြင်း

ထိုငတပါးမင်းလွန်ပြီးနောက် သရေခေတ္တရာ ၂၄ဆက်မြောက် ဘဇ္ဇမင်းသည် သာသနာတော်နှစ် ၆၁၃-ခုနှစ်တွင် မင်းဖြစ်လာသည်။ ထိုဘဇ္ဇမင်းသည် သာသနာတော်၌ ကြည်ညိုရင်းရှိသဖြင့် ဓညဝတီပြည်ရှိ မဟာမုနိဘုရားကို ပန်း၊ ဆီမီး၊ ဆွမ်းသင်ပုတ် တင်လှူစေရန် အမတ်တော် ရာဇသူရိယကို ပို့လွှတ်ထားရှိလေသည်။ ထိုအမတ် ရာဇသူရိ ယနှင့် ရခိုင်မင်းသားတို့ ဆက်ဆံ ရေးမပြေမလည် ရှိကြ၏။ သို့နှင့်ရခိုင်သားတို့က ထိုအမတ် ရာဇသူရိယကို နှင်ထုတ်လိုက်ကြ၏။

## ဘဇ္ဇမင်းချီလာခြင်း

ရခိုင်မှ ထွက်လာခဲ့သော ရာဇသူရိယအမတ်သည် သရေခေတ္တရာမင်းထံသို့ ရောက်ရှိလာသောအခါ ရခိုင်များ ရန်ပြုသောကြောင့် လာခဲ့ရကြောင်း လျှောက်ထား လေသည်။ ဘဇ္ဇမင်းလည်း ရခိုင်သားများကို မကျေမနပ်ဖြစ်လေ၏။ သို့နှင့် ဆင်၊ မြင်း၊ စစ်သည် ဗိုလ်ပါအလုံးအရင်းများစွာဖြင့် ဘူးရွက်မည်ိုးလမ်း (ငတပါးမင်းဖောက် သောလမ်း) မှ ချီတော်မူလာ၏။ မဟာမုနိဘုရားရှင် ကိန်းဝပ်ရာ သီရိဂုတ္တကုန်းတော်နှင့်

ပတ်ဝန်းကျင်အရပ်တို့၌ တပ်တည်၍ နေလေ၏။

ထိုအချိန် ဓညဝတီ၌ စန္ဒသူရိယမင်းမှ ၃၆ ဆက်မြောက် သူရိယယစ်ကျမင်း စိုးစံလျက်ရှိ၏။ ဘဇ္ဇမင်းသည် သာသနာတော်နှစ် ၆၁၃-ခုနှစ်မကုန်မီ ချီတက်လာခြင်းဖြစ်သည်။ သုံးနှစ် တိုင်တိုင် မဟာမုနိနယ်မြေကို တပ်စွဲပြီး ဝိုင်းရံထား၏။ ရခိုင်ဘုရင် သူရိယစ်ကျမင်းလည်း ဘဇ္ဇမင်းအား ပြန်လည်တိုက်ခိုက်လေ၏။ ဘဇ္ဇမင်းကလည်း မလျှော့သောအင်အားဖြင့် ကြံ့ကြံ့ခံ၏။ အပြန်အလှန်တိုက်ခိုက်နေကြ၏။ ဤသို့ တိုက်ခိုက်ကြရင်း သုံးနှစ်တိုင် ကြာညောင်းလာခဲ့၏။ ထိုမျှကြာလေသောအခါ ဘဇ္ဇမင်း မခံနိုင်ဖြစ်သဖြင့် ပြန်ခဲ့လေသည်။ ဘဇ္ဇမင်းသည် သရေခေတ္တရာသို့ ပြန်ရောက်ပြီး သာသနာ ၆၁၇-ခုနှစ်တွင် လွန်တော်မူ၏။

သရေခေတ္တရာတွင် သုမန္ဒရီမင်းသည် သာသနာတော်နှစ် ၆၂၄-ခုနှစ်သို့ ရောက်သောအခါ ဒေါဒေါသရကိန်း ၆၂၂-ကိုဖြို၏။ ဖြိုကြွင်း(၂)ခု ထားရှိသည်။ ထိုနှစ်တွင် ထိုမင်းလွန်၏။ ဖြိုကြွင်း ၂-ခုတွင် အတိတျာမင်းဖြစ်လာ၏။ သုံးနှစ်နန်းစံပြီး အတိုသက္ကရာဇ်(၅)ခုတွင် အတိတျာမင်းလွန် သည်။ ထိုအတို(၅)ခုတွင် သုပညာနဂရ ဆိန္ဒသည် မင်းဖြစ်လာ၏။

ထိုမင်းသည် ရခိုင်ပြည်၏ သာသနာတော် ထွန်းလင်းစည်ပင်နေသည်ကို ကြားသိလေ၏။ အထက်ဘေးတော် ဘဇ္ဇမင်းလက်ထက် ရခိုင်တို့နှင့် မပြေမလည်ရှိခဲ့ဖူးသည်ကိုလည်း သိ၏။ သို့နှင့် သုပညာ နာဂရဆိန္ဒမင်းသည် စစ်အင်္ဂါလေးပါးနှင့်အစုံဆင်၊ မြင်း၊ စစ်သည် ဗိုလ်ပါများစွာ ဖြင့် ရခိုင်သို့ ချီလာခဲ့လေ၏။ သုပညာနဂရဆိန္ဒမင်းကိုယ်တိုင်ဦးစီး ချီတက်လာသော သရေခေတ္တရာ တပ်မတော်ကြီးသည် ရခိုင်တောင်ပိုင်း ဒွါရာဝတီသို့ ရောက်ရှိလာခဲ့၏။ ဒွါရာဝတီမြို့စား သီရိဝိဇယဗိုလ်မင်းသည် ရုတ်တရက် အင်အားကြီးစွာ ရောက်ရှိလာသော သရေခေတ္တ ရာတပ်မတော်ကြီးကို မည်သို့မျှ မခုခံနိုင်သဖြင့် ဓညဝတီမြို့တော် သူရိယစိတြ မင်းကြီးထံသို့ ထွက်သွားကာ ခိုလှုံနေလေ၏။

သို့နှင့် သုပညာနဂရဆိန္ဒမင်းသည် ဒွါရာဝတီ သံတွဲနယ်ကို သိမ်းပိုက်ထားလေ၏။ သုပညာ နရေဆိန္ဒမင်းသည် ဒွါရာဝတီမြို့၌ နေလေသောအခါ မဇ္ဈိမပုရိသ အတောင်ဖြင့် (၈)တောင် ရှိသော ရွှေစင်အတိပြီးသည့် ရုပ်တုတော်ကို တွေ့ရှိဖူးမြင်ရလေ၏။ ရုပ်တုတော်သည် ရွှေသားပကတိ ရှိလေရကား အလွန်သပ္ပာယ်သော အဆင်းတော်ရှိ၏။ သုပညာနဂရဆိန္ဒမင်းသည် ဘုရားရှင်ကိုယ် တော်မြတ်ကို ဖူးတွေ့ရဘိသကဲ့သို့ အလွန်သဒ္ဓါတော်မူခြင်းဖြစ်ကာ အနားမှ မခွာနိုင်အောင်ရှိ၏။ နေ့ညမပြတ် ဘုရားဝတ်တက် ရှိခိုးပူဇော်ပြုတော်မူ၏။

ဤသို့နေလာခဲ့သည်မှာ သုံးနှစ်တိုင် ကြာညောင်းခဲ့လေပြီ။ ထိုအခါ မှူးတော်မတ်တော် အပေါင်းတို့သည် နေပြည်တော်သို့ ပြန်လိုလှသဖြင့် မင်းကြီးအား ဆင်မြင်း ဗိုလ်ပါ ညောင်းညာကြ ပြီ၊ နေပြည်တော်သို့ ပြန်ချိန်တန်ပါပြီဟု လျှောက်ကြကုန်၏။

မင်းကြီးလည်း ဤဘုရားရှင် ရုပ်တုတော်ကို တင်ပြီးသော် နဂါးရစ်တောင်ကို လှည့်၍ နေပြည်တော်သို့ ဆောင်ယူမည်ဟု မိန့်တော်မူ၏။

မင်းကြီး ဤသို့ မိန့်တော်မူသောအခါ မ-းမတ်တို့သည် စိတ်ဆင်းရဲခြင်းဖြင့် နှလုံးမသာမယာ ရှိကြလေ၏။ မင်းကြီးသည် ခက်လှဘိသော မဖြစ်နိုင်သည့်အရာကို ကြံဘိ၏။ ပင်လယ်ကြောင်း ဖောင်ဖြင့် သွားလျှင် ပျက်စီးသေဆုံးကြပေမည်။ ငါတို့ သားမယားကို မတွေ့နိုင်ပြီဟု ပူပန်ခြင်းဖြစ် ကြကုန်၏။ ထို့ကြောင့် မှူးမတ်ခေါင်းဆောင်တို့သည် အချင်းချင်းတိုင်ပင်၍ ညီညွတ်ကြလေ၏။

အရိမေတ္တယျရုပ်တုတော် သီတင်းသုံးရာ ဂန္ဓကုဋီတိုက် ကျောင်းတော်ပတ်လည် လေးမျက်နှာ၌ ကျုံးမြောင်းနက်စွာ တူကြ၏။ ထိုသို့တူးပြီးနောက် ရုပ်တုတော်ရုပ်တော် မူရာ အောက်သို့ရောက်သည်အထိ ဥမင်လိုဏ်ခေါင်း မြောင်းဖောက်၍တူကြ၏။ ရုပ်တုတော်သည် အောက်၌ မြေလိုဏ်ခေါင်းဖြစ်လေသောကြောင့် မဟန်နိုင်တော့ဘဲ လဲကျတော်မူလေ၏။ ရုပ်တုတော်မြတ် ထိုသို့လဲလျောင်းကျတော်မူသောအဖြစ်ကို မင်းကြီးမြင်တော်မူ၏။ မင်းကြီးက 'အဘယ်ကြောင့် ရုပ်တုတော် လဲတော်မူသနည်း'ဟု မေးလေသော် အမတ်တို့က 'အရှင်မင်းကြီး၊ ဘုရားရှင်ပရိနိဗ္ဗာန်ပြုတော်မူသည်'ဟု လျှောက်ထားကြကုန်၏။ မင်းကြီးလည်း ထိုစကားကို ကြားတော်မူသော် နှလုံးမသာ၍ ခပ်မဆိတ်နေတော်မူသည်။ မှူးမတ်တို့လည်း ထင်းတစ်ယောက် တစ်ချောင်းစီ၊ မီးသွေး တစ်ယောက်တစ်ဆုပ်စီ ထည့်၍ ဖိုကျင်းထိုးကြလေ၏။

မင်းကြီးမြင်လေ၍ 'ဘုရားရှင်ကို အဘယ်ကြောင့် မီးတိုက်ကြသနည်း' ဟု မေးတော်မူ၏။ မှူးမတ်တို့လည်း 'အရှင်မင်းကြီး ဘုရားရှင်ပရိနိဗ္ဗာန်ဝင်သောကြောင့် နတ်တို့မီးသင်္ဂြိုလ်သည်' ဟု လျှောက်ကြပြန်၏။ ဤသို့လျှောက်လျှင် မင်းကြီးလည်း မဟုတ်သောအရာကို ဆိုရာသလောဟု နှလုံးမသာဖြစ်တော်မူကာ ဆိတ်ဆိတ်ပင်နေတော် မူလေ၏။

မှူးမတ်ဗိုလ်ပါတို့ကား ရုပ်တုတော်မှ အရည်ပျော်ပြီး မြောင်းအတွင်း စီးဆင်းလာသော ရွှေတို့ကို ကောက်ယူသိမ်းဆည်းကြကုန်၏။ မင်းကြီးအမျက်ထွက်သည်ကို မှူးမတ်တို့သိလေ၍ အမျက်တော်ပြေစိမ့်သောငှာ ထက်ဝယ်ဖွဲ့ ခွေထိုင်တော်မူဟန် ရုပ်တုတော်ငယ် အဋ္ဌဝီသနှစ်ကျိပ် ရှစ်ဆူကို ရွှေစင်အတိသွန်းပြီး မင်းကြီးအား ဆက်သလေ၏။ ရွှေလျှက်တော်လည်း တစ်ခုသွန်း ၍ ဆက်၍ကျန်ရှိနေသော ရွှေတို့ကို မှူးမတ်ဗိုလ်ပါတို့ ယူကြလေ၏။

ထိုနေ့ညဥ့် သရေခေတ္တရာသို့ ပြန်ကြ၏။ ရောက်လျှင် ထိုဥစ္စာတို့ကို ပြည်သူတို့ သုံးစွဲကြ လေသောကြောင့် သူမြတ် ခုနစ်ယောက်တည်သော ပြည်မြတ်သည် စနောင့်စနင်းရှိလေ၏။ လုစား ယက်စားခိုးသားဓားပြ ထူထပ်လေသောကြောင့် အုပ်ကွပ်မနိုင်ရှိလေ၏။

ထိုသို့ကာလ လေပွေကြမ်းတိုက်လေသောကြောင့် ဆန်ကောလွင့်လေသည်။ ထိုဆန် ကော လွင့်သည်ကို ဆန်ကောရှင်မိန်းမသည် 'ငါ့စကော၊ ငါ့စကော'ဆို၍ လိုက်လေ၏။ ထိုသို့လိုက်လေရာ အထက်က သရေခေတ္တရာပြည်ကို စေကောဖျက်၍ ပျက်လတ္တံ့ဟူသော သိုက်နိမိတ်စကားရှိ လေသည်နှင့် စေကောစစ်လာပြီဟု ထင်မှတ်ကြကာ တစ်ပြည်လုံး ထိတ်လန့်သဖြင့် ပြေးကြလေ၏။

ပြေးသူတို့ကား သုံးစုကွဲလေ၏။ မင်းကြီးလည်း ထိုအခါ နာတော်မူ၍ အိမ်နိမ့်(၁၇)နှစ်၊ စည်းစိမ်တော်(၁၁)နှစ်၊ သက်တော် (၂၈)တွင် အနိစ္စရောက်တော်မူ၏။ နံတော် တနင်္လာသား တည်း။ သက္ကရာဇ်အတို (၁၆)ခုဖြစ်၏။ ခရစ် အေဒီ ၉၄-ခုနှစ်ဖြစ်သည်။

## ရွှေစင်ရုပ်တုတော်အကြောင်း ရှင်းလင်းချက်

ထိုရွှေစင်ရုပ်တုတော် သွန်းလုပ်သော ရုပ်တုတော်အကြောင်းကို ရခိုင်ရာဇဝင်တို့၌ အရိပ်အမြွက်မျှ မပြဆိုဘဲ ငါတို့ မြန်မာရာဇဝင်အစောင်စောင်တို့၌ အညီအညွတ်လာ သည်ဟူ၍ မြန်မာရာဇဝင်ဆရာတို့ ဆိုကြကုန်၏။ မှန်ခဲ့ပါသည်။ ရှေးက ရခိုင်စာပေကျမ်း ဂန်များ တိမ်မြုပ်နေခဲ့ပါ သည်။ သို့သော် ယခုအခါ ထိုအကြောင်းကို ရခိုင်စာပေကျမ်းဂန် အထောက်အထားတွေ့ရှိလေပြီ။ ရက္ခပူရပဝေသန ကုလဝင်ကျမ်း ရှေးစာစောင် မော်ကွန်းပေစာတွင် တွေ့ရှိရကြောင်းကို အရှင်ကောသလ္လ(ဂဝေသီ)က ရွှေအံတော် သမိုင်းနှင့် သံတွဲမြို့ရှိ စေတီပုထိုးများ သမိုင်းစာအုပ်ငယ် တွင် တင်ပြခဲ့လေပြီ။

ဤဆောင်းပါးသည် ထိုအချက်ကို အခြေပြုလျက် ကွင်းဆင်းမြန်မာရာဇဝင်သစ် ပထမတွဲ၊ မှန်နန်းရာဇဝင်တော်ကြီး ပထမအုပ်၊ တောင်ကျောင်း ရခိုင်ရာဇဝင်သစ် ပထမအုပ်တို့နှင့် ကိုက်ညှိကာ ရေးလိုက်ခြင်းဖြစ်ပါသည်။

ရုပ်တုတော် ဥာဏ်အမြင့်ကို ကွင်းဆင်း မြန်မာရာဇဝင်သစ်နှင့် မှန်နန်းရာဇဝင်တို့ တွင် (၈၀)တောင်စီ ဆိုကြ၏။ မုံရွေးဆရာတော်က အတောင်(၈၀)ဖြစ်ကြောင်းကို ရာဇောဝါဒကျမ်း၌ 'မေတ္တာယျဆင်းတု၊ ရွှေရုပ်ပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ် စွင့်စွင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင်ထိုး၍၊ ရသေ့မြို့အားလုံး၊ ယူသုံးကြသဖြင့် ဆုံးဘူး သည်ဘဝ'ဟု စာပေတွေ့ရှိရပါသည်။ သို့ရာတွင် ရခိုင်စာအရှိ တွေ့ရသော (၈)တောင် သည် သဘာဝယုတ္တိ သာကေရှိသည်ဟု ယုံကြည် ရင်းရှိသည့်အတိုင်း ဤဆောင်းပါးတွင် လည်း ဒွါရာဝတီမေတ္တယျ ရွှေဆင်းတုတော်ကို (၈)တောင် ဟူ၍ပင် ဆက်လက်ရေးထိုး လိုက်ပါသည်။

## ရုပ်တုတော် သီတင်းသုံးခဲ့ရာအရပ်

ရုပ်တုတော် သီတင်းသုံးတည်ရှိခဲ့ရာအရပ်ကို အရှင်ကောသလ္လက ဤသို့ပြဆိုပါ သည်။

'လေးမျက်နှာ အမည်တွင်သည့် ကုန်းတော်သည် ရွှေဆင်းတုရပ်တော်မူ ကိန်းဝပ်ရာကုန်းတော်ဟု သုတေသီများက ခန့်မှန်းဆိုကြပါသည်။ ယခုတွေ့မြင်ရသည့်ကျုံးမှာ သုပညာနဂရဆိန္ဒမင်း၏ အမတ်တို့ တူးခဲ့သည့် ကျုံးဟုဆို၏။ ၎င်းကျုံးမှာ ခေတ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်၍ တိမ်ကောကော အိမ်များဆောက်လုပ်ထားကြသည်။ ၎င်းနေရာကို ကျုံးထဲရပ်ဟူ၍ အစဉ်အဆက် ခေါ်တွင်လာခဲ့ရာ ယခုတိုင်တွင်လျက်ရှိ၏။ နောင်တွင် မွန်-ရခိုင် မဟာမိတ်အဖြစ် လေးမျက်နှာစေတီတော်တည်ခဲ့ရာမှ လေးမျက်နှာကုန်းဟုလည်း တွင်ပြန်၏။ လေးမျက်နှာ စေတီသမိုင်းတွင် အကျယ်ရှုပါ'။

ဟူ၍ အရှင်ကောသလ္လ(ဂဝေသီ)က ထိုလေးမျက်နှာကုန်းကိုပင် မေတ္တယျဆင်းတုတော်တည်ရှိခဲ့ရာဟု ဆိုလိုခြင်းဖြစ်သည်ဟု နားလည်ရပါသည်။ သမိုင်းအထောက်အထားရှိလာပြီ ဖြစ်သဖြင့် မှန်ကန်ဖွယ်ရှိပါသည်။ ဤဆင်းတုတော်အကြောင်း ကို ယခင်က ဝိုးတဝါး ထင်မှတ်ခဲ့ရ ၏။ ယခုအခါ အထောက်ပြဖွယ်ရာများ ရှိလာသဖြင့် ၎င်းရွှေဆင်းတုတော်ကို ရခိုင် ဒွါရာဝတီတွင် တစ်ချိန်က ရှိခဲ့ဖူးသည်ကို အဟုတ်အဟတ် ယုံကြည်နိုင်တော့၏။ တည်ရှိခဲ့ရာကာလသည် မဟာသက္ကရာဇ် ၁၂၃-ခု(ဘီစီ-၅၆၈)ခုမှ သရေခေတ္တရာ သုမန္ဒရီမင်းဖြိုကြွင်းသက္ကရာဇ်(၁၅) သို့မဟုတ် (၁၆)ခုနှစ်၊ အေဒီ ၉၃-၉၄ အထိဖြစ်ကြောင်း တွေ့ရှိရပါသည်။ နှစ်အားဖြင့်ဆိုလျှင် ယခု ၁၉၉၈-ခုမှ ပြန်လည်ရေတွက်သော် (၆၆၃)နှစ်ကာလအထိ ဒွါရာဝတီတွင် သီတင်းသုံး ကိန်းဝပ်စံပယ်တော်မူခဲ့ကြောင်းသိရှိရ၏။ ထိုဘုရားရှင် ပျက်စီးပျောက်ကွယ် (ပရိနိဗ္ဗာန်စံဝင်)ခဲ့ သည်မှာကား နှစ်ပေါင်း (၁၉၀၀)ကျော်ရှိခဲ့လေပြီ။

**နိဂုံးစကား**

ဤမေတ္တယျ ဆင်းတုတော်သမိုင်းသည် စန္ဒာသူရိယမင်းမြတ် လက်ထက် မဟာသက္ကရာဇ်၁၂၃၊ (ဘီစီ-၅၆၈)တွင် ဘုရားရှင် ကိုယ်တော်တိုင် ကြီးကြပ်သွန်းလုပ်ပေးခဲ့သော မဟာမုနိသမိုင်းနှင့်လည်း တစ်ကွင်းတည်း ဆက်လျက်ရှိပေ၏။ ထို့ကြောင့် ဘုရားသမိုင်းနှစ်ခုသည် တစ်ခုကိုတစ်ခုက အပြန်အလှန်အားဖြင့် အထောက်အထားပြုလျက် ရှိနေပေ၏။ ပို၍ ခိုင်မာလာ၏။

ထို့ကြောင့် ရခိုင်တို့၏ ဗုဒ္ဓဘာသာကိုးကွယ် ယဉ်ကျေးမှု၊ ဘုရားရုပ်တော်မူသွန်းလုပ်သည့် ဝန်းတင်းပညာရပ်တို့သည် ဘုရားရှင်လက်ထက်တော်အခါကပင် စတင်ဖြစ်ပေါ်ခဲ့သည်ဆိုခြင်းကို ငြင်းပယ်ရန် အကြောင်းအားနည်းခဲ့လေပြီဖြစ်ကြောင်း သိမြင်ကြပေရာသတည်း။

**နန္ဒထွန်း**

<u>**ကျမ်းကိုး**</u>

၁။ ကွင်းဆင်းမြန်မာရာဇဝင်သစ်၊ ပထမတွဲ
၂။ မှန်နန်းရာဇဝင်သစ်၊ ပထမအုပ်
၃။ ရခိုင်ရာဇဝင်သစ်၊ ပထမအုပ်၊ ရမ်းဗြဲတောင်ကျောင်း
၄။ ရွှေအံတော်စေတီသမိုင်းနှင့် သံတွဲမြို့ရှိ စေတီပုထိုးတော်များသမိုင်း ၊ အရှင်ကောသလ္လ(ဂဝေသီ)
၅။ သက္ကရာဇ်စဉ် သုံးမျိုးယှဉ် ရခိုင်ရာဇဝင်ချုပ်၊ နန္ဒာထွန်း-လက်ရေးမူ။

# ရခိုင်နာမ ဘွဲ့မည်လှ

ဂနိန့် ရခိုင်ဒေသစာပီလောကမှာ ရခိုင်နာမေ အကြောင်းနန့် နာမေထည့်နည်းများကို ရခိုင်၊ စိုင်းတင်၊ ရမ္မာစသော မဂ္ဂဇင်းတိမှာ ဆရာ့ဆရာတိ ဝေဖန်ဆွေးနွေးတင်ပြလာ စွာတိကို တွိရရေ။

အပွီးမြင် အပင်သိ၊ အသွီးမြင် အသွင်သိဆိုရေ ရှိစကားအတိုင်း 'နာမေမြင် လူမျိုးသိ'အစီအစဉ်ဖြင့် လူမျိုးတစ်မျိုး၏ သင်္ကေတအဖြစ် နာမေကိုကြားလိုက်ကေ ရခိုင်လို့ သိအောင် ဦးတည်အာရုံပြုလာကတ်စွာတိ တွိရရေ။

တချို့က ဗေဒင်ပညာအရ၊ တချို့က ဆွေမျိုးစိုင်ဆက်အရ၊ တချို့က အမြစ် အပင် အညွန့် ပုံစံ၊ တချို့က လှလှပပ၊ တချို့က ချခြူသခြူ (ကတ်သီးကတ်သတ်)စရေ စနစ် တိကို ကြိုက်တေ ပိုင်ပုံစံပမာ အထောက်အထားများစွာနှင့် တင်ပြလာကတ်တေ။ စွာတိ လဲတွိရရေ။

မကြာသိခင် ရာစုမဟုတ်သိရေ ဆယ်စု-၃၊၄၊၅ စုလောက်အချိန်က 'ခိုင်'တပ်လို့ သုံးစွဲခရေ ဓလေ့တစ်ခုကိုလည်း တွိရပြန်ရေ။ ယောက်ျား၏နာမေအစမှာ 'ခိုင်'တပ်လို့။ ခိုင်သာထွန်းကျော်၊ ခိုင်မိုးကျော်သိန်း၊ ခိုင်ရာဇာ၊ ခိုင်မိုးလင်း၊ ခိုင်ကျော်စိန်ထွန်း၊ ယင်းနည်းတူ မိန်းမ၏ နာမေအဆုံးမှာ 'ခိုင်'တပ်လို့။ စောမြတ်ခိုင်၊ သန္တာခိုင်၊ သဇင်ခိုင် လို့'ခိုင်အစယောက်ျား၊ ခိုင်အဆုံး မိန်းမ'လို့ သင်္ကေတ ပြုလာကတ်တေ။ အင်အားစုတိ ကလည်း တွိလာရရေ။ ယင်းစနစ်လေ့ ဂနိန့်ထိ အတိုင်းအတာ တစ်ခုလောက်ရာ အောင်မြင်ပြီး တစ်လူမျိုးလုံး လက်ခံလာရေအဆင့်သို့ ဂနိန့်ထိရောက်စွာ မတွိရသိ။

ဒေကိစ္စနှင့်ပတ်သက်လို့ ပေါ်လစီ စာရီးဆရာတစ်ယောက်က စာနယ်ဇင်းတစ်ခုမှာ 'ခချီးအောင်၊ ချလူးအောင်၊ ချစာရှိန်း' နာမေများကို တင်ပြဖူးစွာကို မှတ်မိ၊ ဖတ်မိလိုက်ယင့်။ ယင်းစနစ်ကား ရခိုင်တို့၏ကောင်းသော လက္ခဏာပြ နာမေထည့်နည်း သင်္ကေတကို

ဂရုမထူ၊ အရေးမစိုက် ခလို့ရာ။ နာမေထည့်နည်းများစွာထဲက သားမြီးမတင်လို့၊ ပြစ်မှု တစ်ခုခု၊ အငယ်ကပင် ထူးချွန် လို့ ထည့်ရေ ချခြုသခြု နာမေထည့် စနစ်လေ့ ရခိုင်မှာ ဟိသိရေ ကားဆိုရေ အသိတစ်ခုရာ ဝင်ခဖို့ဆိုကေ ယင်းကိစ္စကို ပြောစရာလိုဖို့မဟုတ်။

ဇာနည်း ဇာကိစ္စနှင့်ပင် ထည့်ထည့် ရခိုင်နာမေများသည် သုံးလုံးသာ အထည့်များ ခြင်း၊ သုံးလုံးထက်ကျော်လွန်၍လည်း ထည့်ခြင်း၊ တစ်လုံးစီတစ်လုံးစီတွင် အဓိပ္ပာယ် တစ်မျိုးစီ ပါဝင်ခြင်း၊ နာမေစုပေါင်းအဓိပ္ပာယ်သည်လည်း အဆင်ပြေလိုက်လျောညီစွာ ဟိခြင်း၊ တည်ငြိမ်ရင့်ကျက်သော အဓိပ္ပာယ်ရှိခြင်းများပါဟိရာ အဓိပ္ပာယ် ရင့်ကျက် ပြည့်စုံ၍ အနာဂတ်ကို မျှော်မှန်းပြီး နာမေအရှည် ထည့်ခြင်းများကို ရခိုင်နာမေဟုပင် သတ်မှတ်ကြရပေမည်။

ဤနေရာ၌ စာရေးသူရို့သည် စနစ်အကြောင်းကို များစွာမပြောချင်။ မဝေဖန်ချင် သိပါ။ စာရေးသူရို့ စုပေါင်းရဟိထားရေ ရခိုင်နာမေတိကိုရာ ဒေသ၊ ရပ်ရွာအလိုက် နာမေတိကို ထုတ်ပြလို့ အဓိပ္ပာယ်မျှော်မှန်းသက်ရောက်မှုတိကိုရာ တင်ပြလားပါမေ။ ရခိုင်နာမေသုတေသီရို့အတွက် အထောက်အကူပြုရေဆိုကေပင် စာရေးသူရို့ ကျေနပ် မိပါယင့်။

ဖစောဖြူ(ရခိုင်ဘုရင်)

ဖ=အမိအဖနှစ်ဦးမှ အဖကို (ဖခင်ကို) ကိုယ်စားပြုသည်။

စော=ပိုင်ဆိုင်မှု။(စောစော၊ စောစောစီးစီး၊ စောစီးစွာ)

(သို့=စိုး)။

ဖြူ=ဖွီး။ ဖြူဖြူဖွီးဖွီး။ သန့်ရှင်းပြောင်စင်၊ လှပခြင်း။

စုပေါင်းလိုက်ကေ ဖခင်၏ အရိုက်အရာများကို စော(စိုး)ပိုင် အုပ်ချုပ်နိုင်လိမ့်မည့် သားလှ ဖြူစင် ဖစောဖြူဖြစ်၏။

မြတ်သာထွန်း(ပညာဟိ)

မြတ်=မြင့်ခြင်း၊ မြတ်ခြင်း၊ မြင့်မြတ်ခြင်း။

သာ= သာလွန်ကောင်းမွန်ခြင်း။

ထွန်း=ထွန်းကားခြင်း။

စုပေါင်းလိုက်ကေ သူများတိထက် မြင့်မြတ်သာလွန် ထွန်းကားတောက်ပြောင်သော သား ရတနာ မြတ်သာထွန်းပင်ဖြစ်၏။

ကိုင်း. . . . လူထုဘက်ကို လှည့်ကြည့်ကတ်ဖို့။

ပေါ်ထွန်းအောင်(ဆရာတော် ဥတ္တမ)

ပေါ်=ပေါ်ပေါက်ထွက်ပေါ်လာခြင်း

ထွန်း=ထွန်းတောက်ခြင်း၊ ထွန်းကားခြင်း။

အောင်= အောင်မြင်ခြင်း၊ ကျော်ကြားခြင်း။

စုပေါင်းလိုက်ကေ ပေါ်လွင်ထင်ရှားထွန်းတောက်အောင်မြင်လာလိမ့်မည့် ပေါ်ထွန်းအောင် ဖြစ်၏။

စာရေးသူရို့သည် ဝက်ပုပ်ရွာမှ သက်ကြီးရွယ်အိုများ၏ နာမေတိကို စုပေါင်းမှတ်ယူခရာ အောက်တွင်တင်ပြလိုက်ပါသည်။

ပန်းရွှီအောင်

ပန်း=ပန်းပွင့်(လှပခြင်း၊ အနံ့မွှီးကြိုင်ခြင်း)

ရွှီ=ရွှီရောင်ကဲ့သို့ ဝါဝင်းလင်းထိန်ခြင်း။ (ယခု ရွှေသတ္တု)

အောင်=အောင်မြင်ခြင်း။

စုပေါင်းလိုက်ကေ ပန်းပိုင်၊ ရွှီပိုင် လှပအောင်မြင်လာလီဖို့ ပန်းရွှီအောင်ဖြစ်၏။

ရွှီလှစံ

ရွှီ=ရွှီ(ရွှေ)ရွှီကဲ့သို့ လှပခြင်း၊ လင်းထိန်ခြင်း၊ အနှစ်ပြည့်ခြင်း၊ တန်ဖိုးဟိခြင်း။

လှ=လှပခြင်း။

စံ=အောင်မြင်ခြင်း၊ စံစားရခြင်း။

စုပေါင်းလိုက်ကေ ရွှီပိုင်လှပအောင်မြင်ဖို့၊ စံစားရဖို့ ရွှီလှစံ ဖြစ်၏။

ဦးသာထွန်း

ဦး=ပထမ၊ အဦးဆုံးမွီးသောသူ။

သာ=သာခြင်း၊ သာလွန်ခြင်း၊ မြင့်မြတ်ခြင်း။

ထွန်း= ထွန်းကားခြင်း၊ တောက်ပခြင်း။

စုပေါင်းလိုက်ကေ သူများထက်သာပြီး ထွန်းတောက်လာဖို့ သားဦးရတနာ ဦးသာထွန်း ဖြစ်၏။

ဦးစိန်မောင်ကြီး

ဦး=အဦးဆုံးမွီးသောသူ။

စိန်=စိန်သတ္တု၊ စိန်ရတနာ၊ (တန်ဖိုးကြီး)။

မောင်=အစ်မ၊ ညီမ၏မွီးဖော်၊ မောင်။

ကြီး=အကြီး၊ အကြီးသန်၊ သန်မာကြီးထွားခြင်း။

စုပေါင်းလိုက်ကေ အစ်မ၊ ညီမရို့ ချစ်ဖို့ကောင်းရေ မောင်၊ တန်ဖိုးကြီးရေမောင် သန်မာ ကြီးထွားရေ မောင်၊ အရင်ဆုံးမွီးရေ မောင် ဦးစိန်မောင်ကြီးဖြစ်၏။

ဦးကြာသွင်

ဦး=အဦးဆုံးမွီးသူ။

ကြာ=ကြာပန်း၊ ကြာပွင့်။

သွင်=ဥပမာ၊ အသွင်တူခြင်း၊ ပုံစံတူခြင်း။

စုပေါင်းလိုက်ကေ အဦးဆုံးမွီးရေ ကြာပွင့်ပိုင် လုပမွီးကြိုင်ရေ ဦးကြာသွင်ဖြစ်၏။
စိန်နုဖြူ
စိန်=ရတနာစိန်
နု=နုနုညံ့ညံ့
ဖြူ=ဖြူဖွီးသန့်စင်ခြင်း။
စုပေါင်းလိုက်ကေ စိန်ရတနာပိုင် တန်ဖိုးကြီးမား ဖွီးသန့်စင်ရေ နုညံ့ချောမော လုပရေ စိန်နုဖြူဖြစ်၏။
ထွီးသျှင်မ
ထွီး=အထွီးဆုံး၊ အသက် ၄၀ မှ ရလာသော သားသမီး။
သျှင်=အရှင်၊ အိမ်ရှင်၊ ရတနာပိုင်ရှင်။
မ=အမသတ္တဝါ။
စုပေါင်းလိုက်ကေ အထွီးဆုံး မွီးဖွားလာရေ အိမ်ရှင်မကောင်း ဖြစ်လာဖို့ မိန်းမ ထွီးသျှင်မ ဖြစ်တေ။
ထွီးသျှင်ဖြူ
ထွီး=အထွီးဆုံး။
သျှင်=အရှင်၊ ပိုင်ရှင်၊ ရတနာပိုင်ရှင်။
ဖြူ=သန့်ရှင်းဖြူစင်။
စုပေါင်းလိုက်ကေ အထွီးဆုံးမွီးရေ အသားဖြူစင် သန့်ရှင်းလှပရေ အိမ်ရှင်၊ ရတနာပိုင်ဖြစ် ဖို့ ထွီးသျှင်ဖြူဖြစ်၏။
နှင်းရွှီဖြူ
နှင်း= အပ်နှင်း၊ ချမ်းအီးခြင်း၊ ဆောင်းရာသီနှင်း။
ရွှီ=ရွှီရတနာ၊ တန်ဖိုးဟိရေရွှီ၊ အနှစ်ဟိရေ။
ဖြူ= ဖြူစင်လှပခြင်း။
စုပေါင်းလိုက်ကေ ဆောင်းရာသီမှာ ကျရောက်တေ နှင်းဟိပိုင် အီးချမ်းရေ၊ ရွှီပိုင်တန်ဖိုး ဟိရေ၊ ဖြူစင်လှပရေ သမီး၊ နှင်းရွှီဖြူဖြစ်၏။
ထွန်းသာစိန်
ထွန်း=ထွန်းထွန်းကားကား၊ ထွန်းပေါက် တောက်ထွန်း။
သာ=သာလွန်၊ သာသာယာယာ။
စိန်=စိန်ရတနာ၊ တန်ဖိုးကြီး။
စုပေါင်းကေ သူများထက် ထွန်းကားသာလွန်၍ စိန်ရတနာပိုင် တန်ဖိုးကြီး ဖြူစင်ရေသား ထွန်းသာစိန်။
နီစံဖြူ

နီ=နီ၊ ထွက်နီ၊ နီနီရဲရဲ၊ နီမင်းကြီး။
စံ=စံစားခြင်း။
ဖြူ=ဖြူဖွီးလှပခြင်း။
စုပေါင်းကေ နီမင်းကြီးပိုင် ပူပြင်းတန်ခိုး ထက်မြက်ပြီး စည်းစိမ်မျိုးစုံကို ခံစားရဖို့ သားလှ ဖြူစင် နီစံဖြူဖြစ်၏။ (နီမင်းကြီး၏ အနွယ်၊ သူရိယဝံသ)
စာရှည်လတ်မေ ကြောက်လို့ တန့်ကတ်ဖို့ နန့်ရာ၊ နောက်အကြောင်းဆုံကေလေ့ တင်ပြပါ ဖို့သိ၊ ရခိုင်နာမေ သုတေသီရို့ ကြိုးစားနိုင်ကတ်ပါစီ။

**မဟာမြဝါ**

# မြောက်ဦးမြို့ပြတိုက်မှ ထူးဆန်းသောကျောက်စာတစ်ချပ်

မြောက်ဦးမြို့စွာ ရှေးခေတ်က ရခိုင်မင်းရို့ နောက်ဆုံးထီးနန်း စိုက်ခရေ မြို့တော်ဟောင်း တစ်မြို့ဖြစ်ပါရေ။ မြောက်ဦးမြို့စွာ ရခိုင်ဘုရင်ရို့၏ ရှေးဟောင်းမြို့တော်၊နေရာဟောင်းတစ်ခုဖြစ်လို့ ရှေးနှစ်ပေါင်းများစွာကပင် ရခိုင်ရို့၏ ရှေးကျရေ ဗိသုကာပညာ၊ ကျောက်ဆစ်ရုပ်လုံးကြွပညာတိ ကို ဘုရားပုထိုးစေတီများ နေရာအနှံ့မှာ တွေ့ဟိရပါရေ။ ယင်းအတွက်နန့် မြန်မာနိုင်ငံအရပ်ရပ်က စာပေနန့် သမိုင်းသုတေသီကြီးတိ၊ နိုင်ငံရပ်ခြားက စာပေသမိုင်းသုတေသီကြီးတိ၊ မြန်မာနိုင်ငံ တစ်ဝှမ်းက တက္ကသိုလ်ဘွဲ့အတွက် စာတမ်းပြုစုဖို့ လာကတ်တေ ကျောင်းသူ၊ ကျောင်းသားတိ နန့် ဝင်ထွက်မစဲဟိလှုပါရေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကလေ့ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်မှာ ရှေးဟောင်းသုတေသနဌာနခွဲ ပြတိုက်တစ်ခုကို မြောက်ဦးမြို့မှာ ဖွင့်လှစ်ထားဟိပါရေ။

ယင်းရှေးခေတ်ဟောင်း သုတေသနပြတိုက်ထဲမှာ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်ရို့က ဗုဒ္ဓဆင်းတုတော်တိနန့် ကျောက်ဆစ်လက်ရာ၊ ကျောက်စာတိ အများကြီး ဟိပါရေ။ ဗုဒ္ဓဆင်းတုပုံတော်၊ ဘုရင်မင်းမြတ်ရို့၏ ဘိသိက်သွန်းပုံတော်တိမှာ ကြေးသွန်းပညာ၊ ပန်းတော့၊ ပန်းတမော့ပညာ အစခပ်သိမ်းသော ကျောက်ဆစ်လက်ရာတိနန့် ကောင်းကောင်း ကြီး လက်ရာပြောင်မြောက်လှုပါရေ။

ထိုကျောက်ဆစ်လက်ရာ ကျောက်စာတိထဲက အဂု ကျွန်တော်တင်ပြချင်ရေ ကျောက်စာတစ်ချပ်က အနော်မာဘုရားမှာ တွှဲဟိရေလို့ အမည်တပ်ပီးထားရေ ကျောက်စာတစ်ချပ်ဖြစ်ပါရေ။ အခြားအမှတ်အသားပါဟိရေ ထူးဆန်းသော ကျောက်စာတိလေ့ အများကြီးဟိပါသိရေ။

ရခိုင်သားကြီးစာပေ

ကျွန်တော် သတိပြုပြီးကေ ကြည့်ရေခါ ယင်းကျောက်စာမှာ ထူးဆန်းရေ အမှတ်အသားသျှေတစ်ခုပါစွာကို တွေ့ဟိပါရေ။ ကျောက်စာ ပုံပန်းသဏ္ဍာန်ကတော့ခါ မြင်းခေါင်းလိုလို၊ ဘာလိုလိုဖြစ်ပါရေ။ သဘာဝကျောက်တုံးတစ်တုံးကို ရှာပနာ ပညာဟိကြီး တစ်ယောက် ယောက်က ရီးထားခရေ ကျောက်စာတစ်ချပ်လို့လေ့ ထင်မြင်ယူဆမိပါရေ။

ဇာဖြစ်လို့ ထင်မြင်ယူဆမိရေလဲဆိုကေ ယင်းကျောက်စာမှာ ထိပ်ပိုင်းက တွေ့ရရေ အပေါက်သျှေတစ်ပေါက်က စာ၏အဓိပ္ပာယ်နန့် တွဲလို့ဖတ်မှ ပိုလို့ အဓိပ္ပာယ်ပေါ်စွာကို တွေ့ဟိရပါရေ။ ထပ်ဆုံးကရီးထားရေ စာလုံးကတော့ခါ ပျက်ချင်ချင်ဖြစ်နီနီလို့ ကောင်းကောင်းကြီးထင်ထင် ရှားရှားဖတ်လို့ မရပါယာ။

ယေကေလေ့သော့ ကျွန်တော်ကြိုးစားလို့ ဖတ်ကြည့်ရေခါ ဇာပိုင်အဓိပ္ပာယ်ထွက်တေလဲ ဆိုကေ ထိပ်ဆုံးစာလုံး'မောင်'ကို 'မောင်'လို့ အဓိပ္ပာယ်ကောက်ယူလိုက်တေ။ 'မောင်ပေါက် ကျိုင်း'လို့ အဓိပ္ပာယ်ရပြန်ရေ။ တကယ်လို့ရာ ထိပ်ဆုံးကစာလုံးကို 'တောင်' လို့ အဓိပ္ပာယ်ကောက်ယူလိုက်ကေ 'တောင်ပေါက်'လို့လေ့ အဓိပ္ပာယ်ကောက်ယူနိုင်ပြန်ရေ။ ကျောက်စာရီးထားရေ ကျောက်တုံးပုံပန်းကို ပန်းချီရှုထောင့်တစ်နိန်ရာက သုံးသပ်ကြည့်လိုက်ပြန်ကေ မြင်းအခေါင်းနန့်လေ့ တူနီရေအတွက်နန့် ဒေကျောက်စာရေ ကောင်းကောင်းထူးဆန်းရေ ကျောက်စာတစ်ချပ်ပါကားလို့ သဘောပေါက်မိပါရေ။

မြောက်ဦးမြို့ပြတိုက်ကို ဗဟုသုတအဖြစ် လေ့လာဖို့လားရေခါ ထူးဆန်းရေ အမှတ်အသားပါ စာပန်းချီကျောက်စာတစ်ချပ်ဖြစ်လို့ ကျွန်တော် တကူးတကကူးယူပနာ ကြည့်မိပါရေ။ ကျောက်စာမှာ စာကြောင်းရေ (၁၂)ကြောင်း ပါဟိပြီးကေ ကျောက်စာ၏ အလျား(သို့မဟုတ်) အမြင့်က (၁)တောင်ဟိပါရေ။ အနံကတော့ခါ တစ်ထွာနန့် လက်နှစ်လုံးဟိပါရေ။ ထုထည်အထူက (၁)ထွာဟိပါရေ။ ကျောက်စာ အောက်ဆုံးမှာ တော့ခါ ထူးဆန်းရေပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတ အမှတ်အသား(၃)ခု၊ (LL)ပါဟိစွာကိုလေ့ တွေ့ရပါရေ။ လျှို့ဝှက်တေ သင်္ကေတအမှတ်အသားတိနန့် ရီးထားစွာကိုလည်း တွေ့ရပါရေ။ လျှို့ဝှက်တေ သင်္ကေတအမှတ်အသားတိနန့် ရီးထားစွာကျောက်စာတော့ မဟုတ်ပါ။ ပိဋကတ်သင်္ချာနည်းနန့် ရီးထားရေ စာမျိုးလည်း မဟုတ်ပါ။ ကိုယ်ရို့ ရခိုင်ဘာသာစကားနန့် ရီးထားရေ ကျောက်စာတစ်ချပ်ရာ ဖြစ်ပါရေ။

ကျောက်စာက ငယ်ကေလေ့ မြန်မာဘာသာစကားဆိုင်ရာ လေ့လာစရာ အချက်တိပါရေ အတွက်နန့် ကျွန်တော်သိသလောက် ဗဟုသုတအတိုအထွာသျှေတိကို စာပေကို လေ့လာ လိုက်စောရေ လူငယ် စာဖတ်ပရိသတ်ရို့ ဝေဖန်စဉ်းစားနိုင်ရန် လေ့လာတင်ပြရခြင်းရာဖြစ်ပါရေ။

ကျောက်စာ၌ပါရှိသော မြန်မာဝေါဟာရများ

မတွေစီ = မတွေ့ရစေ

ကျံနဗ် = ကျွန်ုပ်၌
အကိုဝ်= အစ်ကို
အဝီဇိပါ =အဝီစိငရဲ
သရင် = သျှင်ဘုရင်
ဟိ = ရှိ
စာနှင့်တွဲထားရေ အမှတ်အသားစာ
ႋ ။ ၁င် = မောင်ပေါက်ကျိုင်း။
॥ ॥ ॥ =သာဓု-၊ သာဓု-၊ သာဓု-။
စာနှင့်တွဲလို့ အဓိပ္ပာယ်ထွက်အောင်ရီးထားရေ
အထက်အောက်စာကြောင်း၊ စာလုံး ဆင့်များ၏
ငရဲသစ်ငုတ် = ငရဲသစ်ငုတ်
သတိုက် = သစ္စာတိုက်က
အကိဥ်လေ = အစ်ကိုလည်း
သော = စီသော
သံပြောင်းပြသင်္ကေတ
ချိုယွင်းချက်(အောက်မြစ်၊ ဝစ္စပေါက်)
မတွေစီ = မတွေ့စီ
အကိဥ်လေ = အစ်ကိုလည်း

ကျွန်တော်လည်း ကျောက်စာကို ကောင်းကောင်းဖတ်တတ်တေ လူတစ်ယောက် မဟုတ်ပါ။ မိမိလေ့လာသိဟိထားရေ စာပေဗဟုသုတတိနန့် ပေါင်းစပ်ပနာ ဖတ်ကြည့်ရေခါ တချို့စာကြောင်းတိကို အဓိပ္ပာယ်ပေါ်အောင် ဖတ်နိုင်ကေလေ့ တချို့ဝေါဟာရ စာလုံး၊ စကားလုံး တိကို အဓိပ္ပာယ်ပေါ်အောင် မဖတ်နိုင်ပါ။

ယကေလေ့ စိတ်ဝင်စားဖို့ကောင်းရေ ကျောက်စာတစ်ချပ်ဖြစ်ပြီးကေ စာကြောင်းရေ (၁၂)ကြောင်းရာပါဟိရေ ကျောက်စာတစ်ချပ်ဖြစ်လို့ စာဖတ်ပရိသတ်ရို့ မျှဝီခံစားကြည့်နိုင်ပါရန် မိမိလေ့လာသိဟိသလောက်ကို ဗဟုသုတရှုထောင့် တစ်နိန်ရာက ရီးသားတင်ပြခြင်းရာ ဖြစ်ပါရေ။ ကျွန်တော်လေ့လာတင်ပြချက်တိစွာ အခြားကျောက်စာပညာရှင်ရို့ တင်ပြစွာနန့် တူချင်မှ တူနိုင်ပါ လိမ့်မေ။ တကယ်လို့ လိုအပ်ချက်တိဟိခကေလေ့ ပညာမပြည့်စုံရေ ကျွန်တော်ပိုင် လူငယ်သျှ တစ်ယောက်ကို ခွင့်လွှတ်နိုင်ကတ်ပါလိမ့်မေလို့လေ့ ယုံကြည်မိပါရေ။

ကျောက်စာမှာ ရီးထားရေ တချို့ဝေါဟာရစကားလုံးတိက ကျွန်တော်ရို့ အဂုမြန်မာစာ ရီးရေခါ ထုံးနိန်ကတ်တေ ဝေါဟာရတချို့ဖြစ်တေအတွက်နန့် မြောက်ဦးခေတ်ကပင် စပြီးကေ ရခိုင်-ဗမာ ဝေါဟာရများရောနှောရေ စာပီအရီးအသား ထွန်းကားနိန်ဗျာလို့

လေ့လာသိဟိနိုင်ပါရေ။ ယင်းအတွက်နန့် စာဖတ်သူရို့ နားလည်သိဟိနိုင်ရန် ကျောက်စာ မှာ တွိဟိရရေ မြန်မာဝေါဟာရ စကားလုံးများကို ထုတ်နုတ်တင်ပြထားပါရေ။

နောက်တစ်ခု စိတ်ဝင်စားဖို့ကောင်းစွာက စာနန့်တွဲထားရေ သဘာဝအမှတ်အသားတစ်ခု-ဖြစ်ပါရေ။ စာနန့်တွဲလို့ ဖတ်လိုက်တေခါ မောင်ပေါက်ကျိုင်း (သို့မဟုတ်) တောင်ပေါက်လို့ အဓိပ္ပာယ်ပေါ်ရေအတွက်နန့် ပေါက္ကံခေါ် ပုဂံပြည်က မောင်ပေါက်ကျိုင်း ရာဇဝင်နန့် ဗုဒ္ဓဝင် တောထွက်ခန်းကို သရုပ်ပေါ်အောင် ရီးမှတ်ထားခရေစာလို့ ခန့်မှန်းနိုင်ပါရေ။ တစ်ဖက်က ကြည့်လိုက်ကေ ဂေါတမဗုဒ္ဓဘုရားရှင် သေလာဂီရိခေါ် ကျောက်တော်တောင်ကို ကြွရောက်လာရေအကြောင်းကို ရည်ညွှန်းပနာရီးထားခရေ အထိမ်းအမှတ်ကျောက်စာဖြစ်တေလို့လည်း အဓိပ္ပာယ် မှတ်ယူနိုင်ပါသိရေ။

ဗုဒ္ဓဝင်တောထွက်ခန်း အထိမ်းအမှတ်ဖြစ်တေ အနော်မာဘုရားတည်ရေကာလက မြင်းဦး ခေါင်းနန့်တူဂေ သဘာဝကျောက်တုံးမှာ ရီးထားစွာကပင် ကျောက်စာကို ပိုပြီးကေ အဓိပ္ပာယ် ပေါ်လွင်စီပါရေ။ ကျောက်စာရီးထိုးခရေ ပညာရှင်၏ ဇဝနဉာဏ်၊ ဟာသဉာဏ် ကောင်းစွာကိုလေ့ ခန့်မှန်းနိုင်ပါရေ။ ကျောက်စာရီးထိုးခရေ ပုဂ္ဂိုလ်ကား သာမန် ပုဂ္ဂိုလ်မဟုတ်ကြောင်းလည်း ခန့်မှန်း နိုင်ပါရေ။ ‘ငယ်ရာငယ်ရေ စာသျှမျိုး’လို့ တင်စားလောက်တေ ကျောက်စာတစ်ချပ်လို့ လေ့ခံယူမိ ပါရေ။ ကျောက်စာ၏အောက်ဆုံးမှာ ပုဒ်ဖြတ်၊ ပုဒ်ရပ် သင်္ကေတ သဘောရီးထားရေ အမှတ်အသား သုံးခု( ‖ ‖ ။)ကလည်း ကျောက်စာကို ပိုပြီးကေ လေးနက်စီပြန်ရေ။ ယင်းအမှတ် အသားသုံးခုကို ကျွန်တော်ကတော့ခါ ‘သာဓု-သာဓု သာဓု’လို့ ရီးမှတ်ထားစွာလို့ ထင်ပါရေ။ ယင်းအတွက်နန့် ‘သာဓု သာဓု သာဓု’လို့ အဓိပ္ပာယ် ဖွင့်ဆိုလိုက်ပါရေ။

နောက်တစ်ခု စိတ်ဝင်စားဖို့ကောင်းစွာက အက္ခရာစာလုံးနန့် တွဲပြီးကေ ရီးထားရေ စာကြောင်းတိ ဖြစ်ပါရေ။ အထက်က စာကြောင်းမှာ ရီးပြထားရေ စကားလုံးနန့် အောက်က စာကြောင်းမှာ ရီးထားရေဝေါဟာရ စကားလုံးတိက တစ်လုံးနန့် တစ်လုံး အက္ခရာစာလုံး အလိုက်၊ စကားလုံးအလိုက် သတ်ပုံသတ်ညွှန်းချင်း ဆက်စပ်နိန်ရေအတွက်နန့် ထူးခြားလေးနက်တေ အဓိပ္ပာယ်ကို ဖော်ဆောင်ကြောင်း တွိရပါရေ။

အခြားသိမှတ်စရာကောင်းရေ အချက်တစ်ခုက သေးသေးတင်၊ အောက်မြစ်၊ ဝစ္စပေါက်ရို့ကို မတွိဟိရခြင်းဖြစ်ပါရေ။ ယင်းခေတ် ယင်းအခါက စာပီအရေးအသားတိမှာ သေးသေးတင်၊ အောက်မြစ်၊ ဝစ္စပေါက်ရို့ သုံးနှုန်းပနာ ရီးသားမှုမဟိသိကြောင်း လေ့လာသိဟိနိုင်ပါရေ။

နောက်တစ်ခုက ဒေကျောက်စာရေ အဂုခေတ် စစ်တုရင် ကစပ်တေခါ အသုံးပြုရေ မြင်းရုပ်သျှေပိုင်လည်း ဖြစ်နိန်ပါရေ။ ယင်းအတွက်နန့် စာပီကို လေ့လာလိုက်စားကတ်တေ အနာဂတ်လူငယ် စာပေပညာရှင်တိအတွက် အသေးအဖွဲ့သျှေတစ်ခုလို့

မယူဆမိဖို့ အရေးကြီးပါရေ။ တစ်ခါတစ်ခါ သေးငယ်ရေအကြောင်းအရာသျှေတိလေ့ အရေးကြီးရေအခန်း ကဏ္ဍတစ်ခုအဖြစ် ပါဝင်နိန်တတ်တေဆိုစွာကို ကျွန်တော့်အနေဖြင့် စာပေအရေးအသား ရှုထောင့်တစ်နေရာမှ အကြံပြုတင်ပြအပ်ပါသည်။

**မြတ်စောမွန်(ပညာရေး)**

# ရခိုင်ထုံးဓလေ့   ကင်းပွန်း

လူမျိုးတစ်မျိုး၏ ထုံးဓလေ့ဆိုရေ သဘောလက္ခဏာစွာ လူမျိုးကြီးရေဖြစ်စီ၊ ငယ်ရေ ဖြစ်စေ ပဓာနမဟုတ်၊ လူမျိုးတိုင်း လူမျိုးတိုင်းမှာပင် ဟိကတ်စမြဲပါဗျာယ်။ ယင်းသဘော လက္ခဏာရေ ထိုလူမျိုးရို့၏ အတွင်းစိတ်သဏ္ဍာန်မှာ ကိန်းဝပ်ခံစားချက်နန့် ယုံကြည်ချက် တစ်ခုပါဗျာယ်။ ဟိုး ရှီးပဝေသဏီကပင် ဆင်းသက်လာရေ မြတ်နိုးမှု၊ တွယ်တာမှု၊ ယုံကြည်မှုတိဖြစ်တေအတွက်နန့် ဇာယုံကြည်မှုမျိုးမဆို ဖုံးလွှမ်းလာရေဖြစ်စီ၊ အတွင်းစိတ် သဏ္ဍာန်မှာ စွဲလမ်းကြီးထွားနိန်စွာကို မဖယ်ရှားနိုင်ပါ။

ယေဇုနန့် ဒေနိန်လက်ဟိယုံကြည်ချက်အဖြစ် လက်ကျန်တဆိတ်ကေ ဟိသိရေ ဆိုစွာကို ပြည်သူရခိုင်ရို့ကို တင်ပြချင်ပါရေ။ လူမျိုးရီးအမျိုးမျိုး၊ ထုံးဓလေ့အမျိုးမျိုး ဟိကတ်စွာအနက် သဲတစ်ပွင့်၊ အုတ်တစ်ချပ်အဖြစ်နန့် မီးဖွားစကပင် သီအောင်ထိ အသုံးပြုရရေ အယူအဆသျှေတိထိန်း သိမ်းသင့် မသိမ်းသင့် ဆိုစွာကို ဆွေးနွေးပါမေ။ ရခိုင်တိမှာ ကင်းပွန်းဆိုရေ စကားတစ်လုံးရေ အလွန်အရေးကြီးပနာ ဒေနိန့်ထိ အသုံးပြုဗျာယ် ဟိကတ်ပါသိရေ။ကင်းပွန်းဆိုရေစကားမှာ ကင်း ပွန်းသီးအမှည့်ကို ဖြုတ်ပနာနယ်ပြီး နန္ဒင်းမှုန့်ဆီရောပနာ ပြုလုပ်ထားသောအရာပင် ဖြစ်ပါရေ။

ယင်းပြုလုပ်ထားသော ကင်းပွန်းကို ကင်းပွန်းသင့်သော လူတိအားလုံး ကိုင်ရပါရေ။ ယင်းကိုင်မကိုင်ကေ ကင်းပွန်းသင့်ပါရေ။ ကင်းပွန်းသင့်ရေဆိုကေ အနာဟိကေ ဘောင်း သန်လို့ရမ်းပါရေ။ ရောဂါကို တိုးပွားစီပနာ သီအောင်ထိဖြစ်စွာတိကို အကျွန်လက်တွိ မြင်ဖူးပါယင့်။ ယင်းကင်ပွန်းသီးကို ယနေ့ထိ ဂေါင်းဆီးစွာ တိဟိပါသိရေ။ ယင်းကင်းပွန်း သီးနန့် ဆီးရေ ဂေါင်းမှာ ချီးစင်ပြီး ဆံပင်ထွက်ခြင်း ဆံပင်ကောင်းခြင်းတိကို ဖြစ်စီရေလို့ ကင်းပွန်းသီးကို ယနေ့ ထိ အသုံးပြုလျက် ဟိကတ်ပါသိရေ။

ယင်းကင်းပွန်းနန့် ပတ်သက်လို့ ကင်းပွန်းကိုင်ခြင်း၊ ကင်းပွန်းကီးခြင်း၊ ကင်းပွန်း

သင့်ခြင်း၊ ကင်းပွန်းတပ်ခြင်း၊ ကင်းပွန်းဖြိုးခြင်း စရေ ဝေါဟာရ တသီတသန်းကြီး ဖြစ်ပေါ်လာပါရေ။ ကင်းပွန်းသင့်ရေ မီးဖွားအိမ်မှာ ကင်းပွန်းကိုင်ခြင်းကို ပြုပြီး ကင်းပွန်းပီးခြင်းဆိုစွာမှာ အသျှေတိကို နာမေပီးခြင်း၊ အလှူဒါနပြုခြင်းတိကို ဆိုလိုပါရေ။ ကင်းပွန်းသင့်ရေဆိုစွာက မီးနီအိမ်၊ အသုဘအိမ် စရေအိမ်တိကို ဝင်ခစွာတိကို ပြောပါရေ။ ၎င်းရေအလွန်နက်ရှိုင်းပြီး လီးနက်ပါသိရေ။

ကင်းပွန်းနန့်ပတ်သက်လို့ အပြည့်အစုံပြောရမေဆိုကေ မီးနီအိမ်ဝင်ကေလေ့ ကင်းပွန်းသင့်ရေ။ အသုဘအိမ်ကို ဝင်ကေလေ့ ကင်ပွန်းသင့်ရေ။ ရွာသူရွာသားကို အသိမပီးဘဲ၊ သဘောတူ ညီချက်မရဘဲ သမက်တက်သာ ရွာတွင်းထဲဝင်လာလျှင် ၎င်းရွာရေ ကင်းပွန်းသင့်ရေလို့ ဆိုပါရေ။

အခြားရွာမှ ကိုယ်ဝန်နန့်ပါလာရေ မိန်းမသျှေ တစ်ယောက်ရွာတွင်း နတ်ပြင်မထွက်ဘဲ မီးဖွားပါက ၎င်းရွာရေ ကင်းပွန်းသင့်ပါရေ။ အသုဘလိုက်ပို့ကတ်တေ လူတီတစ်ယောက်ယောက် သချီုင်းမှအပြန် အသုဘအိမ်မဝင်ဘဲ တစ်အိမ်အိမ် အဝင်ခံရလျှင် အဝင်ခံအိမ်မှာ ကင်းပွန်းသင့်ပါရေ။လင်သီမိန်းမ၊ မိန်းမသီယောကျ်ား တစ်လမပြည့်မချင်း လူအိမ်ကိုမဝင်ရ။ဝင်လျှင်ကင်းပွန်းသင့်ပါရေ။

အပျိုဘော်ဝင်စ မိန်းမသျှေတစ်ယောက်ယောက်၏ ရာသီသွီးထိမ်ကျန်ခံရလျှင်လေ့ ကင်းပွန်းသင့်ပါရေလတ်။ မိန်းမ ယောကျ်ားသမီးရဲစား၊ အစုံလိုက် အပျော်ကြူး၍ ဖောက်ပြန်ခံရ ပါကလေ့ ကင်းပွန်းသင့်ပါရေ။ ပရိတ်နာခပီးရပါရေ။ သင်္ကြန်အတာတက်နိန့်သီကေ သီရေသဘော နိန်ရာမရှိဘဲ ၎င်းတည့်တည့် ဖောက်ချရပါရေ။ မချကေ ထိခိုက်တတ်ပါရေလတ်။ (ဝါ) ကင်းပွန်းသင့်ရေလို့ ဆိုရပါဖို့။ ယခုခေတ်မှာ ၎င်းအောက်တည့်တည့်မြီကို တူးပနာယူဗျာယ်သချီုင်းမှာ မြှုပ်ကတ်တေ။ မြင်ပါယင့်။ ရှိဆင့်နောက်ဆင့် သီကေ နောက်သီရလူကို အယင်ထုတ်၊ ရှိသီရေလူ ကို နောက်ထုတ်ပြီး သဂြိုဟ်ရပါရေ လတ်။ ယင်းပိုင် မလုပ်ပါကေ၊ ကင်းပွန်းသင့်ပါလီဖိ။ ကင်းပွန်းသင့်ခြင်း၏အဖြေမှာ ပရိတ်ကမ္မဝါရွတ်ဖတ်လျှင် ကောင်းပါရေလတ်။

၎င်းတိကို ရည်ရွယ်လို့ ကင်းပွန်းဟိကေ မင်္ဂလာဟိရေ၊ ကင်းပွန်းသင့်ကေ မင်္ဂလာမဟိ၊ ဒုက္ခရောက်မေ။ ယင်းယှင့်ကို ရည်ရွယ်ပနာ 'ကင်းပွန်းသင့်' လို့ ဆေးရီးခြင်းရေ အရီးကြီးဆေးရီး ခြင်းပင်ဖြစ်ပါရေ။

ယေဇုနန့် သျှင်ပြုခြင်း၊ မင်္ဂလာဆောင်ခြင်းတိမှာ သျှင်ပြုခံဖို့လူ၊ မင်္ဂလာဆောင်ဖို့လူရို့ကို ကင်းပွန်းမသင့်အောင် ကင်းပွန်းပီးရကတ်တေ ဆိုပါရေ။ ကင်းပွန်းပီးခြင်း မင်္ဂလာရေ ပျော်ရွှင်မှု၊ အသက်ရှည်မှု၊ အနာကင်းမှုဟိရေလို့ နိမိတ်ကောက်ဗျာယ် အခမ်းအနားနန့် ပီးကတ်ပါသိရေ။

လူတစ်ယောက် လကွယ်နိန့် စီလျှင်သီချင်းမြုပ်ရပါရေ။ မမြှုပ်သိဆိုကေ သချီုင်းမှာ ထုတ် ထားရမေ။ ၎င်းကိုမလုပ်က ရွာကင်းပွန်းသင့်ပါရေ၊ အရီးကြီးဆုံးတစ်ခုက ဇာနိန်ရာ၊

ဇာဒေသမှာ သီသီ ဗုဒ္ဓဟူးနိန့်မမြုပ်ကောင်းလို့ ရှိအခါက ရာဇပညတ်လို့ဆိုယင့်။

ဂုအခါ ထုံးဟောင်းတိုင်းပြည်ရက်လို့ အဆိုဟိကတတ်ပါရေ။ ဇာတ်သမားများ အကြင်ရွာတွင် ဇာတ်ကမေဆိုကေ ရွာသျှင်မနတ်ပင်ကို ရွှေချလို့ ကတက်ရပါရေ။ ပသ ရေလို့ဆိုပါရေ။ ၎င်းရွာ၌ ဇာတ်နိန်တုန်း ဇာတ်သမားတစ်ယောက်သီကေ ကင်းပွန်းသင့် ပါရေ။ တခြိမ့်အငိုကပြခရသိရေ။

ဇာတ်သမားထဲက တစ်ယောက်ယောက် အသျှေမွီးပြန်ကေလေ့ ကင်းပွန်းသင့်ပါရေလတ်။ အဖြီက အပိုတခြိမ့်ကပြခရပါဖို့။ ရီနစ်သီလျှင် ရွာတွင်းမသွင်းရ၊ ၎င်းချောင်းမှာပင် သူသီရေချောင်းက ဖလားနန့်ရီကို ယူပနာ အထက်ကိုပစ်၍ ရီကျရာနိန်ရာမှာ မြှုပ်ရပါရေလတ်။ ယင်းပိုင် မလုပ်ကေ ကင်းပွန်းသင့်ပါရေလတ်။

မိုးကြိုးပစ်သီကေလေ့ သီရေနိန်ရာ မတ်တတ်တွင်းတူပြီး မြှုပ်ရပါရေလတ်။ မမြှုပ်ကေ ကင်းပွန်းသင့်ရေလို့ ဆိုပါရေ။ အပျိုမသျှေသီလျှင် နပျိုးပင်အရင်းနန့် အရှိရှိတိုင်းရပါရေ။ လူပျိုသျှေသီလျှင် ညမင်းချေတစ်ရုပ် ထည့်ရပါရေလတ်။

ဘုန်းကြီးပျံမှာ ဘုန်းကြီးက ငယ်ဖြူဆိုကေ၊ ကိန္နရာရုပ်က ဟန်ဆွဲလျက် လောင်တိုက်မှာ ဆွဲထားရပါရေ။ တောထွက်ပျံလျှင် ထည့်စရာမလိုဆို၏။ ယင်းယှင့်အားလုံးမလုပ်ကေ ကင်းပွန်း သင့်ရေ။ လုပ်လျှင် မင်္ဂလာဟိပါရေလတ်။

**ကိုးကွယ်ခြင်း**

ရခိုင်ရို့တိမှာ ကိုးကွယ်စွာရေ ကမ္ဘာဦးသမိုင်းအရ၊ ကမ္ဘာ့လူသားများရို့ပိုင် သမိုင်းတင်ခေတ် နောက်ပိုင်းမှာ နတ်ကိုးကွယ်မှု စတင်ခကတ်ရေ၊ ရခိုင်ရို့မှာ အိမ်တွင်းနတ်၊ ရိုးရာနတ်လို့ ဆိုရပါဖို့။ စုန်းမတိကို ကိုးကွယ်ကတ်တေ၊ ပြွတ်ထက်အိမ်ဦးဘေးမှာ ဝါးကျဉ်တောက်နှစ်လုံးနန့် ပန်းညှိညွှန့် စိုက်ပနာထားရပါရေ။ တစ်နှစ်လျှင် တစ်ကြိမ်ကျ မုန့်ချိုချက်ရရေ။

ရွာသျှင်မ၊ ရွာတိုင်းရွာတိုင်းမှာ ရွာဦးကဖြစ်စီ ရွာဘေးကဖြစ်စီ ကောင်းမြတ်သန့်စင်သော အရပ်တစ်ခုခုမှာဖြစ်စီ ခက်လက်ဝိဆာသော ညောင်ပင်ဖြစ်စီ၊ လှပ၍ ကျက်သရေဟိရေ သစ်ပင်တစ်ပင်ကို ထားပနာ ကိုးကွယ်ကတ်ပါရေ။

ရွာသျှင်မမှာ ၎င်းရွာကို ဘေးဥပဒ်မဖြစ်ရအောင် တားဆီးစောင့်ရှောက်ပါရေလတ်။ အစိမ်း သရဲမိစ္ဆာစုန်းတိုက်၊ ဖုတ်တိုက်တိကို ကာကွယ်စောင့်ရှောက်ပီးပါရေလို့ ဆိုပါရေ။

တစ်နှစ်တစ်ခါ ရွာသျှင်မကို ပသခြင်းဆိုရေ ပျော်ပွဲဆက်ခြင်း၊ နတ်ဝင်မတိနန့် ဖြီဖျော်ခြင်းကို ပြုကတ်ရပါရေ။ ရပ်ရွာမှာ မကောင်းဆိုးဝါး တစ်ခုခုဖြစ်နိန်ရေဆိုကေ ရွာသျှင်မကို တောင်းပန်ပနာ အချို့ဆက်ရပါရေ။ ပြိုင်လောင်းနိုင်ရန် ၊ ဇာတ်ကရန်ဖြစ်လာရေအခါ ရွာသျှင်မကို ပျော်ပွဲဆက်ပြီး ကောင်းပါစီ၊ နိုင်ပါစီလို့ ဆုတောင်းရှိခိုးရပါရေလတ်။

**အသျှင်ဓေယျစက္က**

ရခိုင်သားကြီးစာပေ

# ပန်းမြောင်းတစ်ခွင် သမိုင်းဝင်

ပန်းမြောင်းရွာသည် မင်းပြားမြို့နှင့် မိုင်(၂၀)ခန့်ဝေးကွာပြီး မင်းပြားမြို့မြောက်ဘက် ခပ်ယွန်းယွန်းကျသောဒေသ၌ တည်ရှိပေ၏။

'ပန်းမြောင်း'ဟူသော ဝေါဟာရသည် 'ပန်းပုချောင်း'မှ ဆင်းသက်လာခဲ့သည်။ ပန်းပုချောင်းမှာ ယခုအခါ ပန်းမြောင်းရွာ၏အလယ်တွင် တည်ရှိနေသော ချောင်းငယ်တစ်ခုဖြစ်ပေသည်။ ဤချောင်းငယ်မှာ မြောက်ဘက်သို့တစ်ကြောင်း၊ တောင်ဘက်သို့တစ်သွယ် ထိုးတက်သွားပြီး အဍ္ဍနနဒီ(လေးမြို့မြစ်)နှင့် ဆက်နွယ်နေလေသည်။

ဤချောင်း၌ ရှေးယခင် ရခိုင်ဘုရင်များလက်ထက်က ပန်းပုလုပ်ငန်းများကို လုပ်ကိုင်စေခဲ့ပြီး ဤချောင်းနံဘေးအရပ်၌ပင် ပန်းပုပညာရှင်များ နေထိုင်ခဲ့ကြလေသည်။ ယင်းကို အကြောင်း ပြု၍ 'ပန်းပုချောင်း'ဟု ခေါ်တွင်ခဲ့ရချေသည်။

ယင်းမှတစ်ဖန် ပန်းပုချောင်းမှသည် ပန်းပုံချောင်းသို့လည်းကောင်း၊ ပန်းပုံချောင်းမှ တိမ် ကောလာခဲ့ပြီး ချောင်းမှ မြောင်းအဆင့်သို့ တဖြည်းဖြည်းကျဉ်း၍ ကျဉ်း၍လာလေရာ ယခုအခါ ပန်းမြောင်းဟု ခေါ်တွင်ခဲ့ရချေသည်။

အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝရေး 'မင်းပြားတစ်ခွင် ကျိန်းတော်ရှင်' စာမျက်နှာ ၄၃၊ ၄၄ တွင် ပန်းမြောင်း၏အမည် ခေါ်တွင်ခဲ့ရပုံကို ဤသို့ဖွင့်ဆိုထားပေသည်။

ရှေးက မြောင်းချောင်းနှစ်ခု၊ နှစ်မြွာ စီးသွားလျက်ရှိခဲ့သည်။ လေးမြို့မြစ်မှ ဖြာထွက်လာခဲ့ သော ချောင်းပင်ဖြစ်လေသည်။ ချောင်းကမ်းပါးတွင် သစ်ခွပန်းများဖြင့် ပွင့်လန်းနေသည်ကိုစွဲ၍ 'ပန်းမြောင်း' ဟု အမည်တွင်လာခဲ့ရသည်။

ပန်းမြောင်းသျှေ့မှာ ရှေးက ပန်းမြောင်းကြီးအဝထိ လေးမြို့မြစ်သို့ လှည့်ပတ်စီးသွားလေသည်။ ထို့ကြောင့်'ပတ်မြောင်း'ဟုခေါ်ရာမှ ယခု 'ပန်းမြောင်း'ဟု အမည်တွင်လာသည်ဟု ဆို၏။

သို့သော်လည်း မည်သို့ပင်ဆိုစေကာမူ ပန်းမြောင်းရွာသည် လေးမြို့မြစ်၏ ကမ်းနဖူး

တွင် တည်ရှိပြီး လေးမြို့ခေတ်၏ ရှေးဟောင်းမြို့တော်ဖြစ်ခဲ့သည့် နေရဉ္စရာမြို့ဟောင်း၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။

ထိုအချိန်က ဘုရင့်နေပြည်တော်နှင့် သက်ဆိုင်သည့် မြို့ပြစီမံကိန်းများ၊ ဘာသာရေး၊ သာသနာရေးနှင့် သက်ဆိုင်သည့် စီမံကိန်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပေလိမ့်မည်။ ယခုကား နှစ်ပရိစ္ဆေကြာမြင့်လာခဲ့ပြီဖြစ်သော်လည်း ကြွင်းကျန်နေသော သမိုင်းအစအနများကား တဖြည်းဖြည်းနည်းပါးလာချေပြီ။

သို့သော်လည်း တချို့သော အစအနများနှင့် သက်ဆိုင်သော ရုပ်ကြွင်းများကိုကား ပန်းမြောင်းရွာ၌ပင် တစုတဝေးတည်း တွေ့မြင်နိုင်ပါသေးသည်။

ယင်းသို့ တွေ့မြင်ရသည်များအနက် ဤဆောင်းပါး၌ ရခိုင့်ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသည့် သမိုင်းရုပ်ကြွင်းများ၏ အကြောင်းအရာများကို ဖော်ပြလိုပေအံ့။

**သစ္စာတိုင်ဘုရား**

'သစ္စာတိုင်း'အမည်ဟူသော ဘုရားသည် ပန်းမြောင်းဒေသ၏ အဝင်၊ လေးမြို့မြစ်၏ ကမ်းနဖူးတွင် တည်ရှိပြီး လေးမြို့မြစ်ရေပြင်ထက် ပေ(၅၀)ခန့် မြင့်မားပေသည်။ ပြိုင်းတိုင်တောင်တန်းမှ ငုပ်လျှိုးပေါ်ထွက်လာပြီး လေးမြို့မြစ်ထဲသို့ ငွားငွားစွင့်စွင့် တစ်ခု တည်းထိုးထွက်နေသော ကျောက်အငူတစ်ခုပင်။

သစ္စာတိုင် ဟူသည်ထက် အများသူငါက 'ကျောက်မော်'ဟု သိကြသူများပေသည်။ အများသူငါများသည် ပန်းမြောင်းရွာသို့ လောင်း၊ သမ္ပန်၊ ဘုတ်၊ သင်္ဘော စသည်များဖြင့် လာခဲ့လျှင် အဝေးကပင် ထုံးဖြူဖြူစေတီတော်ကြီးက ခရီးဦးကြိုဆိုနေပေသည်။ နွေရာသီတွင် ဤဘုရား၌ ပင် သွားရောက်လျက် အပန်းဖြေ အနားယူလျက် ရှိကြချေသည်။ စစ်တွေမြို့ရှိ ပွဲ့ကဲ့သို့ပင် လေညင်းခံရန် ကောင်းသောအရပ်တစ်ခုဖြစ်ပေသည်။

မိုးရာသီရေကြီးချိန်တွင်ကား လေးမြို့မြစ်အထက်ပိုင်း ချင်းတောင်တန်းမှ တစ်ဟုန်ထိုး စီးဆင်းလာသော အညာရေမှာ ယင်းကျောက်အငူ၌ အက်ကျရာမှ 'ဝဲ' ဟူ၍ထွက်ပေါ် လာခဲ့သည်။

'ဝဲ'ဟူသည်ကား တဝူဝူ တဝီးဝီး မြည်ဟည်းပြီး သစ်ဖောင်၊ ဝါးဖောင်နှင့် လောင်းများကို ပင် မြုပ်ယူနိုင်လေသည်။ ထို့ကြောင့်လည်း အများက ကျောက်မော်ဝဲမှာ ကြောက်မက်ဖွယ်ကောင်း ကြောင်းပြောဆိုလေ့ရှိကြချေသည်။ ယင်းကဲ့သို့ ကျောက်မော်ဝဲမှာ ထူးခြားတည်ရှိနေသော ဘုရား မှာလည်း ထူးခြားလှပေသည်။

လေးမြို့ခေတ်၊ သက္ကရာဇ် ၆၃၀-၆၃၄ ခုနှစ်တွင် လောင်းကြက်မြို့တော်၌ နန်းကျားဘုရင် ကြီး စိုးစံလေသည်။ နန်းကျားဘုရင်ကြီးကား မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်မှုမရှိ၊ ကုသိုလ် ကောင်းမှုကိုလည်းမပြု၊ တိုင်းပြည်၌ ဆိပ်ခွန်၊ ကင်းခွန်၊ ရေခွန် စသည်များကို မဆိုင်းမတွဘဲ ပြည်သူများထံမှ အလွန်အကျွံကောက်ယူ၏။ တိုင်းသူပြည်

သားများအား ညာတာထောက်ထားမှု မရှိပေ။ မိမိထင်ရာကိုသာ ဆောင်ရွက်သူဖြစ်ပေသည်။

ယင်းအချိန်၌ မကောင်းမှု အကုသိုလ်ကို ကြံလိုကြံငြားစိတ်ရှိနေကြသည့် စိတြနှင့် နာရဒ ညီနောင်နှစ်ဦးသားက သက်ပြောင်း ကိုယ်ခွာအတတ် (Metemp Sychosis)နှင့် သက်ရှိသက်မဲ့တို့ကို မြင်နိုင်စွမ်းရှိသည့် ဆေးမြစ်ကိုလည်းကောင်း ယက္ခသိဒ္ဓေဟမန္တန်ဂါထာတော်ကို လည်းကောင်း တပ်အပ်ရရှိသူများဖြစ်ကြသည်။

ထိုအခါ မိမိတို့၏ပညာစွမ်းရည်နှင့် ဘုရင့်နန်းတွင်းထဲ၌ဘုရင့် အယောင်ဆောင်၍ မိဖုရားအား ကာမဂုဏ်ဆက်ဆံရှုပ်ပွေလေ၏။ မကောင်းမှုအကုသိုလ်သည် မကောင်းမှုအရာသို့ သွားဘိသကဲ့သို့ တစ်နေ့တွင် ယင်းညီနောင်နှစ်ဦးအား ဖမ်းမိ၍ အကျဉ်းချခုံရုံးဖွဲ့ စစ်ဆေးကြလေတော့၏။

ထိုညီနောင်နှစ်ဦးအား အကျဉ်းချထားစေကာမူ ဆိုးသွမ်းနေသော ဘုရင်ကြီးအဖို့ သက်ပြောင်းကိုယ်ခွာ (Metemp Sychosis) အတတ်ကို သင်ယူရန် ကတိသစ္စာထား၍ သင်ယူခဲ့ရသည်။

ထို့ကြောင့် အငေါ်မြစ်ကမ်းနားတွင် ရှင်ငယ်စိတြ၊ နာရဒနှင့် နန်းကျားကြီးတို့၏ သစ္စာစကားကို ကျိန်ဆိုပြီးမှ သင်ယူခဲ့ရသဖြင့် ထိုနေရာ၌ သစ္စာတိုင်သည့် အထိမ်းအမှတ်အဖြစ် စေတီတစ်ဆူ တည်ထားကြလေ၏။

ထို့ကြောင့် ယင်းစေတီကို သစ္စာတိုင်ဟု ခေါ်တွင်ခဲ့ရပေသည်။ ယင်းစေတီ၏ ဂူထဲ တွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ ကိန်းဝပ်စံပယ်တော်မူလျက်ရှိပေသည်။

## ရွှေဖောင်တင်ဘုရားနှင့် ကျောက်တိုင်

ရွှေဖောင်တင် ပရိယတ္တိကျောင်းတိုက်ရှိသိမ်ထဲတွင် ဘုရားသုံးဆူရှိပေ၏။ အလယ်ရှိ ဘုရားမှာ ဥာဏ်တော်အမြင့်ဆုံးဖြစ်ပြီး သက္ကရာဇ် (၇၉၂)ခုနှစ်တွင် မြို့တော်မြောက်ဦး၌ နန်းတက်ခဲ့စဉ်က မင်းစောမွန်တည်ထားခဲ့သော ဆင်းတုတော်တစ်ဆူဖြစ်ပေသည်။

မင်းစောမွန်သည် မြောက်ဦးမြို့တော်တွင် နန်းတက်ခဲ့စဉ်က အကာကြီး၊ အကာငယ် ဘုရားများအဖြစ် ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်ကို ကာကွယ်ခြင်းအလို့ငှာ တည်ထားခဲ့ခြင်း ဖြစ်ပေ၏။ သက္ကရာဇ် ၁၃၁၃-ခုနှစ်တွင် မြောက်ဦးမြို့နယ် ချောင်းကျေးရွာမှ ပင့်ဆောင်ခဲ့ပြီး ရွှေဖောင်တင်ကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိပေသည်။ ယခုကား ယင်းဆင်းတုတော်မှာ ပြန်လည်ပြုပြင်မွမ်းမံလျက် ရှေးလက်ရာများပျောက်ကွယ်နေပေပြီ။

ယင်းဘုရားကိန်းဝပ်နေသော သိမ်တောင်ကုန်း၏ ရာဟုထောင့်မှ ပေ ၅၀-ခန့် အကွာတွင် လဲလျောင်းနေသည့် လေးပြားကျ ကျောက်တိုင်တစ်ခုရှိလေသည်။

ဤကျောက် တိုင်မှာ နေရဉ္စရာမြို့ ထွန်းကားစဉ်က ထားရှိခဲ့ပြီး ယခုအခါ ဂန့်ဂါကျုံးမှ ပြောင်းရွှေ့ထား ခြင်းဖြစ်ချေသည်။

ကျောက်တိုင်၏ အပေါ်ဘက်စာမျက်နှာတွင် ချောမောစွ ပြင်ညီညာစွာ ပြုလုပ်ထားပြီး စာတန်းရေးထိုးဟန်ပြုပြင်ထားသည့် ပုံမျိုးဖြစ်လေသည်။ သို့သော်လည်း စာတန်းရေးထိုးထားမှုကို မတွေ့ရချေ။ ကျောက်တိုင်အနောက်ဘက်ထောင့်တွင် ဝေသာလီ ခေတ်မှ ဆင်းသက်လာခဲ့သည့် ဆီးမီးတောက် ပန်းကွက်၊ ပန်းနွယ်များ ပါရှိပေသည်။

## အောင်မင်္ဂလာကျောင်းရှိ ကျောက်စာတစ်ချပ်

အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းရှိ သိမ်ထဲတွင် ကျောက်စာတစ်ချပ်ရှိပေသည်။ ယင်းကျောက်စာကို ပြိုင်းတိုင်တောင်၏ အရှေ့မြောက်ထောင့် ဧသန်အရပ်ဖြစ်သော တောင်ဖြူ တောင်မှ ပြောင်းရွှေ့ခဲ့သည်။ (ဆရာတော် ဦးဉာဏ၊ ဓညဝတီ ရာဇဝင်သစ်၊ စာမျက်နှာ ၆၀)

ယင်းကျောက်စာရေးထိုးထားသော တိုင်၏အမြင့်မှာ ၂၅-လက်မရှိပြီး အရင်းတစ်ဖက်စီ၏ အနံမှာ ၉-လက်မရှိ၍ အထက်သို့ ချွန်တက်သွားသည်။ အနားဖောင်းရစ်ဖော်ထားပြီး ဖြက်အကျယ်မှာ (၄-၅)လက်မရှိသည်။ ပထမမျက်နှာ၏ အနားဖောင်းရစ်ပေါ်တွင် အချင်း ၂-လက်မရှိသော နေရောင်အမှတ်အသား တံဆိပ်တစ်ခုကို ဝိုင်းစက်စွာ ထွင်းထု၍ အလင်းတန်းဖြာသည့် အမှတ်သညာများပါရှိချေသည်။

ကျောက်စာမှာ သုံးမျက်နှာရေးထိုးထားပြီး သက္ကရာဇ် ၉၁၃-ဟုဖော်ပြပါရှိချေ၏။ ကျောက်စာ၏ နန်းတက်ဘုရင်နှင့် ခုနှစ်များကို တိုက်ဆိုင်ကြည့်သော (   )မှ (   )ထိ သည် မင်းဗာကြီးဖြစ်ပေ၏။ ယင်းကျောက်စာပေါ်၌ ရှင်မင်းကြီးစော လ-တော်မူသည်ဟု ပါရှိနေပြီး မင်းကြီးစောဆိုသည်မှာ မင်းဗာကြီး၏ ငယ်မည်မှာ ဘစောသီရိ၏ အမည် 'စော'ကို ယူ၍ ထည့်သွင်းသုံးစွဲထားဟန်ဖြစ်သည်။ -

ယင်းကျောက်စာ၏ ပထမစာမျက်နှာတွင် စာကြောင်းရေ (၈)ကြောင်းပါရှိပြီး ဒုတိယစာ မျက်နှာတွင် (၇)ကြောင်းနှင့် တတိယမျက်နှာတွင် ပေါက်တောချေစုမှ ပင့်ဆောင်လာသော ဗုဒ္ဓဆင်းတုတော်များကို တွေ့ရပေသည်။

## ရွှေစင်ပြောင်ဘုရား

ဤဘုရားသည် ပန်းမြောင်းရွာ၏ အလယ်တွင် တည်ရှိပြီး ပန်းပုချောင်း၏ မြောက်ဘက် ပေ(၃၀)ခန့်အကွာတွင် တည်ရှိသည်။

ရွှေစင်ပြောင်ဘုရားထက် ဘုရားကွင်းဘုရား၊ ပန်းသုံးခိုင်ဘုရား ဟု အများက ခေါ်ဝေါ်ကြပေသည်။ ရွှေစင်ပြောင် ခေါ်သည့်အမည်ကား မိဖုရားတစ်ပါး၏ အမည်ဖြစ်ချေ၏။ သက္ကရာဇ် ၅၂၃-ခုနှစ်တွင် နေရဉ္စရာမြို့ကို နန်းတက်ခဲ့သော မဉ္စူသင်မင်း၏

မိဖုရားက မိမိ၏ ကုသိုလ်ကောင်းမှု တစ်ခုအဖြစ် ပန်းပုချောင်းဖျားတွင် တည်ထားခဲ့ခြင်း ဖြစ်ပေသည်။

ယင်းမှ သက္ကရာဇ် ၁၁၄၆-ခုနှစ်သို့ ရောက်သော် ရခိုင်ထီးနန်းပျက်သုန်း၍ ကိုးကွယ်သူများ ကင်းမဲ့နေသည့်အချိန်ဝယ် ဤဘုရားမှာ ဒုက္ခရစရိယာကျင့်ခဲ့ရလေသည်။ ယင်းမှ တစ်ဖန် အင်္ဂလိပ်ခေတ်သို့ရောက်သော် ဖူးမြော်ခံလိုသည့် ရွှေစင်ပြောင်ဘုရားမှာ မိမိအလိုအလျောက် ပေါ်ထွက်လာပြီး ပန်းမြောင်း၊ ရွာသစ်၊ ရွာဟောင်း(သုံးရွာသား) များက ဆင်းတုတော်ကြီး ယခု လက်ရှိနေရာသို့ ပင့်ဆောင်၍ အပူဇော်ခံခဲ့ကြသည်။

ဉာဏ်တော်မှာ ၅-ပေ ၉-လက်မရှိပြီး ကျောက်ညိုဆင်းတုတော်တစ်ဆူအဖြစ် စေတီ၏ ဂူထဲတွင် အထင်ကရ ဖူးမြော်နိုင်ပေပြီ။

## ငှက်တော်ရဘုရား

ငှက်တော်ရွာသည် ပန်းမြောင်းရွာတွင် တည်ရှိပေသည်။ ပန်းမြောင်းရွာ၏ အရှေ့ဘက် (၃)မိုင်ခန့်အကွာတွင် တည်ရှိခဲ့ပြီး ယခုအခါ ငှက်တော်ရ ရပ်ကွက်အဖြစ် ပန်းမြောင်းရွာတွင် နေထိုင်လျက်ရှိပေသည်။

ဤငှက်တော်ရ ဘုန်းတော်ကြီးကျောင်း၌ တည်ထားကိုးကွယ်နေသော ဘုရားမှာ မြောက်ဦးမြို့နယ်၊ ရွာဟောင်းတောကျေးရွာမှ ပင့်ဆောင်ခဲ့ကြောင်း သိရလေသည်။ ကျောက်ဆစ် လက်ရာ ဗုဒ္ဓတစ်ဆူဖြစ်ပြီး မြောက်ဦးခေတ်လက်ရာဖြစ်ပေ၏။

ဤဘုရား၏ဦးတော်တွင် မကိုဋ်ဆောင်းထားခြင်း၊ လက်ကောက်ဝတ်ထားခြင်း၊ စလွယ် နှစ်ဖက်ပါရှိခြင်း၊ ပခုံးပေါ်တွင် စွန်ထောင်ပါရှိခြင်းများ တွေ့ရပေသည်။ ဉာဏ်တော်အမြင့်မှာ ၃ ပေ ၆လက်မရှိ၍ ရှေးဟောင်းမူလလက်ရာများကို ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်လျက်ရှိလေပြီ။

ဤကဲ့သို့ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပန်းမြောင်းရွာတွင် ရှေးဟောင်း ယဉ်ကျေးမှု အနုပညာများ၊ သမိုင်းရုပ်ကြွင်းများ၊ သမိုင်းအစအနများ၊ သမိုင်း၏ အကျိုးဆက်များကို တစ်နေ ရာတည်း၌ တစ်စုတစ်ဝေးတည်း ဖူးမြော်လေ့လာနိုင်သည့်အတွက် သမိုင်းတွင် အထင်ကရ ရပ်တည်၍ ရှိနေကြမည်သာတည်း။

**ခိုင်စောသိမ်း(ပန်းမြောင်း)**

**<u>ကိုးကား</u>**

၁။ အရှင်စက္ကိန္ဒ၊ အရှင်ဝါသဝ-မင်းပြားတစ်ခွင် ကျိန်းတော်ရှင်။

၂။ ဆရာတော် ဦးဉာဏ-ဧညဝတီရာဇဝင်သစ်။

၃။ နှီးဆော်စာ-ကျောက်မော်စေတီခေါ်
သစ္စာတိုင် ဘုရားစေတီတော်ကို တိုးချဲ့ပြုပြင်ရန်။

၄။ စာရေးသူ၏ ကွင်းဆင်းမှတ်တမ်း။

# လပြမ်းမြိုက    ကျောက်ကောင်းတစ်ပွင့်

## (က)

စာရီးသူစွာ မန္တလေးမြို့ကို ဘုရားတစ်ဆူပင့်ဖို့ ကိစ္စနန့်ရောက်လာခရေ။ မန္တလေးမြို့ကို နင်းလိုက်စွာနန့် မဟာမြတ်မုနိအသျှင်ကို ဖူးချင်ရေစိတ်က ပြင်းပြလာရေ။ အသျှင်ကို ဖူးချင်စိတ်ကို တစ်ညစာလိုက် သိပ်ထားလိုက်တေ။

နောက်တစ်ရက်နိန့် မိုးသောက်ဖက် မဟာမြတ်မုနိ အသျှင်ခြီရင်းကို ရောက်လားခရေ။ စာရီးသူနန့် တိုင်ပင်ထားရေပိုင် ရောက်နိန်ကတ်တေလူတိ ဘုရားရင်ပြင်မှာ ပြည့်ကျပ်လို့။ ယင်းအထဲမှာ ရွှေရောင်ဆံပင်နန့်လူတိလည်း ရောက်နိန်ရေ။ သူရို့က ဗုဒ္ဓဘာသာလား၊ ဘုရားဖူးစွာလား။ ကင်မရာတစ်လုံးနန့် တိုချောင်း၊ ဒေချောင်းနန့် ဇာလုပ်ကတ်စွာလေ။ စာရီးသူက ကိုယ့်အသျှင်နန့် အပါးသျှေတိ ရောက်အောင် ကပ်လိုက်တေ။ မျက်နှာတော်ကို ကောင်းကောင်းမြင်ရရေ။ တစ်နိန်ရာကထိုင်ဖျာယ် အသျှင့်မျက်နှာတော်ကို စိစိကြည့်ဖျာယ် ဖူးလိုက်တေ။ အသျှင့်မျက်နှာတော်မှာ ပြည့်ဖြိုးနိန်ဖျာယ်။ ဇာနိန်ရာသျှေတစ်ခုက လိုရေဆိုစွာ မတွိရ။ အမှတ်အခါညီနိန်ရေ။ စာရီးသူမှာ မျက်တောင်ခတ်ဖို့ပင် မိန့်နိန်ရေ။ အသျှင်ကို ဖူးနီယက်ပင်း စာရီးသူရင်ထဲမှာ လှိုင်းထလာရေ။ စာရီးသူပါးပြင်နှစ်ဖက်မှာ ပူနွီးနွီးစီးကြောင်းတစ်ခု လှိမ့်ဆင်းလာရေ။

## (ခ)

ဘုရားတန်ဆောင်းက ပြန်အထွက် စာရီးသူမိတ်ဆွေ တစ်ယောက်ကို သတိရစွာနန့် အငှားကားတစ်စီး ငှားလိုက်တေ။

မစိုးရိမ်တိုက်သစ်ဘက်ကို ဦးတည်လိုက်တေ။ မစိုးရိမ်တိုက်သစ် ပရဝဏ်ကားဝင်လိုက်စွာနန့် သုံးထပ်ကျောင်းဆောင် တစ်ဆောင်ထက်က သံဃာထုကြီးတစ်ခု ရီကာတာပေါက်ကျ

လားရေပိုင် ဝေါခနဲ အန်ထွက်လာပါရေ။ စာရီးသူအထင် ရှစ်ရာ၊ ကိုးရာလောက်ပင် ဟိဖို့ထင်ရေ။ ဒေလောက်များရေ သံဃာတိ ဇာလုပ်ကတ်လေဂု။ စာရီးသူဝါသနာအလျောက် စပ်စုချင်လာရေ။ စိတ်ကူးကို အကောင်အထည်ဖော်လိုက်တေ။

''ဒေကျောင်းမှာ သံဃာ့ဝန်ဆောင် အစည်းအဝေးဟိလား''

စာရီးသူမိန်းခွန်းကြောင့် ကားဆရာ တစ်ချက်ပြုံးလိုက်တေ။ မန္တလေးဘုန်းကြီးမဟုတ်မှန်းကို သိနိန်လို့ထင်ယင့်။

''သံဃာ့အစည်းအဝေးမဟုတ်ပါဘုရား၊ စာတက်တေ သံဃာတိပါရာ''

ဒေလောက်များရေ သံဃာစာတက်စွာက စာဝါတစ်ခုတည်းက ဟုတ်ယင့်လား။ ဒေလောက်သံဃာစာတက်စွာကို စာရီးသူတစ်ခါမှပင် မတွေ့ဖူး။ စာရီးသူရင်ထဲမှာ မိန်းနိန်ရေ မိန်းခွန်းကို နှုတ်ခမ်းကို ပို့လိုက်တေ။

''ဒေလောက်သံဃာထုက စာဝါတစ်ခုတည်းမဟုတ် ထင်ရေ''

ကားဆရာကတော့ တိတိကျကျမသိ။

''စာဝါတစ်ခုတည်းဖြစ်ချင်လေ့ ဖြစ်နိုင်ပါရေ။ ဒေသုံးထပ်ကျောင်း ဆရာတော်က စာပို့ချကောင်းရေလို့ ကိုယ်တော်တိုင်ပြောပါရေ''

''သုံးထပ်ကျောင်းနန့် ဆရာတော်'' စိတ်ဝင်စားဖို့ ကောင်းနိန်ရေ။ စာရီးသူစိတ်ဝင်စားလို့ ကားထက်ကဆင်းစွာနန့် ကျောင်းကို မော်ကြည့်လိုက်တေ။ ''ဓမ္မသီတဂူကျောင်း''ဆိုရေ စာလုံးကြီးတိကို တွေ့လိုက်ရရေ။

## (၈)

စာရီးသူမိတ်ဆွေနှင့် တွေ့ရေခါ စိတ်ဝင်စားနိန်ရေ ဓမ္မသီတဂူကျောင်းနှင့် ဆရာတော်အကြောင်းကို အရင်ဆုံးမိန်းလိုက်တေ။

''အရှင်ဘုရား၊ ဓမ္မသီတဂူကျောင်း ဆရာတော်ဘွဲ့နာမည် ဇာခေါ်ပါလေဘုရား''

''အရှင်သုစိတ္တာဘိဝံသပါဘုရား''

စာရီးသူမိတ်ဆွေ ပြောပြချက်အရ အရှင်သုစိတ္တာဘိဝံသ၏ ဘုန်းကံထူးခြားပုံတိကိုလည်း သိရရေ''

မစိုးရိမ်တိုက်သစ် စည်းကမ်းအရ ဒေကျောင်းတိုက်ထဲက သကျာသီဟ စာမေးပွဲအောင်ရေ ပုဂ္ဂိုလ်ကို ကျောင်းတိုက်နာယက ခန့်ရရေ။ ကျောင်းထိုင်မဟိရေ ကျောင်းဆောင်ထဲက စိတ်ကြိုက်ကျောင်းကို ရွီးချယ်ခွင့်ဟိရေ။ ယင်းအရှင်သုစိတ္တာဘိဝံသ သကျာသီဟစာမေးပွဲအောင်ရေနှစ်၊ ဒေသုံးထပ်ကျောင်းဆောက်ပြီးရေနှစ် ဖြစ်နိန်ရေ။ မစိုးရိမ်တိုက်သစ် ပထမသုံးထပ်ဆောင်ဖြစ်လို့ အရှင်သုစိတ္တာဘိဝံသက ရွီးချယ်လိုက်တေ။

အရှင်သုစိတ္တာဘိဝံသမှာ လုံ့လဝီရိယဟိသူဖြစ်လို့ စာပီကို ဇွဲကောင်းကောင်းနန့် လေ့လာ

လိုက်၊ ဇွဲကောင်းကောင်းနန့် စာချလိုက်နန့် ကြိုးစားလာစွာ ဓမ္မာစရိယ စာချတန်းနန့် သကျာသီဟကို သင်ကြားပို့ချစွာမှာ နာမည်ကြီးလာရေ။ အရှင် သုစိတ္တာဘိဝံသ နာမည်ထင်ရှားစွာနန့် မစိုးရိမ်တိုက်သစ်မှာ သံဃာဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးလာရေ။ ဒေနှစ် ၁၃၆၀–ခုနှစ်မှာ သံဃာ (၂၄၀၀)ထိ များလာရေ။ မန္တလေးသမိုင်းတစ်လျှောက်မှာ ကျောင်းတိုက်တစ်တိုက်ဟိ သံဃာဦးရေစွာ ဒေနှစ် မစိုးရိမ်တိုက်သစ် သံဃာလောက် တစ်ခါလေ့မဟိဖူးခ။ သံဃာ (၂၄၀၀)ထဲက သံဃာ(၇၀၀)မှာ ဓမ္မာစရိယစာချတန်း၊ သံဃာ(၁၀၀)က သကျာသီဟ စာမေးပွဲဝင် သံဃာ ဖြစ်တေ။

အရှင်သုစိတ္တာဘိဝံသမှာ နားချိန်မဟိ။ တစ်ရက်လုံး အလုပ်လုပ်နိန်ရေ။ တစ်ရက်မှာ စာဝါလေးဝါပို့ချရေ။ တစ်ဝါ တစ်ဝါကို တစ်နာရီစီကြာရေ။ တစ်ချက်တီးက သုံးချက်တီးထိ ကျမ်းပြုစုရေ။ ညဇာအံစာချိန်မှာလည်း ဒေအရှင်က ထိန်းကွပ်ပီးနိန်ရရေ။ ကျောင်းတိုက်တစ်တိုက်လုံးကို ထိန်းချုပ်ဖို့ အတွက်လေ့ တစ်ရက်မှာ နားချိန်ကျောင်းတိုက်ကို ပတ်ဗျာယ် လမ်းလျှောက်ရရေ။ တစ်ရက်လုံးနားချိန် မဟိဘဲ ဆရာတော်သုစိတ္တာဘိဝံသမှာ အမြဲတမ်း အလုပ်လုပ်နိန်ရေ။

အဂုအခါ ဆရာတော်ပြုစုရေ ကျမ်းစာထဲက ထုတ်ဝီပြီးရေ ကျမ်းစာတိမှာ....

(၁) သီလက္ခန်ဝါကျဉယျာဉ် ပဌမတွဲ
(၂) သီလက္ခန်ဝါကျဉယျာဉ် ဒုတိယတွဲ
(၃) ပါရာဇိကတ်ဝါကျဉယျာဉ် ပဌမတွဲ
(၄) အတ္တယောဇနာနယပဒေသရှိ့တိ ဖြစ်ပါရေ။

စာအုပ်တိကို ရိုက်ထုတ်ထားဗျာယ် လက်ရီးမူ (၃)အုပ်ကိုလည်း မိတ္တူနှင့် ကူးဗျာယ် စာတက်သံဃာတိကို ဓမ္မဒါနပြုနိန်ရေ။ ကျောင်းတိုက်အုပ်ချုပ်ရေး၊ စာချ၊ ကျမ်းပြုလုပ်ငန်းများအပြင် တစ်ခါတစ်လီ တရားဟောပင့်ရေအခါလည်း ဟောရရေ။

ဘက်စုံ သာသနာရေးအတွက် အနားမနီအားထုတ်နီရေ အရှင်သုစိတ္တာဘိဝံသမှာ ပင်ပန်းရေလို့ပင် မှတ်ပ္ပမရ။ အရှင်ကို တွိရတိုင်း တက်ကြွနိန်ရေ။ အရှင်၏ ဝီရိယကြောင့် မန္တလေးမြို့နီပိုင်လပိုင်ထွန်းတောက်လာရေ။ အဂုအခါမှာ အရှင်၏မြိရင်းမှာ ကပ်ပြီးကေ ပညာနို့ရိသောက်နီကတ်ရေ သံဃာတိမှာ မြန်မာပြည်တစ်ခုလုံးက ရောက်နိန်ရေ။

**(ဃ)**

အရှင်သုစိတ္တာဘိဝံသမှာ အသက်(၄၁)နှစ်ရာ ဟိသိရေ။ အရှင်၏ ထင်ရှားမှုက အရှင်၏ အသက်နှင့်ပင်မလိုက်။ အရောင်တပြောင်ပြောင်နန့် ထွန်းပြောင်နိန်ရေ။

အရှင် သုစိတ္တာဘိဝံသမှာ ရန်ကုန်မွီးစွာလည်း မဟုတ်၊ မန္တလေးကလည်းမဟုတ်၊ ကျောက်ကောင်းရတနာဆိုစွာ တောတောင်က တူးယူရရေပိုင်ဗျာယ်။ အရှင်သုစိတ္တာဘိဝံသကိုလည်း ရတနာပေါ်ရေ သရက်တောင်ရွာက မွီးပီးလိုက်စွာဖြစ်တေ။ သားကောင်းရတနာ အများကြီးကို မွီးပီးနိန်ရေ သရက်တောင်ရွာရေ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှာဟိရေ ရွာတစ်ရွာ ဖြစ်တေ။

အရှင်သုစိတ္တာဘိဝံသစွာ ရိုးတောင်၏အနောက်ဘက်က လခြမ်းမြို့ရတနာလို့ သိလိုက်ရစွာ နန့် စာရီးသူရင်ထဲမှာ လှိုင်းတံပိုးတိ ပြန်ဖျာယ်ထပါလတ်တေ။

**အသျှင်ခေမာစာရ**

# ၁၃၆၀ခုနှစ်  ကောက်ဦးပန်းနှစ်ပွင့်ရှိ

**စကားဦး**

ရခိုင်သက္ကရာဇ် ၁၃၅၉–ခုနှစ်အတွင်းမှာ ရခိုင်အမျိုးသားရို့ထုတ်ဝီရေ မဂ္ဂဇင်းသျှစ်အုပ် ထွက်ခလီပါရေ။ သျှစ်အုပ်အနက် နှစ်အုပ်ကတော့ ဝါရင့် မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ ရခိုင်မဂ္ဂဇင်းပါ ရာ။ သူက တစ်နှစ် နှစ်အုပ်နှုန်းထုတ်ဝီရေ မဂ္ဂဇင်းလေ။

တစ်ခုကျန်စွာက 'ရခိုင်ညွန့်ဖူး–၄' ဖြစ်ပါရေ။ သူက မဂ္ဂဇင်းအင်္ဂါ မပြည့်စုံရေစာအုပ်။ ယေနန့် မဂ္ဂဇင်းအရီအတွက်မှာ မထည့်ဘဲ ချန်ထားခရစွာ ဖြစ်ပါရေ။

၁၃၅၉–ခုနှစ်ထုတ် မဂ္ဂဇင်းတိကို ဝူဖေဆန်က 'အဋ္ဌငံ စာမျက်နှာများ' ဆိုပြီးကေ သုံးသပ်ထားရေ စာတမ်းတစ်စောင်ဟိပါရေ။ စာမျက်နှာ ၃၃–မျက်နှာဟိလို့ ဇာမှာသုံးရဖို့လဲ မသိအောင် ဖြစ်နိန်ရေ။ ယင်း'အဋ္ဌငံစာမျက်နှာ' ရေ အသုံးပြုလို့ မရရေ စာတမ်းဖြစ်နိန်ရေ။

အဂုတစ်ခါမှာတော့ ၁၃၆၀–ခုနှစ်မှာ ထွက်လာရေ မဂ္ဂဇင်းနှစ်စောင်ကို ဝူဖေဆန်က လက်ခံရဟိထားရေ။

စမ္ပဝက်မြို့တော် မှော်ရုံ ပစ္စန္တရစ်က နိန်ပြီးကေ ရန်ကုန်နီပြည်တော်ကို ရောက်လာလတ် တေအခါမှာ ရခိုင်သားကြီး ကိုလှမြင့်က မိမိကြိုက်တတ်တဲ့ အစားအစာတစ်ခုကို ချကျွေးပါရေ။

ယင်းအစားအစာကတော့......

(၁) ပေါက်တောရွှေမြေမဂ္ဂဇင်း အမှတ်(၁)

(၂) ဟိုက်စကူးနှင့် အထက(၁) ငွေရတုမဂ္ဂဇင်းရို့ဖြစ်ပါရေ။

ပေါက်တောရွှေမြေမဂ္ဂဇင်း အမှတ်(၁)

ပေါက်တောရွှေမြေကို ၁၉၉၈–ခုနှစ်မှာ ပေါက်တောမြို့နယ်က ထုတ်ဝီစွာလေ။ ထုတ်ဝီ ကာလကို မတွိရ။ ဝူဖေဆန်လက်ထဲ ရောက်စွာကတော့ ၁၃၆၀–ကဆုန်လဆုတ်(၁၉၉၈၊ မေလလယ်)မှာ။

လက်ထဲရောက်ဟိလာရေ အစားအစာရေ ၁၃၆၀–ခုနှစ ကောက်ဦးကောက်လျင် အစား အစာလို့ ဆိုရပါလိမ့်မယ်၊ကောက်ဦးကောက်လျင် အစားအစာကို အားပါးတရ စားသုံးကြည့်ရေခါ..

ပေါက်တောရွှေမြေ၏အရသာ.......

ပေါက်တောရွှေမြေဖြစ်ပေါ်လာမှုဆိုင်ရာနန့် ပတ်သက်စွာ စာမျက်နှာ(၅) မှ (၂၀)ထိ ဖော်ပြ ထားပါရေ။ ဆက်ပနာဖတ်တေအခါ.......

၁။ ဆောင်းပါး ၁၁–ပုဒ်
၂။ ရိုးရာပုံပြင် ၂–ပုဒ်
၃။ ယဉ်ကျေးမှုကဏ္ဍ ၄–ပုဒ်
၄။ ကဗျာ ၁၀–ပုဒ်
၅။ ဝတ္ထု ၉–ပုဒ်
၆။ ဟာသ ၃–ပုဒ်
၇။ ကာတွန်း ၁–ပုဒ်ဆိုပြီးကေ တွိရပါရေ။

ယင်းစွာကို မြည်းစမ်းအရသာခံကြည့်ရေအခါမှာ ဆောင်းပါး(၁၁)ပုဒ်အနက်က ရခိုင်ဘာသာ အသုံးပြုဆောင်းပါးက လေးဝတီခိုင်ကျော်၏ ပေါက်တောမြို့နယ်မှ ကျင်သန်ကြီးများဆိုရေ ဆောင်းပါး၊ အယ်ဒီတာအဖွဲ့ဝင်တစ်ဦး၏ ဒါရိုက်တာ စံရွှေမောင်နှင့် တွိဆုံခြင်းဆိုရေ ဆောင်းပါး နှစ်ပုဒ်ကို တွိရပါရေ။

ရခိုင်ဘာသာအသုံးပြု ဆောင်းပါးနှစ်ပုဒ်ကို ဝူဖေဆန်ရို့ ကြိုဆိုပါရေ။ ရီးသားရေအခါ ရခိုင်ဘာသာစကားကို ထိထိရောက်ရောက် အသုံးပြုဖို့ လိုအပ်မေလို့ ထင်ပါရေ။ တချို့ဝေါဟာရ တိရေ 'ထေးကို မေးလောင်ရေ' ဝေါဟာရမျိုး ဖြစ်နိန်လို့ စကေတော့ခါ ဘဝင်မကျချင်။ ဒေပိုင် ပြောလို့ ဝူဖေဆန်ကို အပြစ်တင်ရေလို့ မယူဆစီချင်ပါနန်။ ရခိုင်စာ၊ ရခိုင်စာပီတိုးတက်ရေးကို လိုလားရေ ချစ်ခြင်းဆန္ဒနန့် ပြောစွာပါရေ။

ရွှေသာခိုင်၏ 'သျှစ်သောင်းဘုရားမဏ္ဍိုင်ရုပ်များနှင့် စိန္တာမဏိမန္တန်တော်'ရေ အယူအဆ ကွဲလိုမှုကို ပြန်လည်ညှိကတ်တေ ဆောင်းပါးဖြစ်ပါရေ။

နောက်တစ်ခုကတော့ 'ရေးဟောင်းထိန်းသိမ်းခြင်းနှင့် အကျွန့်အမြင်'ဆိုရေ ဆောင်းပါး ကို ဖတ်ကြည့်ကတ်ပါ။ စိတ်ဝင်စားစရာ အင်မတန် ကောင်းပါရေ။ ယေလေ့ ဘဝင်မကျစရာတစ်ခု ကတော့ မာတိကာမှာ ဆောင်းပါးရှင် ကလောင်နာမည်က 'ခညဦ'လတ်။ အထဲမှာက'ခညစိုး' လတ်။ ဒေစွာ အစွာပိုင်လဲ ။ ခညဦးလား၊ ခညစိုးလားဆိုစွာ နဝေတိမ်တောင်ဖြစ်ရပါရေ။

ယဉ်ကျေးမှုကဏ္ဍ(၄)ပုဒ်ရို့ရေ သူ့တန်ဖိုးနန့်သူ ဟိတတ်ပါရေ။ မောင်ဗသိန်း၏ သမိုင်းဝင် ပုဂ္ဂိုလ်များလည်း အပင်ပန်းခံ ရှာဖွီထားရေ ဆောင်းပါး၊ မင်းပြားမင်းသိန်းဇံ ဆောင်းပါးလည်း ခြီသလုံးတောင့်အောင်လားထားရေ ဆောင်းပါး၊ ရွှေခိုင်ကျော် (မြောက်ဦး) ၏ မင်းရာဇာကြီးမှတ် တမ်းကလေ့ တိမ်မြုပ်နိန်စွာကို တူးဖော်ထားရေစာ။

ရခိုင်သားကြီးစာပေ

ရိုးရာပုံပြင်(၂)ပုဒ်ကို ဖတ်ကြည့်ပါရေ။ ရခိုင်ဝတ္ထုတိုဖြစ်တေ။ (မြန်မာရို့ကတော့ ပုံပြင်ပ) ဆရာချစ် စစ်တွေ၏ နက္ခတ်ပုံပြင်ကလေ့ စိတ်ဝင်စားစရာ။ နတ်မြစ်မောင်ဝဏ္ဏ၏ ဝတ္ထုကလေ့ အချေတိဓာတ်စာဆိုရဖို့ ထင်ပါယင့်။

ကဗျာ(၁၀)ပုဒ်မှာ (၄)ပုဒ်က ရခိုင်ကဗျာတိဖြစ်ပါရေ။ ၆–ပုဒ် မြန်မာကဗျာကို တွိ့ရရေ။ မင်းသန္တ(ရခိုင်ပြည်)၏ မျိုးဆက်သစ် ကဗျာရေ လေးလုံးစပ်ကနိန် အသာသျှော့ခွာထွက်တေ ကဗျာတစ်ပုဒ်လို့ ဆိုချင်ရေ။ အခြားကဗျာသုံးပုဒ်ကတော့ ကဗျာဒေသ စက်ကွင်းထဲက နိန်ပြီး ကေ သူရို့ပြောချင်စွာကို သူရို့ပြောတတ်တေပိုင် ပြောထားကတ်စွာကို ကြားမိရေ။

မြန်မာကဗျာ(၄)ပုဒ်အနက် ကျော်စိုးလူကတော့ သူပြောနိန်ကျလီသံနန့်ပြောထားရေ မော်ဒန်ကဗျာတစ်ပုဒ်ဖြစ်ပါရေ။အပိုဒ်(၃)ကစာသားကဝူဖေဆန်ကိုလက်ဆွဲနှုတ်ဆက်လာရေထော။

'ရှိခဲ့တဲ့
ခပ်ယဲ့ယဲ့ (၁၈၉၀)က ဝတ်စုံတစ်ထည်ဟာ
ကာလတစ်ခုရဲ့ ဖြားယောင်းမှု
စက္ကန့်များအား ရှုးသွပ်ခြင်းနဲ့အတူ
တောင်းဖူး၊ ကွဲ့ကူးကို ချော့သိပ်ဖို့ ကြိုးစားနေလေရဲ့'

ကျော်စိုးလူရေ မော်ဒန်သမားတစ်ယောက်ဖြစ်တေ။ သို့သော် မြန်မာမော်ဒန်သမားဘဝက ရခိုင်မော်ဒန်သမားဖြစ်ဖို့အတွက် မကြိုးစားကေ လောကသာရပျို့ကို ဇာလူရီးစွာလဲ အငြင်းပွားမှု မျိုး နောက်နောင်မှာ အငြင်းမပွားနိန်ကတ်ဖို့လားဂု။

မောင်ကြည်ခိုင် (သံတွဲ)၏ 'မာန်'ရေ နဝခေတ်စမ်း တစ်ပုဒ်ဖြစ်ပါရေ။ သူ၏ကဗျာရေ သူ၏ကဗျာသမ္ဘာကို ဖော်ပြနိန်ရေလို့ ဆိုရမေထင်ရေလေ။

**ဝူဖေဆန်**

# တောတန်းကျွန်း မြောက်ဘက်ခြမ်းမှ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရာ

တောတန်းကျွန်းသည် ရှေးရခိုင်သည် ၄၄–ကျွန်းအနက် တစ်ခုသော ကျွန်းပင်ဖြစ်ချေသည်။ ဤကျွန်းအရပ်သည် ယခုအခါ မင်းပြားမြို့၏ အရှေ့မြောက်ဘက်အရပ်(၅)မိုင်ခန့်အကွာတွင် အစပြုလျက် တည်ရှိသည်။

တစ်နည်းအားဖြင့် တောတန်းကျွန်း တည်ရှိနေပုံသည် အရှေ့ဘက်တွင် ပန်းမြောင်းကြီးချောင်းနှင့် အနောက်ဘက်တွင် အဥ္စနနဒီခေါ် လေးမြို့မြစ်တို့၏အကြား၌ ကျွန်းအဖြစ် ဖြစ်ပေါ်၍ တည်ရှိနေခြင်းဖြစ်သည်။ ကျွန်း၏တောင်နှင့်မြောက်သည် ရှည်လျားပြီး(၁၃)မိုင်ကျော်ရှည်သည်။ အရှေ့နှင့် အနောက် ကျွန်း၏အနံမှာ အကျယ်ဆုံးနေရာသည် (၃)မိုင်ခန့်ရှိသည်။

‘တောတန်း’ ဟူသော အမည်နာမနှင့် လိုက်ဖက်ညီအောင် ဤကျွန်းအရပ်၌ တောအထပ်ထပ်၊ တောင်အစီအရီကို တွေ့မြင်နိုင်ပေသည်။ ထိုတောကြား၊ တောင်ကြား၊ ကုန်းမြင့်ကြား မြေပြန့်ကြားတို့၌မူ ရခိုင်တို့၏ ရှေးဟောင်းအမွေအနှစ်များ ဖြစ်ကြဘိသော သမိုင်းရုပ်ကြွင်းများတို့က နေရာအနှံ့တည်ရှိနေကြသည်။

ဤကျွန်းအရပ်၌ ဗုဒ္ဓကျောက်ဆင်းတုတော်များ၊ ဓာတ်တော် မွေတော်များ၊ ကျောက်စာများ၊ စေတီပုထိုးများ၊ ရေကန်ဟောင်းများ၊ ရပ်ဟောင်းရွာဟောင်း နေရာများ၊ အခြားသမိုင်းဆိုင်ရာရုပ်ကြွင်းများတို့က ကြေးမုံသဖွယ် ထင်ဟပ်ဖော်ပြနေပေသည်။

သို့သော်လည်း ဤကျွန်းအနှံ့အပြားတို့၌ တည်ရှိနေကြကုန်သော သမိုင်းဆိုင်ရာ ရုပ်ကြွင်းများတို့က နှစ်ပရိစ္ဆေဒကြာမြင့်ခြင်းနှင့်အတူ ပြုပြင်ထိန်းသိမ်းမှု ကင်းမဲ့လေ၍ တစ်စစီ တစ်စစီ ယိုယွင်းလာသည်တစ်ကြောင်း၊ ယင်းတို့ကို ကွင်းဆင်းလေ့လာ၍ မှတ်တမ်းမတင်နိုင်သည်ကတစ်ကြောင်း တို့ကြောင့် တောတန်းရပ်ခွင်မှ ရခိုင်သားတို့၏ သမိုင်းအမွေအနှစ်တို့မှာ ပျောက်ဆုံး

ရခိုင်သားကြီးစာပေ

သွားရမလို ဖြစ်နေပါဘိသည်။

ယင်းကို အကြောင်းပြု၍ စာရေးသူသည် (၃-၅-၉၅)နေ့က စ၍ သုံးရက်တိုင်တိုင် တစ်တောင်ကျော် တစ်တောဖြတ်၍ မျက်မြင်တွေ့ရှိရသမျှသော သမိုင်းရုပ်ကြွင်းများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းသို့ မှတ်တမ်းတင်ရှိခဲ့ခြင်းကို သုတေသနခရီးစဉ် ဆောင်းပါးတစ်ပုဒ်အဖြစ် ဖန်တီး၍ ကျိန်းရိပ်မြေမဂ္ဂဇင်း အမှတ်(၁)တွင် တင်ပြနိုင်ခဲ့သည်။

ယင်းသို့ တင်ပြခဲ့ခြင်းမှာလည်း တောတန်းကျွန်း တောင်ဘက်အစိတ်အပိုင်းတစ်ခုသာလျှင် ဖစ်ပေသည်။ တောတန်းကျွန်း၏ မြောက်ဘက်တစ်ခွင်၌ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်တို့ကား ကျန်ရှိနေပါသေးသည်။

မိမိအနေဖြင့် အားလပ်သည့် အချိန်များကို အသုံးချ၍ တောတန်းကျွန်းမြောက်ဘက်ခြမ်းသို့ ခရီးထွက်ခဲ့သည်။ တွေ့ရှိရသော ရခိုင်သမိုင်းရုပ်ကြွင်းများကို ကျေးရွာများမှ လူကြီးသူမတို့၏ အကူအညီဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်းတို့၏ အကြောင်းကို ယခုအခါ မဂ္ဂဇင်းတစ်စောင်မှ နေ၍ ဖော်ပြပေအံ့။

## မင်းဖူးရွာဝန်းကျင်းမှ ရခိုင်သမိုင်းအမွေခံများ

မင်းဖူးရွာသည် တောတန်းကျွန်း၏ အရှေ့ဘက် ပန်းမြောင်းကြီးချောင်း၏ အနောက်ဘက်ကိုမှီ၍ တည်ရှိသည်။ 'မင်းဖူး'ဟူသည် မြင်းကူးမှ ဆင်းသက်လာကြောင်းသိရသည်။ မြောက်ဦးခေတ် ဘုရင်တစ်ပါးလက်ထက်အချိန်က ဤအရပ်မှ မြင်းများ ပန်းမြောင်းကြီးချောင်းတစ်ဖက်ကမ်းကို ကူးရာဆိပ်ကမ်းအရပ် မြင်းကူးအရပ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဤရွာ၏အရှေ့ဘက် ပန်းမြောင်းကြီးချောင်း ဟိုဘက်ကမ်းတွင် တောင်ကုန်းမြင့်တစ်ခု ရှိသည်။ ထိုတောင်ကို ကံ့ကော်တောင်ဟူ၍ ခေါ်ကြသည်။ ကံ့ကော်တောင်ဟူသည်မှာ လေးမြို့ခေတ်က ကံ့ကော်သစ်တပ်(ခံတပ်)ချခဲ့ရာ အရပ်ဌာနဖြစ်သည်။

ရှေးက ဤတောင်၌ သတ္တဌာနဘုရားများ ရှိခဲ့သည်။ ယခုယင်းမှ ပင့်ဆောင်၍ မင်းဖူးရွာ၏ မြောက်ဘက်အနီး မြတောင်ခေါ် ပေါက်ဆိန်တောင်၌ နှစ်ဆူကို တွေ့ရသည်။ ထိုဗုဒ္ဓကျောက်ဆင်းတုတော်များမှာ လေးမြို့ခေတ်ဟန်ဖြစ်သည်။ ယခုခေတ်သစ်ပုံစံဖြင့် မွမ်းမံထားသည်။

အထူးသဖြင့် မင်းဖူးရွာ၏မြောက်ဘက် ပေါက်ဆိန်တောင်ပေါ်၌ ဘုရားပလ္လင်ခံ ကျောက်တုံးသုံးခုကို တွေ့ရှိရသည်။ အဆိုပါ ကျောက်ပလ္လင်များကို ယင်းတောင်၏ မြောက်ဘက်အနီး မောင်နှမတောင်မှ ရွှေ့ပြောင်းယူခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ဤကျောက်ပလ္လင်များတို့သည် စိတ်ဝင်စားဖို့ အလွန်ကောင်းသည်။ ယင်းကျောက်ပလ္လင် မျက်နှာပြင်တို့၌ ပန်းများထုဆစ်ပါရှိသည်။ နေရဥ္စရာ တောင်ငူမြို့အတွင်း၌ တွေ့ရှိရသော ကျောက်ပန်းများ ပုံစံအတိုင်းဖြစ်နေသည်။ နေရဥ္စရာခေတ်က လက်ရာဟု ယူဆနိုင်ပေ

သည်။ ကျောက်ပလ္လင်သုံးခုအနက် တစ်ခုသော ပလ္လင်မျက်နှာပြင်၌ မိန်းမရုပ်၊ ယောက်ျားရုပ်၊ ဆင်ရုပ်တို့ ပါရှိသည်။ နေရဉ္စရာခေတ်က ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို လေ့လာနိုင်ပေသည်။

## ပြင်ယောင်းမှ သုံးကန်စု

မင်းဖူးရွာအထက်သို့ ပန်းမြောင်းချောင်းအတိုင်း ဆန်၍တက်သွားလျှင် 'ပြင်ယောင်း' ရွာသို့ ရောက်ရှိသည်။ ပြင်ယောင်းရွာသည် ပန်းမြောင်းကြီးချောင်း၏ အရှေ့ဘက်ကမ်းကို မှီ၍ တည်ရှိသည်။ 'ပြင်ယောင်း'ဟူ၍ ခေါ်တွင်ခြင်းသည် ရွာတည်ရှိရာ ကွင်းပြင်ကို အမှီသဟဲပြု၍ 'ပြင်ဖောင်း'မှ 'ပြင်ယောင်း'ဖြစ်လာချေသည်ဟု ဆို၏။ ဤရွာရှိ ရခိုင်တို့မှာ မယူကမ်းမှ ရွှေ့ပြောင်းလာကြသူများဖြစ်ကြသည်။

ဤရွာ၏ အရှေ့ဘက်အနီးတွင် ရေကန်ဖောင်းသုံးကန်ကို တွေ့မြင်နိုင်ပါသေးသည်။ ထိုကန်သုံးခု တည်ရှိရာအရပ်ကို 'သုံးကန်စု'ဟု ခေါ်သည်။ ထိုရေကန်ပျက်များ၏အနီး အနောက်ဘက်တွင်ကား ညောင်မျို၍ ပျက်စီးနေသော စေတီတစ်ဆူတည်ရှိသည်။ ထိုစေတီ၏ အတွင်းမှ ထွက်လာသော ကျောက်ဘုရားဆင်းတုတော်များကိုလည်း တွေ့ရသည်။ အချို့မှာ ပျက်စီးလျက် ပင် ရှိနေကြလေပြီ။

ဤအရပ်မှ ရွှေ့ပြောင်းယူလာသော မြောက်ဦးခေတ် ဗုဒ္ဓကျောက်ဆင်းတုတစ်ဆူမှာ ယခု အခါ မင်းပြားမြို့ ဦးစိုးတင့်ရပ်ကွက် ခေမိတာကျောင်း၌ ကိန်းဝပ်လျက်ရှိနေသည်။အခြားကျောက် ဆင်းတုများကိုကား ပြင်ယောင်း ဘုန်းတော်ကြီးကျောင်းသိမ်၌ ပြုပြင်ကိုးကွယ်ထားသည်။

ဤအရပ်၌ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် အထင်ရှားဆုံးမှာ 'ပြင်ယောင်း ကျောက်စာ'ပေ တည်း။ 'သုံးကန်စုကျောက်စာ'ဟူ၍လည်း ထင်ရှားသည်။ ယခုအခါ ဘုန်းတော်ကြီးကျောင်း အနောက်ဘက်ဓမ္မာရုံအမိုးစွန်းအောက်၌ ဖြစ်သလိုတည်ရှိနေသည်။ ကျောက်စာသည် အလျား (၄ပေ ၅–လက်မ)ရှိသည်။ အနံမှာ (၁ပေ ၅–လက်မ)ရှိပြီး ဒုမှာ (၆–လက်မ)ထုသည်။

ရေးထိုးစာအက္ခရာမှာ မြောက်ဦးခေတ်ရေးထိုးစာဖြစ်သည်။ စာကြောင်းရေ (၂၀)ထိပါရှိ သည်။ ပထမစာကြောင်း၌ သက္ကရာဇ်(၉၁၈)ခုနှစ်ဟူ၍ ပါရှိသည်။

အထူးသဖြင့် ယင်းကျောက်စာ၌ (သိန်းဂိုရောက် မင်းစော)ဟူ၍ ပါရှိရာ သက္ကရာဇ် (၉၁၈) ခုမှ (၉၂၆)ခုနှစ်အထိ နန်းစံခဲ့သော မင်းတိက္ခာ၏သား မင်းစောလှသည် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိခဲ့သည့် မင်းတစ်ပါးဖြစ်သည်။ ရာဇဝင်တွင် မပါဝင်သော ဤမင်း၏ အကြောင်းကို ဤကျောက်စာက ဖြည့်စွက်ပေးသည်။ ကျောက်စာ၏ အခြားအကြောင်းအရာများသည် လယ်မြေ လှူဒါန်းခြင်းကို ဖော်ပြသည်။ ကျောက်စာမှာ ဖြစ်သလိုတည်ရှိနေ၍ အမိုးအကာဖြင့် ထိန်းသိမ်းထား သင့်ပါသည်။

## ရွှေကျန်ဝန်းကျင်မှ သမိုင်းမှတ်တိုင်များ

ပန်းမြောင်းကြီးချောင်းအတိုင်း ပြင်ယောင်းရွာမှ အထက်သို့တက်လျှင် 'ရွှေကျန်ရွာ'သို့ ရောက်ရှိသည်။ ပြင်ယောင်းနှင့် ရွှေကျန်ရွာသည် ကုန်းလမ်းအားဖြင့် မိနစ်နှစ်ဆယ်ခန့်သာ သွားလာရသည်။

ရွှေကျန်ရွာ၏ အရှေ့တောင်ဘက်အနီးတွင် တောင်ကုန်းတစ်ခု တည်ရှိသည်။ ထိုတောင်ကုန်း၌ 'ရွှေကျန်ဘုရား'က ကိန်းဝပ်တည်ရှိခဲ့သည်။ 'ရွှေကျန်ရွာ'ဟူသည် ရွှေကျန်ဘုရားကို အကြောင်းပြု၍ ခေါ်တွင်လာခဲ့သည့် ရွာနာမည်ဖြစ်သည်။

ရွှေကျန်ဘုရားမှာ ရှေးစန္ဒသူရိယမင်းလက်ထက် သွန်းလုပ်တော်မူခဲ့သော မဟာမုနိသွန်းကျန်ရတနာများဖြင့်နောင်မင်းများလက်ထက်တွင်သွန်းလုပ်ခဲ့သောရတနာဘုရားတစ်ဆူဖြစ်သည်။

ယခင်က ဤအရပ်၌ စေတီဟောင်းတစ်ဆူရှိခဲ့သည်။ ယင်းစေတီဟောင်းထဲ၌ ရွှေကျန်ဘုရားက ကိန်းဝပ်နေခဲ့သည်။ ကာလကြာမြင့်၍ ထိုစေတီမှာ ပြိုပျက်သွားခဲ့ရကား ယခုအသစ်မွမ်းမံ၍ စေတီကို ပြုပြင်ထားသည်။ ဤစေတီအထဲ၌ ဗုဒ္ဓကျောက်ဆင်းတုတော်တစ်ဆူက ကိန်းဝပ်လျက်ရှိနေသည်။ နဂို ရွှေကျန်ဘုရားဆင်းတုတော်မှာ မည်သည့်အရပ်သို့ ကြွရောက်ခဲ့လေပြီကို မည်သူမျှ မပြောနိုင်ကြချေ။

စေတီဟောင်းကို ပြန်လည်ပြုပြင်ရန်အတွက် သုတ်သင်ရှင်းလင်းခဲ့စဉ်က အံတော်တစ်ဆူကို တွေ့ရှိခဲ့ကြသည်။ ယခုအခါ အံတော်ကို ရွှေကျန်ရွာ ဘုန်းတော်ကြီးကျောင်း၌ တွေ့ရှိရသည်။ အံတော်အရွယ်မှာ အလျား(၃–လက်မ)၊ လုံးပတ် (၃ဒသမ ၅လက်မ)ရှိသည်။ မည်သည့် အံတော်ဖြစ်ကြောင်းကို ခွဲခြား၍ မသိနိုင်ကြသေးပေ။

## ကြာတိုင်ငုံ

ရွှေကျန်ရွာမှ အနောက်မြောက်ဘက်သို့ မိနစ်သုံးဆယ်ခန့် ခရီးဆက်လျှင် ကြာအိုင်ဒုံအရပ်သို့ ရောက်ရှိသည်။ ကြာအိုင်ဒုံသည် ပန်းမြောင်းကြီး ချောင်းဖျားအရပ် ပတ်လည်စီးဆင်းနေသော အလယ်၌ တောင်ကုန်းမြင့်တစ်ခုဖြစ်ပေါ်နေသည်။ ကြာအိုင်သဏ္ဌာန် ခံလျက်ရှိနေသောနေရာပေတည်း။ ပေနှစ်ဆယ်ခန့်မြင့်မားသော ဤတောင်ကုန်းပေါ်၌ ဗုဒ္ဓကျောက်ဆင်းတုတော်များက တည်ရှိသည်။

ဆင်းတုတော်များမှာ နေရဥ္စရာမြို့ တောင်ငူတွင် တွေ့ရသော ဗုဒ္ဓဆင်းတုတော်များနှင့် အသွင်အပြင်တူသည်။ ဆင်းတုတော်များကို ခေတ်သစ်စနစ်ဖြင့် ပြုပြင်မွမ်းမံထားသည်။ အောက်ခြေပလ္လင်ခုံများ၌ နေရဥ္စရာလက်ရာ ကျောက်ပန်းကွက်များကို တွေ့ရသည်။ အလယ်ကဆင်းတုတော်သည် ၅၈လက်မ၊ တောင်ဘက်က ဆင်းတုတော်သည် ၄၈လက်မ၊ မြောက်ဘက်က ဆင်းတုတော်သည် ၄၇ လက်မ အမြင့်ရှိသည်။

ဤတောင်ကုန်းမြင့်၏ တောင်ဘက်အရပ်သည် မနီးမဝေးတွင်ကား ရေကန်ဟောင်း နှစ်ကန်ကို တွေ့ရသည်။ ယင်းကန်တို့ကို 'ကြာအိုင်တုံကန်'ဟု ခေါ်သည်။

## ခြေတော်ရာတောင်

ကြာအိုင်ဒုံတောင်မှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါမူ ပေတစ်ထောင်အကွာ လောက်တွင် တောင်ကုန်းမြင့်ငယ်တစ်ခုကို လှမ်းမြင်ရသည်။ ရှေးက ဤတောင်ကုန်းငယ်၌ ခြေတော်ရာတည်ရှိခဲ့၍ 'ခြေတော်ရာတောင်'ဟု ခေါ်သည်။ စေတီပုထိုး၊ ဆင်းတုတော် အပျက် များ ရှိကြောင်း သိရသည်။

ဤတောင်မှ ခြေတော်ရာမှာ ရွှံ့နွံတစ်ခုပေါ်တွင် ကျရောက်သည့် ခြေရာထင်နေပုံဖြစ်သည်။ ယခုအခါ ခြေတော်ရာကျောက်ပြားမှာ ဤတောင်ကုန်း၌ မရှိတော့ပြီ။ ပျက်စီးနေသော အပိုင်း အစငယ်တစ်ခုကို ယင်းမှ ရွှေ့ပြောင်း၍ ယခုအခါ ရွှေကျန်ဘုရားဓမ္မာရုံတော်၌ ထားရှိသည်။

တစ်ဖန် ဤခြေတော်ရာတောင်မှ ဦးတော်မပါသော ဗုဒ္ဓကျောက်ဆင်းတု အပိုင်းအစတစ်ခု ကိုလည်း ရွှေကျန်ဘုရားဓမ္မာရုံပေါ်သို့ ရွှေ့ပြောင်းထားကြပြီးဖြစ်သည်။ ဗုဒ္ဓကျောက်ဆင်းတုမှာ ခြေထပ်ပုံဖြစ်သည်။ ဓမ္မခံများပေါ်၌ ထွင်းထုထားသော ပန်းလက်ရာမှာ နေရဥ္စရာတွင် တွေ့ရသော ပန်းလက်ရာများနှင့် အသွင်တူသည်။ ဆင်းတုတော်၌ ရှာန်ကသိုဏ်းကွက်များ ထုဆစ်ပါရှိသည်။

## ပန်းတင်ခုံမြို့

ခြေတော်ရာတည်ရှိသည့် တောင်ကုန်းငယ်မှ အရှေ့စူးစူးသို့ လှမ်းကြည့်လိုက်ပါမူ လေးကိုင်းသဏ္ဌာန်တည်ရှိနေသော တောင်ကုန်းတစ်ခုကို မြင်တွေ့ရသည်။ ဤတောင်တန်းသည် ရွှေကျန်မှ မြောက်ဘက်သို့ ဆက်လာပြီး ဤနေရာတွင် အဆုံးသတ်သည်။ ဤနေရာအရောက် တွင် ပန်းမြောင်းကြီးချောင်းသည် ချောင်းနှစ်သွယ်ဖြင့် အဆုံးသတ်သွားသည်။ တစ်ခုက ကျော်က ချောင်းနှင့် နောက်တစ်ခုက ခေါင်းလောင်းချောင်းတို့ ဖြစ်ကြသည်။

ဤအရပ်၌ 'ပန်းတင်ခုံ'ဟူသည် ရှိသည်။ ရှေးက ဤနေရာ၌ ပန်းတင်ခုံမြို့အဖြစ် ထွန်း ကားခဲ့ဖူးကြောင်း သိရသည်။ အထူးသဖြင့် ဤအရပ်၌ ပန်းများကို တင်ဆောင်ပူဇော်သည့် ကျောက်တင်ခုံတစ်ခု ရှေးက ရှိခဲ့ကြောင်း သိရသည်။ ပန်းမြောင်းကြီး ချောင်းသည်ပင်လျှင် ပန်းတင်ခုံမြို့ တည်ရှိရာကို အစွဲပြု၍ 'ပန်းပွင့်ကြီးချောင်း'မှ တစ်ခါ 'ပန်းမြောင်းကြီးချောင်း' ဖြစ်လာခဲ့ကြောင်း သိရသည်။

## ဂဏ်ါကျုံး

ဤအရပ်မှနေ၍ ပန်းမြောင်းရွာ တည်ရှိရာအရပ် အနောက်မြောက်ထောင့်သို့ လှည်းလမ်း

ကြမ်းအတိုင်း နှစ်နာရီခရီးဆက်ပါက ပန်းမြောင်းရွာသို့ မဝင်ရောက်မီ လက်ဝဲဘက်အရပ်၌ တောင်ကုန်းတို့အကြားတွင် အင်းပြင်ကြီးတစ်ခုကို မြင်တွေ့ရသည်။ ထိုအရပ်သည် နေရဥ္စရာတောင်ငူမြို့တည်ရှိခဲ့ရာ ကျိုးတော်တစ်ခုဖြစ်သည်။ 'ဂဂီကျိုး'ဟူ၍ အမည်ရသည်။ ဖွင့်နိုင်ရန်၊ ပိတ်နိုင်ရန် ရေတံခါးပေါက်များ ပါရှိသည်။ ပြိုင်းတိုင် တောင်တန်း၏ အရှေ့ဘက်မျက်နှာကို နေရာယူ၍ သဘာတောင်တန်းကို တစ်ဖက်ပိတ်ဆည်အဖြစ် ပိတ်ဆို့ထားသည်။ ယခုထိတိုင် ပြတ်တောက်နေသော 'တပ်တောင်' ခေါ် တာရိုးများက ရှိနေကြသေးသည်။

## တောင်ဖြူတောင်ကျောက်စာ

ဂဂီကျိုးမှထွက်၍ မြောက်ဘက်တည့်တည့်သည် 'သရက်အင်း' ဖြစ်သည်။ သရက်အင်းမှ အရှေ့မြောက်ထောင့်သို့ အနည်းငယ်ခရီးဆက်လျှင် တောင်ဖြူတောင်သို့ ရောက်ရှိသည်။ ဤအရပ်မှ လွန်ခဲ့သော နှစ်များက ကျောက်စာတစ်ချပ်ရရှိခဲ့သည်။ ယခုအခါ ယင်းကျောက်စာမှာ ပန်းမြောင်းရွာ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်း၌ ထားရှိသည်။

ကျောက်စာသည် လေးမျက်နှာပါရှိသော ကျောက်တိုင်ဖြစ်သည်။ အမြင့် (၂၅–လက်မ)ရှိသည်။ မြေဝင်မှာ (၄–လက်မ)ရှိသည်။ အောက်ခြေမျက်နှာပြင်တစ်ခုစီ၏ အနံမှာ (၉–လက်မ)ရှိပြီး ကျောက်စာသည် အပေါ်သို့ ချွန်တက်သွားသည်။

ကျောက်စာ၏ မျက်နှာပြင်သုံးခု၌ ကျောက်စာ၏အကြောင်းအရာကို ဆက်၍ရေးထိုးထားသည်။ ကျောက်စာရေးထိုးသက္ကရာဇ်မှာ (၉၁၂)ခု ပြာသိုလပြည့်နေ့ဟု ပါရှိသည်။ လယ်မြေလှူဒါန်းခြင်းကို ရေးထိုးထားသည်။ အလှူရှင်မှာ မင်းကြီးစောဟူ၍ပါရှိသည်။ မင်းဆက်ဇယားမှ သက္ကရာဇ်နှင့် ညှိနှိုင်းတိုက်ကြည့်လျှင် ဒုတိယမြောက်ဦးမြို့တည် မင်းဗာကြီး လက်ထက်ကျရောက်သည်။

ဤကျောက်စာ၌ အလှူရှင်ကို မင်းဗာကြီးဟူ၍ ရေးထိုးမထားပေ။ မင်းဗာကြီး၏ နောက်နာမည်တစ်ခုဖြစ်သော 'ဖစောသီရိ'မှ အဖျားဆွတ်နာမည်ကို ယူ၍ 'မင်းကြီးစော လှူတော်မူသည်' ဟူ၍ရေးထိုးထားသည်။

## ပန်းမြောင်းရွာ

တောင်ဖြူတောင်မှ အနောက်တောင်ထောင့် အရပ်သည် ပန်းမြောင်းရွာ တည်ရှိရာဖြစ်သည်။ တစ်နည်းအားဖြင့် ပန်းမြောင်းရွာသည် မင်းပြားမြို့မှ မိုင်နှစ်ဆယ်ခန့် ကွာဝေးပြီး တောတန်းကျွန်း၏ မြောက်ဘက် အဥ္စနနဒီခေါ် လေးမြို့ကမ်း၏ အရှေ့ဘက်တွင် တည်ရှိသည်။

'ပန်းမြောင်း'ဟူသည် 'ပန်းပုချောင်း'မှ ဆင်းသက်လာခဲ့သည်။ ပန်းပုချောင်းသည် ပန်းမြောင်းရွာ၏ အလယ်၌ တည်ရှိသည်။ ရခိုင်ဘုရင်များလက်ထက်က ပန်းပုထုလုပ်သူများ နေထိုင်ခဲ့ရာ အရပ်ဖြစ်၍ 'ပန်းပုချောင်း'ဟု အမည်ရသည်။ ယင်းမှတစ်ခါ ပန်းပုချောင်းမှ ပန်းမြောင်းဖြစ်လာခဲ့သည်။

ပန်းမြောင်းရွာ၌ သမိုင်းအမွေအနှစ်များအဖြစ် ပန်းသုံးခိုင်ဘုရား၊ သစ္စာတိုင်ဘုရား၊ ငှက်တော်ရဘုရားတို့က တည်ရှိသည်။ ပန်းသုံးခိုင်ဘုရားနှင့် သစ္စာတိုင်ဘုရားမှာ လေးမြို့ခေတ်၊ နေရဉ္စရာခေတ်အတွင်းက ကောင်းမှုတော်များဖြစ်ကြချေသည်။

## လက်ဝဲပါးရိုးတော်ဓာတ်

ပန်းမြောင်းရွာ၏ တောင်ဘက်အနီး၌ ပြိုင်းတိုင်တောင်တန်းက ရှိနေသည်။ ဤတောင်တန်းသည် ပန်းမြောင်းရွာအနီး တောင်ဘက်ကျောက်မော်မှ သွယ်တန်းသွားပြီး 'လက်မ'၊'ရွှေတမာ' ထိတိုင်အောင် ရောက်ရှိသွားသည်။ တောင်တန်း၏ အရှည်သည် (၆မိုင်)ခန့်ရှည်လျားသည်။

ပန်းမြောင်းရွာ၏ တောင်ဘက် သရက်အုပ်ရွာ၏ အရှေ့ဘက်တည့်တည့် ပြိုင်တိုင်တောင်ပေါ်၌ ဓာတ်မွေတော်တစ်ဆူကို ကောင်းစွာမြင်တွေ့နိုင်သည်။ ဓာတ်တော်သည် (၅၀၀ပေ)မြင့်သော ပြိုင်တိုင်တောင်ထိပ်တွင် တည်ရှိနေသည်။ ဓာတ်တော်မှာ 'လက်ဝဲပါးရိုးတော်ဓာတ်'ဖြစ်သည်။

ဤဓာတ်တော်ကို သုရိယစက္ကမင်းကြီးမှ စ၍ သာသနာသက္ကရာဇ် (၂၂၂)ခုနှစ်တွင် စတင်၍ တည်ထားခဲ့သည်။ မြတ်ဗုဒ္ဓ၏ဖျာဒိတ်တော်ဝင် ဓာတ်တော်ဖြစ်သည်။ ထိုအချိန်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့ပြီး ယနေ့အထိ ပြုပြင်ဆောင်ရွက် ကိုးကွယ်လျက်ရှိနေသည်။

## နေရဉ္စရာတောင်ငူမြို့

ပန်းမြောင်းရွာ၏ တောင်ဘက် ကျောက်မော်မှစ၍ မြောက်ဘက်အဆုံး ရွှေတမာရွာအထိသည် နေရဉ္စရာတောင်ငူမြို့တော်၏ နေရာဖြစ်သည်။ တောင်မြောက် (၆–မိုင်)ခန့် ရှည်လျားသည်။

ဤမြို့တော်သည် လေးမြို့ခေတ်က ထွန်းကားခဲ့သော မြို့တော်တစ်ခုဖြစ်သည်။ မြို့တော်၏ အရှေ့ဘက်တွင် ပြိုင်းတိုင်တောင်တန်းကြီးက ကာဆီးပြီး အနောက်ဘက်တွင် အဥ္စနနဒီမြစ်က တည်ရှိသည်။ ဤပတ်ဝန်းကျင်၌ ဗုဒ္ဓကျောက်ဆင်းတုတော် အကြွင်းအကျန်များ၊ စေတီပောင်းများ၊ ကျိုးတော်ရာများက တည်ရှိနေသည်။

လေးမြို့မြစ်ကမ်းခြေတစ်လျှောက်၌ မြစ်ရေတိုက်စား၍ ကမ်းပြိုရာမှ ထွက်ပေါ်နေသော အိုးခြမ်းပဲ့၊ စဉ့်အိုးကွဲများက ယနေ့အထိ လေးမြို့မြစ်ကမ်းပါးတွင် တွေ့မြင်နေရဆဲဖြစ်သည်။

## ဗန္ဓဝဂူ

လေးမြို့ခေတ် အကျော်အမော်ဖြစ်သော 'ဂန္ဓဝ'မှာ အထူးထင်ရှားခဲ့သည်။ ဤရဟန်းတော် သီတင်းသုံးနေထိုင်ခဲ့ရာ ကျောင်းနှင့် တရားထိုင်ဂူတစ်ခုကား တောတန်းကျွန်း၏ မြောက်ဘက် ရခိုင်လက်မရွာ၏ အရှေ့ဘက် ဂိတ္တာဓာတ်တော်အနီး၌ တွေ့ရှိရသည်။

ဤအရပ်သည် နေရဉ္စရာတောင်ငူမြို့တော်အတွင်း ကျရောက်သည်။ ကျောင်းတော်ရာကို ကျောက်သားများဖြင့် တည်ဆောက်ထားသည်။ အလျား(၂၃၀–လက်မ)ရှိသည်။တောင်ဘက်၌လူ

ဝင်မုခ်ရှိသည်။ မုခ်အမြင့်မှာ(၆၉ ဒသမ ၅လက်မ)ရှိသည်။ အကျယ်မှာ (၃၈လက်မ)တိတိရှိသည်။

တရားထိုင်ဂူသည် ကျောင်းတော်ရာမှ အထက်တောင်ဘက်၌ တည်ရှိသည်။ လူတစ ်ယောက်စာ အပေါက်ပါရှိသည်။ ဤအပေါက်မှ လှေကားထစ်အတိုင်း အောက်သို့ ဆင်းရသည်။ အချို့ဝင်ဖူးသူများက ဆုံးအောင် မဝင်နိုင်ကြောင်း ပြောကြသည်။

## ဂီဂှာမြဝါဓာတ်တော်

ဤဗန္ဓဝဂူတည်ရှိရာ တောင်ဘက်အနီး ပေ(၂၀၀)ခန့်မြင့်မားသော တောင်ကုန်းပေါ်၌ ဓာတ်တော်များ တည်ရှိနေကြသည်။ တောင်ဘက်အစွန်မှ ဓာတ်တော်သည် ဂီဂှာ(လက်မ)ဓာတ်တော်ဖြစ်သည်။ သမိုင်းနှင့်ပတ်သက်၍ ဂီဂှာ၊ဇီဂှာ အငြင်းပွားမှုရှိနေသည်။ ဤအနီး၌ မြဝါဓာတ်တော်တစ်ဆူကလည်း ရှိနေသည်။

အဆိုပါဓာတ်တော်တို့မှာ သူရိယစက္ကမင်း လက်ထက်က စည်ကားခဲ့သော မြတ်ဗုဒ္ဓ၏ ဗျာဒိတ်တော်များဖြစ်ကြသည်။

## နေရဉ္စရာ တောင်ဂူစေတ်ဆင်းတုတော်များ

ဤဇီဂှာတည်ရှိရာ တောင်ခြေရင်း၏ အနောက်ဘက် တောင်ခြေရင်း သို့မဟုတ် ဗန္ဓဝဂူ၏ တောင်ဘက်အနီး၌ ဘုရားသိမ် တစ်ဆောင်က ရှိနေသည်။ ဤသိမ်ထဲ၌ ဗုဒ္ဓကျောက်ဆင်းတု သုံးဆူကို တွေ့ရသည်။

တောင်ဘက်က ဘုရားဆင်းတုမှာ ဉာဏ်တော်(၆၆)လက်မမြင့်သည်။နေရဉ္စရာတောင်ငူမြို့ ပြိုင်းတိုင်တောင်တန်း၊ မောင်နှမတောင်(ရေကျတောင်)မှ ဤအရပ်သို့ ရွှေ့ပြောင်းလာခြင်းဖြစ်သည်။

အလယ်ကဘုရားမှာ နေရဉ္စရာမြို့ ကမ်းပါးပြိုကျရာ ရေထဲမှ ရရှိခဲ့သည်။ ဉာဏ်တော် (ဂ၆)လက်မ ရှိသည်။

မြောက်ဘက်က ဘုရားကိုလည်း နေရဉ္စရာမြို့ ကမ်းပါးပြိုကျခြင်းမှ ရရှိခဲ့၍ ဤအရပ်သို့ ရွှေ့ပြောင်းထားသည်။

ဤဘုရားသုံးဆူကို ၁၃၄၈–ခုနှစ်က အသစ်မွမ်းမံပြုလုပ်ထား၍ နေရဉ္စရာတောင်ငူစေတ် ဟန်မှ လွဲဖယ်လျက်ရှိနေသည်။

## ရွှေတမာဝန်းကျင်မှ သမိုင်းရုပ်ကြွင်း

အထက်ဖော်ပြပါ သမိုင်းရုပ်ကြွင်းတည်နေရာမှ အနောက်ဘက်စူးစူးသို့ လာချေလျှင် လေးမြို့ကမ်းနားတွင် တည်ရှိနေသော ‘လက်မကျေးရွာ’သို့ ရောက်ရှိသည်။ ဤရွာမှ လေးမြို့ ကမ်းခြေအတိုင်း တောင်အရပ်သို့ ခရီးဆက်ပါက ကုလားလက်မရွာ၊ ထိုမှ ရွှေတမာကျေးရွာ’

သို့ ရောက်ရှိသွားသည်။

ဤရွာ၏ အရှေ့ဘက်တောင်ကုန်းများဖြစ်သော ချစ်စံဝေတောင်၊ အောင်လံတောင်၊ ကုလားဗိန်တာ တောင်အရပ်တို့၌ ရှေးဟောင်းစေတီပျက်များက ရှိနေသည်။ ထို့ပြင် သိမ်ရာဟောင်းများမှ ဗုဒ္ဓကျောက်ဆင်းတု အပျက်အစီးများကို ယခုအခါ ရွှေတမာ ဘုန်းတော်ကြီးကျောင်းသို့ ပြုပြင်ရန် ရွှေ့ပြောင်းထားကြသည်။ ရေကန်ဟောင်းများကလည်း ရွှေတမာရွာ၏ အရှေ့ဘက်တစ်ခုတွင် ရှေးဟောင်းရေကန်များအဖြစ် တည်ရှိနေကြသည်။

ဤရွာမှ တောင်ဘက်သို့ ခရီးဆက်လျှင်ကား စာရေးသူ ကျိန်းရိုပ်မြေ မဂ္ဂဇင်း အမှတ်(၁)တွင် ရေးသားပြခဲ့သည့် သမိုင်းအမွေအနှစ်များတည်ရှိနေရာ တောတန်းကျွန်း တောင်ဘက်ခြမ်းသို့ ရောက်သွားမည်ဖြစ်၍ ဤမှာပင်လျှင် တောတန်းကျွန်း မြောက်ဘက်ခြမ်းမှ ရခိုင်ယဉ်ကျေးမှု သမိုင်းအမွေအနှစ်များကို တင်ပြရင်း နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရပါသည်။

**မင်းပြား မင်းသိန်း‌ဇံ**

# လခြမ်းမြို့မှ ကမ္ဘာကျော်အာဇာနည်၏ ဘဝရုပ်ပုံလွှာ

## ကမ္ဘာကျော်အာဇာနည် ဦးဥတ္တမ

ရခိုင်နှင့် အောက်မြန်မာပြည်တို့သည် ကောဇာ)၁၁၈၆)ခုနှစ်ကပင် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့လေသည်။ အထက်မြန်မာပြည်သည်ကား ကိုယ့်မင်းကိုယ်ချင်းဖြင့် ဘုရင်အုပ်ချုပ်လျက်ရှိနေ၏။ မန္တလေးနေပြည်တော်မှာ မြန်မာဘုရင် မင်းမြတ်တို့၏ ထီးနန်းစိုက်မြို့တော်ဖြစ်သည့်အလျောက် သီပေါဘုရင်မင်းမြတ် ထီးနန်းအုပ်ချုပ်မင်းလုပ်နေသော အချိန်ကာလ ကောဇာသက္ကရာဇ် (၁၂၄၁)ခုနှစ်၊ ပြာသိုလပြည့်ကျော် တစ်ရက်၊ တနင်္ဂနွေနေ့တွင် ရခိုင်၊ စစ်တွေမြို့ ရှုပရွာခေါ်သောရပ်ကွက်၌ ကုန်သည် ဦးအောင်ကျော်သူ၊ ဇနီး ဒေါ်မမြတို့ထံမှ ကမ္ဘာကျော်မည့်၊ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံမည့် သတို့သားတစ်ယောက်အား မွေးဖွားပေး လိုက်လေသည်။ လခြမ်းမြို့ရခိုင်မှ ကမ္ဘာကျော်အာဇာနည်တစ်ဦး ပေါ်ထွန်းအောင်မြင်ပါစေ ဟူသော ရည်ရွယ်ချက်တို့ဖြင့် မိဘဆွေမျိုးတို့က 'ပေါ်ထွန်းအောင်'ဟု နာမည်ပေးကြလေသည်။

ပေါ်ထွန်းအောင် လူလားမြောက်၍ ငါးနှစ်သားအရွယ်သို့ရောက်လာသောအခါ ပညာသင်ရန် စာသင်ကျောင်း၌ အပ်နှံသင်ကြားစေလေသည်။ 'စာသင်ပျို့နု၊ အခြေပြုတို့၊ ဥဇုဘူတ၊ လို့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မာရှုရှု၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်ဇောဘဲ၊ တီမှာလွဲ၏။ အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့၊ အားထုတ်ခုံမင်၊ မသင်မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော၊ ပြောဟောမဲ့ထွေ၊ ပေချပ်ရေဖြင့်၊ သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့် စာသင်ဟူက ၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့....'(ရှင်မဟာရဋ္ဌသာရ ဆုံးမစာ)ဟူသော လင်္ကာအတိုင်း ပေါ်ထွန်းအောင်ကလေးငယ်သည် လို့လပြင်းပြစွာဖြင့် နှုတ်မှာရှုရှုမြွက်ဆိုပြီး ကြောင်ပုဇွန်စားသကဲ့သို့ မနားမနေ ကြိုးစားလေသော ကြောင့် အတန်းတင်စာမေးပွဲတို့မှာ နှစ်စဉ်နှစ်တိုင်း အောင်မြင်လေသည်။

ရခိုင်သားကြီးစာပေ

အခါတစ်ပါး ပေါ်ထွန်းအောင်မှာ တတိယတန်း၊ ညီ ကျော်ထွန်းအောင်မှာ ဒုတိယတန်းသို့ ရောက်၍ အတန်းတင်စာမေးပွဲဖြေဆိုကြရာတွင် ဒုတိယဆုဖြင့် အသီးသီးအောင်မြင်ကြ၏။ တစ်ရက်သောနေ့မှာ ပညာထူးချွန်သော ကျောင်းသူကျောင်းသားတို့အား ထူးချွန်ဆု စာအုပ်ခဲတံ စသည်တို့ကို အင်္ဂလိပ်လူမျိုး ရခိုင်တိုင်းမင်းကြီးကတော် ကိုယ်တိုင်ကျောင်းအသီးသီးသို့ သွားရောက်ပြီး ပေးကမ်းချီးမြှင့်လေသည်။ ပေါ်ထွန်းအောင်အား ဒုတိယဆု စာအုပ်ခဲတံ စသည်တို့အား လာယူရန် ဆရာမနာမည်ခေါ်သောအခါတွင် ဒုတိယဆုကို မလိုချင်သဖြင့် မလာဘဲနေ၏။ သို့သော် စာဆရာ၏ ကြိမ်းမောင်းမှုကြောင့် သွားယူလိုက်ရလေသည်။ ဒုတိယဆုကိုယူပြီး ကျောင်းမှဆင်းသောအခါ အိမ်သို့မသွားတော့ဘဲ ကုလားတန်မြစ်ဆိပ်ကမ်းနား တစ်နေရာသို့ အစ်ကိုက ခေါ်သွား၍ ညီကလိုက်ပါသွားရ၏။ ဆိပ်ကမ်းသို့ရောက်သောအခါ အစ်ကို ပေါ်ထွန်းအောင်က 'မင်း ဒုတိယဆုရသောစာအုပ် စသည်ပေးစမ်း'ဟု တောင်းယူ၍ ညီကပေးလိုက်သောအခါ မိမိရသော ဒုတိယဆုစာအုပ်စသည်နှင့် ညီရသော ဒုတိယဆုစာအုပ်စသည်တို့ကို စိစိမွမွဆုတ်ဖြဲပြီး အုတ်ခဲ တစ်လုံးနှင့် နာနာထုလျက် မြစ်ထဲသို့ ပစ်ချလိုက်ပြီးလျှင် 'ဟေ့.... ငါ့ညီ၊ မင်းနောက်ကို ဒုတိယ ဆု ဘယ်တော့မှမယူနှင့်၊ ပထမဆုရအောင်လုပ်ရမယ်'ဟု ပြောပြီး ပြန်ခဲ့ကြလေသည်။

ပေါ်ထွန်းအောင် ပဉ္စမတန်းသို့ ရောက်၍ ပညာသင်ကြားနေသောအချိန် တစ်ရက်သော နေ့မှာ ကလကတ္တားမှ အင်္ဂလိပ်၊ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသည် စစ်တွေမြို့သို့ ရောက်ရှိ လာပြီး ၎င်းတို့ကျောင်းမှ ဉာဏ်စွမ်းဉာဏ်စ ထက်မြက်လှသော ကျောင်းသားနှစ်ယောက်လောက် မိမိအားမွေးစားဖို့ပေးပါ။ ကလကတ္တားတွင် ဆယ်တန်းထိ ပညာသင်ကြားပေးပြီး ဘိလပ်သို့ ပညာသင်ကြားရန် စေလွှတ်ပေးမည်ဟု တောင်းလေသော် ကျောင်းဆရာကြီးကလည်း ပညာ ထူးချွန်ထက်မြက်သော ပေါ်ထွန်းအောင်နှင့် ကျော်ထွန်းအောင် ညီအစ်ကိုနှစ်ယောက်တို့အား ညွှန်ပြအပ်နှံလေ၏။ သို့သော် မိဘနှစ်ပါးတို့က သားနှစ်ယောက်နှင့် ခွဲခွာရမည်ကို မလိုလားသော ကြောင့်လည်းကောင်း၊ သားနှစ်ယောက် ခရစ်ယာန်ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့်လည်း ကောင်း ခွင့်မပြုတော့ပေ။ ပေါ်ထွန်းအောင်သည် နာမည်ကျော်ကြား ကလကတ္တားသို့ လိုက်သွား ရမည့်ဆဲဆဲမှာ မိဘတို့က ခွင့်မပြုကြောင်း ကြားရသောအခါ ''ဖေဖေ၊ မေမေ မလွှတ်ချင်နေ၊ ကျွန်တော့်ဘာသာ ထွက်ပြေးသွားမှာပဲ''ဟု ပြောလေသဖြင့် မိခင်ခမျာ ငိုယို၍ပင် ချော့မော့တား မြစ်ရလေတော့သည်။ သို့သော် ပေါ်ထွန်းအောင်၏ ကမ္ဘာတိုင်းပြည်အသီးသီးသို့ သွားရောက်လို သော စိတ်ဆန္ဒမှာ နေ့လရှိသမျှ တိုက်တွန်းနေလေရာကား ခရစ်ယာန် ဘုန်းကြီး စစ်တွေမြို့မှ မပြန်မီ တစ်ရက်သောနေ့မှာ သွားရောက်အတွေ့ခံပြီး 'ကျွန်တော်ထွက်ပြေးလာခဲ့မယ်၊ ဘယ်ကို လာရမယ်ဆိုတာ လိပ်စာပေးခဲ့ပါ' ဟု တောင်းပန်သဖြင့် ဘုန်းတော်ကြီးကလည်း မင်းသဘော နှင့် မင်းလာမည်ဆိုလျှင် ငါလက်ခံမည်ဟု ပြောပြီး လိပ်စာပေးခဲ့လေ၏။

## ကိုယ့်ဒူးကိုယ်ချွန် ပညာသင်ရန် ဆုံးဖြတ်

မိဘကမလှူတ်သဖြင့် ခရစ်ယာန်ဘုန်းကြီးနှင့် ကလကတ္တားသို့ မလိုက်ရသော်လည်း ကိုယ့်ဒူးကိုယ်ချွန် ပညာသင်ရန်အလို့ငှာ ပေါ်ထွန်းအောင် စိတ်ဆုံးဖြတ်ထားသည့်အတိုင်း တစ်ရက်သော နေ့မှာ အဘွား(အမေ၏အမေ) သေတ္တာထဲမှာ တစ်ခုခုရအောင် ခိုးယူရောင်းချ၍ ကလကတ္တားသို့သွားရန် ညီနှင့်တိုင်ပင်လျက် အဘွားနှင့်အတူအိပ်ရသော ညီကျော်ထွန်းအောင်က ခါးမှသော့ကို ခိုးပေးလျက် အစ်ကို ပေါ်ထွန်းအောင်က မိုးမလင်းခင် သေတ္တာကို ဖွင့်ပြီး ရွှေလက်ကောက်နှစ်ကွင်းကို ခိုးယူထားလေသည်။ အဘွားက အိပ်ရာမှနိုး၍ ခါးကြိုးတွင် သော့မတွေ့သဖြင့် ကျော်ထွန်းအောင်အားမေးမြန်းလေရာ မှန်သည့်အတိုင်းပြောပြ၍ ပေါ်ထွန်းအောင်အား ချော့မော့လျက်"ငါ့မြေးတို့အား ပညာကုန်သင်ပေးမယ်၊ ဘိလပ်ကိုလဲ ပို့ပေးမယ်၊ ယူထားသည်တို့ကို ပေးပါ"ဟု ပြောဆိုသောအခါ သော့နှင့်တကွ ရွှေလက်ကောက်ကိုပါ ထုတ်ပေးလေသည်။

ပေါ်ထွန်းအောင် သတ္တမတန်းသို့ ရောက်ချိန်၌ သူတို့ပညာသင်ကြားနေသော ဟိုက်စကူးကျောင်းသည် တခြားသို့ ပြောင်းရွှေ့သွားသဖြင့် ဆက်လက်ပညာသင်ကြားမှု မပြုရတော့ပေ။ ပေါ်ထွန်းအောင်ကား ကလကတ္တားသို့ ပညာသင်သွားရန် ငွေရမည့်အကြံကိုချည်း ကြံစည်နေလေရာကား တစ်ရက်သောနေ့တွင် ဦးရီး(အမေ၏မောင်)ထံသို့ သွား၍ ဈေးဆိုင်တွင် အရောင်းစာရေးအဖြစ် ဝင်လုပ်လေသည်။ မိမိအားပေးအပ်သော လခငွေကို တစ်ပြားတစ်ချပ်မှ မသုံးစွဲဘဲ ကျစ်ကျစ်ပါအောင် စုဆောင်းထား၏။ ထို့ပြင်လည်း အားလပ်ချိန်တွင် ကျွန်းတောရွာတို့မှ ကုန်ဝယ်လာသော ကုန်သည်တို့ကို ရှာဖွေဆက်သွယ်ထားလျက် လိုအပ်သော ပစ္စည်းတို့ကို ရလိမ့်မည်ဟု ဖောက်သည်လုပ်ထားပြီး ကုန်မှန်ဈေးမှန်ဖြင့် ရှာယူဝယ်ပေးသဖြင့်လည်း သူတို့ထံမှ ကော်မရှင်ခအနေဖြင့် ချီးမြှင့်ထောက်ပံ့ပေးကမ်းကြလေသောကြောင့် တစ်နှစ်အတွင်းမှာ ငွေ (၄၅၀)ကျက်စုမိသဖြင့် ကလကတ္တားသို့ ပညာသင်သွားရန် ညီနှင့်တိုင်ပင်လေသည်။ သို့သော် အကြံကား အထမမြောက်ချင်သဖြင့် ငွေဝှက်ထားသည့်နေရာကို အဒေါ်၏သားက ပြ၍ အဒေါ်ခိုးယူထားလိုက်ပြီးလျှင် သူတို့၏ငွေကို ဝှက်ထားသည်ဟု စွပ်စွဲတော့၏။ ပေါ်ထွန်းအောင် မဟုတ်မမှန်ကြောင်း၊ ဦးရီးထံမှ ဆိုင်ရောင်းခပေးသောငွေနှင့် မိမိမှာ ကော်မရှင်လုပ်ခရသောငွေတို့ဖြစ်ကြောင်း ပြောသော်လည်း ဦးရီးမယားက ပြန်မပေးသဖြင့် ဒေါသထွက်ပြီးလျှင် အဒေါ်သားအား ခေါင်းကွဲအောင်သတ်ပြီး ဦးရီးအိမ်မှ ထွက်ပြေးလေသည်။ မိခင်အိမ်သို့လည်း မသွားတော့ဘဲ ရွှေစေတီကျောင်းဆရာတော်ထံချဉ်းကပ်ပြီး ဗုဒ္ဓစာပေကို သင်ကြားပေးပါရန် တောင်းသဖြင့် ဆရာတော်သည် ပေါ်ထွန်းအောင်အား ရှေးဦးစွာ သူတော်သွင်းလျက် ဗုဒ္ဓစာပေတို့ကို ပို့ချသင်ပြလေသည်။

## လူတွင်လူလွန် လွှားတံခွန်သို့ဖြစ်ရန်

မယူမယွင်း၊ ဆောက်တည်ခြင်းဖြင့်၊ ကံရင်းမူလ၊ ဝီရိယနှင့်၊ ဉာဏထောက်ကူ၊ ရှိသည့်သူမှ၊ လူတွင်လူလွန်၊ လူတံခွန်သို့ ၊ လူမွန်တစ်ယောက်၊ တစ်ခေါ်လောက်အောင်၊ ခါရောက်ချိန်ဆုံး၊

တုမဲ့နှိုး၍၊ ရွှေဘုန်းမော်ရမည်။ (မာဃဒေဝလင်္ကာ)ဟူသော လင်္ကာအရ အတိတ်ဘဝမှ ပြုလုပ်ဆည်းပူးခဲ့သော ပါရမီကံရှိသော သူတို့သည် အတိတ်ကံ၏ နှိုးဆော်တိုက်တွန်းပေးနေမှုကြောင့် ပစ္စုပ္ပန်လောက ပတ်ဝန်းကျင်မည်မျှပင် နှောင့်ယှက်ဖျက်ဆီးနေစေကာမူ မိမိ၏အကြံအစည် မပြီးစီးမအောင်မြင်သမျှ မလျှော့သော လုံ့လဝီရိယဖြင့် ဉာဏ်နှင့် ဆင်ခြင်လျက် ပြုလုပ်ဆောင်ရွက်မြဲ ဆောင်ရွက်လေ့ ရှိလေသည်။ ထိုသို့ ဆောင်ရွက်နေခြင်းသည် လူ့လောက၏လူသားများ အထဲမှ ထူးချွန်လွန်ကဲသော လူတံခွန်ဖြစ်လာမည့် အကြောင်းတရားပင် ဖြစ်လေသည်။

ရွှေစေတီဆရာတော်သည်လည်း အရွယ်နုနုနယ်နယ် ပေါ်ထွန်းအောင်ကလေးငယ်၏ ပြင်းပြထက်မြက်သောစိတ်ဖြင့် ပညာလိုလားပုံကို အကဲခတ်မိသည့်အားလျော်စွာ ပရိတ်၊ ရှင်ကျင့်ဝတ်၊ သင်္ဂြိုဟ်၊ သဒ္ဒါတို့ကို စိတ်ရှည်ရှည်ဖြင့် အားပြုသင်ပြပေးနေလေသည်။ တစ်နှစ်ကြာသော အခါ ဗုဒ္ဓစာပေ၏ နက်နဲမှုကို သိလာသောကြောင့် ရှင်ဘဝဖြင့်ပင် ပညာဆက်လက်သင်ကြားရန် မိဘထံသို့ သွားပြီး ရှင်သာမဏေပြုခွင့်တောင်းလေသည်။

မိဘနှစ်ပါးတို့ကလည်း ဤအကြိမ်မှာ ငါတို့ ရှင်ပြုမပေးလို့မဖြစ်တော့ပြီဟု သိသဖြင့် မိဘနှင့် အဘွားမတို့က ရှင်ပြုရန် ဝန်ခံပေးပြီး မိမိတို့ကိုယ်တိုင် သင်္ကန်းသင်းပိုင်ရက်လျက် ပေါ်ထွန်းအောင်နှင့် ကျော်ထွန်းအောင်တို့အား ရွှေစေတီဆရာတော်ထံအပ်ပြီး ရှင်ပြုပေးလေသည်။ ဆရာတော်သည် ပေါ်ထွန်းအောင်၏ သတ္တိဗျတ္တိကို သိသည့်အလျောက် အင်းဝကောင်းစားစဉ်က ပေါ်ထွန်းခဲ့သော ရှင်ဥတ္တမကျော်လို့ ဖြစ်စေရန် ရည်သန်ပြီး ရှင်ဥတ္တမဟု နာမည်ပေး၏။

ညီကျော်ထွန်းအောင်ကိုကား ရှင်အရိယဟု အမည်ပေးလေသည်။ ညီအစ်ကိုနှစ်ယောက်တို့သည် ရှင်ဘဝဖြင့် ရွှေစေတီကျောင်းဆရာတော်ထံမှာ ဗုဒ္ဓစာပေကို ကြိုးစားသင်ကြားနေလေတော့သည်။

ရှင်ဥတ္တမ အသက်(၁၄)နှစ်သို့ ရောက်လာသည့် တစ်ရက်သောနေ့မှာ မအူပင်မြို့မှ စစ်တွေမြို့သို့ အလည်ရောက်လာ၍ မအူပင်သို့ ပြန်ကြွမည့် ဆရာတော် ဦးဂန္ဓမာနှင့် တွေ့ဆုံလေရာကား လိုက်သွားချင်စိတ်ပြင်းပြသောကြောင့် ထိုဆရာတော်နှင့် ဥပဇ္ဈာယ်ဆရာတော်ထံ ချဉ်းကပ်လျှောက်ထားသဖြင့် သဘောတူကြ၍ လူဝတ်လဲလျက် ခေါ်ယူသွားလေသည်။ မအူပင်သို့ ရောက်ပြီးနောက် ၎င်းဆရာတော်နှင့်အတူ ရန်ကုန်သို့သွား၏။ ရန်ကုန်မှ တောင်ငူသို့ သွားလျက် နေ့ရက်ရှည်ကြာစွာ နေသောအခါ တောင်ငူ ရှင်သာမဏေစာပြန်ပွဲ ကျင်းပမှုနှင့် ကြုံလေရာကား ရှင်ဝင်၍ ဖြေဆိုလေသော် ပထမဆုဖြင့် အောင်မြင်လေသည်။

ထိုကဲ့သို့ ပထမဆုဆွတ်ခူးသောသတင်းကြောင့် သိကျွမ်းသော လူချစ်လူခင်ပွားများလာရာမှ တောင်ငူမြို့ ကျွန်းကုန်းရပ်တွင် ချမ်းသာကြွယ်ဝသော ရှမ်းအမျိုးကြီးတစ်ယောက်က သားအဖြစ်မွေးစားပါရစေဟု ဘုန်းကြီးထံမှ ရှင်ဥတ္တမအားတောင်းလေရာ ရှင်ဥတ္တမက ‘ငါ့ကိုသားအဖြစ် မွေးစားလိုက ကလကတ္တားသို့ ပညာသင်ဖို့ လွှတ်ပေးမည်လား’ ဟု မေး၏။ ရှမ်းမကြီးကလည်း လွှတ်ပေးမည်ဟု ကတိပြုသဖြင့် သားအမိအဖြစ်သို့ ရောက်သွားကြလေသည်။

ရှင်ဥတ္တမသည် အသက်(၁၅)နှစ်သို့ ရောက်သောအခါ မွေးစားမိခင်ရှမ်းမကြီး၏ ထောက်ပံ့ငွေဖြင့် လူဝတ်လဲပြီး ကလကတ္တားသို့ သွားရောက်လျက် အင်္ဂလိပ်ကျောင်းတွင် ပညာဆက်လက်သင်ကြားနေလေသည်။ အသက် (၁၇)နှစ်တွင် ဆယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်လေသည်။ ထိုနှစ်တွင်ပင် ကလကတ္တားမှ ပြန်လာ၍ စစ်တွေမြို့သို့ ရောက်၏။ ထိုမှတစ်ဆင့် ရန်ကုန်သို့ လာလျက် ပွဲစားကြီး ဦးဘထော်(ရခိုင်)အိမ်၌ တည်းခိုပြီးနောက် ရှင်ဝင်၍ ဗုဒ္ဓစာပေကို ဆက်လက်သင်ကြားချင်သည်ဟု ပြောသောကြောင့် ကျောင်းတော်ရာဆရာတော် (ရွှေကျင်တိုက်) ထံသို့ ပွဲစားကြီးခေါ်သွားအပ်ပေးသော်လည်း ပေါ်ထွန်းအောင်က သဘောမကျသဖြင့် မနေခဲ့ဘဲ ရန်ကုန်မှ ပဲခူးသို့ သွားလေသည်။

ပဲခူးမြို့တွင် ရခိုင်တိုင်းရင်းသား လယ်ဝန်အရာရှိကြီး ဦးသတိုးဖြူ နေအိမ်၌ တည်းခို၍ နေစဉ် မင်းကျောင်းသို့ သွားရောက်လည်ပတ်လေ့လာနေခိုက် တောင်ငူမှ ရောက်ရှိလာသော ရဟန်းတစ်ပါးနှင့်တွေ့ဆုံဟောပြောနေရာမှ မင်းဗုဒ္ဓစာပေကို သင်ကြားချင်ရင် တောင်ငူသို့ လိုက်ခဲ့ဟု ဆိုသဖြင့် ဦးသတိုးဖြူအား တိုင်းကြားပြီး တောင်ငူသို့ လိုက်သွားလေသည်။ တောင်ငူမြို့တွင် မွေးစားအမိ ရှမ်းမ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်ဝင်လေသည်။

တောင်ငူတွင် တစ်လလောက်နေပြီး မန္တလေးသို့ သွားရောက်လျက် မဟာမြတ်မုနိအနီး ဘုရားကျောင်းတိုက်၌ ဝါကပ်၍ ဗုဒ္ဓစာပေကို သင်ကြားနေလေသည်။ ဝါကျွတ်လျှင် ပခုက္ကူမြို့ ရေစကြိုဆရာတော်သည် အလွန်စာတတ်၍ တပည့်တို့အားလည်း ပင်ပန်းခံလျက် စာပေပို့ချကြောင်းကြားသဖြင့် ပခုက္ကူမြို့ရေစကြိုဆရာတော်ထံသို့ ကြွသွားပြီး ပညာသင်ကြားလေသော် ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ပါဠိအဋ္ဌကထာ ဋီကာနှင့်တကွ နှံ့စပ်တတ်မြောက်လေသောကြောင့် အသက်(၁၉)နှစ်ပြည့်ပြီး နှစ်စွန်းတွင် ပခုက္ကူမြို့ ဘုံဘောဘားမားကိုယ်စားလှယ် ဦးထွန်းအောင်ကျော်(ရခိုင်) ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလေသောကြောင့် ဦးဥတ္တမဟူသော ဘွဲ့အမည်ဖြစ်ထွန်းပေါ်လာခဲ့လေသည်။

*(‘ဘဝရုပ်ပုံလွှာ’ကို ဆက်လက်တင်ပြပါမည်။)*

**မဟာပညာကျော်(ရခိုင်မြို့)**

**<u>မှီငြမ်းပြုကျမ်းစာများ</u>**

၁။ ဦးဉာဏရေး ဓညဝတီရာဇဝင်သစ် ပထမတွဲ
၂။ ဦးလှထွန်းဖြူ၏ ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်
၃။ ပရိဗက်ဆာ ဦးဥတ္တမ၏ ဘုန်းဘုန်းကိုယ်တွေ့ ဘုံဓလေ့
၄။ ဦးဘရင်ရေး ဆရာတော် ဦးဥတ္တမ

# အစွန်းမပေါက်　မြို့မရောက်

လွန်ခရေနှစ် မတ်လအတွင်းမှာဘောင်းဒွတ်ရွာသို့ခရီးတစ်ခေါက်ကျွန်တော်ထွက်ဖြစ်တေ။ ရင်းနှီးခင်မင်ရေ တပည့်တစ်ယောက်မှာ သားကို ရှင်ပြုဖို့ဖြစ်ဖို့ ကိုယ်တိုင်လာဖိတ်တေ။ ကျွန်တော့်ကို တင်ယူလာဖို့ ဆိုက်ကားသည် တစ်ယောက်ကို အသင့်မှာထားခရေ အတွက် ကျွန်တော့် အနိန်နန့်မလားလို့ မရဗျာယ်။ ဖြစ်အောင်လာမေလို့ ကတိပီးလိုက်တေ။ သူကလည်း ကုသိုလ်ရီးမှာ ဆရာသမားတိကို သူရို့နန့်အတူ သာဓုခေါ်စီချင်ပုံရရေ။ ဗုဒ္ဓဘာသာရခိုင်တိမှာ အလှူအတန်းလုပ်တေခါ ဆွေမျိုးတိနန့် ခင်မင်ရင်းနှီးသူတိကို ဖိတ်လိဟိကတ်တေ။ ရိုးရာဓလေ့ တစ်ခုလို့ ဆိုရပါဖို့။

ကျွန်တော်ရေ အသက်ကြီးပိုင်းမှာ အရေးကြီးရေကိစ္စဟိခါ ဆိုက်ကားနန့် အပြင်ကိုထွက်လိဟိပါရေ။ အသက်အငယ်ပိုင်းခါတော့ အခါအားလျော်စွာ ရှုခင်းပန်းချီဆွဲဖို့ စိတ်ပြီလက်ပျောက်သဘောတပည့်တိနန့် ဆိုက်ကားမဟုတ်ကေ စက်ဘီးစီးလို့ ထွက်လိဟိပါရေ။ မြို့ပြင်ကို မထွက်စွာတောင် ကြာနိန်ဗျာယ်။ အဂု ကျွန်းရွာသို့ ဆိုက်ကားနန့် လားဖို့စွာကို စိုးရိမ်ကြောင့်ကြရေပိုင် ခံစားမိပါရေ။ မရောက်ဖူးရေ မြင်ကွင်းသစ်တိကို မြင်ရဖို့ဖြစ်လို့ ဝမ်းသာရေပိုင်လည်း တွိပြန်ယင့်။

လားရဖို့ခရီးက အဝီးမဟုတ်။ လမ်းကောင်းကေ တစ်ချက်သွေ့ရာကြာဖို့။ မြို့နန့် သုံးမိုင်ကျော်လောက်ရာဝီးရေ သာမန်ခရီးတို တစ်ခုရာ။ ယေပင်ဒါလေ ကျွန်တော့်အဖို့ အဝီးကြီးဖြစ်နိန်ပါရေ။

မိုးထ(၅)နာရီလောက်မှ အိမ်ရှိုက ဆိုက်ကားအချက်ပီးသံကြားရရေ။ လပြည့်ကျော်စဖြစ်တေအတွက် လရောင်ထိန်ထိန်လင်းလို့။ ကျွန်တော့်မှာ အားလုံးအဆင်သင့်ပြင်ထားလို့ ဖြုန်းခနဲ ဆင်းဗျာယ် ဆိုက်ကားထက်ကို တက်လိုက်လာရေ။ ဆိုက်ားသည်ကား အသက်နှစ်ဆယ်ကျော် အရွယ် ပညာသင်နိန်ရဖို့ အချိန်မှာ ဆိုက်ကားမောင်းနိန်ရရေ။ ချိန်းထားရေအတိုင်း အတိအကျ ရောက်လာရေအတွက် လူငယ်ဆိုက်ကားသည်ကို လေးစားမိရေ။

ဆိုက်ကားနန့် တစ်နာရီလောက်လားကေ မြောက်ဦး၏ တောင်ဘက်ယို အောင်မင်္ဂလာရွာ

ထဲကို ဝင်ရောက်လာရေ။ ယင်းခါ တောင်တန်းနောက်မှာ ရောင်ဖြူလာနိန့်ဗျာယ်။ တောတောင်ထဲက တောကြက်တိ တွန်သံ၊ ရွာထဲက အိမ်ကြက်တိ တွန်သံရို့ကို ကြားရစွာလည်း အရသာတစ်မျိုး။ အောင်မင်္ဂလာ ရွာလယ်အရောက်မှာ အရှိဘက်တောင်ထက်မှာ တည်ဟိရေ မင်္ဂလာဓာတ်ပေါင်း ရွှေဂူစေတီဖေတ်မြတ်ကို ဖူးမြော်ရရေအတွက် ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုမိရေ။ စိတ်နှလုံးအီးချမ်းသာယာလားရေ။ အရှိဘက်ကို ထွက်ကျလာရေ ရောင်ဖြူကြောင့် စေတီတော်နန့် တောင်တန်းတစ်ခုလုံးရေ ဝိုးတဝါးပန်းချီဆန်ရေ။ ပန်းချီဆွဲလို့ လက်မမီနိုင်ရေ သဘာဝ အလှမျိုး ကျွန်တော့်အာရုံမှာ ကြည့်မဝနိုင်အောင်ထိ စွဲလမ်းပီတိဖြစ်နိန်မိရေ။ ဒေပိုင်ခံစားမှုမျိုးကို အိမ်မှာနိန်လို့ လုံးဝမရနိုင်။ ယေဇုနန့် ခရီးထွက်လာစွာ တန်ဖိုးဟိယင့်လို့ စိတ်ထဲမှာဖြစ်မိရေ။

ရခိုင်မှာ မင်းကောင်းမင်းမြတ်ရို့ မင်းကျင့်တရားနန့်အညီ အုပ်စိုးခကတ်တေတအချိန်မှာ မင်းလိုလိုက် မင်းကြိုက်မဆောင်ဘဲ ပြည်သူ့အကျိုးကို မျှော်ကိုးလို့ ဗုဒ္ဓဘာသာပီပီ တရားနည်းလမ်းတကျ ညမ်းညွှန်ပီးခကတ်တေ အမတ်ပညာဟိတိလည်း အများပင်ဟိခယင့်။ ပြည်သူလူထု စားဝတ်၊ နိန်ရေးမှာ ကြောင့်ကြစရာမဟိ။ ယင်းပိုင် အီးချမ်းခရေ အချိန်ရို့မှာ နိုင်ငံတကာနန့်လည်း ရခိုင်ရို့ဆက်ဆံခယင့်။ နိုင်ငံရပ်ခြားကို ကုန်တိတင်ပို့၊ နိုင်ငံခြားကလည်း လိုအပ်တေ ကုန်တိကို တင်သွင်းခကတ်တေ။

ရခိုင်က တင်ပို့ရေကုန်တိမှ ဆန်စပါး၊ အထည်ကြမ်း၊ ဘိန်း၊ ချိတ်၊ သစ်၊ ရိန်း ရိန်းစိမ်း၊ မဲနယ် ပျားဖယောင်း၊ ငွေသား ရွှေ၊ ခြည် အစဟိရေ သက်မဲ့ကုန်တိအပြင် ဆင်တိ၊ ဘင်္ဂလိကျွန်းတိကိုလည်း တင်ပို့သိရေ။ ယင်းခေတ် ယင်းအချိန်က ဂုလောက်ထွက်ကုန်ဟိကေ အဆင့်မနိမ့်လို့ ဆိုရပါဖို့။ နိုင်ငံရပ်ခြားကလည်း ဆီးရွက်ကြီး ၊ သံ၊ဟင်းခတ်အမွှီးအကြိုင်နန့် ကြီစိတိတင်သွင်းခရေ။ ဒေပိုင်ဆက်ဆံခကြောင်းကို နိုင်ငံခြားသားရို့ မှတ်တမ်းတိမှာရာ တွိရရေ။

နိုင်ငံတကာနန့် ဆက်ဆံလာကေ ငွေကြေးဆိုစွာ မဟိမဖြစ် လိုအပ်လာဗျာယ်။ ယင်းကြောင့် ဒင်္ဂါးသွန်းလုပ်သုံးစွဲလာရရေ။ ဒင်္ဂါးသုံးစွဲရာမှာလည်း ရခိုင်ရို့ရေ ရွှေ ငွေ နှစ်မျိုးကို သုံးခကတ်တေ။ ဘီစီ (၃)ရာစု ဓညဝတီခေတ်ကပင် ငွေဒင်္ဂါးသွန်းလုပ်သုံးစွဲခကတ်တေ။ ဒင်္ဂါးတိရှားပါးလို့ အတွိနည်းရေ။ ယေပင့်ဒါလေ့ ရခိုင်သုတေသီအချို့ တွိဟိထားကတ်တေ။ နိုင်ငံခြားသုတေသီရို့လည်း သိသူဟိရေပိုင်၊ မသိသူလည်း ဟိဖို့ထင်ယင့်။

ရခိုင်နိုင်ငံရေ (၁၆)ရာစုနန့် (၁၇)ရာစုအတွင်း ဘင်္ဂလားပင်လယ်အော် တစ်လျှောက်မှာ အင်အားအကြီးမားဆုံးနန့် အချမ်းသာဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်းကို ဥရောပတိုက်သားတိရီးရေ စာပီမှတ်တမ်းတိအရ သိရယင့်။ ရခိုင်ကို ‘မဟာရခိုင်ပြည်’လို့ ဖော်ပြထားကတ်တေ။

သဘာဝအလှကို ခံစားရင်း ယင်းအတိတ်၏ အရိပ်ကို ကျွန်တော့်အာရုံမှာ ခံစားလို့ ကောင်းတုန်း ဆိုက်ကားနန့်ကျောက်တုံး ရန်ဖြစ်လို့ ဆိုက်ကားမှောက်လဲလုလု ဖြစ်လားခမှရာ ကျွန်တော်စိတ်အာရုံလည်း အမျှင်ပြတ်လားလီရေ။ လမ်းမှာ ခင်းထားရေ သောင်ကျောက်ခဲတိစွာ အာလူးကို ဖျာခင်းထားရေပိုင် ကြောက်လာရေ။ ယင်းကြောင့် ဆိုက်ကားသည်ကို အသာအသား

ထိန်းလို့ မောင်ဖို့ ပြောလိုက်ရရေ။ လမ်းမကောင်းမှ မောင်းရရေ ဆိုက်ကားသည် ဘဝလည်း မလွယ်ပါကာလို့ သဘောပေါက်မိရေ။

မြောက်ဦးခေတ် ကောင်းစားစဉ်က ဒေပတ်ဝန်းကျင်ဒေသမှာ အိမ်ကြီးအိမ်ကောင်းတိ လည်း ဝဲယာမှာ ကြက်ပျံမကျဟိလီဖို့။ လမ်းမှာလည်း ဆင်၊ မြင်း၊ ရထားရို့ ဥဒဟို ဝင်ထွက်လား ဟိခကတ်ဖို့ သေချာရေ။ 'ဆင်ဝင်တောင်'လို့ အကြောင်းမဟိဘဲ ခေါ်ဖို့မထင်။ ဆင်အဝင်အထွက် များခလို့ရာ ဂနိန့်ထိ 'ဆင်ဝင်တောင်'လို့ တွင်လာစွာ ဖြစ်ဖို့။ နီရောင်ဖြာကျစ နီလုံးမပေါ်တပေါ် အချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး ဝိုးတဝါး မပီမသဖြစ်နိန်ရေ။ အလင်းရောင်းကို တောင်တန်းရှည် က ကွယ်ထားရေအတွက် တောင်အနောက်ဘက်တစ်ခွင်ကား နှင်းမှုံတိနန့် မှောင်ဝါးဝါး။ ပန်းချီ ဆန်လို့ အလွန်လှရေ မြင်ကွင်းတစ်ခု ဖြစ်နိန်ရေအပြင် ကျီးငှက်မြည်တွန်သံရို့ကို ကြားရရေအ တွက် သာယာရေပိုင် ခံစားနိန်မိရင်း ဘောင်းဒွတ်ရွာနားကို ဆိုက်ကားကပ်လာမှရာ အာရုံတိ လွင့်ပျောက်လားခရေ။

ရွာထဲကို မဝင်ခင်က အုန်းမိုး၊ ဓါးထရံ မလုံတလုံ အိမ်သျှေတိက ကြိုဆိုနိန်ကတ် တေ။ တဖြည်းဖြည်း ရွာထဲကို ရောက်လကေလေ့ ထူးမခြားနားပင်။ အိမ်ကြီးအိမ်ကောင်းကား မဟိသလောက်။ ဆင်းရဲသားတိ နိန်ထိုင်ရာ ရွာသျှေတစ်ရွာဖြစ်နိန်ရေ။ အယင်က စည်ကားလို့ နာမည်ကြီးခရေ 'ဘောင်းဒွတ်'လည်း လောကဓံအလှည့်အပြောင်းနန့် မကင်းနိုင်ပါကာလို့ သံဝေဂ ဖြစ်မိပါရေ။

အလှူပွဲက တေးခြင်းသံတိကို ကြားရပြီးနောက် မဏ္ဍပ်ကိုမြင်လာရရေ။ အချိန်ကား မိုးထ (၇)ချက်တီးနီးပါး။ ပရိတ်သတ်ကလေ့ အနည်းရာရောက်သိရေ။ ပွဲသျှင်မိသားစုလည်း မြို့က ဆရာလာလို့ ဝမ်းပန်းတသာနန့်နိန်ရာထိုင်ခင်းချပီးကတ်တေ။ ဆိုက်ကားသည်ကိုလည်း ပွဲပြီးမှ ပြန်ဖို့ ဖိတ်ထားလိုက်ကတ်တေ။

မကြာခင် လူတိ တစစရောက်လာကတ်တေ။ ပွဲကလည်း ပွဲကြီး။ ကျွန်တော်နန့် ရင်းနှီးရေ ကျောင်းဆရာကြီးတစ်ဦး ကျွန်တော့်ကို မြင်လို့ ဝမ်းသာအားရနန့် ကျွန်တော့်အနားမှာ )လာထိုင်ရေ။ ထိုဆရာကြီးက အသက်(၇၀)ကျော်။ ရှိမိနောက်မိ လူကြီးတစ်ယောက်။ ယင်းဆရာ ကြီးကို ဘောင်းဒွတ်ရွာအကြောင်းကို မိန်းကြည့်မိရေ။ အလှူရှင်ပြုပွဲလုပ်နိန်ရေ ရပ်ကွက်ကို 'ဆင် ဝင်တောင်ရွာ' ခေါ်ကြောင်း ပြောပြရေ။

အယင်က ဘောင်းဒွတ်ရွာမှာ ရပ်ကွက်(၅)ခုဟိခရေ။ ထိုရပ်ကွက်တိမှာ (၁)မာလိန်ရှီးရပ်၊ ယင်းရပ်ကွက်ရေ ရွာဝင်ဝ နတ်တောင်ကျောင်းတိုက်မှ ရွာလယ်တံတားထိ ရှည်ရေ။ အကြီးဆုံး ရပ်ကွက်ဖြစ်တေ။ (၂)ရှီးတန်းရပ်၊ ယင်းရပ်ကွက်ကား တံတားမှ ပေါ်တူဂီကုန်တိုက်ထိရှည်ရေ။ တံတားဘေးမှာ 'မိဖုရားမဂူ'လို့ ခေါ်ဇာတတ်တေ အုတ်တိုက်ပြိုတစ်ခုကိုလည်း ညောင်ပင်တိ မျိုထားဗျာယ်။ (၃) ရွာမ၊ ယင်းရပ်ကွကြ်လည်း ကုန်တိုက်မှ ပန်းဖဲတန်းထိ ရှည်ရေ။ (၄) ဂြစ်ဖ၊ ယင်းရပ်ကွက်မှာ အဂုအိမ်လုံးဝမဟိဗျာယ်။ (၅) ပန်းဖဲတန်း၊ ယင်းရပ်ကွက်ကား ရွာတောင်

ဘက်အဆုံးမှာ ဟိရေ။ ရွာတောင်ဦးကို မြောက်ဦးကလားရေ လမ်းမကြီးနန့် တစ်ခေါ်လောက်ရာ ဝီးရေ။ သီးခြားရွာသျှောတစ်ရွာဖြစ်နိန်ယင့်။ ထိုရွာပတ်ဝန်းကျင်မှာလည်း ရိကန်သုံးလေးကန်ပင် ဟိရေ။ အဆိုပါရပ်ကွက်(၅)ခုရေ အင်္ဂလိပ်အုပ်ချုပ်စဉ်ကလည်း အဆက်မပြတ်ဟိခရေလို့ ပြောရေ။ အဂုကား မူလတန်းကျောင်းရာဟိယင့်။ ဖော်ပြပါ ရပ်ကွက်ငါးခုကို ပေါင်းလို့ 'ဘောင်းဒွတ်' ရွာလို့ ခေါ်စွာဖြစ်တေ။

မြောက်ဦးခေတ်က ဆိုကေ အိမ်ခြီအနည်းဆုံး နှစ်ထောင်ကျော်ပင် ဟိခဖို့ထင်ယင့်။ ထိုခေတ်က ဘောင်းဒွတ်ရွာကား မြို့တစ်မြို့ပိုင် စျီးဆိုင်တိနန့် စည်စည်ကားကားဟိခလီဖို့။ ယေဇုနန့် 'အစွမ်းမပေါက်၊ မြို့မရောက်၊ ဘောင်းဒွတ်အဆီ၊ ပြန်လတ်လီ'ဆိုရေ စကားပုံတစ်ခု ဂနိန့်ထိ တွင်ကျန်လိုက်စွာ ဖြစ်တေ။ ဆိုလိုရင်းက မြောက်ဦးမြို့ကို မရောက်ဖူးရေ ကျွန်းကန်း ရပ်ရွာက လူတိ မြောက်ဦးကို စျီးပြုလာရေခါ ဘောင်းဒွတ်ရွာကို ရောက်ကေပင် မြောက်ဦးစျီးကို ရောက်ဗျာယ်လို့ အထင်မှားပြီးကေ ဘောင်းဒွတ်ရွာက ဝန်တိဝယ်လို့ ပြန်လီဟိခကတ်တေ။ ဘောင်းဒွတ်ရွာကိုပင် မြောက်ဦးလို့ အထင်မှားလောက်အောင်လည်း စည်ကားခလီဖို့ထင်ယင့်။

မြောက်ဦးခေတ် မင်းဖလောင်းလက်ထက်မှာ ရခိုင်ရိတပ်မတော်အလွန်အင်အားကြီးခရေ။ ဟူဂလိမြစ်မှ မုတ္တမကွေ့ထိ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကျက်စားခကတ်တေ။ ဒတ်ချ်၊ ပေါ်တူဂီ၊ ဂျပန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလား၊ မဆူလီပတ်တန်၊ အာရှန်၊ ဂျာကာတာ၊ တနင်္သာရီ၊ မုတ္တမ အစတိရေ ဒေသတို့နန့် ဆက်ဆံခရေ။ ယင်းကြောင့် ပဲခူးသားတိ၊ ဗမာတိ၊ မဂိုအမျိုးသားတိ၊ ပေါ်တူဂီတိအပြင် ဂျပန်တိလည်း ရခိုင်ရိတပ်မတော်မှာ အခစားစစ်သားအဖြစ် အမှုထမ်းခကတ်ကြောင်းကို မန်နရိုတ် မှတ်တမ်းများအရ သိရရေ။ ပေါ်တူဂီတိနန့် စီးပွားရေးအရ ဆက်ဆံခစွာကို သမိုင်းရပ်ကြွင်းအထောက်အထားတိကလည်း သက်သီပြနိန်သိရေ။

ပေါ်တူဂီတိနန့် ဆက်ဆံစဉ်က ပေါ်တူဂီတိ တည်ဆောက်ခရေ ကုန်တိုက်ဟောင်းတိကို ကျွန်တော့်အာရုံမှာ ထင်ဟပ်လာရေ။ 'တစ်ချက်ခုတ် နှစ်ချက်ပြတ်' သဘောနန့် ကုန်တိုက် အဟောင်းတိကိုလေ့လာကြည့်ချင်စိတ်ပေါ်လာရေ။ ထိုစကား ဒေစကား ပြောနိုင်ကေလေ့ ယင်းကုန်တိုက်တိန်ရာတိကို ကြည့်ချင်စိတ်တိရာ အမြဲနှောင့်ယှက်နိန်ရေ။

ဂနိန့်ကမ္ဘာမှာ ချမ်းသာရေ အမေရိကန်၊ ဂျပန်၊ မလေးရှား၊ စင်္ကာပူအစဟိရေ နိုင်ငံတိကို အခြားနိုင်ငံရို့က လူငယ် လူရွယ်တိ အလုပ်လုပ်လို့ ငွေရှာဖို့ ဝင်လာမစဲ ဟိကတ်တေ။ တရားဝင် တစ်မျိုး၊ ခိုးဗှက်လို့ တစ်ဖုံ နည်းမျိုးစုံနန့် မရမက ခိုးဝင်နိန်ကတ်တေပိုင် ရခိုင်ကောင်းစားစဉ်ကလည်း နိုင်ငံပေါင်းစုံကလူတိ ဒေပိုင် ဝင်လာမစဲဟိလီကတ်ဖို့လို့ အတိတ်၏ အရိပ်တိ အာရုံမှာ တရိပ်ရိပ်ပေါ်နိန်ရေ။ ယင်းကြောင့်ပင် ကုန်တိုက်နိန်ရာကို ကြည့်ချင်စိတ် ပြင်းပြလာရေ။

သျှင်ပြုပွဲပြီးချင်း ကုန်တိုက်တိကို ကြည့်ဖို့ အငြိမ်းစား ဆရာကြီးနန့်အတူ ဆိုက်ကားစီးလို့ လားကတ်တေ။ ကုန်တိုက်အမှတ်(၁)မှာ ဘောင်းဒွတ်ရွာထဲကို ဖြတ်စီးရေ ချောင်းကမ်းနဖူးမှာပင် တည်ဟိရေ။ မြောက်ဦးကလာလမ်း၏ အနောက်ဘက်(၆၀)ပေခန့်အကွာမှာဟိရေ။ ယင်း

ကုန်တိုက်တည်ဟိရေ လမ်း ဝဲယာနှစ်ဖက်မှာ အိမ်တိဟိကတ်တေ၊ ဒေနိန်ရာတစ်ဝိုက်ကိုပင် ဈီးတန်းလို့ ခေါ်ခြင်းဖြစ်တေ။ ရှိခေတ်က ဈီးဆိုင်တိနန့် စည်ကားခလီဖို့။ (၁၇)ရာစုမြောက်ဦး ထွန်းကားစဉ်က ယင်းနိန်ရာမှာ ပေါ်တူဂီ (Portugue)ကုန်တိုက်(သို့) အကောက်ရုံးဟိခရေလို့ သမိုင်းဌာနကပြောရေ။ ကုန်စည်အရောင်းအဝယ်ပြုလုပ်ရာ ဈီးဆိပ်ကမ်း(ဈီးတန်းရှည်ကြီး)ဖြစ်လို့ ဂနိန့်တိုင် 'ဈီးတန်း'နာမည်မပျောက်။ ဒေကုန်တိုက်ကို ရှိဟောင်းသုတေသနဌာန၏ တိုင်းတာချက်အရ အလျား ၂၅–ပေ၊ အနံ ၁၅ ပေခန့် ဟိရေလို့ သိရရေ။ အမိုး၊ အကာ လုံးဝမဟိဗျာယ်၊ အရှိနောက်နန့် မြောက်ဘက်ရို့မှာရာ ပြိုပျက်နိန်ရေ အုတ်နံရံတိ ဟိသိရေ။ တောင်ဘက်မှာ လုံးဝတစ်ခုလည်း မဟိဗျာယ်။ ပြိုပျက်နိန်ရေ အုတ်ပုံဖြစ်နိန်ရေ၊ မြောက်ဘက်နံရံမှာ အလင်းဝင်ပေါက်(၂)ပေါက်ဟိနိန်စွာကို တွိရရေ။ မကြာခင် သဘာဝဇာ်ကြောင့် လုံးဝပြိုကျလားလီဖို့ရာ မြင်ယင့်။

ကုန်တိုက်အမှတ်(၂)မှာ ကုန်တိုက်အမှတ်(၁)၏ အရှိတောင်ဘက် မျက်စောင်းထိုးမှာ ပေ(၄၀၀)ကျော်အကွာ၌ တွိရရေ။ အကျယ်အဝန်းမှာ အမှတ်(၁) ခန့်ဟိဖို့ထင်ယင့်။ အမိုး၊ အကာ၊ နံရံတိလုံးဝမဟိဗျာယ်။ ကုန်တိုက်ခြံစည်းရိုးမှာ သစ်ပင်ငယ်တိပေါက်နိန်ရေ၊ ကုန်တိုက် နိန်ရာမှာ အုတ်ရိုး၊ အုတ်ခဲတိရာဟိစွာကို တွိရရေ။ ကုန်တိုက်အမှတ်(၃)မှာ ကုန်တိုက်အမှတ်(၂) ၏ တောင်ဘက်ပေ(၃၀၀)အကွာမှာ တောင်ကုန်းငယ်ကို နောက်ခံထားလို့ တည်ဟိရေ။ အုတ်ပုံ အုတ်ကုန်းတစ်ခုပိုင် ဖြစ်နိန်ဗျာယ်။

သာမန်လူတိရေ ဒေနိန်ရာမှာ အဆောက်အဦးဟိခရေလို့ လုံးဝသိနိုင်ဖို့မထင်။ ကုန်တိုက်(၄)မှာ ကုန်တိုက်(၃)၏ အနောက်တောင်ထောင့် ပေ(၃၀၀)အကွာ လမ်း၏အရှိဘက် အိမ်ခြံဝင်း တစ်ခုအတွင်းမှာ ကျနိန်ရေ။ အုတ်ရိုး၊ အုတန်းကြီးရေ မြီးကြီးထဲမှာ ကျရောက်နိန်ဗျာယ်။ မန်ကျည်းပင်ကြီးတစ်ပင်လည်း အလယ်မှာပေါက် နိန်ယင့်။ ကုန်တိုက်နိန်ရာလို့ မသိနိုင်ရေ အဆင့်မှာဟိရေ။

ဒေကုန်တိုက်တိရေ ရခိုင်ရို့ နိုင်ငံတကာနန့်ဆက်ဆံခစွာကို သက်သီအထောက်အထားအဖြစ် ပြနိုင်ရေနိန်ရာတိဖြစ်တေ။ ယင်းကြောင့် ပတ်ဝန်းကျင်မှာ နိန်ထိုင်ကတ်တေ အိမ်တိကို ပြောင်းရွှေ့ပနာ ကုန်တိုက်နိန်ရာကို တူးဖော်ပြီးကေ ပြုပြင်သင့်စွာကို ပြုပြင်လို့ ခြံဝင်းလုံလုံ မြဲမြဲကာထားနိုင်ကေ ပိုကောင်းဖို့လို့ စိတ်ကူးဖြစ်မိရေ။

လေ့လာကြည့်ရှုတန်သည်ကို လေ့လာလို့ပြီးခါ ပွဲသျှင်တိမိသားစုရို့နန့် မဏ္ဍပ်မှာ အဖန်ရည် သောက်ရင်း တနားတတွေစကားပြောနိန်ခပြီးကေ ဘောင်းဒွတ်ရွာက ဆိုက်ကားနန့် ပြန်ထွက်လာလတ်တေ။ အချိန်ကား နိန့်ခင်း(၁)ချက်တီး လောက်လို့ ခန့်မှန်းမိရေ။ နီပူပြင်းလို့ ပြန်ရဖို့စွာကိုပင် ကြောက်တေပိုင်တွိမိရေ။

ဘောင်းဒွတ်ရွာက ထွက်လာချင်း မြောက်ဦးဘက်ဟိ စေတီပုထိုးရို့ကို အဝီကဖူးမြင်ရစွာရေ ကြည်နူးစရာ၊ အလာခါ အလင်းအားနည်းရေ မိုးထချိန်ဖြစ်လို့ ဝိုးတဝါးပန်ချီကား တစ်ချပ်ပိုင်လှ

ရေ ဓာတ်ပေါင်းရွှေဂူစေတီတောင်တန်းနန့် လမ်းဝဲယာပတ်ဝန်းကျင်ရို့ရေ အပြန်မှာ လှရေပိုင်မမြင်ဗျာယ်။ အလင်းအားကောင်းလို့ အားလုံးကို စိရာနဖာမြင်လာရရေ။ တောင်ထိပ်တိမှာ ပြုပြင်ထားလို့ ကြည်ညိုစရာဖြစ်နိန်ရေ စေတီတိဟိရေပိုင် တောင်းတန်းခြီရင်း၊ တောင်ပူစာသျှေတိမှာ စေတီပြို ဘုရားပျက်တိကို ခြုံနွယ်တိဖုံးလို့ဖုံး၊ ညောင်ပင်တိမျိုလိုမျို ရှုပ်ရှုပ်ထွီးထွီး ဖြစ်နိန်ကတ်တေ။ လမ်းဝဲယာအိမ်တိကို ကြည့်လိုက်ပြန်ကေလေ့ အိမ်အဆင့်မဟိရေတဲ သျှေတိ ယိုင်တိယိုင်တိုင်၊ ကောင်းကောင်းဆင်းရဲကတ်တေဆိုစွာကို ဖော်ပြနိန်ရေ။ ပကတိအဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်းမြင်လာရေခါ စိတ်ပျက်အားငယ်ရေပိုင် ခံစားရပြန်ဗျာယ်။ အလားနန့် အလာခံစားချက်ရို့ရေ ဆန့်ကျင်ဘက်ရာ ဖြစ်လာလတ်တေ။

ဒေပိုင်အမြင်ပြောင်းလို့ ခံစားချက် ပြောင်းလာရရေအတွက် လူသားတိစွာ လောကကိုကိုယ့်အမြင်နန့်ကိုယ်မြင်လို့ အမြင်ချင်းတူကေလေ့ ဉာဏ်မြင်အားကောင်းလို့ အဟိကို အဟိအတိုင်းမြင်နိုင်သူတိရေ အမှန်နန့် နီးနိုင်ဖို့လို့ ဆင်ခြင်မိရေ။

လမ်းအနောက်ဘက်မှာလည်း လယ်ကွင်းပြင်ကြီးဖြစ်နိန်ရေ။ ယင်းလယ်ကွင်းပြင်ထဲမှာ ကန်ဟောင်း၊ ကန်ပျက်တိကို ဟိုမှာတစ်ခု၊ ဒေမှာတစ်ခု အများအပြားပင် မြင်တွိရရေ။ ယင်းလမ်းနားနီးတဝိုက်မှာ မြောက်ဦးကောင်းစားရေခေတ်က လူနိန်အိမ်ခြီ စည်ကားလီဖို့စွာ သေချာရေ။ အဂုလည်း ဘောင်းဒွတ်နန့်တစ်ဆက်တည်းဖြစ်ဖို့ နီးနိန်ဗျာယ်။ လမ်းဝဲယာမှာ အိမ်သျှေတိ ထိုမှာတစ်ဆောင် ဒေမှာတစ်ဆောင်အစီအရီရောက်နိန်ကတ်ဗျာယ်။ ပစ္စုပ္ပန်မှာလည်း အတိတ်ပိုင်စည်ကားလာနိုင်ဖို့လားလို့ တွေးရင်းတွေးရင်း အောင်မင်္ဂလာရွာထဲကို ဝင်ရောက်လာလတ်တေ။

**ဧညဦး**

**<u>ကိုးကား</u>**

၁။ ရခိုင်ပြည်စီးပွားရေး ဘဏ္ဍာတိုက်-ဦးလှထွန်းဖြူ

၂။ Old Burma

၃။ ရခိုင်ဒင်္ဂါးများ

၄။ ကိုယ်တွေ့လေ့လာချက်နှင့် သုတေသနမှတ်တမ်းများ။

# လဲခြမ်းမြို့မှာ ရောင်ပြန်ထင်ဟပ်လာမည့်ပုံရိပ်များ

၃၀–၅–၉၈(စနေ)နေ့၊ မွန်းတည့် (၁၂)နာရီအချိန်ဖြစ်ပါသည်။ မြောက်ဦးဈေးအတွင်းရှိ အကျွန်ုပ်၏ အလှကုန်ဆိုင်သို့ ကျော်စိုးတည်းခိုရိပ်သာမှ မန်နေဂျာဖြစ်သူ မောင်သိန်းရောက်ရှိလာပြီး သူတို့တည်းခိုရိပ်သာ၌ ရောက်ရှိနေကြသော စစ်တွေမှ ဧည့်သည်များက အကျွန်ုပ်အား အခေါ်လွှတ်လိုက်သည်ဆို၍ ချက်ချင်းပင် လိုက်သွား၏။ ယင်းသို့ အကျွန်ုပ်ရောက်သွားသောအခါ ကျော်စိုးတည်းခိုရိပ်သာ၏ ထမင်းစားခန်း၌ ထမင်းစားပြီး၍ ရေနွေးကြမ်းသောက်သုံးနေကြသော စစ်တွေမြို့မှဆိုသည့် ဧည့်သည်(၃)ဦးကို တွေ့ရလေ၏။ ယင်းအနက်တစ်ဦးမှာ အသက်(၇၀)ခန့်ရှိမည်ဟု ခန့်မှန်းရပြီး အဆိုပါပုဂ္ဂိုလ်မှာ အသားဖြူဖြူနှင့် ကုန္ဒြေရုပ်၊ သိက္ခာရုပ်၊ ဥပဓိရုပ်ကောင်းကောင်းနှင့် ဖြစ်၏။ ယင်းပုဂ္ဂိုလ်၏ နှုတ်ခမ်းမွေးဖြူဖြူကို အဝေးကမြင်ရုံဖြင့် ရခိုင်သမိုင်းသုတေသီ ဆရာကြီးဦးသျှင်အုန်းဆိုသည်ကို ရခိုင်စာပေဝါသနာရှင်တိုင်း သိနိုင်ပါသည်။

ဆရာကြီး၏ခေါင်းပေါ်မှာကား မရဏနိုင်ငံ၏ အမှတ်သင်္ကေတအဖြစ် အောင်လံဖြူကို မြင်ရခြင်းဖြင့် လောကကြီး၏မမြဲသော အနိစ္စသဘောကို ဆင်ခြင်အောက်မေ့၍ သတိသံဝေဂ ယူစရာပင်ဖြစ်ချေ၏။

နောက်တစ်ဦးကား နီမင်းသျှင်ဆိုသူဖြစ်၏။ သူက သွားဆရာဝန်ဖြစ်၍လောမသိ။ ‘ငရဲကလူသူ ပြာပူမကြောက်’ ဆိုရိုးစကားလို ကွမ်းစားခြင်း၏ အပြစ်ကို မကြောက်၍လော။ သို့တည်းမဟုတ် ကွမ်းစားခြင်းသည် သွားကိုပို၍ ခိုင်မာစေသည်ဟု အမိဆေးတက္ကသိုလ်မှ သင်ကြားပို့ချလိုက်၍လော။ သို့တည်းမဟုတ် ရခိုင်မျိုးချစ်ပီပီ ရခိုင်လူမျိုးတို့၏ ကွမ်းစားသောဓလေ့ကို အမြတ်တနိုးထိန်းသိမ်းထားလို၍လော မပြောတတ်ပါ။ တစ်ခုခုတော့ ဖြစ်ဖို့သေချာပါသည်။ အကျွန်ုပ်နှင့်တွေ့သည့်အချိန်မှာလည်း ကွမ်းတမြုံ့မြုံ့ ဝါးလျက်တွေ့ရပါ၏။ သူ၏ကွမ်းစားသက်တမ်းကား မည်မျှကြာရှည်ပြီဆိုသည်ကို သူ၏သွားများက သာဓကပြယုဂ်ဆောင်နေချေ၏။

ကျန်တစ်ဦးမှာ ရခိုင်ပြည်တွင်းဖြစ် နိုင်ငံခြားသားဖြစ်သူ ပုံရိပ်လွှာ ဖန်တီးရှင် ကိုထွန်းမြင့်၊

သူကား အမြဲလိုလို ဘောင်းဘီရှည် ဝတ်ဆင်လေ့ရှိပြီး စီးကရက်ကို လက်မှမချသူဖြစ်သဖြင့် ဘုရားသတ်ပါစီ (ဘုရားစူးပါစေ) ဆီမရော၊ ရေမရောသည့် စစ်တွေသားစစ်စစ်ပါဟု မနည်းပြောယူရ၏။ သူတို့လာရင်းကိစ္စက 'လခြမ်းဖြူ မဂ္ဂဇင်းအမှတ်(၂)အတွက် ရခိုင်ကျောက်ဆစ် ပန်းကြွများကို ဓာတ်ပုံမှတ်တမ်းတင်ရန် လာခြင်းဖြစ်သည်ဟု သိရလေသည်။

သူတို့၏ အစီအစဉ်က ၃၀–၅–၉၈နေ့ မွန်းလွဲပိုင်း၌ ဝန်းတီးနတ်တောင်၊ ဇောမိရွှေဂူနှင့် လက်ကောက်ဈေးကျောင်းတိုက်ရှိ ရခိုင်ရှေးဟောင်းလက်ရာများကို မှတ်တမ်းဓာတ်ပုံရိုက်ရန်နှင့် ၃၁–၅–၉၈နေ့(တနင်္ဂနွေနေ့) နံနက်ပိုင်း၌ မြောက်ဦးမြို့နယ်၊ ဘောင်းဒွတ်ကျေးရွာ သဘော်စာတိုင်ကျွန်းရှိ ရုပ်များသိမ်မှ နံရံရုပ်ကြွများနှင့် ညနေပိုင်းတွင် မြောက်ဦးရှေးဟောင်းပြတိုက်မှ ယဉ်ကျေးမှုလက်ရာများကို ရိုက်ယူရန် စီစဉ်ထားသည်ဟု ဆိုပါသည်။ အချိန်ရလျှင် ၁–၆–၉၈နေ့ (တနင်္လာနေ့) နံနက်ပိုင်း သျှစ်သောင်းပုထိုးတော်ကြီးရှိ ရုပ်လုံးရုပ်ကြွကျောက်ဆစ်လက်ရာများကို ဓာတ်ပုံရိုက်ပြီး ယင်းနေ့ နေ့ချင်းပြန်သင်္ဘောဖြင့် ပြန်ကြမည်ဟု ဆိုပါသည်။

ထိုကိစ္စ၌ အကျွန်ုပ်အားလည်း ကူညီနိုင်ပါက ကူညီပါရန် မေတ္တာရပ်ခံကြပြန်သည်။ အကျွန်ုပ်လည်း ထိုကိစ္စ၌ 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်' ရှိလှပါ၏။ 'ရေငတ်တုန်း ရေတွင်းထဲကျ'ပမာခံစားမိပါသည်။ 'စိုင်ကော်၍ ချိုပေါ်ရောက်ရသည့်' အဖြစ်မျိုး ကြုံရသည်ဟု သဘောထားပါသည်။ 'တိုင်း၍ရက်သည့် မက္ကလာ မိုးရွာသည်နှင့်အဆင်သင့်'ဆိုသလို အောက်မေ့ပါသည်။ 'မစွန်းရင်းကလည်းရှိ ကန်းစွန်းခင်းကလည်းငြိပြီး 'ဓာတ်တူနံတူ ဆေးဖက်ယူ' ကြပါလေ၏။

ယင်းနေ့ (၃၀–၅–၉၈)နေ့ မွန်းလွဲ (၂)နာရီထိုးသည်နှင့် ခရီးစကြ၏။ ဆရာကြီးသျှင်အုန်းကိုကား သက်ကြီးဝါကြီးဖြစ်၍ တည်းခိုရိပ်သာ၌ပင် နေစေခဲ့ကြ၏။ တော့ (Top)လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဝင်သောက်ကြရင်းတွေ့သော အလယ်တန်းပြဆရာ ဦးထွန်းအေးခိုင်ကို အဖော်အဖြစ် ခေါ်ယူခဲ့ကြ၏။ မြောက်ဦးဘောလုံးကွင်း၊ ဆိုက္ကားဂိတ်မှ ဆိုက္ကားစီးကြ၍ ဝန်းတီးနတ်တောင်သို့ သွားကြသည်။ ဝန်းတီးနတ်တောင်ကား မြောက်ဦးရှိ ဘုရား၊ ပုထိုး၊ စေတီများ မရှိသည့် တောင်သုံးလုံးဖြစ်ကြသော ရွှန်းတောင်၊ ရက္ခတောင်၊ ဝန်းတီးတောင်တို့အနက် တစ်ခုအပါအဝင် ဖြစ်သည်ဟု ဆိုစမှတ်ပြုကြ၏။ ယင်းတောင်ကား မြောက်ဦး–ပိုးဖြူကျွန်း သွားလမ်း ဝဲဘက်နံဘေး၊ ဝင်မနားကျီတော်သို့ မရောက်မီစပ်ကြား၌ တည်ရှိ၏။ ဝန်းတီးနတ်ကွန်းရှိရာ တောင်ထိပ်သို့ အရှေ့မြောက်ဘက်လမ်းမှ စ၍တက်ကြပါသည်။

နတ်ကွန်းဆီသို့ ရောက်သောအခါ လေးထောင့်စပ်စပ်ရှိသော 'ပါရာဝတီယောနိပုံ'ဆိုသော ကျောက်ဆစ်လက်ရာကို လေ့လာကြ၏။ ထိုကျောက်ဆစ်လက်ရာမှာ အမြင့် နှစ်ပေကျော်၊ အလျား သုံးပေခြောက်လက်မနှင့် အနံ နှစ်ပေ နှစ်လက်မရှိပါသည်။ ထိုကျောက်ဆစ်လက်ရာ ကို အပေါ်စီးမှနှစ်ပုံ၊ ဘေးတိုက်နှစ်ပုံနှင့် နတ်ကွန်းကို နောက်ခံထား၍ တစ်ပုံ မှတ်တမ်းတင်ရိုက်ကြပါသည်။

ဝန်းတီးနတ်တောင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း ပြီးစီးသောအခါ အစီအစဉ် အရ ဗောဓိရွှေဂူဘုရားသို့ဆက်၍ သွားကြရဦးမည်ဖြစ်၏။ မြောက်ဘက်သို့ ဦးတည်၍ တောင်ကြားလမ်းအတိုင်း ဆင်းလာကြသည်။ တောင်ခြေမှ မြောက်ဘက်တူရူသို့ ခြေလှမ်းအနည်းငယ် လျှောက်လိုက်ရုံနှင့် မြင်တော်မူဘုရားတောင်ခြေ၏ တောင်ဘက်တွင် မြောက်ဦးရွှေခေတ်ရောက် အောင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးခဲ့သော မြောက်ဦးခေတ် ဒဂီးသွန်းစက်ရုံတည်ရှိခဲ့ရာ မြေဝသုန် ဘူမိဌာနဟောင်းကို ရောက်ရှိပါသည်။ ထိုဒဂီးသွန်းစက်ရုံတည်ရှိခဲ့ရာ မြေဝသုန်၏ အရှေ့ဘက် မလှမ်းမကမ်း၌ လဲလျောင်းနေသော ကုန်းမြေဝန်းကျင်သည်ကား တစ်ခေတ် တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော ရန်နောင်မြို့ရုံ ဟု ဝိသေသဆောင် ခံတပ်မြို့နေရာဟောင်းပင်တည်း။

ထိုမှ အနည်းငယ်ဆက်ပြန်သော် ဘီလူးနှင့် ဘုရားဟု ဟိုးဟိုးကျော်သော ကုသိုလ်ရှင် သီရိသုဓမ္မရာဇာ၏ ကောင်းမှုတော် သကျမာန်အောင် စေတီတော်ကို လှမ်း၍ ဖူးမြော်ရပြန်သည်။ ထိုဘုရားမှ လှမ်းလိုက်ရုံဖြင့် မြောက်ဦးဆင်အိုးလမ်းသို့ ရောက်၏။ ထိုလမ်းအနှုန်းမလိုက်ဘဲ မြောက်ဘက်ရှိ မြို့ပတ်ဘုရားဖူးလမ်းအတိုင်း လိုက်သွားသည့်အခါ ဝဲဘက်၌ နန်းတော်လုံခြုံမှုအတွက် အနီးကပ်နေရာချထားပေးသော 'ဇုန္ဒတ်ခံတပ်တောင်ကုန်း' နှင့် ယာဘက်၌ 'အိုင်ဝန်း' ဆိုသော မင်္ဂလာရေစင်အိုင်သို့ ရောက်ပြန်၏။

လျှောက်မြဲဆက်လျှောက်လိုက်ပါက လမ်း၏ဝဲဘက်၌ မြောက်ဦးမြို့တော်ဟောင်းရှိ ပိဋကတ်တိုက်ပေါင်း(၄၈)ဆူအနက် တစ်ဆူအပါအဝင်ဖြစ်သော ရတနာ့မာန်အောင် ပိဋကတ်တိုက်သို့ ရောက်ရှိပြန်သည်။ တစ်ဖန်ဆက်၍ အနည်းငယ်လျှောက်လာရာ ဘုရင်စန္ဒသုဓမ္မရာဇာ၏ ဒါနမျိုးစေ့ချခဲ့ရာ ရတနာ့မာရ်အောင် စေတီတော်မြတ်ကို ဖူးမြော်ရပြန်သည်။ ထိုရတနာ့မာန်အောင်၏ မြောက်ဘက် ကိုက်(၂၀)ခန့်အကွာ၌ ရတနာစံဦးကျောင်းတိုက် တည်ရှိပါသည်။

ရတနာစံဦးကျောင်းတိုက်ဆိုသည်မှာ ကောဇာ ၇၉၂-ခုနှစ်၌ ဘုရင်မင်းစောမွန်သည် လောင်းကြက် ဌာနဟောင်းမှ မြောက်ဦးရွှေမြို့တော်သို့ ပြောင်းရွှေ့လာစဉ်က ပင့်ဆောင်လာခဲ့သော ရဟန်းတော်အပါး(၂၀)အနက် တစ်ပါးအပါအဝင်ဖြစ်သည်ဟု ဆိုပါသည်။ ရတနာစံဦးဆိုသော ရဟန်းတော်၏ ဘွဲ့တံဆိပ်ကို အစွဲပြု၍ ကျောင်းတော်ကိုလည်း 'ရတနာစံဦးကျောင်းတိုက်' ဟူ၍ နာမည်တွင်လာကြောင်း သိရပါသည်။

ရတနာ့မာရ်အောင်ဘုရားမှ အနောက်ဘက်တူရူသို့ မြို့ပတ်ဘုရားလမ်းအတိုင်း ဆက်၍လျှောက်လာခဲ့ပြန်ရာ ဝဲဘက် ဇုန္ဒတ်ခံတပ်တောင်ခြေ၌ ဇုန္ဒတ်ဗိုလ်ချုပ်နေခဲ့သော အိမ်တော်ရာဟောင်းနှင့် ယာဘက်၌ 'နက္ခတ်တောင်'ဟု ဝိဂြိုဟ်ပြုထားသော တောင်ကိုမြင်ရပြန်၏။

'နက္ခတ်တောင်'ဆိုသည်မှာ '...သတ္တာဗိသ၊ လှည့်ထနက်သတ်၊ မြင်းမိုရ်ပတ်သား၊ ဒွါဒသ်ာသီ၊ ယာယီစက်ကွင်း၊ ဂြိုလ်နင်းဂြိုပြောင်း ကောင်းမကောင်းသား၊ ကျိုးကြောင်းဆုံးဖြတ်၊

လနေကြတ်နှင့် ဥပ္ပါတ်အာယု၊ စဉ်းမှုတတ်ပွန်၊ စက်အဟန်သို့' ဆိုသော လင်္ကာနှင့်အညီ မြင့်မိုရ်တောင်ကို လှည့်ပတ်သည့် နက္ခတ်(၂၇)လုံး၊ နက္ခတ်တာရာကို လှည့်လည်နေသော ၁၂–ရာသီစက်ဝန်း ၊ တစ်ရာသီမှ တစ်ရာသီသို့ ကူးပြောင်းမှုနှင့် စပ်လျဉ်း၍ ဂြိုဟ်ကောင်းသည်၊ ဆိုးသည်၊ နေလ ကြတ်ခြင်း၊ ကြယ်ပျံခြင်း၊ မြေလျှင်လှုပ်ခြင်းစသော အတိတ်နိမိတ်၊ အာယုစန်းအကောင်းအဆိုးစသည်တို့ကို ကြည့်ရှုလေ့လာမှတ်သားရသည့်နေရာ သတ်မှတ်ထားခဲ့သော ဌာနေဟု သိရပါသည်။

ထိုတောင်ထိပ်၌ နက္ခတ်စင်ဆောက်ခဲ့သောနေရာမှာ ယနေ့တိုင် သာကေပြယုဂ်အဖြစ်ဖော်ညွှန်းနေပါသေးသည်။ ထိုတောင်ကြားမှ ဆက်၍ လျှောက်လာပြန်ရာ အံတော်သိမ်နှင့် ရတနာပုံစေတီတော်တို့ကို အဝေးမှလက်အုပ်ချီ၍ ဖူးမြော်ကန်တော့ခဲ့ကြပါ၏။ ရတနာပုံစေတီ၏ အရှေ့ဘက်မှ ဖောက်လုပ်ထားသော မြို့ပတ် ဘုရားဖူးလမ်းအတိုင်း (၃)မိနစ်ခန့် လျှောက်လိုက်ရုံဖြင့်ဇောမိန္ဒြေဂူပုထိုးတော်တည်ရှိရာ ဟိမဝန်တောင်ခြေသို့ ရောက်ရှိကြသည်။

ပုထိုးတော်တည်ရှိရာ တောင်ထိပ်သို့ အဆိုပါ ဟိမဝန်တောင်ခြေမှ စ၍တက်ကြ၏။ အဆိုပါလမ်းမှာ အနည်းငယ်မတ်စောက်သဖြင့် ဆရာဝန်နီမင်းသျှင်မှာ အမောလွန်ပြီး ရေဆာသလို ဗိုက်နာသလို ခံစားရသည်ဟု ဆိုပါသည်။

အကျွန်တို့ မြောက်ဦးသားများအဖို့ ဒါလေးများတော့ အပျော့ဟု ဆိုရမည်လော၊ ပိုနေမြဲကျားနေမြဲဟုပဲ ဆိုရမည်လော။ မည်သို့ဆိုစေ ဆေးသမားက မထောင်းထာ သူနာသည် မခံချိဆိုသလို ဖြစ်လိမ့်မည်ထင်ပါသည်။ ဆရာဝန်နီမင်းသျှင်တစ်ယောက်မှာ (၁၀)မိနစ်ခန့်မလှုပ်ရှားဘဲ အနားယူလိုက်ရ၏။ သို့သော် 'ကုန်ဆုံးသွားသောအချိန်သည် ပြန်လည်ရရိုးမရှိ' ဆိုသော စကားနှင့်အညီ ဆရာဝန်နီမင်းသျှင်မှာ တန်ဖိုးရှိလှသောအချိန်ကို အကျိုးရှိစွာ အသုံးချရမည်ဟု နားလည်သဘောပေါက်သူဖြစ်၍ တာရှည်အနားမယူတော့ဘဲ သူ့လုပ်ငန်းကို သူပြန်လည်ဆောင်ရွက်လေပြီ။

'ရှစ်မြှောင့်ဓာတ်လုံးပုံ'မျိုးရှိ ဇောမိန္ဒြေဂူ၏ ကုသိုလ်ရှင်မှာ ဘစောဖြူ (အေဒီ ၁၄၅၉–၁၄၈၂)ဖြစ်ပြီး အေဒီ ၁၄၇၀–ခုနှစ်တွင် တည်ထားခဲ့၏။ ဇောမိန္ဒြေဂူပုထိုးတော်၏ ထောင့်ချိုးများတွင် ဂြိုဟ်တိုင်အရုပ်များ၊ ဘုံအဆင့်ဆင့်ရှိ အာလိန်နတ်ရုပ်များ၊ မင်းမိဖုရား မှူးမတ်၊ စစ်သေနာပတိ စသည့်ရုပ်လုံးရုပ်ကြွများကို ထုဆစ်ထားပါသည်။

ပုထိုးတော်၏ အမြင့်ပေ (၃၀)ခန့်ရှိသည်။ ဆရာနီမင်းသျှင်ကာ ပုထိုးတော်ကြီး၏ အင်္ဂါထောင့် (အရှေ့တောင်ထောင့်) တတိယပစ္စယံမှ အမတ်ကျောက်ဆစ်လက်ရာကို စ၍ မှတ်တမ်းဓာတ်ပုံရိုက်စေ၏။

ပြီးလျှင် ဝသုန္ဒရေ နတ်ရုပ်၊ ဘုရင်ရုပ်၊ အမတ်ရုပ် စသည်တို့ကို ဆင့်ကဲဆင့်ကဲရိုက်စေ၏။ ထို့နောက် ပုထိုးတော်ကြီး၏ ပလ္လင်ပေါ်တွင် ချူးပန်းချူးနွယ်များဖြင့် ဇာတ်နိပါတ်တော်လာ ရုပ်တုများ၊ ပလ္လင်၏အောက်ခြေမှ ဓားကိုင်သူရဲ၊ ဆင်စီးသူရဲ၊ မြင်းစီးသူရဲ ရုပ်တုပုံများကို ရိုက်ကူးစေ

သည်။ နံရံမှ ကျွမ်းဘားကစားဟန် ရုပ်တုများ၊ ဆင်များကို စစ်ရေးလေ့ကျင့်သင်ကြားနေဟန် ရုပ်တုများ၊ တုတ်သိုင်း၊ ဓားသိုင်း ကစားနေဟန် ရုပ်ကြွများကို ရိုက်ကူးကြသည်။

သို့သော် ဆရာသည် '...ရက္ခမဏ္ဍလာ၊ ပြည်ဓညာဝယ်၊ ဝံသာအပြား။ မျိုးလေးပါးတို့ ဝတ်စားဆင်ယင်၊ ထုံးဖွဲ့အင်ကို၊ ပြင်ဆင်သမှု၊ စဉ်ဆက်ပြု၍၊ ဂရုဂါရဝ၊ ပြကြတုံရှောင်း၊ ဆင်ယင်ပေါင်းကား၊ ဖောင်းတော်လေးဆယ်၊ စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ်ရှစ်ဆယ့် တစ်၊ လည်ရစ်ကိုးခွေ၊ နဖေငါးဆင့်၊ ကြယ်ပွင့်တစ်ဆယ့်ခြောက်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းဖုငါးချပ်၊ ခြေစွပ်ခုနစ်ပါး၊ ကိုယ့်လွှားငါးမျိုး၊ အဖိုးအနဂ္ဃ ၊ ထိုက်တန်လှသည်' ဟူသော ရက္ခိုင်မဟာနိဒါန်းကျမ်းလာ ရခိုင်တို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပုံရိပ်လွှာများကိုကား လုံးဝရိုက်ကူးမှတ်တမ်းတင်ခဲ့မှု မရှိသည်မှာ စဉ်းစားစရာပင်။

ဤပုထိုးတော်မှာကား မြောက်ဦးပထမခေတ် ရခိုင်တို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၏ တစ်စွန်းတစ်စကို မီးမောင်းထိုးပြနေသည်မှာ ဆရာတို့လည်း အသိဖြစ်ပါလိမ့်မည်။ ထိုဟိမဝန်တောင်ပေါ်မှ မျှော်ကြည့်လိုက်လျှင် မြောက်ဘက်၌ အမြင့်တောင်ခံတပ်နှင့် ချိန်ကိုက်မြို့ရိုး၊ အနောက်ဘက်၌ သပိတ်တောင်ခံတပ်၊ လောင်ပွန်းပြောက်စေတီ၊ ထူပါရုံစေတီ၊ ပိဋကတ်တိုက်နှင့် အနော်မာဘုရားတို့ကို အပေါ်စီးမှ ဖြန့်ကြည့်၍ ဖူးမြော်ရပါ၏။ သာရပဗ္ဗတတောင်ပေါ်မှ သာရပဗ္ဗတစေတီတော်မှာ သခီရနယ်ပယ်၌ အနိဋ္ဌာရုံမြင်ကွင်းကို ဖူးတွေ့နိုင်ပါသည်။

ထူပါရုံစေတီရှိ မဟာရံတံတိုင်းနှစ်ထပ်အကြားရှိ မြေကွက်လပ်သည်ကား မြောက်ဦးခေတ် ရှေးရခိုင်ကြီးတို့၏ ဆေးလှူဒါန်းခဲ့သော ဆေးရုံတန်းလျားကြီးများဟု ဆိုစမှတ်ပြုကြ၏။

ထိုဆေးရုံတန်းလျားများ၌ ဆေးတူးသူ လုပ်သား(၅၀၀)၊ ဆေးစပ်သူ လုပ်သား(၅၀၀)၊ ဆေးပေးသူလုပ်သား(၅၀၀)၊ ဆေးသမားတော်(၅၀၀)ခန့်ထားကာ တိုင်းသူပြည်သားများအား အခမဲ့ ဆေးကုပေးစေခဲ့သည်ဟု သိရပါသည်။

ထို ထူပါရုံစေတီတော်၏ အနောက်မြောက်ဘက်ဒေသ ပတ်ဝန်းကျင်တစ်လျှောက်သည် ကား တောင်ညိုခေါ် ဂါမဝါသီပွဲကျောင်း ဝိဟာရဖြစ်ထွန်းခဲ့ရာ ကျောင်းတော်ရာဟောင်းဌာနေ ဖြစ်၏။ သျှင်မြဝါ၊ မဟာပညာကျော်နှင့် ဘုရင်မင်းဇာကြီးတို့သည် ထိုကျောင်းတော်၏ အရှင်သခင် ဖြစ်သူ အဂ္ဂစိန္တေယျဆရာတော်ထံ၌ လူဝတ်နှင့် တစ်ခါ၊ ရဟန်းနှင့်တစ်လှည့် အသက်(၁၆)နှစ် အထိ ပညာရင်နို့ သောက်စို့ ခဲ့ကြသည်ဟု ဆိုပါသည်။

ဤကဲ့သို့သော ဂါမဝါသီ လျောင်းတော်များသည် မည်သည့်အချိန်က စတင်ပေါ်ပေါက်လာခဲ့သနည်းဟု ခြေရာကောက်ကြည့်လိုက်ပါက ဓညဝတီထေခေတ် စန္ဒသူရိယဓိပတိ (ဘီစီ–၅၂၈–၄၈၁) လက်ထက် အမိန့်တော်ပြန်တမ်းတစ်ခု၌ 'ဗဟုစာရ ဂါမဝါသီကျောင်း ရဟန်းများမှာ မဟာမုနိရုပ်တုတော်၊ ဓာတ်တော်မွေတော်များ၏ တံတိုင်းပြင်လေးမျက်နှာ၌ ကျောင်းရံဆောက် ၍ နေစေ'ဟူ၍ ပါရှိသည်ကို ထောက်ရှုခြင်းဖြင့် ပွဲကျောင်းတော်များသည် ဓညဝတီခေတ်ကပင် ရှိနေပြီဆိုသည်မှာ ထင်ရှားပါသည်။

လေးမြို့ခေတ် ဘုရင်မင်းထီး(အေဒီ ၁၂၈၃–၁၃၈၉)လက်ထက် အမိန့်တော်ပြန်တမ်း တစ်ခု၌ '...ပွဲကျောင်းရဟန်းတို့မှာ အဆောက်အဦးကို သူတို့အလေ့ရှိရာ လုပ်ဆောင်၍ အလျှောက်နေစေ'ဟု တွေ့ရှိပြန်သည်။ ထိုပွဲကျောင်းတော်များမှ နက္ခတ်ပညာ၊ ဆေးဝါးပညာ၊ ဗေဒင် ဟူးရားပညာ၊ သင်္ချာပညာ၊ စစ်ပညာ စသော အဌာရသစုံကို သင်ကြားပို့ချပေးခဲ့သည်။

သို့ဖြစ်၍ 'သျှင်မြဝါခေတ်မတိုင်မီက ဟူးရားဗေဒင်၊ မန္တာန်ဆေးအတတ်၊ နက္ခတ်အတတ်တို့၌ ဗြဟ္မဏပုဏ္ဏားများကိုသာ အားကိုးအားထားပြုကြရပါသည်' ဆိုသော ဆရာ၏အဆိုပြုချက်သည် တထစ်ကျကျိန်းသေ (အတိအကျ)မှန်ကန်နိုင်ပါ့မလား။ နောက်တစ်ချက်ရှိပါသေးသည်။ လေးမြို့ခေတ် ဘုရင်နန်းကျကြီး (အေဒီ ၁၂၇၃–၁၂၇၇)လက်ထက် သျှင်ငယ်စတ္တရနှင့် နာရဒတို့သည်လည်း ဂါထာမန္တာန်၊ သက်ပြောင်းကိုယ်ခွာ ပညာရပ်မျှးကို တတ်မြောက်ခဲ့ကြသည်ဟု ရခိုင်သမိုင်းက ဆိုပါသည်။

လေးမြို့ခေတ် ရခိုင်ဆရာတော်တစ်ပါး ပေါက်ကံနေပြည်တော်မှာ သီတင်းသုံးနေစဉ် ရခိုင်၌ ကျန်ရစ်ခဲ့ကြသော တပည့်များက ဆရာအရှင်ကို ရခိုင်သို့ပြန်လာစေရန် 'ကက္ကင်း' ရိုက်သည့်ပညာဖြင့် 'ကန်ဖေကျေးရွာ၌ ဘုရားတည်ပြီး ထိုဘုရား၌ မီးပူဇော်ရာ ဆရာအရှင်မြတ်မှာ နေမချိထိုင်မသာ ပူလွန်းအားကြီး၍ မိမိအား ရခိုင်သို့ ပြန်လည်ကြွလာရန် တပည့်များက အတတ်ပညာဖြင့် ပင့်ခေါ်နေပြီဟု သိရှိ၍ ရခိုင်ပြည်သို့ပြန်လာဖူးသည့် သာဓကများမှာ ရခိုင်အမျိုးသားတို့လည်း ဆေးဝါး၊ မန္တာန်အတတ်ပညာရပ်များ တတ်ကျွမ်းကြသည်။ ဗြဟ္မဏပုဏ္ဏားများကိုချည်း အားကိုးရန်မလိုပါဆိုသော သာဓကများမဟုတ်ပါလော။ မြောက်ဦးခေတ် ဘုရင်မင်းဗာကြီးလက်ထက် ပေါ်တူဂီရန်မှ လွတ်ကင်းရန် 'အရည်သည်မ'ဆရာတော်က ဆေးဝါးမန္တာန်ဓာတ်ရိုက်ဓာတ်ဆင်ယတြာဖြင့် အသက်ကို စွန့်၍ကယ်တင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌ ဆိုထားသည်ကို ထောက်၍ ရခိုင်တို့မှာလည်း ဆေးဝါးမန္တာန်ဟူးရားပညာရပ်များ တတ်ကျွမ်းကြသည်ဟု သိရပါသည်။ ထူပါရုံအနီးရှိ ဆေးတန်းလျားများ၊ မင်းတြားပြင်အရှေ့ဘက်ရှိ စစ်ပညာသင်ကျောင်းဖြစ်သော လှိုင်းစရာကျောင်းတော်များ ရှိခြင်းအားဖြင့်လည်းကောင်း ရခိုင်တို့၏ဆေးဝါးပညာ၊ စစ်ပညာရပ်များ ရခိုင်နည်းရခိုင်ဟန်ဖြင့် ရှိခဲ့လိမ့်မည်ကား မြေကြီးလက်ခတ်မလွဲပါ။

ထိုဟိမဝန်တောင်ခြေမှ ဖောက်လုပ်ထားသော ခရုပတ်လမ်းအတိုင်း ပြန်ဆင်းလာကြ၏။ ရတနာပုံစေတီ၊ ထုက္ကန့်သိမ်၊ လေးမျက်နှာဘုရားစသည်တို့ကို မြို့ပတ်ဘုရားဖူးလမ်းအတိုင်း လျှောက်လာကြ၏။ တစ်ဖန် တေဇာရာမရွာသစ်၊ ကြက်ဖရီကျတံတား၊ ဆင်ချဆိပ် ရပ်ကွက်စသည်တို့ကို ဖြတ်ကျော်လာပြီး ညနေ(၄)နာရီခွဲခန့်တွင် လက်ကောက်ဈေးကျောင်းတိုက်သို့ ရောက်ကြသည်။ လက်ကောက်ဈေးကျောင်းတိုက်ပေါ်ရှိ 'ပန်းစေတီ'မှ ရရှိသော ကြေးဆင်းတုတော်ကြီးကို ရှိခိုးဦးချကြပါသည်။

ထို့နောက် ဆရာတော်အား ရှိခိုးဝတ်ပြုကြပြီးနောက် ဆရာတော်အား ခွင့်ပန်ကာ လေးမြို့ခေတ် ဓမ္မခဏ်ဂါထာထိုး မင်းကြီး အလောမာဖြူ၏ ကောင်းမှုတော်၊ ဘယ်ဘက်ပါး၌ ကွမ်းငုံထား

သော ရုပ်ဆွေဖမင်းရုပ်ထု၊ ဝေသာလီခေတ်လက်ရာ သုံးဆူတွဲဆင်းတုတော်များကို ရိုက်ကူးပြီး သည်နှင့် ဖလင်တစ်လိပ်ကုန်သွားပါသည်။ ဒုတိယဖလင်လိပ်နှင့် ဝေသာလီခေတ်'ပါလိလေယျ' မုဒြာဆင်းတုတော်နှင့် နောက်ဆုံးမင်းဗာဘုရင်၏ ငွေဒင်္ဂါးကြီးကို (၂)ပုံရိုက်ကူးပြီး တစ်နေ့တာ လုပ်ငန်း ပြည့်ဖုံးကား ချလိုက်ကြလေ၏။

## သဘော်ာစာတိုင်ကျွန်းသို့

နောက်တစ်နေ့ (၃၁-၅-၉၈ တနင်္ဂနွေနေ့)၊ နံနက် (၇)နာရီအချိန်တွင် မြောက်ဦးမြို့ တောင်ဘက် (၂)မိုင်ခန့်အကွာရှိ 'အစွန်းမပေါက် မြို့မရောက်သည် ဘောင်းဒွတ်အဆီ ပြန်လတ်စီ' ဟု ဆိုရိုးရှိခဲ့သော ဘောင်းဒွတ်ကျေးရွာသို့ သွားကြမည်ဟု ကြိုတင်ချိန်းဆိုထားသော်လည်း မြင်းလှည်းဆရာလှသာထွန်း၏ အချိန်ကို မလေးစားမှုကြောင့် နံနက်(၈)နာရီခန့်မှ မြင်းလှည်းနှင့် သွားကြရပါသည်။ (၂၅)မိနစ်ခန့်ကြာသော် ဘောင်းဒွတ်ကျေးရွာ (မာလိန်ဈေး)သို့ရောက်ကြ၏။ ထိုနေ့၌ကား ဆရာကြီးသျှင်အုန်းလည်း လိုက်ပါလာသည်။ ဘောင်းဒွတ်မာလိန်ဈေးကျေးရွာမှ မောင်အောင်ပန်းသာက သဘော်ာစာတိုင်ကျွန်းသို့ လှေတစ်စီးနှင့် လိုက်ပို့ပါသည်။ လှေမှာအားလုံး လူ (၈)ဦးခန့်စီးနင်းလိုက်ပါလာသဖြင့် လက်ငါးလုံးခန့်သာပေါ်ပါသည်။ ရေမှာလည်း ဒလဟောစိမ့် ဝင်နေရာ ရေမကူးတတ်သူ စစ်တွေမှ ဒေ့သည်တော်သုံးဦးမှာ ဘုရားတနေကြ၏။ ဘောင်းဒွတ် ကျေးရွာမှ အကျိုးဆောင်လိုက်ပို့သူ မောင်အောင်ပန်းသာအား 'ဖြစ်ပါ့မလား'ဟု မေးတိုင်း 'ကိစ္စ မရှိ၊ ရပါတယ်' ဟူ၍သာ ပြန်ပြောနေပါသည်။

'မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေ' ဆိုတာမျိုးလော။ ရေဝင်နေသောလှေနှင့် ကုတို့ ပို့သော တရုတ်ကုတို့ သည်လိုကိစ္စမရှိဆိုသော စကားကိုသာ တွင်တွင်ပြောဆိုပြီး ကိစ္စရှိလာသော အခါ ခရီးသည်များရေနစ်ကြရသော အဖြစ်မျိုးကြုံတွေ့ရသော ပုံပြင်ထဲက တရုတ်ကုတို့သည်လို မျိုးလားတော့ မပြောတတ်ပါ။ မည်သို့ဆိုစေ ဒေ့သည်များအဖို့တော့ 'ငိုအားထက် ရည်အားသန်' ဆိုသလို ဖြစ်ကြရလေပြီ။ မိနစ် (၂၀)ခန့်ကြာသောအခါ ဒေသအခေါ် သိမ်ကြီးစေတီသို့ ရောက်ကြ သည်။ သိမ်ကြီးစေတီရှိဘုရားမှာ (၉ပေ၊ ၁၀ပေ)ခန့် ရှိလိမ့်မည်ဟု မှန်းဆမိပါသည်။ သို့သော် ဘုရားကြီးမှာ လူ့ပယောဂဇာ ရာသီဥတုဒဏ်တို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော လက္ခဏာ ရေးသုံးပါးကို ရှုမြင်သုံးသပ်နေရပါသည်။ ထိုဆင်းတုတော်ကြီးအား ရှေ့တည့်တည့် အပေါ်စီးမှ တစ်ပုံ၊ အနောက်ဘက်မှ တစ်ပုံ၊ ဓါတ်ပုံရိုက်ကူးမှတ်တမ်း တင်ခဲ့ကြပါသည်။ ထိုဘုရားမှ တောင် ဘက်ယွန်းယွန်းကိုက်(၁၀၀)ခန့် အကွာတွင်ရှိသော 'ရုပ်များသိမ်' သို့ တဖန်ရောက်ရှိကြပြန်၏။

ထိုသိမ်မှာလည်း တောပျော်သတ္တဝါတို့ မှီခိုကျက်စားရာ မြိုင်ဟေဝန်လောဟု အောက်မေ့ ရပါသည်။ အရှေ့ဘက်နံရံမှ ကုသိုလ်ရှင်ဘုရင်နှင့် မိဖုရားဟု ယူဆရသော စုံတွဲပုံကို စ၍ရိုက်ပါ သည်။ ထို့နောက် ယက္ခသေနာပတိ၊ အသူရာနတ်စစ်သည်၊ ကိန္နရီ၊ အဲမောင်းလှံကို နောက်မှ လွယ်ထားသော မြင်းစီးသူရဲ၊ ဓားကိုသူရဲ၊ ကရဝိတ်၊ ကြိုးကြာ၊ ဟင်္သာ၊ ဥဒေါင်း၊ သာလိကာငှက်

ရုပ်တုရုပ်ကြွများကို ရိုက်ကြပြန်၏။ အနောက်ဘက်မျက်နှာ၌ တောထူထပ်၍ မရိုက်နိုင်ခဲ့။ မြောက်ဘက်မှ ဓားကိုင်သူရဲနှစ်ဦးစစ်တိုက်နေပုံ၊ ဝိဓူရဇာတ်တော်လာ ပုဏ္ဏားကဘီလူးက ဝိဓူရ အမတ်အား မြင်းနောက်မှချည်၍ ဆွဲယူနေပုံ ရုပ်ကြွများကို ရိုက်ကူးကြ၏။ နဂါးလိမ်ရုပ်ထုကို ရိုက်ပြီးသည်နှင့် ဒုတိယဖလင်လိပ်ကုန်သွားပြန်သည်။ တတိယဖလင်လိပ်ကို ထည့်၍ နောက်နဂါး လိမ်ကျောက်ဆစ်လက်ရာကို စ၍ရိုက်ကြပြန်သည်။ ထို့နောက်ရုပ်များထိမ်ကို နောက်ခံထား၍ ပါလာသူအားလုံးကို စုပေါင်းမှတ်တမ်းတင်တစ်ပုံ ရိုက်ကြပါ၏။ ထိုသိမ်ရှိ နံရံမှ ရုပ်ကြွ၊ ရုပ်တုများ ၏ ဆင်ယင်ထုံးဖွဲ့မှုကိုကြည့်၍ ဒုတိယမြောက်ဦးခေတ်၏ လက်ရာဟု မှန်းဆမိပါသည်။ အပြန် ခရီးတွင် ထိုသိမ်ကို အဝေးမြင်ကွင်းအဖြစ် တစ်ပုံရိုက်ကူးပြန်သေးသည်။ နံနက် (၁၁)နာရီထိုး သည်နှင့် မြောက်ဦးသို့ ပြန်ရောက်ကြပါ၏။

ယင်းနေ့ ညနေ(၄)နာရီခန့်တွင် မြောက်ဦးရှေးဟောင်းပြတိုက်၌ မြောက်ဦးခေတ် ဒင်္ဂါး ခတ်နှိပ်ရာတွင် အသုံးပြုခဲ့သည်ဟု ယူဆရသော သံကိရိယာအပါအဝင် ဝန်းတီးနတ်ရုပ် ဗိသနိုး နတ်ရုပ်၊ ယက္ခ၊ ကုမ္ဘဏ်၊ ဘီလူးစသော ရုပ်တုများကို ရိုက်ခဲ့ကြပြန်၏။ နောက်ဆုံးမရည်ရွယ်ဘဲ တွေ့ရှိရသော ကျောက်ဆစ်လက်ရာတစ်ခုကို တွေ့ရသောအခါ ဆရာနီမင်းသျှင်မှာ မင်္ဂလာစုံတွဲ သိန်း(၅၀)ပေါက်သူထက် (၁၀)ဆမက ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်ဟု ဆိုချင်ပါသည်။ ယင်းကျောက်ဆစ်လက်ရာမှာ ဝန်းတီးနတ်တောင်မှ တွေ့ရှိရသောကျောက်ဆစ်လက်ရာထက် (၃–၄)ဆမက ပို၍ကြီးနေပါသည်။ သို့သော် ယင်းမှာ ဝန်းတီးနတ်တောင်က လက်ရာမျိုးလို မြောင်းကလေးများ မပါရှိပေ။ တစ်ဖန် အဆိုပါပြတိုက်ရှိ ကျောက်ဆစ်လက်ရာမှာ ရွှေဝင်းတော် ၏ ဒုတိယထပ်ရှိ အရှေ့ဘက်တံခါးပေါက်မှ တံခါးမှူးရုပ်(ဒွါရပါလရုပ်) နှင့်အတူ ရှိခဲ့သည်ဟု ဆိုသည်ကတစ်ကြောင်း တို့ကြောင့် ယင်းမှာ ရွှေဝင်းတော်တံခါးများ၌ ညီလာခံသဘင်ကျင်းပစဉ် အခါသမယ၌လည်းကောင်း၊ အရေးကြီးသည့် အခါသမယ၌လည်းကောင်း ထွန်းညှိခဲ့သော ကျောက်ဆီမီးခွက်ကြီးဟု တချို့က ယူဆကြပါသည်။ (ရခိုင်ဘုရင်တို့သည် ညီလာခံကို နံနက် အာရုံတက်ချိန်၌ ကျင်းပခဲ့သည်ဟု သိရပါသည်)

တစ်ဖန် သီဝလိုင်တိုင်ပုံကိုလည်း အဆိုပါကျောက်ဆစ်လက်ရာနှင့် ပူးတွဲမတွေ့ရှိရခြင်း၊ လိုင်တိုင်ထိပ်မှ ပူဇော်လောင်းချလိုက်သော နို့ရည်များစီးဆင်းရန် ပတ်လည်မြောင်းလျှော မပါရှိ ခြင်း၊ နှုတ်သီးသဏ္ဍာန် မြောင်းအစွန်းမှာလည်း မီးစာထွန်းညှိရန် နေရာဟုဆိုခြင်း၊ ဗြာဟ္မဏပုဏ္ဏား တို့ နေထိုင်ရန် မြောက်ဦးမြို့တော်၌ 'ပုဏ္ဏားမြောင်း'ဟူ၍ သီးခြားနေရာနှင့် ဗြာဟ္မဏသချိုင်းဟူ ၍ ကြခတ်တံခါး မြောက်ဘက်၌ ရှိနေပုံကို ထောက်လျှင် သူတို့ကိုးကွယ်ရန် နေရာဒေသကို လည်း သတ်သတ်မှတ်မှတ်ပေးထားခဲ့မည် ဆိုခြင်းတို့ကြောင့် ကျောက်ဆီမီးခွက်ကြီးဆိုသည် မှာ သဘာဝကျမည်ဟု အကျွန်ုပ်ထင်ပါသည်။ (ရခိုင်ဘုရင်များသည် သဘာဝတရားကို လွတ်လပ် စွာကိုးကွယ်ခွင့် ပြုထားသော်လည်း သူတို့ဘာသာတရားဆိုင်ရာ အဆောက်အအုံများကို ရွှေမြို့ တော်၏ အပြင်ဘက်၌သာ ဆောက်လုပ်ကိုးကွယ်စေခဲ့သည်ကို တွေ့ရပါသည်။ ဥပမာ–ဒိုင်ကျီအ

ရပ်၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘောင်းဒွတ်၊ မောင်သာကုန်း၊ ပေါင်းတုတ်အရပ်များ၌ မူဆလင်ဘုရားရှိခိုးကျောင်းများက သက်သေခံနေပါသည်။)

ဆရာယူဆသလိုဆိုပါက ယင်းကျောက်ဆစ်လက်ရာမှာ ဘယ်နည်းဘယ်ပုံရွှေနန်းတော်၏ ဒုတိယဝင်းတော် တံခါးပေါက်သို့တိုင် ရောက်ရှိလာရပါသနည်း။ ရခိုင်ဘုရင်များသည် ဘာသာမတူ ဗြာဟ္မဏပုဏ္ဏားများကို ဒုတိယရွှေဝင်းတော်တံခါးအနီးသို့ တိုင်အောင်ပင်လျှင် သူတို့၏ ဗြာဟ္မဏအယူဝါဒကို ကိုးကွယ်ရန်ထားခွင့်ပြုပါမည်လားဟူ၍ စဉ်းစားစရာပင်ဖြစ်လာပါသည်။ မြောက်ဦးခေတ် ဒုတိယဘုရင် အဆက်ဆက်ကိုးကွယ်ခဲ့ကြသော 'မဟာကျန်သွန်းစက်တော်' နန်းဦးဘုရားကိုတောင်မှ ရွှေနန်းတော်၏ အရှေ့ဘက် တတိယရွှေဝင်းတော်၏အပြင်ဘက်ရှိ ရွှေဂူတောင်၌သာ ကိန်းဝပ်စံပယ်စေခဲ့သည်ဆိုလျှင် ထိုဗြာဟ္မဏအယူကို မိမိတို့အမြတ်တနိုးကိုးကွယ်သော ထေရဝါဒဗုဒ္ဓသာသနာတော်ထက် ဦးစားပေးခွင့်ပြုပါမည်လော။ သို့သော်'အမောင် လည်းရောက်၊ ငါ့နွားပျောက်၊ အမောင်သူခိုး၊ ငါမယိုး' ဆိုသလို ဆရာ့အား မှာသည်ဟု မဆိုလိုပါ။ အကျွန်ု်၏အတွေးအမြင်တို့မှာ 'ဇဝိမေသုတံ'မျှသာဖြစ်၍ ဆရာတို့လို ယထာဘူတကျကျ လေ့လာသူများလောက် သေချာမှန်ကန်လိမ့်မည်ကား မဟုတ်ပါ။ ထိုနေ့ညနေ(၆)နာရီခန့်တွင် နန်းတော်ကုန်းပြတိုက်မှ ပြန်ဆင်းလာကြ၏။ ထိုနေ့အဖို့ လုပ်ငန်းကား ပြီးဆုံးပြီဖြစ်၍ တစ်နေ့တာ အနားယူကြရပေဦးမည်။

၁–၆–၉၈ နေ့ (တနင်္လာနေ့) နံနက်(၈)နာရီခန့်တွင် ဆရာနီမင်းသျှင်၊ ဓာတ်ပုံဆရာကိုထွန်းမြင့်၊ ဆရာဦးထွန်းအေးခိုင်နှင့် အကျွန်ုပ်တို့သည် သျှစ်သောင်းပုထိုးတော်ကြီးသို့ သွားကြ၏။ ထိုသို့သွားစဉ် ကိုကျော်သာညွန့်၏ ရွှေပန်းထိမ်ဆိုင်သို့ ဝင်၍ ရခိုင်ခြင်္သေ့ပုံအလေးရုပ်ကြီးငယ်များကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြ၏။ သျှစ်သောင်းပုထိုးတော်ကြီးသို့ ရောက်သောအခါ တောင်ဘက်မျက်နှာစာမှ မဟိသကျွဲရုပ်၊ မျောက်မင်းရုပ်တုတို့ကို ရိုက်ပြီးသည်နှင့် တတိယဖလင်လိပ်ကုန်သွားပြန်၏။ နောက် စတုတ္ထဖလင်လိပ်ကိုထည့်၍ အာဠဝကဘီလူးရုပ်၊ မနုသီဟရုပ်၊ အစွယ်ပြူးပြူးနှင့် ယက္ခကုမ္ဘဏ်ရုပ်၊ ကိန္နရီ ကိန္နရာရုပ်၊ ဝသုန္ဒရေ၊ ဝသုန္ဒရာရုပ်၊ သျှင်မြဝါရုပ်၊ ဂနဲသျှေရုပ်၊ ဆီမီးခွက် ကဟန်ရုပ်၊ ရခိုင်တူရိယာ တီးနေဟန်ရုပ်တုများ စသည်တို့ကို (၁)နာရီကျော် ရိုက်ကူးကြပြီး ပြန်လာကြပါသည်။

သူတို့မှာ နံနက်စာ စားပြီးလျှင် စစ်တွေသို့ နေ့ချင်းပြန်သင်္ဘောဖြင့် ပြန်လိုက်ကြမည်ဖြစ်၍ အကျွန်ုပ်လည်း သူတို့အား နှုတ်ဆက်ပြီ မိမိနေအိမ်သို့ ပြန်လာခဲ့ပါသည်။ သို့သော် ထိုနေ့ညနေ (၄)နာရီခန့်တွင် ဆရာနီမင်းသျှင်နှင့် ဓာတ်ပုံဆရာတို့မှာ အကျွန်ုပ်အား စုံစမ်း၍ အကျွန်ုပ်ရှိရာ ဘုရားပေါ် ဘုရားကြီးသို့ 'ဆိုင်းမဆင့်၊ ဗုံမဆင့်' ရောက်ရှိလာကြပါသည်။ အကြောင်းမှာ သူရှိရိုက်ကူးခဲ့ကြသော ဖလင်လိပ်လေးလိပ်အနက် သုံးလိပ်သာကျန်ရှိတော့ကြောင်း၊ ဖလင်(၁)လိပ်မှာ မည်သို့မည်ပုံ ပျောက်သွားမှန်းမသိ၍ သူတို့၏အခိကပစ်မှတ်ထားသဓာ ဘောင်းဒွတ်ကျေးရွာ၊ သင်္ဘောစာတိုင်ကျွန်းသို့ နောက်တစ်ကြိမ်သွား၍ ရိုက်ချင်ပါကြောင်း ပြောပြလာပါသည်။ မှန်ပါသည်။

မြောက်ဦးတွင် ရောင်စုံဖလင်များကို ဆေးကြောကူးယူရန် ဆိုင်မရှိ၍ မည်သည့်ပုံများပါရှိသော ဖလင်လိပ်ပျောက်သွားမှန်း မသိနိုင်ပါ။ ပျောက်သွားသော ဖလင်လိပ်မှာ ဘောင်းဒွတ်သဘော်စာတိုင်ကျွန်း၌ ရိုက်ကူးခဲ့ကြသော ဖလင်လိပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ထပ်မံရိုက်ကူးခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။

သို့ဖြစ်၍ ၂–၆–၉၈ နေ့(အင်္ဂါနေ့) နံနက်(၅)နာရီခန့်တွင် ဆရာကြီးသျှင်အုန်းကို ချိန်းထားခဲ့ပြီး ယခင်မြင်းလှည်းဖြင့်ပင် သဘော်စာတိုင်ကျွန်းသို့ ယခင်ရိုက်ကူးခဲ့သော ပုံများကိုပင် ထပ်မံရိုက်ကူးခဲ့ကြသည်။ နံနက်(၈)နာရီတွင် မြောက်ဦးသို့ ပြန်ရောက်ပြီး မြောက်ဦးမှ ကျောက်တော်သို့ ခရီးထွက်ခါနီးဆဲဆဲ ရှိနေသည့် 'သိန်းသန်း'အမည်ရှိကားဖြင့် ဧည့်သည်တော်သုံးဦး စီးနင်းလိုက်ပါသွားကြလေသည်။ သူတို့မှာ ထိုနေ့ ကျောက်တော်မှ စစ်တွေသို့ 'ဓညဝတီသဘော်'ဖြင့် လိုက်သွားကြပေလိမ့်မည်။

တစ်ဦး၏ ပေါ့ဆမှုကြောင့် မလိုအပ်ဘဲ ငွေကုန်ကြေးကျပိုများရသည်။ အားလုံး အချိန်ကုန်လူပန်းဖြစ်ခဲ့ကြရသည်။ 'လင်လိုတုန်း နားပဲ့'သွားသော မိန်းမမျိုးလို ကြုံတွေ့ကြရသည်။ ခဲလေသမျှ သဲရေကျ' ဆိုသော အဖြစ်မျိုးကြုံရသည်။ 'တစ်သက်လုံးဖုံး ကုန်းတော့မှပေါ် 'ဆိုသလိုဖြစ်ကြရသည်။ 'ချီးစိုက်မတတ် နှစ်ခါပြန်' သဘောမျိုးသက်ရောက်သွားသည်။ အကယ်၍သာ ဓာတ်ပုံဆရာသည် 'သတိနှင့် ပညာသည် ပိုသည်မရှိ' ဆိုသော အင်းဝမင်းခေါင်အား ဖိုးရာလျှောက်ထုံးနှင့် ကာလီဒါသအမတ်ကြီးကို ပညာပင်ရှိသော်ငြားလည်း သတိဖြစ်ခဲသည်ဆိုသော သာဓကများကို နားလည်သဘောပေါက်ခဲ့ပါလျှင် လခြမ်းမြို၏ ဒုတိယခြေလှမ်းသည် အောင်မြင်စွာ လျှောက်လှမ်းနိုင်ပြီး နောင်းအတိတ်မှ ရွှေမြောက်ဦး၏ ပုံရိပ်များသည်လည်း လခြမ်းမြိုမှာ ရောင်ပြန်ဟပ်နိုင်ပါစေ။

**စောထွီးသျှင်(မြောက်ဦး)**

**ကျမ်းကိုး**

၁။ မင်းရာဇာကြီးစာတမ်း
၂။ မြောက်ဦးလမ်းညွှန်
၃။ တက်ထွန်းနီ(မြောက်ဦး)–မြောက်ဦးမြို့ ထင်ရှားသော ဘုရားများသမိုင်းအကျဉ်းနှင့် ဘုရားဖူးလမ်းညွှန်အမှတ်(၁)။
၄။ နီမင်းသျှင်–'ရှေးခေတ်ရခိုင်ဒေသမှ ဗြာဟ္မဏာပုဏ္ဏားများ ဆောင်းပါး၊ လခြမ်းမြို မဂ္ဂဇင်းအမှတ်(၁)

# ရွှေပြည်လော ရှေ့ပြည်လော

ရခိုင်သမိုင်း၌ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်ဟူ၍ ခေတ်ကြီးလေးဆက်ရှိကြောင်းကို သမိုင်းလေ့လာသူတို့ သိရှိကြလိမ့်မည်။ ထိုခေတ်ကြီးလေးခေတ်မှ တတိယမြောက်ဦးခေတ်ဖြစ်သော လေးမြို့ခေတ်နှင့် သက်ဆိုင်သည့် တွေးတောဖွယ်အကြောင်းအရာတချို့ကို သုတေသီပညာရှင်များအား တင်ပြလိုပါသည်။

ဦးစွာရခိုင်မင်းသမီး ချေင်းအဆိုကို တင်ပြလိုပါသည်။ ချေင်းအပိုဒ်(၁၈)*၌ 'ဧး၊'ဧးပိမ့်တစ်ချက်၊ စမ္ပဝက်၌၊ ဘုန်းခတ်စည်ကြုံး၊ ဆယ်ယောက်ကြုံးတွင်၊ အဆုံးစွန်မှူ၊ မင်းဘီလူးကို ၊ ကြံထူးလှည့်ပတ်၊ ပုန်ကန်သတ်၍ ၊ မတ်သခ်ယာ၊မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ ဆုံးစက်ရွှေ့သာ၊ ပဉ္စာမြို့ဟောင်း ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘာယ၊ ပေါက်ညိုမြနှင့်ကြွခဲ့ရွှေပြည်၊ ဆွေနှစ်မည်တွင်၊ မြင်သည့်သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တစ်ဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍ ၊ တလိုင်း တစ်သိန်း၊ ပြူတစ်သိန်းနှင့်၊အောင်ကျိန်းခါချိန်၊ ပြကွဒိန်လျှောက်၊ ပရိန်မြို့သစ်၊ ထောင်လှာလှစ်သည်'ဟု ဖွဲ့ဆိုထားသည်။

ထိုအပိုဒ်တွင် စမ္ပဝက်မြို့၌ မင်းလုပ်နေသည့် မင်းဘီလူးအား အမတ်သခ်ယာ ပုန်ကုန်၍ သတ်လိုက်၏။ ထိုအခါ မင်းဘီလူး၏သား မင်းရဲဘာယနှင့် သမီးပေါက်ညိုမြတို့သည် လွတ်ရာသို့ ထွက်ပြေးခိုလှုံကြသည်ဟု ဆိုထားသည်။

---

*ရခိုင်မင်းသမီးချေင်း၌ (၁)ဟံသာဝတီပုံနှိပ်တိုက်မူ၊ (၂)ရွှေစေတီဆရာတော်ဘုရားဦးတေဇရာမ၏မူ(၃)ကထိက ဦးကျော်ရင်တည်းဖြတ်သောမူ၊(၄)ဦးအောင်သာဦး တည်းဖြတ်သောမူဟူ၍ မူကွဲများရှိပါသည်။ ယခုတင်ပြသောမူသည် ရွှေစေတီဆရာတော်ဘုရား၏မူဖြစ်ပါသည်။

ခြင်း၌ပါသော ‘ကြွခဲ့ရွှေပြည်’ကို တခြား ခြင်းမူကွဲများ၌ ‘ကြွခဲ့ရွှေပြည်’ ဟူ၍လည်း ဖော်ပြကြသည်ကို တွေ့ရှိရပေသည်။ ထိုဖော်ပြမှုကြောင့်ပင် မင်းရဲဘာယတို့ ခိုလှုံသောပြည်သည် ‘ရွှေပြည်’လော၊ ရွှေပြည်’လောဆိုသည့် တွေးတောစရာ ကွဲလွဲမှုကို တွေ့လာရပေသည်။ ထိုကွဲလွဲမှုတစ်ချက်ကြောင့်ပင် ရွှေပြည်ဆိုသည်ကား မည်သည့်ပြည်နည်း။ ပုဂံပြည်လော၊ သို့တည်းမဟုတ်‘ရွှေပြည်’ဆိုသည်ကား မည်သူတို့ပြည်နည်း။ သုဝဏ္ဏဘူမိခေါ်သော မွန်တို့၏ တိုင်းပြည်ကိုပင် ဆိုလိုသလော စသည်စသည်ဖြင့် မေးခွန်းထုတ်စရာ မြောက်မြားစွာ ပေါ်ပေါက်လာရပေသည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ ခြင်းကို ဆက်လက်၍လေ့လာကြည့်သော် လက်ယာမင်းနန်အား နန်းတင်ပေးလာသူများမှာ ‘မွန်တစ်သိန်း၊ ပျူတစ်သိန်း’ နှင့်ဟု ဖွဲ့ဆိုထားရှိ၏။ ထိုအဖွဲ့အနွဲ့ကို ကြည့်လိုက်ခြင်းဖြင့် နန်းတင်ပေးခဲ့သူများတွင် မြန်မာများ မပါဝင်ခဲ့ဟု ယူဆနိုင်၏။ မွန်နှင့် ပျူများသာ ပါသည်ဟု ဖွဲ့ဆိုထားသည်မှာ ပညာရှင်များ ၊ သုတေသီများအနေဖြင့် စဉ်းစားစရာတစ်ချက်ပင်ဖြစ်သည်။ မှန်နန်းရာဇဝင်နှင့် အခြားရာဇဝင်စာအုပ်များ၌ ရေးသားသကဲ့သို့ ‘ရွှေပြည်’ပုဂံပြည်၌ အမှန်တကယ် ခိုလှုံ၍ အကူအညီတောင်းခံခဲ့ပါမူ မြန်မာစစ်သားအများစု မုချပါဝင်ရပေမည်။ ယခုမူ မြန်မာစစ်သားများဟု မဖော်ပြဘဲ မွန်နှင့် ပျူဟူ၍ ဖော်ပြထားခြင်းမှာ

‘ရွှေပြည်’ပုဂံပြည်နှင့် ပတ်သက်မှုမရှိ၍ မဖော်ပြခြင်းပင်လော၊ စဉ်းစားစရာအချက်ပင်ဖြစ်သည်။ ထိုခေတ် ကျောက်စာများ၊ အထောက်အထားများအရဆိုလျှင် မြန်မာများကို (မိရ်မာ)များဟု ရေးသားဖော်ပြလျက် ရှိနေကြပေပြီ။ သို့ဆိုလျှင် မည်သည့်အတွက်ကြောင့် မြန်မာများဟု မသုံးနှုန်းခဲ့ပါသနည်း။

ထို့ပြင် ဦးကုလား မဟာရာဇဝင်ကြီး (ရှင်မဟာသီလဝံသ၏ ရှေးဦးရာဇဝင်ကျော်ပြီးနောက် မြန်မာရာဇဝင်ကို အပြည့်အစုံစီရင်ပြုစုသော ရှေးဟောင်းရာဇဝင်ကျမ်း) တွင် ဤအရေးတော်ပုံကိစ္စနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ဖော်ပြမထားရှိခဲ့ပေ။ ဦးကုလားသည် ရာဇဝင်ဆရာတစ်ဦးပီပီ ဤသို့ မြန်မာလူမျိုးတို့၏ ဂုဏ်ယူစရာ ဇာတိသွေး၊ ဇာတိမာန် တက်ကြွစရာ၊ ဤရခိုင်အား သိမ်းပိုက်၍ လက်ယာမင်းနန်အား နန်းတင်ပေးခဲ့သည်ဆိုသော အကြောင်းအရာကို ဦးကုလားသည် မည်သည့်အတွက်ကြောင့် မဖော်ပြ၊ မရေးသားခဲ့ပါသနည်း။ အလွန်အံ့သြစရာပင်ဖြစ်သည်။ မှန်နန်းရာဇဝင်နှင့် တခြားရာဇဝင်ဆရာကြီးများဆိုသကဲ့သို့ မင်းရဲဘာယတို့ အရွှေပြည် (ပုဂံပြည်) ၌ အနှစ် ၃၀ ကျော်ခိုလှုံ၍ အရေးတော်ပုံများ ဖြစ်ခဲ့ကြ၏။

သို့ဆိုပါလျှင် ဤရခိုင်အရေးတော်ပုံအား ဦးကုလားသည် ရေးဖွဲ့ခဲ့ရပေမည်။ ထိုသို့ မဖော်ပြ၊ မရေးဖွဲ့ခဲ့ခြင်းကြောင့် ပင်လျှင် ရာဇဝင်ဆရာကြီး ဦးကုလားသည် မင်းရဲဘာယတို့ ခိုလှုံသော တိုင်းပြည်ကို အရွှေပြည်(ပုဂံပြည်) ဆိုသည့် အဆိုအား မထောက်ခံသကဲ့သို့ ဖြစ်နေပေသည်။

ထို့ပြင် ခေတ်သစ်မြန်မာသုတေသီ ပညာရှင်ကြီးများ၏ ကျန်စစ်သားမင်းနှင့် အလောင်းစည်သူမင်းတို့ လက်ထက်ရေးထိုးခဲ့သော ကျောက်စာများမှ သုတေသနပြုချက်အဆိုများကို

လေ့လာကြည့်သော် ထူးခြားမှုရှိသည်ကို မတွေ့ရပေ။ ထိုသို့ သုတေသနပြုကြရာတွင် ရခိုင်ပြည် အရေးတော်ပုံနှင့် ပတ်သက်၍ ရေးထိုးသော ကျောက်စာအထောက်အထားများ တွေ့ရှိသည်မဟုတ် မတင်ပြ၊ မရေးသားကြသည်မှာ ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။ ဤသို့ စစ်သည်ဗိုလ်ပါ သိန်းနှင့် သန်းနှင့်ချီ၍ ကြီးကျယ်စွာ ဖြစ်ပွားခဲ့သော ဤနန်းလုပွဲတစ်ရပ်သည် အရှေ့ပြည်(ပုဂံပြည်) နှင့် အမှန်တကယ် ပတ်သက်ခဲ့သည်ဟု ဆိုပါလျှင် ထိုခေတ် ရေးထိုးခဲ့သည့် မြောက်မြားစွာသော ကျောက်စာတိုင်များအနက် တစ်တိုင်တိုင်၌ မည်သည့်အတွက်ကြောင့် မရေးထိုးခဲ့ကြပါသနည်း။ လေးနက်စွာ စဉ်းစားရမည့်အချက်ပင် ဖြစ်သည်။ ထို့ပြင် ဒေါက်တာသန်းထွန်း၏ မြန်မာရာဇဝင် စာတမ်း၊ အမှတ်–၁၊ စာ–၁၁ ၌ ထိုခေတ် ပုဂံပြည်၏ အကျယ်အဝန်းအား ဖော်ပြထားရှိသည်ကို တွေ့ရ၏။ ထို့သို့ ဖော်ပြရာတွင် ရခိုင်ဒေသ မပါဝင်ကြောင်း ကျောက်စာအထောက်အထားများ အရ အခိုင်အမာဖော်ပြထားရှိပြန်သည်။ ထိုသို့ဆိုလျှင် မင်းဘီလူးလက်ထက်မှစ၍ ဖြစ်ပျက်ခဲ့သော ရခိုင်ဒေသအရေးတော်ပုံသည် အရှေ့ပြည်(ပုဂံပြည်) နှင့် ပတ်သက်ခဲ့သည်ဆိုသော အဆိုအား လက်ခံယုံကြည်၍ ရနိုင်တော့မည်လော။ သုတေသီပညာရှင် ဆရာကြီးများ စဉ်းစားသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

ထို့နောက် ခြေင်းကို ဆက်၍လေ့လာရာ 'လောင်းစည်သူခိုး' ဟူ၍ ဖွဲ့နွဲ့ထားလေသည်။ ထိုအဖွဲ့ကို သုတေသီပညာရှင်များက 'အရှေ့ပြည်၌ (အေဒီ ၁၁၁၂)တွင် နန်းတက်သော အလောင်းစည်သူမင်းနှင့် ၎င်းနန်းတင်ပေးခဲ့သည်ဆိုသော လက်ယာမင်းနန်တို့၏ သမိုင်းကြောင်း ဆက်နွယ်ပတ်သက်မှုကို လေ့လာကြည့်ရန် လိုအပ်လာပေသည်။ ထိုသို့ လေ့လာရာတွင် ကွဲလွဲ မှုများကို တွေ့ရှိလာရပေသည်။ အဓိကကွဲလွဲမှုကတော့ သက္ကရာဇ်ကွဲလွဲမှုပင်ဖြစ်သည်။

တင်ပြရသော် လက်ယာမင်းနန်၏ နန်းတက်သက္ကရာဇ် (ပရိန်မြို့တည် သက္ကရာဇ်) ကို ၄၆၅(အေဒီ–၁၁၀၃)ခုဟု ရခိုင်–မြန်မာရာဇဝင်အစောင်စောင်နှင့် သုတေသီပညာရှင်တို့က တညီ တညွတ်လည်း လက်ခံထားကြ၏။ ထို့ပြင် အလောင်းစည်သူမင်း၏ နန်းတက်သက္ကရာဇ်ကို ၄၇၄(အေဒီ –၁၁၁၂)ခုဟု သုတေသီပညာရှင်များက ပုဂံကျောက်စာအထောက်အထားအရ လက်ခံအတည်ပြုထားကြပေသည်။ သို့ဆိုလျှင် ထိုမင်းနှစ်ပါးတို့၏ သက္ကရာဇ်နှစ်ခုကို နှိုင်းယှဉ်ကြည့်ရန် လိုအပ်လာပေသည်။ အလောင်းစည်သူမင်းသည် လက်ယာမင်းနန်အား နန်းတင်ပေးခဲ့သည်ဆိုသောကြောင့် ထိုပုဂံမင်းသည် ရခိုင်မင်းထက် နန်းတက်သက္ကရာဇ် ငယ်နေ ရပေမည်။ ယခုမူ ထိုသို့ မတွေ့ရှိရချေ။ သက္ကရာဇ်နှစ်ခုကို တွက်ချက်ကြည့်သောအခါ အလောင်း စည်သူမင်းသည် လက်ယာမင်းနန်(အေဒီ –၁၁၀၃–၁၁၀၉)ကွယ်လွန်ပြီး သုံးနှစ်ကြာမှ နန်းတက် လာသော မင်းတစ်ပါးဖြစ်နေသည်ကို တွေ့ရှိရလေသည်။ အဖေထက်သားကြီးသလို ဖြစ်နေပေ သည်။ ကွဲလွဲပုံကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

**နန်းတက်သက္ကရာဇ်    ကွယ်လွန်သက္ကရာဇ်**

| စဉ် | မင်းအမည် | ကောဇာ၊အေဒီ | ကောဇာ၊ အေဒီ |
|---|---|---|---|
| ၁။ | အလောင်းစည်သူ | ၄၇၄ ၁၁၁၂ | ၅၂၇ ၁၁၆၃ |
| ၂။ | လက်ယာမင်းနန် | ၄၆၅ ၁၁၀၃ | ၄၇၁ ၁၁၀၉ |

ဖော်ပြပါ သက္ကရာဇ်ကွဲလွဲမှုကို လေ့လာကြည့်လျှင် လက်ယာမင်းနန်အား အရှေ့ပြည်(ပုဂံပြည်) မှ အလောင်းစည်သူမင်းက လူအင်အား အလုံးအရင်းဖြင့် နန်းတင်ပေးခဲ့သည် ဆိုခြင်းမှာ ယုတ္တိရှိနိုင်ပါတော့မည်လော။ ထို့ပြင် မင်းရဲဘာယတို့ အရှေ့ပြည်(ပုဂံပြည်)သို့ ခိုလှုံခဲ့ကြသည်ဆို ခြင်းမှာလည်းဖြစ်နိုင်ပါတော့မည်လော။ သုတေသီပညာရှင်များအနေနှင့် သမိုင်းလိုက်စားသူ မျိုးဆက်သစ်လူငယ်များကို ဤအကြောင်းအရာနှင့်ပတ်သက်၍ ဇဝေဇဝါမဖြစ်ရအောင် သုတေသနပြုအဖြေရှာပေးသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

အချုပ်ဆိုရသော် ဤ'ရွှေပြည်'၊ 'ရှေ့ပြည်'နှင့် ပတ်သက်၍ အထက်၌ တင်ပြသကဲ့သို့ ကွဲလွဲမှုပေါင်းများစွာကို တွေ့ရှိကြရပေမည်။ ထိုကွဲလွဲမှု၏ အချုပ်သဘောမှာ ရခိုင်ဒေသ အရေးအခင်းများသည် အရှေ့ပြည်(ပုဂံပြည်)နှင့် ပတ်သက်မှုမရှိနိုင်ဆိုသော အချက်ပင်ဖြစ်၏။ သို့ဆိုလျှင် ရွှေပြည်ဟု ယူဆလျှင် ဖြစ်နိုင်မည်လော။ ရွှေပြည်သည် မည်သည့်ပြည်နည်း သုဝဏ္ဏ ဘူမိခေါ် မွန်တို့၏ တိုင်းပြည်ဟု ယူဆလျှင် ဖြစ်နိုင်မည်လော။ ဤလောပေါင်းများစွာနှင့် တဝဲလည်လည်ဖြစ်နေသော ကလောင်ပေါက်စ လူငယ်တစ်ဦး၏ သိလိုစိတ်ကို ပညာရှင်သုတေသီဆရာကြီးများ တည့်မတ်ပေးနိုင်လိမ့်မည်ဟု ယူဆလျက် ပုရိန်မြို့တည် လက်ယာမင်းနန်၏ ဘဝတစ်စိတ် တစ်ဒေသအား တင်ပြလိုက်ရပါသည်။

**အောင်မြကျော်(စစ်တွေတက္ကသိုလ်)**

**ကျမ်းကိုးစာရင်း**


၁။ ဓမ္မည်းရာဇဝင်(ဓမ္မည်)

၂။ ပျူ မွန်နှင့် ပုဂံခေတ်မြန်မာပြည် (ဒေါက်တာသန်းထွန်း၊ ဘာသာပြန်)

၃။ မဟာရာဇဝင်တော်ကြီး(ဦးကုလား)

၄။ မြန်မာရာဇဝင်စာတမ်းအမှတ်(၁)၊ (ဒေါက်တာသန်းထွန်း)

၅။ မှန်နန်းရာဇဝင် အတွဲ(၁)

၆။ ရခိုင်မင်းသမီး ဧချင်း(ဘဒ္ဒမင်းညို)

၇။ ရခိုင်းမင်းဆက် ရာဇဝင်မှတ်တမ်း(ဦးအောင်သာဦး)

၈။ ရခိုင်ရာဇဝင်သစ်ကျမ်း(ဦးစန္ဒမာလာလင်္ကာရ)

၉။ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန(ဦးဖိုးလတ်)

# ရခိုင်တို့၏ ရှေးဟောင်းစိတ်တင်မြို့ကို ရှာဖွေကြပါစို့

ရခိုင်သမိုင်းကို လေ့လာလျှင် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟူ၍ ခေတ်(၄)ခေတ်ရှိခဲ့ကြောင်း တွေ့ရပါလိမ့်မည်။ ရခိုင်တို့သည် ယခုဘူးသီးတောင်မြို့နယ်၌ ပါဝင်သော စိန်တင်တောင်တန်းဒေသ တစ်ဝှမ်းတွင် ခေတ်အဆက်ဆက် အစုအဖွဲ့လိုက်နေထိုင်ခြင်းမှသည် မြို့ပြတည်ထောင်နေထိုင်သည်အထိ အခြေချနေထိုင်လာခဲ့ကြပေမည်။

မြောက်ဦးခေတ်တွင် ရခိုင်ဘုရင်တို့သည် မိမိတို့၏ စာဆိုတော်အကျော်အမော်နှင့် အမတ်များအား စိန်တင်မြို့ကို အပိုင်စားပေးခဲ့ကြောင်း ရခိုင်သမိုင်းမှတ်တမ်းများ၌ တွေ့နိုင်ပါသည်။ ယခုစိတ်တင်မြို့ဟူ၍ မရှိတော့ပေ။ ယင်းကြောင့် ရခိုင်တို့၏ ရှေးဟောင်းစိန်တင်မြို့သည် မည်သည့်နေရာတွင် တည်ရှိခဲ့ပါသနည်း။ ရှာဖွေစိစစ်ဖော်ထုတ်ရန် လိုအပ်ပါသည်။

ရခိုင်တို့၏ ရှေးဟောင်းစိတ်တင်မြို့နေရာကို စာရေးသူခန့်မှန်းရာတွင် ဒုံးသိမ်ဘုရားတည်နေရာ ပထဝီအနေအထား၊ ဒုံးသိမ်ဘုရားသို့ ဆရာကြီး ဦးဦးသာထွန်း ဖူးမြော်လေ့လာရန် ရောက်ရှိလာပုံတို့နှင့် ဆက်စပ်နေပါလျှင် မပါမဖြစ်၍ ဦးစွာတင်ပြသွားပါမည်။

ဆရာကြီး ဦးဦးသာထွန်းနှင့် စာရေးသူတို့သည် အောင်မင်္ဂလာစေတီတော် ဌာပနာပိတ်ပွဲတွင် သိကျွမ်းခွင့်ရခဲ့ပါသည်။ ထိုစဉ် ဆရာကြီးအားဒုံးသိမ်းဘုရားတည်ရှိသည့် ပထဝီအနေအထားနှင့် ပုံသဏ္ဌာန်ကို တင်ပြဖြစ်ခဲ့ပါသည်။ မြောက်ဦးမြို့တွင် မြန်မာပြည်အနှံ့၊ ကမ္ဘာအနှံ့နာမည်ကြီးသော ရခိုင်တို့၏ ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အနုပညာမြောက်သော သျှစ်သောင်း၊ ထုတ်ကန်သိမ် တည်ရှိပါသည်။ ဒုံးသိမ်ဘုရား(ပုထိုး)မှာ ထိုသျှစ်သောင်း၊ ထုတ်ကန်သိမ်တို့ ကဲ့သို့ကျောက်တုံးကျောက်သားများဖြင့် တည်ဆောက်ထားသော ဂူပေါက်တစ်ပေါက်သာပါသော ခေါင်းလောင်းမှောက်ပုံသဏ္ဌာန် မြောက်ဦးခေတ်လက်ရာဖြစ်သည်။

ဤဘုရားသည် ဘူးသီးတောင်မြို့ အရှေ့တောင်ဘက် ၁၀–မိုင်ခန့်အကွာ ကင်းတောင်ရွာ အနီးတွင် တည်ရှိသည်။ ဒုံးသိမ်၏အရှေ့ဘက်တွင် ကင်းတောင်ရွာ၊ စိုင်းဒင်ချောင်း၊ ရေချမ်းပြင်ရွာ

တို့ ရှိပြီး အနောက်ဘက်တွင် ငှက်သေချောင်း၊ အတွင်းငှက်သေရွာရှိသည်။ တောင်ဘက်တွင် ဂွမ်ယံတောရွာ ၊ ကြာညိုပြင်(လေးမြို့ကြာညိုပြင်)ရွာ၊ ပျားရည်ရွာ၊ စိုင်းဒင်ချောင်း၊ စိုင်းဒင်ချောင်းတစ်ဖက်တွင် သရက်ပြင်၊ ဖုံညိုလိပ်ရွာတို့ရှိသည်။ မြောက်ဘက်တွင် 'ဒိုးညိုရွာ (ဒိုးသိမ်ဘုရား ပြုပြင်ပြီးနောက် တည်ပေးသည့်ရွာ)နှင့် တောင်ကုန်းတောင်တန်းများ၊ ဘူးသီးတောင်မှ ကျောက်တော်သို့ ဖောက်လုပ်သည့်လမ်းသစ် စသည်တို့ရှိသည်။ ထိုလမ်သစ်သည် ဒိုးသိမ်ဘုရားမြောက်ဘက်မှလာပြီး ဒိုးသိမ်ဘုရားအရှေ့မုခ်အနီးမှဖြတ်ကာ ကင်းတောင်နှင့် ဂွမ်ယံတောရွာနှစ်ရွာကြားမှ စိုင်းဒင်ချောင်တွင် ဆုံးသည်။ ထို့နောက် ချောင်းတစ်ဖက် ရေချမ်းပြင်နှင့် သရက်ပြင်ရွာ နှစ်ခုကြားမှနေ၍ စိုင်းဒင်တောင်တန်းမှတစ်ဆင့် ကျောက်တော်သို့ ဆက်သွားသည်။

ရေချမ်းပြင်ရွာ အရှေ့ဘက် တောင်ကုန်းများတွင် ဒိုးသိမ်ဘုရားမှာကဲ့သို့ ကျောက်ပြားတုံးကြီးများဖြင့် ပြုလုပ်ထားသည့် ဂူပေါက်တစ်ပေါက်ပါသော ခေါင်းလောင်းမှောက် စေတီငယ်ဖိနပ်ရာများရှိသည်။ ဤရှေးဟောင်းလက်ရာ စေတီငယ်များအကြောင်းကို နောက်အလျဉ်းသင့်လျှင် တင်ပြပါမည်။

အောင်မင်္ဂလာစေတီ ဌာပနာပိတ်ပွဲအပြီးတွင် ဆရာကြီးဦးဦးသာထွန်းက ဒိုးသိမ်ဘုရားသို့ သွားရောက်ဖူးမျော် လေ့လာလိုကြောင်း ပြော၍ မြို့နယ် သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ လမ်းမ ဆရာတော်ကြီး အမှူးပြုသော ဆရာတော် သံဃာတော်များ၊ အောင်မင်္ဂလာစေတီ ဂေါပကအဖွဲ့ဝင်များ၊ ဘူးသီးတောင်မြို့မှ စိတ်ပါဝင်စားကြသူများ စက်လှေတစ်စီးဖြင့် သွားရောက်ကြသည်။ စာရေးသူလည်း ၎င်းစက်လှေဖြင့် လိုက်ပါခဲ့ပါသည်။ ဒိုးသိမ်ဘုရား တည်နေပုံမှာ အရှေ့အနောက် အလျားလိုက်တည်ရှိပြီး တောင်မှမြောက်သို့ အနံတည်ရှိသော စတုဂံပုံမျိုးဖြစ်သည်။ အလယ်တွင် ကျောက်တုံးကြီးများဖြင့် ပြုလုပ်ထားသော ခေါင်းလောင်းမှောက်စေတီကြီးတစ်ဆူရှိသည်။ အရှေ့ဘက်သို့ မျက်နှာမူပြီး ဂူပေါက်တစ်ပေါက်ရှိသည်။ ဂူပေါက်တစ်ပေါက်စီပါသော ခေါင်းလောင်းမှောက်သဏ္ဌာန်အရန်စေတီငယ်(၁၂)ဆူရှိသည်။ ထိုစေတီငယ်များ၏ ဂူပေါက်အသီးသီးမှာ စေတီကြီးဘက်သို့ မျက်နှာမူထားသည်။

ဒိုးသိမ်စေတီမှာ ပြုပြင်မည့် ဒါယကာမရှိခြင်း၊ သဘာဝဘေးနှင့် မသူတော်တို့ ဖျက်ဆီးခြင်းတို့ကြောင့် ပြိုပျက်နေခဲ့သည်မှာ ရာစုနှစ်ဝက်ပင် ကျော်ခဲ့ပါပြီ။ ထိုအပြိုအပျက် ကျောက်တုံးကြီးများတွင် စေတီဒါယကာ၊ ဒါယိကာမဟု ယူဆရသော ရုပ်တုပါသည့် ကျောက်ပြားတစ်ချပ်အပါအဝင် ဗျာလရုပ်များ ထုလုပ်ထားသည့် ကျောက်ချပ်များ၊ ဗျာလဦးခေါင်း၊ နှာမောင်း စသည်ဖြင့် အမျိုးမျိုးပါသော ကျောက်ချပ်များ တွေ့ရသည်။ ဤကဲ့သို့ ကြီးမားသည့် ဗျာလမျိုး ရခိုင်အနှံ့ မတွေ့ရသေးဟု ဗျာလလေ့လာသူများ ဆိုကြသည်။

ဒိုးသိမ်အနီး အရှေ့တောင်ထောင့်ဘက်တွင် ရေကန်ကြီးတစ်ကန်ရှိသည်။ သိမ်၏တောင်ဘက် တစ်ဖာလုံခန့်အကွာတွင် ကျောင်းတော်ရာ၊ ကျောင်းကန်၊ ကျောင်းဝင်းအတွင်း ကျောက်ဖြင့် ပြုလုပ်ထားသည့် စေတီဖိနပ်ရာကို တွေ့ရသည်။

ဒုံးသိမ်ဘုရား၏ ပတ်ဝန်းကျင်လေ့လာအပြီးတွင် ဆရာကြီး ဦးဦးသာထွန်းက ဒုံးသိမ် ဘုရား ဒါယကာ စန္ဒဝိဇယရာဇ(ငယ်နာမည် ကျိန်းဒုံးညို)ကိုယ်ရေးရာဇဝင်အကျဉ်း၊ ငယ်စဉ်ဘဝ မှ ဘုရင်ဖြစ်လာပုံ၊ ကန်ပေါင်း ၈၀၀၊ သိမ်ပေါင်း ၈၀၀၊ ကျောင်းပေါင်း ၈၀၀ အလှူပေးပုံတို့ကို ပြောပြသည်။ စိန်တင်ချောင်းထဲတွင် မြို့လေးမြို့ရှိခဲ့ကြောင်း ၎င်းတို့မှာ ပူရန်တပ္ပ၊ ဦးဒိန္န၊ စိန်တင် နှင့် စာရေးသူအမည်မမှတ်မိ အခြားတစ်မြို့တို့ အကြောင်းလည်း ပါရှိသည်။ စိန်တင်မြို့ဟောင်း နေရာနှင့် ပတ်သက်၍ စာရေးသူကိုယ်တိုင် ရခိုင်မြန်မာ ပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းနှင့် ဆွေးနွေးသည်ကို ဖောက်သည်ချ တင်ပြပါမည်။ ဆရာကြီးက စိတ်တင်မြို့နေရာနှင့် ပတ်သက်၍ စိန်တင်ချောင်းထဲတွင်ရှိကြောင်း ပြောပါသည်။ ထိုအချက်သည် စာရေးသူအချိန် အတန်ကြာကပင် ခန့်မှန်းထားသည်နှင့် တက်တက်စင်အောင် လွဲချော်နေပေသည်။ စာရေးသူအနေဖြင့် စိန်တင်မြို့ နေရာနှင့် ပတ်သက်၍ ဆရာကြီးအား ဤသို့ တင်ပြခဲ့ပါသည်။

ဒုံးသိမ်ပတ်ဝန်းကျင်ဒေသသည် စိန်တင်မြို့ဟောင်း နေရာဖြစ်နိုင်သည်ဟု အစချီပြီး လက်ညှိုးညွှန်ပြကာ ယခုဒုံးသိမ်အရှေ့ဘက်ရှိ စိုင်းဒင်ချောင်းမှာ ယခင်က ဤနေရာတွင် မရှိပါ။ စိုင်းဒင်ချောင်းသည် ဒုံးသိမ်၏မြောက်ဘက် တောင်နားမှနေ၍ ယိုးကြောင်း(မြေနိမ့်နေသောနေရာ) အတိုင်း ကင်းတောင်ရွာ မြောက်ဘက်မှနေ၍ ဒုံးချောင်းမှ ငက်သေချောင်းသို့ စီးဆင်းပါသည်။ ဒုံးသိမ်နှင့် စိုင်းဒင်ချောင်း ယခုခြားနားသော ရေချမ်းပြင်ရွာနှင့် သရက်ပြင်ရွာတို့မှာ ယခင်က ချောင်းမရှိသဖြင့် တစ်ပြင်တည်း(တစ်စပ်တည်း)ဖြစ်ပါလိမ့်မည်။ စိုင်းဒင်ချောင်းမှာ ငက်သေချောင်း အရောက်တွင် မြောက်မှတောင်သို့ စီးဆင်းပြီး ဒိုးတန်းကြိမ်းချောင်းရွာအရောက်တွင် အနောက် မှ အရှေ့သို့ စီးဆင်းကာ သရက်ပြင်ရွာနှင့်ဖုံးညိုလိပ်ရွာကြားမှဖြတ်ပြီး လမ်းပတ်ချောင်းသို့ စီးဝင် သည်။ လမ်းပတ်ချောင်းသည် သုံးဆယ်တစ်ဘုံစေတီတော်ကြီး မြောက်ဘက်မှ စီးဝင်လာကာ စေတီအနောက်ဘက်၌ မြောက်မှတောင်သို့ စီးဆင်းလျက် အောင်သာချောင်းသို့ စီးဝင်သည်။ အောင်သာချောင်းမှတစ်ဆင့် မယုမြစ်နှင့် ပေါင်းဆုံသွားသည်။

ဒုံးသိမ်ဘုရားပတ်ဝန်းကျင်တွင် ကျယ်ပြန့်သော မြေပြန့်ရှိသည်။ အနောက်ဘက်၊ တောင် ဘက်၊ မြောက်ဘက်တို့တွင် သဘာဝရေကျုံးဖြစ်သော စိုင်းဒင်ချောင်း၊ ငက်သေချောင်း၊ လမ်းပတ် ချောင်း၊ မြောချောင်းဖြင့် ကာရံထားပြီး ဒုံးသိမ်းအရှေ့ဘက် ၄–ဖာလုံခန့်အကွာ ရေချမ်းပြင်ရွာ အရှေ့ဘက်တောင်ကုန်းများမှာ စေတီများတည်ထားသကဲ့သို့ဖြစ်ပါသည်။ စန္ဒဝိဇယရာဇာ (၁၀၂၂– ၁၀၇၃)ရခိုင်အနှံ့ သိမ်ပေါင်း ၈၀၀၊ ကန်ပေါင်း ၈၀၀ အလှူပေးခဲ့သည်မှာလည်း လူနေ အိမ်ခြေနည်းသည့်နေရာတွင် အလှူပေးခြင်းမဖြစ်နိုင်ပါ။ စိန်တင်ကဲ့သို့သော မြို့နေရာစသည်များ တွင် အလှူပေးခဲ့ခြင်းဖြစ်ပါမည်။ မြောက်ဦးခေတ်လက်ရာလည်း ဒုံးသိမ်ဘုရာနှင့်တကွ တောင် တန်းပေါ်ရှိ စေတီဗိနပ်ရာများက သက်သေခံနေပြီးဖြစ်ပါ၍ ဤဒုံးသိမ်ဘုရားပတ်ဝန်းကျင်သည် ပင်လျှင် ရခိုင်တို့၏ ရှေးဟောင်းစိတ်တင်မြို့ နေရာဖြစ်နိုင်ပါသည်။ ဆရာကြီးအနေဖြင့် အလေးထား စဉ်းစားပါရန် စာရေးသူတင်ပြလိုက်ပါသည်။

ရခိုင်သားကြီးစာပေ

ယင်းနောက် စာရေးသူတို့ ဘုရားဖူးလှေလာရေးအဖွဲ့သည် ရေချမ်းပြင်ဘက်ကို စက်လှေဖြင့် ကူးပြီး တောင်ကုန်းများကို လှေလာကြည့်ရှုကြရာတွင် တောင်ကုန်းနှစ်ခုကိုသာ တက်ဖြစ်ခဲ့ကြသည်။ ၎င်းတောင်ကုန်းနှစ်ခုလုံးမှာပင် ကျောက်တုံးကျောက်ပြားများဖြင့် ပြုလုပ်ထားသည့် ဂူပေါက်တစ်ပေါက်ပါ ခေါင်းလောင်းမှောက် ပုံသဏ္ဍာန်မ စေတီဖိနပ်ရာ (၂)ခုကို တွေ့ခဲ့ရပါသည်။ ထိုစေတီမှ ဘုရားရုပ်တုဟု ယူဆရသော ဦးတော်မပါ တင်ပျဉ်ခွေ ကျောက်တုံးကြီးတစ်ခုကိုလည်း တောင်ငယ်အောင် လယ်ကန်သင်းပေါက်တွင် ရေသွားရေလာမရှိအောင် ဆီးဆို့ထားသည်ကိုလည်း တွေ့ခဲ့ရပါသည်။

နောက်အတန်ကြာသောအခါ စာရေးသူသည် ဒုံးသိမ်ဘုရားနှင့် ပတ်သက်၍ ဆရာကြီး ဦးဦးသာထွန်းနှင့် ညှိနှိုင်းပြီး ပန်းချီတစ်ခုဆွဲလိုသဖြင့် မြောက်ဦးမြို့သို့ ဘုရားဖူးရင်းသွားရောက်ခဲ့ပါသည်။ ဆရာကြီးကို မိမိနေအိမ်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်တွေ့ရပါသည်။ ဆရာကြီးသည် စာရေးသူနှင့် တွေ့သည့်အခါ 'စိန်တင်မြို့နေရာသည် စာရေးသူတင်ပြသော ဒုံးသိမ်ပတ်ဝန်းကျင်ဖြစ်သည်မှာ မှန်ကန်ကြောင်း' ပြောခဲ့ပါသည်။ စာရေးသူအနေဖြင့် ဒုံးသိမ်ဘုရားသမိုင်းနှင့် ပတ်သက်၍လည်းကောင်း၊ စိန်တင်မြို့နေရာသည် ဒုံးသိမ်ပတ်ဝန်းကျင်ဖြစ်သည်ဟူသော အယူအဆနှင့် ပတ်သက်၍လည်းကောင်း စာတမ်းတစ်စောင်ပြုစုပေးပါဟု ဆရာကြီးကို တောင်းပန်ပါခဲ့ပါသည်။ ဒုံးသိမ်ဘုရား ပန်းချီကားတစ်ချပ် ရေးဆွဲရန်အတွက် ပန်းချီဆရာအား ဆရာကြီးအိမ်သို့ ခေါ်ပြီး ညှိနှိုင်းလွှဲအပ်ကာ စာရေးသူပြန်လာခဲ့ပါသည်။ ဆရာကြီးအနေဖြင့် စာတမ်းရေးဖြစ် မရေးဖြစ်ခဲ့သည်ကို စာရေးသူမသိပါ။ ဆရာကြီးကား တစ်ခေါက်သွားသူတို့ တစ်ခါပြန်မလာသောအရပ်သို့ သွားနှင့်ပြီးဖြစ်ပါသည်။

မြို့တစ်မြို့ နေရာဟောင်းတစ်ခုကို တိကျမှန်ကန်မှု ရှိမရှိ သိရှိရန်မှာလည်း စနစ်တကျ တူဖော်ပြီး သုတေသနပြုမှ ဖြစ်နိုင်ပါမည်။ ဆရာကြီးလည်း ဒုံးသိမ်ဘုရားပတ်ဝန်းကျင်သည် စိန်တင်မြို့ဖြစ်သည်ဟူသော အယူအဆကို စာတမ်းရေးမပေးခဲ့သဖြင့် စာရေးသူ၏အယူအဆ အကောင်အထည်မဖော်ဖြစ်နေစဉ် အမှတ်မထင် ဘူးသီးတောင် ကျောက်တော်လမ်း ဖောက်လုပ်လာပါသည်။ ထိုလမ်းသည် ဒုံးသိမ်ဘုရားနှင့် ကင်းတောင်ရွာကြားမှ ဖြတ်သွားသည်။ လမ်းဖောက်သည့် အခါ ယခင်က လူနေအိမ်ခြေအမြောက်အမြားနေထိုင်ခဲ့သည့်လက္ခဏာရပ်ဖြစ်သော အိုးကွဲ၊ ခွက်ကွဲ၊ ပန်းကန်ကွဲများ လမ်းတစ်လျှောက်မတွေ့ရသည့်နေရာဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ ဤလမ်းဖောက်လုပ်မှုကလည်း ဤနေရာတွင် လူနေအိမ်ခြေ များများရှိခဲ့ကြောင်း စိန်တင်မြို့ဟောင်းဖြစ်ကြောင်း သက်သေခံနေပေသည်။

ဒုံးသိမ်ဘုရားသို့ ဆရာကြီး ဦးဦးသာထွန်း ဖူးမြော်လှေလာရန် ရောက်ခဲ့မှုကြောင့် ပြိုပျက်နေသော ဒုံးသိမ်ဘုရားကို ပြန်လည်မွမ်းမံမှုများ မြို့နယ်အာဏာပိုင်များ ပြုလုပ်လာကြသည်။ စာရေးသူ ကိုယ်တိုင် မြို့နယ်မှ မပြုလုပ်မီ (၂)နှစ်ခန့်ကပင် ဒုံးသိမ်ဘုရားတောင်ဘက်တက်လမ်း အရှေ့ဘက်အရန်စေတီမှ ဘုရားကို ပန်းရန်ဆရာနှင့် ညှိ၍ ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ပါသည်။

ထိုဘုရားသည် ယခုအခါ ဒုံးသိမ်စေတီ ဂူအတွင်းတွင် အပူဇော်ခံလျက်ရှိပါသည်။ ဒုံးသိမ်ဘုရားကို ယခုအခါ စေတီကြီးနှင့် အရန်စေတီငယ်(၄)ဆူသာ အကြွမ်းထည်ဖြစ်သေးသည်။ အခြားအရန် စေတီငယ် (၈)ဆူနှင့် နံရံများ၊ ရှေးဟောင်း ရခိုင်လက်ရာ ဗျာလရုပ်လုံးရုပ်ကြွများ လုပ်စရာ ကိုင်စရာများစွာ ကျန်နေပါသေးသည်။ ရှိပြီးသား ယဉ်ကျေးမှု လက်ရာများကို ယခုထက်ပိုမို မပျက်စီးရလေအောင် အားလုံးဝိုင်းဝန်း ထိန်းသိမ်းရန် အထူးလိုအပ်လှပါသည်။

ဒုံးသိမ်ဘုရားမှ လုပ်စရာကိုင်စရာများကို တစ်ဖက်မှလုပ်ရင်း ရခိုင်တို့၏ရှေးဟောင်းစိန်တင် မြို့ကို သုတေသီများဆက်လက်ပြီး သုတေသနပြု ဖော်ထုတ်ကြပါရန် တင်ပြလိုက်ရပါသည်။

**ဘိုးမင်း(ဘုံးသီးတောင်)**

# စူလမဟာရာဇာ

လခြမ်းမြိမဂ္ဂဇင်းတွင် အသစ်တွေ့ရှိရသော ဒင်္ဂါးအချို့ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိပေသည်။ ယင်းပစ္စည်းများမှာ သမိုင်းကိုပြောပြနေသော ခိုင်မာသော သက်သေများဖြစ်၏။ ဒင်္ဂါးဓာတ်ပုံကို တွေ့မြင်ရပြီးနောက်မှာ သျှင်အုန်း၏ 'စူလမဟာရာဇာ မည်သူနည်း' ဆောင်းပါးကို ဖတ်ရှုရသဖြင့် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ပါသည်။

## ရူလ/ ရူဠ

ပါဠိဘာသာမှ စူလကို 'ဠကြီး'ဖြင့် ရေးသည်ဟု ဆောင်းပါးရှင်မှ ရေးသားထားသည်။ ယင်းစကားရပ်ကို ရှင်းလင်းတင်ပြပါမည်။ ပဒရူပသိဒ္ဓိကစ္စည်းသဒ္ဒါကြီးအဖွင့်ကျမ်း လဒရာနသုတ်မှ ပါရှိသည်က 'လဠာနမဝိသေသော' ဠကြီးလလေး မထူးခြားဘဲ ဠကြီးသုံးလုံး လ လေးဖြင့် သုံးလုံး အဓိပ္ပာယ်တူညီကြောင်း ပြဆိုထား၏။

သို့ဖြစ်ပါ၍ ပါဠိဘာသာဖြင့် စူဠ/စူလ နှစ်မျိုးလုံးသုံးစွဲ၍ ဖွင့်ဆိုထားပါသည်။

## ရူလ/ မဟာ

ဆောင်ပါးရှင်က စူလ=ငယ်သော၊ မဟာ=ကြီးသော ဟူ၍ ဖွင့်ဆိုရေးသားထားပေ၏။ ယင်းစကားရပ်တွင် 'မဟာ'ပုဒ်ကို ရှင်းပြလိုပါသည်။

မဟာ=ကြီးသော၊ မဟာ=မြင့်မြတ်သော အနက်နှစ်မျိုးလုံး ပေး၍ရပါသည်။ 'ပါဠိတစ်ချက်၊ အနက်ဆယ်ထွေ' ဟု ဆိုရိုးစကားရှိပါ၏။ ဥပမာ–မဟာမုနိ=မြင့်မြတ်သော ဘုရား(ဂေါတမဘုရား) ကို မဟာမုနိ–ပုဒ်ကို ကြီးသောဘုရား၊ ဘုရားကြီးဟူ၍ အနက်ပေး၍မရပေ။ မြန်မာပြန်ဆိုလျှင် မှားယွင်းပေ၏။

မဟာရာဇာ–မြတ်သောမင်း၊ ယင်း'မဟာရာဇာ'ကို 'မင်းကြီး' ဟူ၍ မြန်မာပြန်ပါက မှန်

သလိုလိုနှင့် လွဲချော်မှားယွင်းပေသည်။ ထို့အတူ မဟာကုလ–မြတ်သောအမျိုး၊ အမျိုးမြတ်ဟူ၍ မြန်မာပြန်ဆိုရမည်။ ယင်းမဟာကုလကို 'အမျိုးကြီး' ဟူ၍ ပြန်ဆိုပါက မှားယွင်းပေမည်။ ဥပမာ–မဟာမစ္ဆ =ငါးကြီး၊ ကြီးသောငါးဟု ပြန်ရမည်။ မြတ်သောငါးဟူ၍ မြန်မာပြန်ဆိုလျှင် မှားယွင်းပေမည်။

## မြတ်သော/ကြီးသော

မဟာဟူသော ပုဒ်သည် ကြီးသော၊ မြတ်သော ဟူ၍အနက်(၂)မျိုးပြန်ဆိုရမည်။ နေရာဒေသပုဂ္ဂလကိုကြည့်၍ ကြီးသော၊ မြတ်သောဟူ၍ မြန်မာပြန်ရမည်။

## စူလမဟာရာဇာ

စူလမဟာရာဇာ=စူလစန္ဒြမင်းမြတ် သို့မဟုတ်မြတ်သော စူလစန္ဒြားမင်းဟူ၍သာ ဖြစ်ရပေမည်။ စူလသည် စူလစန္ဒြားကို အတိုကောက် ကိုယ်စားပြုပါက စူလမဟာရာဇာသည် စူလစန္ဒြားမင်းမြတ်ဟူ၍သာ ဖြစ်နိုင်ကြောင်း တင်ပြလိုပါသည်။

ဥပမာ–မဟာမတ္တ=အမတ်ချုပ်၊ မဟာသကာ=နှင်းဆီ၊ ရှားစောင်းလက်ပတ် စသည်ဖြင့် အနက်ကို တိုက်ရိုက်ပြန်ဆိုပြီး မဟာသီးခြားအနက်ထွက်မလာပါ။ ထို့အတူ စူဠ/စူလ= ဦးစွန်းဖုတ်၊ ငယ်သောအနက်(၂)မျိုးထွက်နိုင်သေးသည်။ ထို့အပြင် စူဠာမဏိ/စူလာမဏိ/မကိုဋ်ကျောက်အထွတ်ဖြစ်ပြီး စူဠသီးခြားအနက် မထွက်စေ။ သို့ဖြစ်၍ စူလမဟာရာဇာသည် စူလစန္ဒြားမင်းမြတ် သို့မဟုတ် စူလစန္ဒြားမင်းကြီးဟူ၍သာ ဖြစ်သင့်ကြောင်း ဖြစ်နိုင်ကြောင်း သုံးသပ်မိပါသတည်း။

**အရှင်ကောသလ္လ(ဂဝေသီ)**

# သုရိယစက္က
# ဘီစီ(၃)ရာစုခေတ်ရခိုင်မင်းနှင့်        စန္ဒာမုနိမဟာကျန်ဘုရားကြီး

**နိဒါန်း**

၁။ ‘‘ကျွန်းတွင် ဇမ္ဗူ၊ လူတွင်ရခိုင်၊ ကြိုင်ဘိသတင်း၊ ကင်းဘိအဖြစ်၊ ချစ်သည့်အမျိုး၊ ကျိုးသည့်လို့လ၊ မြတ်စာဂနှင့် နှစ်ဝနှစ်လူ၊ ချစ်ကြည်ဖြူသည်၊ နိဗ္ဗူဆုတောင်း၊ ပြည့်အံ့တည်း’’ ဆိုသည့် လင်္ကာမှာ ရခိုင်တို့၏ ဂုဏ်ယူဖွယ်ရာ လင်္ကာလေးတစ်ပုဒ် ဖြစ်ပါသည်။

၂။ ဤရခိုင်တို့၏ ဗုဒ္ဓဝင်လင်္ကာသည် ရခိုင်လူမျိုးတို့၏ စိတ်နေသဘောထားကို ပေါ်လွင်စေသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ရပ်ပင်ဖြစ်ပါသည်။ ရခိုင်တို့သည် ဆုတောင်းပြည့်လိုသည့် ရည်မှန်းချက်သည်ကား နိဗ္ဗာန်ပင်ဖြစ်သည်။ ဤသည်တို့မှာ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ချက်ပင် ဖြစ်ပါသည်။ ဤကဗျာမှာ ရခိုင်နှင့် ဗုဒ္ဓဆက်စပ်မှုရှိနေသည်ကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

၃။ ရခိုင်တို့သည် မည်သည့်အချိန်ကပင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာကြပါသနည်း။ ရခိုင်တို့သည် ရာဇဝင်သမိုင်းကြောင်း အမှန်ရှိပါ၏လော။ သို့မဟုတ် ရခိုင်တို့တွင် ရှိခဲ့သော သမိုင်းကြောင်းသည် ဒဏ္ဍာရီပုံပြင်သက်သက်လားဆိုသည်ကို ရှေးဦးစွာ ကျွန်ုပ်တို့ ဆန်းစစ်ကြည့်ရန် လိုပါမည်။

၄။ အလွန်တရာမှ ရှေးကျသော ရခိုင်သမိုင်းကို လေ့လာခဲ့သော သုတေသီ ဦးစိန်ညိုထွန်းက ‘‘ကျွန်ုပ်သည် ရခိုင်ရာဇဝင်ကို သစ်သောကာလ အဘယ်ကဲ့သို့ တရားစောင့်ရှောက်သော တိုင်းပြည်ဖြစ်လာကြောင်း ဦးစွာ ရှာဖွေရ၏။ တရားစောင့်ရှောက်မှ မှန်ကန်သော အသိတရား ရရန်ရှိသည်။ ထိုမှန်ကန်သော အသိတရားသည် တခြားတိုင်းပြည်မှ ယူရန်မလို၊ ပြည်တွင်း၌ တရားရှိသောသူကြောင့် ဖြစ်လာ၏ဟု ၎င်းကိုယ်တိုင်(၁၅–၅–၆၆)နေ့က ရေးသားခဲ့သော စာတမ်း တစ်စောင်တွင် ဤကဲ့သို့ ဖတ်ရှုရပါသည်။ ဦးစိတ်ညိုထွန်းက ဆက်လက်၍ ‘‘မင်းနှင့်ပြည်သူများ

တရားမရှိသောကြောင့် ရခိုင်များ ထီးနန်းကင်းကြမည်ဟု မြတ်စွာဘုရား ဗျာဒိတ်တော်မှ တင်ထူးလျက် သိရ၏'' ဟု ဆိုထားပါသည်။

၅။ ရခိုင်တို့ ထီးနန်းပျောက်ခဲ့သည်မှာ အေဒီ ၁၇၈၅-ခု၊ ဇန်နဝါရီလ(၁)ရက်နေ့ကပင်ဖြစ်ရာ ယနေ့အထိ ဆိုပါလျှင် နှစ်ပေါင်း (၂၁၄)နှစ်တိုင်ခဲ့ပေပြီ။

၆။ အထက်ပါ အပိုဒ်(၄)တွင် ဖော်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရား ဗျာဒိတ်တော်ကို မည်သည့်အချိန်က မိန့်မှာခဲ့ပါသနည်းဆိုသော မေးခွန်းတစ်ခုပေါ်လာပါသည်။ တစ်နည်းဆိုရသော် ဂေါတမမြတ်စွာဘုရား ရခိုင်သို့ မည်သည့်အချိန်က ကြွရောက်ခဲ့ပါသနည်း။ အမှန်တကယ်လဲ ကြွခဲ့ပါ၏လော ဆိုသည့်မေးခွန်းသည်လည်း ထပ်ဆင့်ပေါ်လာပါသည်။

၇။ ဒေါက်တာဖော်ခင်မာ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဂျာမန်လူမျိုးကျောက်စာဝန် ထုတ်ဝေသည့် Arakan စာအုပ်ပါ မဟာမုနိသမိုင်းအကြောင်းကို ရေးသားရာ၌ ရခိုင်တို့၏ သပ္ပဒါနပကာရ စာကျမ်းကို ကိုးကား၍ ဓညဝတီပြည်ရှင် စန္ဒာသူရိယမင်းက မနောအာရုံဖြင့် ပင့်ဖိတ်ချက်အရ ဘုရားရှင်နှင့် အာနန္ဒာအပါအဝင် ရဟန်း(၅၀၀)ရခိုင်သို့ ကြွလာသည့်အကြောင်း အပြင် မဟာမုနိ ရုပ်ရှင်တော်မြတ်ကို မြတ်စွာဘုရား ရင်ငွေ့တော်သွင်း၍ သွန်းလုပ်ခဲ့သည်ဟု အဆိုရှိပါသည်။

၈။ ဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန်းတော်(၅၀၀)တို့ ဓညဝတီသို့ ကြွလာသည့် အကြောင်းကို ''တောင်ပေါက်ကြီး ကျောက်စာ'' တွင် အသောကမင်းကြီးနှင့် ခေတ်ပြိုင်သုံးဗြဟ္မီအက္ခရာဖြင့် ရေးထိုးခဲ့သည်ကိုတွေ့ရပါသည်။ ဤကျောက်စာကို တွေ့ရှိကူးယူခဲ့သူများမှာဂုဏ်ထူးကျောက်စာ ဝန် ဦးစံရွှေဘုနှင့် ၎င်းတပည့် ဦးဦးသာထွန်း (နောင်တွင် ရခိုင်မြန်မာပဏ္ဍိတ်ဖြစ်လာသူ)တို့ ဖြစ်ပါသည်။

၉။ ရခိုင်ရာဇဝင်အစောင်စောင် မှန်နန်းရာဇဝင်တော်ကြီး မဇ္ဈိမဒေသတော်ရာသမိုင်းအစရှိ သည်တို့က မြတ်စွာဘုရား ရခိုင်ကို ဒေသစာရီကြွလာချိန်မှာ ဝါတော် (၂၀)၊ သက်တော် (၅၅)နှစ် အတွင်း ဖြစ်သည်ဟု အဆိုရှိပါသည်။ ဤအချိန်အခါ၌ ဓညဝတီပြည့်ရှင် စန္ဒာသူရိယမင်း၏ နန်း သက်မှာ (၂၆)နှစ် ရှိပြီဖြစ်ပြီး သက်တော် (၅၁)နှစ်ဖြစ်ပါသည်။

၁၀။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရားနှင့် စန္ဒာသူရိယတို့သည် ဘိုးတော် အဥ္စန၊ မဟာသက္ကရာဇ်အတွင်း မြတ်စွာဘုရားဖွားမြင်၊ တောထွက်၊ ဘုရားဖြစ်၊ ပရိနိဗ္ဗာန်စံခဲ့သလို စန္ဒာသူရိယမင်း မွေးဖွား၊ မင်းဖြစ်၊ အနိစ္စရောက်ကြောင်းတွေ့ရပါသည်။ ဆိုလိုသည်မှာ သိဒ္ဓတ္ထ မင်းသား ဖွားမြင်နှစ်မှာ မဟာသက္ကရာဇ်(၆၈)တောထွက်သည့်နှစ်မှာ (၉၇)၊ ဘုရားဖြစ်တော်မူ သောနှစ်မှာ (၁၀၃) ရခိုင်သို့ ကြွရောက်သည့်နှစ်မှာ (၁၂၃)၊ ပရိနိဗ္ဗာန်စံသော နှစ်မှာ (၁၄၈)(သို့) သာသနာသက္ကရာဇ်(၁)၊ ကောဇာ(၁)ဖြစ်ပါသည်။ ထိုနည်းတူစွာ စန္ဒာသူရိယမင်း မွေးဖွားသောနှစ် မှာ မဟာသက္ကရာဇ်(၇၂)နှစ်၊ မင်းဖြစ်သောနှစ်မှာ မဟာသက္ကရာဇ် (၉၂)၊ အနိစ္စရောက်သောနှစ် မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံနှစ်လွန်၍ နောက်တစ်နှစ်ဖြစ်ရာ မဟာသက္ကရာဇ် (၁၄၉)သို့မဟုတ်

သာသနာသက္ကရာဇ်(၂)(သို့) ကောဇ(၂)မှာ ဖြစ်ပါသည်။(အဇာတသတ်မင်း သက္ကရာဇ်ဖြို ခြင်းကြောင့် ဖြစ်လာသော သက္ကရာဇ်ဖြင့် စန္ဒာသူရိယမင်းကလည်း ဤအတိုင်းလိုက်နာခဲ့။)

၁၁။ အထက်အပိုဒ်(၉)အရ မြတ်စွာဘုရားနှင့် စန္ဒာသူရိယမင်းတို့ဖြစ်စဉ် မဟာသာသနာ သက္ကရာဇ်များကို သိရပြီး ဖြစ်ပါသော်လည်း ကမ္ဘာသုံးသက္ကရာဇ်ခေါ် ခရစ်နှစ်မှာ အသို့ ရှိပါမည်နည်း။ ဥရောပ သုတေသီများဖြစ်ကြသော ဖေယာ၊ ဟာဗေ၊ ဟောလ်၊ ဖော်ခင်မာနှင့် ပမိလာဂွတ်တမန်တို့ အဆိုအရ မြတ်စွာဘုရားဖွားသက္ကရာဇ်ကို ဘီစီ(၆)ရာစုမှ (၇)ရာစုတွင်းမှာ ဖြစ်ကြပြီး သက်တော်ကို အားလုံးက (၈၀)နှစ်အဖြစ် လက်ခံသည့်သဘော တွေ့ရသည်။ ၎င်းတို့က စန္ဒာသူရိယမင်းနန်းတက်နှစ်ကို အေဒီ (၁၄၆)ဟူ၍ သတ်မှတ်ကြရာ ဤကဲ့သို့ သတ်မှတ်ခြင်းကြောင့် မြတ်စွာဘုရားနှင့် စန္ဒာသူရိယမင်းတို့မှာ နှစ်ပေါင်း (၇၀၀)ခန့် ကွာဟနေ၍ မည်သို့မှ နှစ်ဦးတွေ့ဆုံနိုင်ဖွယ် အကြောင်းမရှိဟု ဆိုကြပါသည်။

ပမိလာက "Miraculous visitation" ဟု သုံးနှုန်းထားသော စန္ဒာသူရိယပင့်ဖိတ်ချက်အရ မြတ်စွာဘုရား 'ဈာန်'ဖြင့် ကြွလာသည်ဆိုသည့်အချက်ကို ရခိုင်ရာဇဝင်တွင် ရှေ့တန်းတင်ရေးသား ဖော်ပြလွန်းသည်ဖြစ်၍ ဤအယူအဆကို ဖြုတ်ထားလိုက်(သို့)ဖယ်ထားပါမှ မှန်ကန်မှုရှိရမည်ဟု ဆိုသည့်အပြင် မဟာမုနိ ဆင်းတုတော်ကို ဝေသာလီကျောက်လှေကားခေတ်(၅)ရာစု မင်းဒေဝစန္ဒြလက်ထက်မှာ သွန်းလောင်းခြင်းသာဖြစ်သည်ဟု ပြင်ဆင်လိုက်မှသာ အားလုံးမှန်ကန်သွားဖွယ်ရာ ရှိမည်ဟု ခပ်တည်တည်နှင့် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ပမိလာ အတွေးအခေါ် အတိုင်းသာဆိုပါလျှင် စန္ဒာမုနိရုပ်ရှင်တော်ကို သီရိစန္ဒြ(ခ) သီရိဓမ္မဝိဇယ လက်ထက်သည့်တိုင် အောင် ဆွဲချသွားရန်ဖြစ်သွားပါမည်။ ထို့ကြောင့် သူမ၏ အတွေးအခေါ်ကို ချင့်ချိန်သင့်ပါသည်။ ဆိုလိုရင်းအချုပ်မှာ ရခိုင်တို့၏ ဓညဝတီခေတ်ကြီးနှင့် မြတ်စွာဘုရား ရခိုင်သို့ကြွလာသည်ဆိုခြင်းမှာ ဒဏ္ဍာရီပုံပြင်တစ်ခုသာဖြစ်သည်ဟုဆိုလိုခြင်းပင်ဖြစ်ပါသည်။

၁၂။ ယခု ၁၉၉၆–ခု၊ မတ်လတွင် ပထမအကြိမ် ထုတ်ဝေသော မြောက်ဦးမဂ္ဂဇင်း၌ ဖူးတွေ့ရသည့် စန္ဒာမုနိမဟာကျန်ရုပ်ပွားတော်၊ ဆင်းတုတော် ဓမ္မခန်တွင် အောက်ပါအတိုင်း သက္ကရာဇ်ရေးထိုးထားသည်ကို တွေ့ရသည်။

''စန္ဒာမုနိမဟာကျန်ရုပ်ပွားတော်

(မဟာသက္ကရာဇ် –၂၁၈)၊ (အေဒီ ၄–ရာစု)၊

သူရိယစက္ကမင်း သွန်းလောင်းသည်။''

၁၃။ ထို့အပြင် သူမြတ် (မဟာအောင်မြေ) ဆိုသူ၏ ရခိုင်မဟာမုနိ၏ မဟာကျန် မုနိငါးဆူခေါ်င်းစဉ်ဖြင့် ရေးသားသော စာအုပ်စာမျက်နှာ ၄၇၊ အခန်း(၅)၊ မုနိငါးဆူခေါင်းစဉ်ပါ အပိုဒ်(၁)တွင် ''သူရိယစက္ကမင်းကြီးသည်ကား သက်တော်(၃၀)နှစ် ခရစ်နှစ်(ဘီစီ –၃၁၆)ခုနှစ်တွင် မိဖုရားရူပိတာနှင့်အတူ ဓညဝတီ ရွှေနန်းကြီးအား သိမ်းမြန်းစိုးစံတော်မူခဲ့၏ဟု ဆိုထားသည်ကို တွေ့ရပါသည်။

၁၄။ ရခိုင်ရာဇဝင်ကြောင်းအရ ပြန်ကြည့်ပါလျှင် တတိယ ဓညဝတီခေတ်ကို တည်ထောင်သူမှာ စန္ဒာသူရိယမင်း နောက်ဝယ် (၆)ဆက်မြောက်မင်းမှာ သူရိယစက္ကမင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ အပိုဒ် ၁၂နှင့် ၁၃ကို ကြည့်မည်ဆိုပါလျှင် သူရိယစက္ကမင်း၏ နန်းသက်သက္ကရာဇ်တို့ကို ပေါင်းစပ်လိုက်ပါက အောက်ပါအတိုင်း တွေ့ရပါမည်။

## မဟာသက္ကရာဇ် ၂၁၈(၄-ရာစု) သို့မဟုတ် ဘီစီ-၃၁၆

၁၅။ ကျွန်ုပ်တို့သည် ရာဇဝင်နှင့် ဆက်စပ်နေသော ကိစ္စတစ်ရပ်ကို ဖော်ပြလိုပါလျှင် သက္ကရာဇ် အယူအဆတိကျမှုကို အထူးဂရုစိုက်၍ သတိပြုကြရန် လိုအပ်လှပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာနိုင်ငံတစ်ခုအနေဖြင့် ကောဇာ၊ သာသနာနှင့် ကမ္ဘာသုံးသက္ကရာဇ်ခေါ် ခရစ်နှစ်တို့ အားလုံး ကိုက်ညီမှုရှိမှသာ အများက ယုံကြည်လက်ခံနိုင်သော ကိစ္စတစ်ရပ်ဖြစ်ပါမည်။ ထို့ကြောင့် အထက်အပိုဒ်(၁၃)တွင် တွေ့ရသော သက္ကရာဇ် ဖော်ပြချက်များမှာ ကိုက်ညီမှု ရှိမရှိကို ပြန်လည်ဆန်းစစ်ကြည့်ရန် လိုအပ်လာပါသည်။

၁၆။ Date of Buddha's Birth and Death

"The dates of Gautama's birth and death are very important forstudents of Indian history because an era was reckoned from his death and is used by the Buddhist even in Burma. Siam and Ceylon (Myanmar, Thiland, Srilanka).The dates of the earliest events in the historical periods of Indian History are also given in reference to Buddha's death According to the calculations of orthodox Buddlists Buddha was born in 623 B.C, but these contain mistake of sixty years. Many scholarsthink that he was born in 557 B.C. According to the calculations of Chinese Buddhists, Guatama was born in 563 B.C. As it is known that he died at the age of eighty, we possess their different dates of his death also."

၁၇။ ဤစာပိုဒ်မှာ - RD. Banerji & Manindra Nundy M.A, Proffessor of India History and Culture, Beneres University: ရေးသားသော A Junior History of India စာအုပ် စာမျက်နှာ ၂၂နှင့် ၂၃တွင် ဗုဒ္ဓဖွားမြင်သောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များနှင့် ပတ်သက်၍ ရေးသားထားသော စာပိုဒ်ဖြစ်ပါသည်။

၁၈။ ယနေ့ ရခိုင်တို့ လက်ခံသုံးစွဲနေသော ဗုဒ္ဓ၏မွေးနေ့မှာ ဖော်ပြပါ သက္ကရာဇ်တို့နှင့် မတူဘဲ ၆၁၉-ဘီစီဖြစ်ပါသည်။ (ရခက သမိုင်းကဏ္ဍနှင့် သုတေသီ ဦးအောင်သာဦး တို့ကလည်း ဘီစီ-၆၀၉ကိုပင် လက်ခံထားပါသည်။) ဤသက္ကရာဇ်အယူအဆအရ တွက်ယူလျှင် စန္ဒာသူရိယမင်း သက္ကရာဇ်မှာ ဤသို့ ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| စန္ဒာသူရိယ မွေးဖွားနှစ် | | မဟာသက္ကရာဇ်-၇၂ | ခရစ်နှစ် |
| ။ | နန်းတက်နှစ် | ၉၇ | ဘီစီ-၅၈၀ |
| ။ | အနိစ္စရောက်သောနှစ် | ၁၄၉ | ဘီစီ-၅၂၈ |

| | | | |
|---|---|---|---|
| ။ | (သို့)သာသနာ | ၂ | ဘီစီ–၅၂၈ |
| ထို့ကြောင့် သူရိယစက္ကနန်းတက်နှစ်မှာ | (၂၁၂)+၂=၂၁၄ | | ဘီစီ–၃၁၆ |

၁၉။ ဤတတိယ ဓညဝတီမင်း သူရိယစက္က လက်ထက်သည် အိန္ဒိယပြည် အသောက မင်းကြီးနှင့် ခေတ်ပြိုင်ဖြစ်ကြောင်းကို သာသနာ သက္ကရာဇ်ကို ယှဉ်ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ တစ်ဖနတ် အသောကမင်း၏ ခရစ်နှစ်ရရှိလာပုံမှာ –၎င်း၏အဘိုးတော်သည် Chandra Gupta သည် Alexender The Great နှင့် ခေတ်ပြိုင်ဖြစ်ကြောင်းကို ၎င်းစစ်ဘုရင် အိန္ဒိယသို့ ဝင်လာချိန်နှင့် ချိန်ကိုက်၍ သိလာနိုင်ပါသည်။ ထိုအချိန်မှာ ဘီစီ–၃၂၇ ဖြစ်ပါသည်။ အောက်ဖော်ပြပါMax Baloff (1948),၏ Mankind and Story Time Chart အရလည်းသိနိုင်ပါသည်။ (ဤ Time Chart မှာ Most reliable and accepted world wide ကမ္ဘာတစ်ဝှမ်း ယုံကြည်စိတ်ချရဆုံး သက္ကရာဇ်အစဉ်အဖြစ် လက်ခံကြပါသည်။ ၎င်းတို့မှာ ........

| | | | |
|---|---|---|---|
| 1. | B.C 327 | - | Alexender invades India, |
| 2. | B.C 323 | - | Alexender died at Babylon |
| 3. | B.C 321 | - | Chandra Gupta (Asoka's grandfather) Maurya conquered the whole north India. |
| | B.C 4 | - | Birth of Jesus Christ (Later contention). |
| | A.D 1 | - | Anno Domini-in the year of our lord. |
| | A.D 30 | - | Crucification of Jesus Christ. |

Christian Era reconed from supposed year of Christ's Birth .....ie.AD-(one)

BC-Before Christ -Oxford Dictionary 1955 BC-500 Begining of histosical writing in Greece.

အသောကမင်းကြီး၏ နန်းတက်နှစ်မှာ သာသနာ ၂၁၈ ဖြစ်ပြီး ခရစ်နှစ်မှာ ဘီစီ ၂၇၄ ဟုတွေ့ရပါသည်။ ထို့ကြောင့် သူရိယစက္ကနှင့် အသောကတို့၏ သက္ကရာဇ်များကို နှိုင်းယှဉ်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရပါသည်။

| မင်း | | သာသနာ | ခရစ်ဘီစီ |
|---|---|---|---|
| အသောက | | ၂၁၈ | ၂၇၄* |
| သူရိယစက္က | | ၂၁၄ | ၃၁၆ |
| | သို့မဟုတ် | ၂၁၈ | ၃၁၂* |
| | | | ၃၈ |

၂၀။ အထင်ပါအတိုင်း အသောက သက္ကရာဇ်ဖြင့် ယှဉ်တွဲကြည့်သောအခါ အသောကနှင့် သူရိယစက္ကတို့မှာ သာသနာသက္ကရာဇ်ဘက်တွင် (၄)နှစ်သာ ကွာသော်လည်း ခရစ်နှစ်ဘက်မှာ (၃၈)နှစ်မျှ ကွာခြားနေသည်ကို တွေ့နေရပါ၍ ခရစ်နှစ်ဘက်မှာ လွဲနေကြောင်း ဆိုရပါမည်။ တစ်ဖန် မြောက်ဦးမဂ္ဂဇင်းတွင် စန္ဒာမုနိကို ခရစ်နှစ် အေဒီ (၄)ရာစုဟူ၍ တွေ့ရရာ နှစ်ပေါင်း(၇) ရာစုခန့် လွဲနေသည်ကို တွေ့ရပြန်ပါသည်။ ဤသည်တို့မှာလည်း ဗုဒ္ဓမြတ်စွာဘုရားနှင့် စန္ဒာသူရိ ယမင်းတို့၏ နှစ်ကွာဟနေသည့် သဘောအတိုင်းဖြစ်နေပါသည်။

၂၁။ ဤကိစ္စကိုလည်း ရှင်းလင်းပြရန် လိုအပ်ပါမည်။
ရှင်းလင်းချက်များ .......

| ခေတ်နှင့် သုတေသီ | | ခရစ်နှစ်မှ | ထိ | ပေါင်း |
|---|---|---|---|---|
| ပထမဓညဝတီခေတ် | | | | |
| (ဦးချန်ထွန်း) | ဘီစီ | ၃၃၄–၁၅၀၇ | =၁၈၃၄+ ၁၆ | |
| (ဦးအောင်သာဦး) | ဘီစီ | ၃၃၂၅–၁၅၀၇ | =၁၈၁၈+၁၈၁၈ | |
| ဒုတိယဓညဝတီ | | | | |
| ကံရာဇာကြီးမှ | | | | |
| (၂၅)နာလမာယုထိ | ဘီစီ | ၁၅၀၇–၁၄၈၃ | =၂၄ | ၂၄ |
| | | (ကျောက်ပန်းတောင်း) | | |
| မိဘဇံစိကိန်းအရ | | | | |
| ၈၆၄၅ ကိုဖြို(၂)ကြွင်းမှ | | | | |
| တတိယဓညဝတီအဆုံးထိဘီစီ ၁၄၈၃–၆၇၅ | | | =၈၀၈ | ၈၀၈ |
| | | နှစ်စုစုပေါင်း | = | ၂၆၆၆ |

D.G.E Hall က.........
ပထမဓညဝတီ မာရယုနန်းတက်နှစ်ကို ဘီစီ ၂၆၆၆
ကံရာဇာကြီးမင်းကျောက်ပန်းတောင်းတွင် ၂၄နှစ်
ကံရာဇာကြီး ဒုတိယဓညဝတီ ၂၄ ဆက်
နာလမာယုအထိ ၁၈၁၈ (–)၁၈၄၂
= ၈၂၄
(သို့)၈၂၅

D.G.E Hall ဒုတိယဓညဝတီ

ကံရာဇာကြီးနန်းတက်နှစ်မှ ရာလမာယုအထိအစကို ဘီစီ ၈၂၅ D.G.E Hall က ရာလမာယုကုန်ဆုံးနာလမာယုအစမှာ

ဘီစီကုန်ဆုံး၍ အေဒီစဟုဆို

တတိယဓညဝတီအစ
စန္ဒသူရိယနန်းတက်နှစ်ကို D.G.E Hall က အေဒီ ၁၄၆ ဆို

စန္ဒာသူရိယနန်းတက်နှစ်ကို D.G.E Hall ၏
အေဒီ ၁၄၆ ဖြစ်လာပုံနှင့် ဦးအောင်သာဦး၏ မဟာသက္ကရာဇ်

| မင်းဆက် | နန်းစံ | အေဒီ | မဟာသက္ကရာဇ် |
|---|---|---|---|
| ၂၅–နာလမာယု | ၃၁အေဒီ၁မှ စ | ၃၁ | ၂ မှ ၃၃ |

| | | | |
|---|---|---|---|
| ၂၆–ဝရတကုန် | ၂၂ | ၅၃ | ၃၃ မှ ၅၅ |
| ၂၇–ဝိသုရာဇာ | ၁၂ | ၆၅ | ၅၅ မှ ၆၇ |
| ၂၈–သီရိရာဇာ | ၃၀ | ၉၅ | ၆၇ မှ ၉၇ |
| ၁–စန္ဒာသူရိယ | ၅၁ | ၁၄၆ | ၉၇ မှ ၁၄၈ |
| | | ထို့ကြောင့် ၁၄၈–၂=၁၄၆နှစ် | |
| | | *ပရိနိဗ္ဗာန်စံသောနှစ် | |

၂၂။ ဤသည်တို့မှာ D.G.E Hall ၏ စန္ဒာသူရိယ နန်းတက်နှစ်ကို အေဒီ ၁၄၆ ဟု ပြလာပုံဖြစ်သည်။ ကျန်ဥရောပါ သုတေသီများနှင့် ပမိလာတို့ကလည်း နောက်လိုက်၍ အေဒီ ၁၄၆ကို စန္ဒာသူရိယ နန်းတက်နှစ်ဟု ဆိုကြသဖြင့် ရခိုင်ရာဇဝင် ကမောက်ကမ ဖြစ်စေပြီး မြတ်စွာဘုရားနှင့် စန္ဒာသူရိယတို့ ဆုံနိုင်ဖွယ်ရာမရှိကြောင်းအပြင် မဟာမုနိကို သွန်းလုပ်သည်မှာ ထိုချိန်မှာ ထိုချိန်မှာ မဖြစ်နိုင်ဟု ဆိုကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဓညဝတီခေတ်အပိုင်းကို ဒဏ္ဍာရီဆိုကြခြင်းလည်း ဖြစ်သည်။

၂၃။ ဤကဲ့သို့ D.G.E Hall က စန္ဒာသူရိယ သက္ကရာဇ်ကို အေဒီ ၁၄၆ အဖြစ် သတ်မှတ်ခဲ့ခြင်းကို လက်ခံယုံကြည်နေကြသလို စန္ဒာမုနိရှင်တော်ကို သူရိယစက္ကမင်းက သွန်းလုပ်သည့်နှစ်သည်လည်း အေဒီ(၄)ရာစုအဖြစ် ယူလာကြပုံရသည်။ ဟုတ်မဟုတ်ကို ဆန်းစစ်ကြည့်ကြပါစို့။

Hall သတ်မှတ်သော သာသနာ

| မင်း | နန်းစံ | ခရစ်နှစ် | နှစ်အမှန် |
|---|---|---|---|
| စန္ဒာသူရိယ | ၅၂ | အေဒီ–၁၄၆ | |
| သူရိယဓိပတိ | ၄၇ | အေဒီ–၁၉၈ | ၂ |
| သူရိယပတိပတိ | ၅၆ | အေဒီ–၂၄၅ | ၄၉ |
| သူရိယသစ္စာ | ၄၅ | အေဒီ–၃၀၁ | ၁၀၅ |
| သူရိယစန္ဒာလ | ၆၄ | အေဒီ–၃၄၆ | ၁၅၀ |
| သူရိယစက္က | ၄၄ | အေဒီ–၄၁၀ | ၂၁၄ |

၂၄။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူရိယစက္က၏နန်းတက်နှစ်ကို (၄)ရာစုဟု ဆိုထားခြင်းမှာလည်း Hall ၏အယူအဆအတိုင်း ဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် Hall နှင့် ဥရောပသုတေသီများ၊ ပမိလာတို့၏ သက္ကရာဇ်အယူအဆနှင့် အတွေးအခေါ်များ မည်သည့်အတိုင်းအတာအထိ မှန်သည်မှားသည်များကို ဆက်လက်စစ်ဆေးကြည့်ကြပါစို့။

| ခေတ် | နှစ်စုပေါင်း | ခရစ်နှစ် | မှတ်ချက် |
|---|---|---|---|
| စန္ဒာသူရိယ | | အေဒီ ၁၄၆ | |
| တတိယဓညဝတီအဆုံးထိ | ၉၀၆ | ။ ၁၀၅၂ | |

| | | | |
|---|---|---|---|
| ဝေသာလီခေတ်အဆုံးထိ | ၄၅၄ | ။ ၁၅၀၆ | အသောကအခြေခံ |
| လေးမြို့ခေတ်အဆုံးထိ | ၆၁၂ | ။ ၂၁၁၈ | |
| မြောက်ဦးခေတ်အဆုံးထိ | ၃၅၅ | ။ ၂၄၇၃ | |
| လေးမြို့ဝန်ခေတ် | ၄၀ | ။ ၂၅၁၃ | |
| လွတ်လပ်ရေးခေတ် | ၅၁ | ။ ၂၆၈၇ | |
| ယနေ့ခေတ်သက္ကရာဇ် | (–)အေဒီ | ၁၉၉၉ | |
| နှစ်စုပေါင်း=၂၅၄၀ | | ၆၈၈ | နှစ်ပေါင်းကွာဟမှုရှိ |

ဦးအောင်သာဦး/ရခက အလိုအရ ............

စန္ဒာသူရိယ သက္ကရာဇ်မှာ ဘီစီ ၅၈၀ ဖြစ်ရာ ........

ယနေ့သက္ကရာဇ်=၂၅၄၁(–) ဘီစီ ၅၈၀

=အေဒီ ၁၉၆၁+ ၃၈= အေဒီ ၁၉၉၉

အသောကအခြေခံအရဆိုပါလျှင် ......

စန္ဒာသူရိယသက္ကရာဇ်မှာ ဘီစီ ၅၄၂ ဖြစ်ရာ ......

ယနေ့သက္ကရာဇ်= ၂၅၄၁(–)ဘီစီ ၅၄၂= အေဒီ ၁၉၉၉

မှတ်ချက်

(၁)ဤသည်ကို ကြည့်ခြင်းအားဖြင့် အသောက အခြေခံဖြင့် တွက်ချက်လျှင် ယနေ့ သက္ကရာဇ်အမှန်ကို ရသည်။

(၂) ဦးအောင်သာဦး/ရခက အယူအဆအရ ဆိုပါလျှင် ရရှိသည့် သက္ကရာဇ်ကို + ၃၈ နှင့် ပေါင်းမှ ယနေ့သက္ကရာဇ်အမှန်ကို ရမည်။

(၃) D.G.E Hall ၏အယူအဆအရ သက္ကရာဇ်ကို တွက်မည်ဆိုပါလျှင် နှစ်ပေါင်း ၆၈၈မျှ လွဲမှားနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် D.G.E Hall ၏အယူအဆကို ပယ်သင့်သည်မှာ ထင်ရှားနေပါသည်။

(၄)ပြည်ပသုတေသီတို့၏ အယူအဆဖြစ်သော မြတ်စွာဘုရားနှင့် စန္ဒာသူရိယတို့သည် နှစ်ပေါင်း ၇၀၀ခန့် ကွာဝေးနေ၍ မည်သို့မျှ ဆုံနိုင်ဖွယ်မရှိဆိုသည့် အရေးအသားမှာ မိမိတို့ လွဲမှားနေသော အယူအဆကို မှားနေသည်ဟု မမြင်ကြဘဲ ယနေ့တိုင် မှန်သောအယူဟု ထင်နေ ကြဆဲဖြစ်၍သော်လည်းကောင်း၊ သို့မဟုတ် မှားမှန်းသိသော်လည်း တစ်ဦးဦးက စတင်ပြင်ဆင်ရန် လက်တွန့်နေမှုကြောင့်လည်းကောင်း အယူအဆအမှားကြီးကို ဆက်လက်၍ မပြင်ဘဲ ထားရှိကြ ဟန်တူပါသည်။ ထို့ကြောင့် ခေတ်သုတေသီတို့က သတိပြုသင့်ပေသည်ဟု ယူဆပါသည်။ သို့ မှသာ ရခိုင်ရာဇဝင်အကြောင်းမှာ တိကျမှန်ကန်မှုရှိကြောင်း လေ့လာသူများ သိရှိနိုင်ပေမည်။

၂၅။ ဤသည်တို့ကို ကြည့်ခြင်းအားဖြင့် Hall နှင့် အခြားဥရောပသုတေသီတို့၏ Dating System ခရစ်နှစ်လုပ်ဇာတ်ကို လေ့လာသူတို့ သတိပြုပြီး သက္ကရာဇ်အမှန်ကို သုံးစွဲမှု

ပြုလုပ်နိုင်မှသာ သူရိယစက္ကမင်း နန်းစံသက္ကရာဇ်မှာလည်း မှန်ကန်ပါမည်။

| မင်း | နန်းစံ | ခရစ် | သာသနာ | ကောဇာ |
|---|---|---|---|---|
| သူရိယစက္က | ၄၄ | ဘီစီ-၂၇၈ | ၂၁၄ | ၂၁၄ |
| လွန် | - | ဘီစီ-၂၃၄ | ၂၅၈ | ၂၅၈ |

သူရိယစက္ကမင်း၏ နန်းသက်(၄၄)နှစ်သည် ဘီစီ-၂၇၈ ဘီစီ-၂၃၄၊ သာသနာ ၂၁၄-၂၅၈၊ ကောဇာ ၂၁၄-၂၅၈ ဖြစ်ပါသည်။

## စန္ဒာမုနိ မဟာကျန် ရုပ်ရှင်တော်မြတ်

၂၆။ ဓညဝတီ တတိယခေတ်၏ (၆)ဆက်မြောက်မင်း သူရိယစက္ကက ဤစန္ဒာမုနိရုပ်ရှင်တော်ကို တခြားမုနိ(၄)ဆူဖြစ်သော စူဠာမုနိ၊ ရာဇာမုနိ၊ သကျမုနိ၊ ဒေဝါမုနိတို့နှင့် အတူ သွန်းလုပ်ကိုးကွယ်ခဲ့သည်ဟု အဆိုရှိပါသည်။ ဤသို့ သွန်းလုပ်ရာတွင် ၎င်းမင်းကြီး၏ ''အဖူ''ဖြစ်သူ စန္ဒာသူရိယမင်း သွန်းလုပ်ခဲ့သော မဟာမုနိ ရုပ်ရှင်တော်နှင့်ညီတော်မုနိဆင်းတုများကို သွန်းလုပ်၍ ကျန်ရှိနေခဲ့သော ပဥ္စလောဟာ ရတနာများဖြင့် သွန်းလုပ်ကြောင်း အဆိုရှိရာ ဤမဟာကျန်မုနိငါးဆူမှာ ပထမဆုံးသော မဟာကျန်ဆင်းတုများဖြစ်သည်။ ထို့နောက် အရွယ်အစားအမျိုးမျိုးသော မဟာကျန်ရုပ်ပွားတော်များကိုလည်း ထိုမင်းကပင် သွန်းလုပ်စေခဲ့သည်ဟု အဆိုရှိပါသည်။

၂၇။ သူရိယစက္ကမင်းလက်ထက်မှာ အိန္ဒိယပြည် ပိဋ္ဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးထံမှ မဟာရေဝတမထေရ်နှင့် နောက်ပါရဟန်းငါးပါးတို့သည် ဗုဒ္ဓ၏ဓာတ်တော်မွေတော်အချို့အား ပင့်ဖိတ်ယူဆောင်လာကာ ဒေသစာရီ ကြွချီရောက်ရှိတော်မူလာခဲ့ကြပါသည်။ ထိုကဲ့သို့ သာသနာပြုရန် ရောက်လာသည့်အချိန်မှာ အသောကမင်းကြီး ကမကထပြုသော တတိယ သင်္ဂါယနာတင်ခဲ့သည့်နှစ် နောက်ပိုင်းမှာမှ ဖြစ်ပေရာ ထိုနောက်ပိုင်းနှစ်ကို တွက်ယူမည်ဆိုပါလျှင်........

| | သာသနာ | ခရစ် |
|---|---|---|
| အသောကမင်းနန်းတက်သောနှစ် | = ၂၁၈ | ဘီစီ ၂၇၄ |
| သင်္ဂါယနာတင်နှစ်မှာ(၁၇)နှစ်အကြာမှာပြုလုပ် | =(+) ၁၇ | (-) ၁၇ |
| | ၂၃၅ | ဘီစီ ၂၅၇ |

သာသနာသက္ကရာဇ် ၂၃၅၊ ခရစ်ဘီစီ ၂၅၇ ဖြစ်ပါသောကြောင့် အသောကမင်းကြီးထံမှ သာသနာပြုရောက်လာချိန်နှင့် မြတ်စွာဘုရား၏ ဓာတ်တော်များကို ပင့်လာချိန်မှာ သင်္ဂါယတနာတင် သက္ကရာဇ် နောက်ပိုင်းမှာမှ ဖြစ်ပါ၍ သူမြတ်(မဟာအောင်မြေ)နှင့် တခြားသုတေသီတို့အဆိုအရ ဤမုနိငါးဆူကို သူရိယစက္ကသွန်းလောင်းချိန်၊ သာသနာသက္ကရာဇ် ၂၂၂၊ ခရစ်နှစ် ဘီစီ ၂၅၇ နောက်ပိုင်းမှ သာသနာ ၂၅၈၊ ခရစ်နှစ်ဘီစီ ၂၃၄ အချိန်အတွင်းမှာဟု ဆိုခြင်းသည် ကပိုမိုနီးစပ်ဖွယ်ရာရှိသည်။

၂၈။ သူရိယစက္ကမင်း နေရာဒေသအနှံ့အပြား အသီးသီးတွင် ဓာတ်တော်များကို ဌာပနာ၍ စေတီတည်ထား ကိုးကွယ်တော်မူလေသည်ဟု အဆိုရှိပါသည်။ ထိုစေတီများသည် နွားလား ဥသဘ တစ်မော့ခန့်ရှိသည့် စတုပါကျောက်စာစေတီများဖြစ်သည်။ ရခိုင်တစ်လွှားတွင် ယနေ့တိုင် တွေ့နေရသော စတုပါကျောက်တိုင်များကို ဆင်ခြင်ကြည့်ရန်ဖြစ်ပါသည်။ ဤကဲ့သို့ ကျောက်စေတီငယ်များ၏ထိပ်တွင် ဌာပနာတိုက်ခန်းငယ်များအဖြစ် ထွင်းလုပ်၍ အပေါ်မှဖုံးအုပ် ဆောင်းငယ်များကို ထီးတော်အဖြစ် ပြုလုပ်ကာ ဓာတ်တော်မွေတော်များအား တည်ထားကိုး ကွယ်တော်မူခဲ့လေသည်။ ထိုအချိန်အခါမှ စတင်၍ ရက္ခပူရ ရခိုင်ပြည်ကြီး၌ ဗုဒ္ဓဘုရားရှင်တော်၏ ဓာတ်တော်စေတီများ ကိုးကွယ်မှုသည် စတင်ခဲ့ခြင်းပင် ဖြစ်လေသည်။

၂၉။ သူရိယစက္ကမင်းကြီးလက်ထက်မှာ အရိယာသံဃာတော်များလည်း များပြားခဲ့ သည်ဟု အဆိုရှိပါသည်။ သံဃာတော်တစ်သိန်းအထိ ရှိခဲ့သည်ဟုလည်း ဆိုကြပါသည်။ ဓညဝတီ၏ သာသနာရောင်ဝါသည် ဤအချိန်တွင် လွန်စွာတောက်ပြောင်ခဲ့ကြောင်း တွေ့ရှိရသည်။

၃၀။ သူရိယစက္ကမင်းကြီးသည်ကား သက်တော် (၇၄)နှစ် ခရစ်နှစ်(ဘီစီ ၂၃၄)တွင် အနိစ္စရောက်ခဲ့ပါသည်။

## တူဖော်ရရှိသော သူရိယစက္ကမင်းရုပ်တု

၃၁။ ဤရုပ်တုကို ဓညဝတီမြို့ဟောင်း၏ အနောက်ဘက်၊ ဗုဒ္ဓမြတ်စွာဘုရား ပထမဆုံး ရုပ်တန့်တော်မူသည်ဟု အဆိုရှိသည့် သေလာဂီရိမောရပဗ္ဗတဟု ခေါ်သည့် ကျောက်တော်တောင် ခြေ(ဆင်မကျပ်)ရွာမှ ၁၉၆၈-ခုနှစ်က တူးဖော်တွေ့ရှိခြင်းဖြစ်ပါသည်။ ဤသူရိယစက္ကမင်းကြီးဟု ယူဆသည့် ရုပ်တု၏လက်နှစ်ဖက်စလုံး တံတောင်မှနေ၍ ကျိုးပြတ်နေသော်လည်း ကျန်အစိတ် အပိုင်းများကား အကောင်းပကတိ ထင်ရှားစွာ ရှိနေပါသေးသည်။ ဦးခေါင်းတော် ပတ်ဝန်းကျင်၌ ရောင်လျှံတော် စက်ဝိုင်းပါရှိသည့် ဓညဝတီခေတ်၏ ဝတ်စားဆင်ယင်ပုံကိုလည်း အထင်အရှား တွေ့မြင်နိုင်ပါသည်။

၃၂။ ဤသေလာဂီရိတောင်ခြေမှာပင် လွန်ခဲ့သောနှစ်ပေါင်း (၇၅)နှစ်ကျော်ခန့်က အလား တူ ကျောက်တစ်ချပ်ကို တူးဖော်ရရှိခဲ့ဖူးပါသည်။ ထိုဆစ်ထားသော ပုံတော်မှာ မြတ်စွာဘုရားက ဓညဝတီပြည့်ရှင် စန္ဒာသူရိယမင်းအား ဓမ္မစကြာတရား ဟောကြားနေသည့်ပုံဖြစ်ကြောင်း သုတေသီပညာရှင်များက ဆိုပါသည်။ လက်ရာမှာလည်း အထူးပြောင်မြောက်ပါသည်။ (ယခု မြောက်ဦးမြို့ ရှေးဟောင်းသုတေသန ပြတိုက်တွင် ရှိသည်။)

၃၃။ ၁၉၈၆ ခုနှစ်တွင် တူးဖော်ရရှိသော သူရိယစက္ကမင်းဟု ယူဆသော ပုံနှင့်အတူ အခြားဗုဒ္ဓရုပ်ပွားတော် ရုပ်တုလေးဆူကိုလည်း ရရှိခဲ့ပါသေးသည်။ ဤရုပ်တုတော်များအား ဗုဒ္ဓ ဘာသာကို အလွန်ကြည်ညိုတော်မူခဲ့သည့် ဘုရင်တစ်ပါးပါးက ဗုဒ္ဓရှင်တော်၏ မုဒြာအမျိုးမျိုးနှင့် ပါရမီတော် ထူးခြားနေသည့် သာသနာ့ဒါယကာ မင်းမြတ်မဟာများ ဖြစ်ကြသော ဗုဒ္ဓမြတ်စွာဘုရား

နှင့် စန္ဒာသူရိယမင်းကြီး၏ ရုပ်တု၊ သူရိယစက္ကမင်းကြီး၏ ရုပ်တုများကို ရည်မျှော်ကိုးကွယ်ရန် ထုလုပ်ထားခဲ့ခြင်းဖြစ်ဟန်တူသည်။ ဤမြေကြီးမှ ဖော်ထုတ်သက်သေထူပြသော ကျောက်ချပ်များဟု ယူဆရပါသည်။ ဆိုလိုသည်မှာ အာနန္ဒာကျောက်စာတိုင်ပါ ဝေသာလီမင်း တစ်ပါးပါးက ထုဆစ်ခဲ့ဟန်ရှိပါသည်။ ဤကျောက်ချပ်များပါ ဆင်ယင်ထုံးဖွဲ့မှုကို သူမြတ်(မဟာအောင်မြေ)က ၎င်းမဟာကျန်ငါးဆူ စာအုပ်တွင် အသေးစိတ် ဆွေးနွေးထားပါသည်။ (၎င်း၏စာအုပ် ၄၂–၄၆ ကိုရှုပါ။)

ဤကျောက်ချပ်များသည်ကား ဗုဒ္ဓဝင်ခန်းများကို ကျောက်ထက်ပုံထု၍ မြတ်စွာဘုရားကို ပူဇော်ခဲ့ခြင်းပင်ဖြစ်ပေသည်။ နောက်တစ်နည်းပြောရပါလျှင် ရခိုင်တွင် စန္ဒာသူရိယမင်း၊ သူရိယစက္ကမင်း အပါအဝင် ဓညဝတီ တတိယခေတ်နှင့် ထိုခေတ်ကို ဆက်ခံသော ဝေသာလီကျောက်လှေကားခေတ် အချိန်အခါမှာ ရခိုင်တွင် ဗုဒ္ဓအယူဝါဒ(ဝါ) ဗုဒ္ဓဘာသာကို စွဲစွဲမြဲမြဲ ယုံကြည်ကိုးကွယ်လျက်ရှိနေပြီဆိုသည်ကို မြေကြီးမှ သက်သေထုတ်ပြခြင်းပင်ဖြစ်ပါသည်။ မဟာပထဝီမြေကြီးမှ သက်သေထူပြသော နောက်ထပ် ဗုဒ္ဓဝင်ခန်းတစ်ခုရှိပါသည်။ ၎င်းမှာ မိုက်ပူဘုရားခေါ် ဘုရားဝမ်းပူ ကျောက်ရုပ်တုနှင့် ၎င်းကျောဘက်တွင် အသောက ခေတ်ပြိုင်ကျောက်စာဖြစ်သော ဗြဟ္မီအက္ခရာဖြင့် ရေးထိုးသော "ပရိဘာစကဇိန" ဟူသော သစ္စကပုရပိုက်နှင့် ပတ်သက်၍ ရေးထိုးထားသော ကျောက်စာဖြစ်ပါသည်။ Buddhist Art of Ancient Arakan စာအုပ်ပါ (၁၄၊ ၁၅)တွင် စာရေးသူ ဦးစံသာအောင်က အောက်ပါအတိုင်း ရေးသားထားပါသည်။

"Saccaparibajaka was a Nirgrantha Jina ascetic. He lived in Vesali during the life time of Buddha. He was a Philosopher and Teacher. He was said to have Challenged Mahavira and the Buddha to a discussion with him about whose Philosophy was the best. We are told that at the end of the debate he had to bowdown to the Buddha and acknowledge of the Buddha's superiority. In Dr. Malasekera's Dictionary of Pali proper names, Saceaka was mentioned as those who became a followers of the Buddha."

၃၄။ ဤသည်တို့မှာကား ထိုအချိန်၊ ထိုအခါ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှု ရခိုင်တွင် ပျံ့နှံ့လျက်ရှိနေပြီးဆိုသည်ကို နောက်ထပ်သက်သေထူခြင်း တစ်ရပ်ဖြစ်ပေတော့သည်။ ဤမိုက်ပူဘုရားမှာ ရေးထိုးထားသည့် ကျောက်စာမှာ ဗြဟ္မီအက္ခရာဖြစ်ရာ ဗြဟ္မီအက္ခရာကို သုံးနှုန်းသည့်အချိန်ကို ရည်ညွှန်းခြင်းပင် ဖြစ်ပေရာ ထိုအချိန်အခါသည်ကား ရခိုင်တွင် တတိယဓညဝတီ အစောပိုင်းအချိန်ဖြစ်ကြောင်း သတ်မှတ်နိုင်ပါသည်။ ဤအချိန်ကပင် ဗုဒ္ဓဘာသာကိုးကွယ်မှု ရခိုင်တွင်ရှိနေပြီးဆိုသည်ကို နောက်ထပ်မြေကြီးမှ သက်သေထုတ်ဖော်ခြင်းတစ်ရပ်ဟု ဆိုရပေမည်။ ဤသည်တို့ကား ရခိုင်တွင် ဗုဒ္ဓဘာသာကို မည်သည့်အချိန်ကစ၍ ယုံကြည်သက်ဝင် ကိုးကွယ်မှုစခဲ့သနည်းဆိုသည့် အထက်အပိုဒ်(၃)ပါ မေးခွန်းတစ်ခု၏ အဖြေပင် ဖြစ်ပါတော့သည်။

## ဒုတိယ မုနိငါးဆူ ဒါယကာ မင်းရင်ဖြူ

၃၅။ ဓညဝတီ ဝေသာလီခေတ် ကုန်ဆုံး၍ လေးမြို့ခေတ်သို့ ရောက်ရှိသည့်အခါ သက္ကရာဇ်(၂၀၅)ခုနှစ်၊ ခရစ်နှစ် (အေဒီ –၈၄၃) ခုနှစ်တွင် မင်းရင်ဖြူမင်းကြီးသည် လေးမြို့မြစ်ကမ်းခြေရှိ ပဉ္စာမြို့ကို သိမ်းမြန်းအုပ်ချုပ်တော်မူခဲ့သည်။

၃၆။ ကောဇာသက္ကရာဇ် ၂၀၉–ခုနှစ်၊ ခရစ်နှစ် ၈၄၇–ခုနှစ်တွင် ပဉ္စာမြို့၌ ရဟန္တာအရှင်မြတ် (၈၀၀)ဖြင့် သင်္ဂါယနာတင်တော်မူခဲ့လေသည်။ ထိုနောက် သူရိယစက္ကမင်း သွန်းလုပ်တော်မူခဲ့သည့် မုနိငါးပါး (မုနိငါးဆူ)ကို မဟာမုနိ ရုပ်ရှိုင်တော်မြတ်နှင့် မဝေးကွာလှသည့် နေရာများတွင် မြေအောက်ဌာပနာတိုက်များ ပြုလုပ်ပြီး သွန်းစက်တော်မုနိတို့အား အသီးသီးဌာပနာထည့်၍ အထက်မှာ ကျောက်ညိုဆင်းတုတော် ငါးဆူကို အစားထိုးတည်ထား ကိုးကွယ်တော်မူခဲ့လေသည်။ ထိုကျောက်ညိုဘုရားနှင့် ဌာပနာမုနိငါးဆူကို မင်းရင်ဖြူကိုယ်တိုင် ငါတည်သော ဒေဝါမုနိ၊ ငါတည်သော စူဠာမုနိ၊ ငါတည်သော ရာဇာမုနိ၊ ငါတည်သော သကျမုနိ၊ ငါတည်သော စန္ဒာမုနိဟူ၍ သမုတ်တော်မူခဲ့ပြီး ဘုရားတစ်ဆူချင်းတွင် ကျောက်စာရေးထိုး၍ ဘွဲ့နာမ ပေးတော်မူခဲ့သည်ဟု အဆိုရှိပါသည်။

၃၇။ ယနေ့အထိ တွက်ရေကြည့်မည်ဆိုပါလျှင် နှစ်ပေါင်း ၁၁၄၀ ခန့် ရှိခဲ့သော အချိန်မှာ ကျောက်ညိုဘုရားများကိုပါ ယနေ့တိုင်ဖူးတွေ့နိုင်သေးသည် ဖြစ်ပါသော်လည်း ဌာပနာထည့်ထားခဲ့သော သွန်းစက်တော်ငါးဆူအနက် လေးဆူကို ရှာမတွေ့တော့ပါ။ မည်သည့်နေရာတွင် ကိန်းဝပ်လျက်ရှိနေသည်ကိုကား မည်သူတစ်ဦးတစ်ယောက်မျှ ပြောနိုင်စွမ်းမရှိတော့ပါ။ ယနေ့တိုင်ဖူးမြော်နိုင်သည့် တစ်ဆူတည်းသောသွန်းစက်တော်မှာ စန္ဒာမုနိဟု သမုတ်ခံရသော မြောက်ဦးမြို့ ဗန္ဓုလ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့တိုင်စံပယ်လျက်ရှိနေသော ဆင်းတုတော်ကြီးပင်ဖြစ်ပါသည်။

၃၈။ ဤစန္ဒာမုနိ ရုပ်ရှင်တော်မြတ်၏ အရွယ်အစား အတိုင်းအတာမှာ ........

၁။ ဉာဏ်တော်အမြင့် ၄ပေ ၁၀လက်မ

၂။ ခါးတော်လုံးပတ် ၄ပေ ၁လက်မ

၃။ လက်မောင်းတော်ပတ်လည် ၁ပေ ၁၁လက်မ

၄။ ပခုံးတော်ပတ်လည် ၂ပေ ၁၀ လက်မ

၅။ ရင်မို့တော်ပတ်လည် ၅ပေခန့်ရှိသည်။

၃၉။ ဤစန္ဒာမုနိသည်လည်း ရစ်သုံးဆစ်ရှိခြင်း၊ သီဟာနမေးစေ့တော်ရှိခြင်း၊ ခြသေ့်မင်းလိုရင်အုံတော်မို့မောက်ခြင်း၊ ထက်ဝယ်ဖွဲ့ခွေ စံပယ်တော်မူခြင်း၊ ကြာသက်န်းတော် တစ်ကိုယ်လုံးဝတ်ဆင်ထားခြင်း၊ ဓမ္မဓာဏ်တော်မှာ လခြမ်းသဏ္ဌာန်ရှိခြင်းတို့နှင့် ပြည့်စုံကြောင်း ဖူးတွေ့ရသည်။ သူရိယစက္ကမင်း သွန်းလုပ်သော ကျန်မဟာကျန် မုနိလေးဆူသည်လည်း ဤပုံစံအတိုင်းဖြစ်ပေလိမ့်မည်ဟု ယုံကြည်ရပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းခေတ်ယင်းအခါကတစ်ချိန်တည်း တစ်မျိုးတည်းသော မဟာကျန် ရတနာများနှင့် သွန်းလုပ်ခြင်းကြောင့် ဖြစ်ပါသည်။

ရခိုင်သားကြီးစာပေ

၄၀။ မဟာကျန်မုနိငါးဆူအား သူရိယစက္ကမင်းသည် မဟာမုနိ၏ မဏ္ဍိုင်ငါးရပ်အဖြစ် သရီချောင်း(သီရိမာနဒီ)၏ လက်ယာဘက်လမ်းတစ်လျှောက်တွင် တည်ထားခဲ့သည်။ မဟာကျန်မုနိငါးဆူနှင့် မဟာမုနိဘုရားကြီးကို "မဟာမုနိစက်"ဟုလည်း ခေါ်တွင်သည်။

၄၁။ မဟာမုနိ၏မဏ္ဍိုင်ငါးရပ်တွင် ပါဝင်သော ဤစန္ဒာမုနိကို သူရိယစက္ကမင်းသည် မဟာမုနိ၏ တောင်ဘက်အရပ်(ဒီပါပဗ္ဗတ ယခုတောင်ဦးကျေးရွာအနီး စန္ဒာမုနိကုန်းတော်) တောင်ကုန်းပေါ်တွင် ကျောက်လှိုဏ်ဂူပြုလုပ်ပြီး ကိုးကွယ်ခဲ့ကြသည်။ ဝေသာလီခေတ်တွင်လည်း မင်းအဆက်ဆက်ကြည်ညိုခဲ့ကြသည်။ လေးမြို့ခေတ်တွင်လည်း သာသနာတော်၌ အထူးကြည်ညိုသော မင်းရင်ဖြူ၊ ဒသရာဇာမင်းတို့က ပြုပြင်ပူဇော်ခဲ့ကြသည်။ ကောဇာသက္ကရာဇ် ၇၉၂–ခုတွင် မင်းစောမွန် လောင်းကြက်မြို့မှ မြောက်ဦးသို့ ပြောင်းရွှေ့နန်းစိုက်ခဲ့ကြသည်။ သူရိယစက္ကမင်းမှစ၍ ရခိုင်မင်းအဆက်ဆက်ကိုးကွယ်ခဲ့သော ဤစန္ဒာမုနိကို ရှေးခေတ်က အရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့်အရှင်ဇာဟုလမထေရ်တို့ ရပ်တန့်တော်မူခဲ့သော မြောက်ဦးရှိ ဘားဘူတောင်နေရာသို့ ပင့်ဆောင်ကာ ကျောက်လှိုဏ်ဂူပြုလုပ်ပြီး ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ကောဇာသက္ကရာဇ် ၈၉၈ခုတွင် မြောက်ဦးပြည့်ရှင် မင်းဗာကြီးသည် စန္ဒာမုနိနှင့်ဂူတော်ကိုမွမ်းမံပြုပြင်ခဲ့သည်ဟုအဆိုရှိပါသည်။

၄၂။ မြောက်ဦးကျဆုံးချိန်မှာ ရခိုင်တို့ အထွတ်အမြတ်ထားကိုးကွယ်ရာ ဆင်းတုတော်များကို နည်းအမျိုးမျိုးဖြင့် ပင့်ဆောင်သွားကြသည်များ ရှိပါသည်။ သျှစ်သောင်းထုတ္တန့်သိမ် စသည့်မြောက်ဦးမြို့၏ အထင်ကရ ပုထိုးတော်ကြီးတွင် ကိန်းဝပ်သော ကြေးဆင်းတုများကိုပင် အင်္ဂလိပ်တို့က ပင့်ဆောင်ယူသွားခဲ့ကြကြောင်း ဆိုကြသည်။

၄၃။ ထိုသို့သော အချိန်အခါမှာ မြောက်ဦးမြို့ပေါ်မှ လူကြီးများသည် ဘားဘူတောင်တွင် ကိန်းဝပ်တော်မူလျက်ရှိသော စန္ဒာမုနိကိုယ်တော်ကြီးကို ဗန္ဓုလကျောင်းတိုက် သိမ်တော်ကြီးအတွင်းသို့ ညဥ့်အချိန်တွင် တိတ်တဆိတ် ပင့်ဆောင်ကြပြီး အင်္ဂတေဖုံးအုပ်ကာ ဝှက်ထားလိုက်ကြသည်။ ဤကိစ္စကို အဆိုပါမြို့လူကြီးများမှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိခဲ့ကြပေ။ ထိုအချိန်မှစ၍ စန္ဒာမုနိကိုယ်တော်ကြီးမှာ ပျောက်ကွယ်သွားရလေသည်။

၄၄။ ကောဇာသက္ကရာဇ် ၁၃၅၀–ခု၊ ကဆုန်လဆန်း(၂)ရက် (၂၇–၄–၈၈) တနင်္ဂနွေနေ့တွင် ဗန္ဓုလကျောင်းတိုက် ဆရာတော်ကြီး ဘုရားဝတ်ပြုနေစဉ် ဆင်းတုတော် တစ်ဆူမှ ကြေမျက်လုံးအတုတစ်ဖက် ပြုတ်ကျနေသည်ကို ထူးထူးခြားခြား တွေ့ရသည်။ ပြုတ်ကျနေသော မျက်လုံးတော်၏ အတွင်းသားကို အသေးစိတ်လေ့လာကြည့်ရှုသောအခါ ကြေးဆင်းတုတော်တစ်ဆူကို အပြင်မှ ဘိလပ်မြေဖုံးအုပ်ထားကြောင်းတွေ့ရပါသည်။ ဤဆင်းတုတော်ကြီးကား တခြားဆင်းတုတော်မဟုတ်ဘဲ ကွယ်ပျောက်စေခဲ့သော စန္ဒာမုနိကိုယ်တော်ပင် ဖြစ်နေကြောင်းကို ပြန်ပြောင်းဆန်းစစ်လေ့လာချက်အရ သိရှိကြရပါသည်။

၄၅။ မဟာမုနိ၏မဏ္ဍိုင်ငါးရပ်တွင် တစ်ဆူပါဝင်သည့် တတိယဓညဝတီခေတ် မင်း၊ ပညာရှင်နှင့် ပြည်သူတို့၏ စွမ်းပကားလက်ရာဝင် ဓညဝတီ၊ ဝေသာလီ လေးမြို့နှင့် မြောက်ဦး ခေတ်တိုင်

မင်းနှင့်ပြည်သူအဆက်ဆက် ကိုးကွယ်ပူဇော်ခဲ့သော ဤမဟာကျန်စန္ဒာမုနိဘုရားကြီး မှာ ယခုအခါ မြောက်ဦးမြို့တောင်ဘက် ဗန္ဓုလကျောင်း ဂန္ဓကုဋိတိုက်အတွင်း ရှေးဟောင်း ကျောက်ညို ပလ္လင်တော်တွင် စံပယ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

၄၆။ ဤစန္ဒာမုနိ ရုပ်ရှင်တော်ဘုရားကြီး ကိန်းဝပ်ရာ သိမ်တော်နှင့် မြတ်စွာဘုရား၏ အံတော်ဓာတ် ရုပ်ပွားဆင်းတုတော် မုဒြာအမျိုးမျိုးနှင့် ရှေးဟောင်းအဖိုးတန်ပစ္စည်း မြောက်မြား စွာကို ထိန်းသိမ်းထားသည့် ဗန္ဓုလဘုန်းတော်ကြီးကျောင်းမှာ ယခုအခါ အိုမင်းယိုယွင်းလျက် ရှိနေပါသည်။ ခရစ်နှစ် ၁၈၈၇–ခုနှစ်ကစပြီး ဆောက်လုပ်ခဲ့သော သက်တမ်း(၁၁၂)နှစ်တိုင်ရှိလာ ပြီဖြစ်သည့်ဘုရားသိမ်တော်နှင့် ကျောင်းတော်ကြီးကို မပြိုမပျက်မီ ပြန်လည်တည်ဆောက်ရန် အထူးလိုအပ်နေပြီဖြစ်ပေရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က သဒ္ဓါကြည်လင်ဖြူစင်သော စေတနာထက်သန်စွာဖြင့် အလှူငွေပါဝင်ရန် နိဗ္ဗာန်အကျိုးမျှော်ကိုး၍ ဤနေရာတွင် ထည့်သွင်းရေး သားပူဇော် ဂါရဝပြုရင်း နှိုးဆော်လိုက်ရပါသည်။

**ဦးရွှေဇံ**

**ကျမ်းကိုးစာရင်း**

**မြန်မာဘာသာ**

(၁) မောင်ဒေဝါ(မြောက်ဦး)''စန္ဒာမုနိ'' ခေါင်းစဉ်ပါဆောင်းပါး ၁၉၉၆မတ်လ(ပထမ) အကြိမ်ထုတ်မြောက်ဦးမဂ္ဂဇင်း

(၂) သူမြတ်(မဟာအောင်မြေ) ရခိုင်မဟာမုနိ၏ မဟာကျန်မုနိငါးဆူ

(၃) ကျော်ဇောလှ၊ ကျွန်တော်သိသော စန္ဒာမုနိဘုရားကြီးသမိုင်း

(၄) ရွှေဇံ၊ ဦး၊ မောင်ကျော်၊ ဦး ရှေးခေတ်ရခိုင်သမိုင်း အပိုင်း(၁) ဓညဝတီခေတ်အပိုင်း (၂)၊ ဝေသာလီကျောက်လှေကားခေတ်အပိုင်း(၃)၊ လေးမြို့ခေတ်(ထုတ်ဝေ ခြင်းမပြုသေး)

(၅) အောင်သာဦး၊ ဦး ဓညဝတီခေတ် ရခိုင်ရာဇဝင်သမိုင်းနှင့် အချို့သော သုတေသီ တို့၏ အတွေးအမြင်၊ (ရခိုင်သဟာယအသင်း ငွေရတုအထိမ်းအမှတ် စာစောင်၊ ဒီဇင်ဘာ ၁၉၈၇ ခုနှစ်)

(၆) ရခက ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ သမိုင်းကဏ္ဍ

(၇) ရခက (၁၀)နှစ်မြောက် အထူးထုတ် ရခိုင်ပြည်နယ်မဂ္ဂဇင်း

(၈) စန္ဒမာလာလင်္ကာရ(ရမ်းဗြဲတောင်ကျောင်းဆရာတော်) ရာဇဝင်သစ်ကျမ်း ပထမတွဲ(၁) ၁၉၉၂ ခု၊ မြန်မာမှန်နန်းရာဇဝင်တော်ကြီး အတွဲ (၁) ၁၉၉၂၊

(၉) စောဝင်း(ဂေါ်ယာမြေ)ရခိုင်ပြည် ဗုဒ္ဓဘာသာ ဒီဇင်ဘာ ၁၉၉၃ ခု။

**<u>အင်္ဂလိပ်ဘာသာ</u>**


1. Beneiji, R.D.M.A and Manindre Chaudra Nundy — A Junior History of India, Beneres University India, 1953.
2. Farchhammer;E — Papers on subject relating to the Archaeology of Burma; Arakan, Rantgoon, 1891.
3. Irwin, A.B.M., C S I, I C S — The Burmese and Arakanese Cal enders (AD 1909)
4. Gutman, P — Ancient Arakan Ph. D. Thesis Australian National University 1976, unpublished.
5. San Tha Aung, U — Buddhist Art of Ancient Arakan.
6. Shwe Zan, U — The golden Mrauk -U , An ancient Capital of Rakhine.

# မြောက်ဦးမြို့တည်လင်္ကာ

မြောက်ဦးမြို့ကို ၇၉၂–ခု ရခိုင် သက္ကရာဇ်က တည်ထောင်ခသည်။ မြို့မတည်မီ မြို့ကွက်စီမံချက်ကို ဆရာနရိန္ဒသူနှင့် မဟာရာဇသူရို့နှစ်ယောက်က ကြီးကြပ်စီမံခရသည်။ နရိန္ဒသူသည် လူထုကိုယ်စားလှယ်ဖြစ်ပြီး မဟာရာဇသူသည် ဘုရင့်ကိုယ်စားလှယ်ဖြစ်သည်ဟု ဆိုကြသည်။ မြောက်ဦးမြို့တော် တည်ထောင်စီမံကြပုံများကို သူရို့ရေးသားခဲ့သော မြောက်ဦး မြို့တော် မြို့တံဆိပ်ခတ်ကျမ်းစာ(ပိမူ)မှ မြောက်ဦးမြို့တည်လင်္ကာကို မူရင်းအတိုင်း ရခိုင်ရှေး ဟောင်းကဗျာအဖြစ် တင်ပြလိုက်ပါသည်။

''မြော်ဥမြိုင်သာ၊ တေခြင်ရာကား၊ များစွာသစ်ကျမ်း၊ ကျိုန်ခန်ပါရာ၊ စက္ကျာရာဍ်၊ ဆြာရက်သား၊ ရ–ပါးတို့ဝ်၊ မှတ်သားကြံဖေ၊ ဇနဲနှင့်တိတ်၊ နိတ်မိတ်စွဲမှတ်၊ ဓာတ်နှင့်စိဆော်၊ သူရော်ဖေယ၊ သခသာခါ၊ နမန္တာနှင့် ၊ စူဠာမုနိ၊ ညှိ၍တွက်ငေ၊ ခါကောင်းကျော်တွင် ၊ ပဓဝိဇေ ယော၊ သက်တော် ၂၈၀၊ စသဍ်မပြတ်၊ တန်ဆိတ်ခတ်၍၊ စရတ်ယဘုရား၊ နတ်ကားသျှစ်ထောင်၊ အစောင်ထားထို့၊ ပုဇ္ဇော်စိမုံ၊ ကျက်သရီအိုင်၊ နိတ်မိတ္တိုင်တွင်၊ ချိုင်ခေရံပြို၊ ရေစိသင်ဖုံ၊ ရလုရလတ်၊ မပျက်ဥခေါင်း၊ မြော်ဥချောင်ကိုဝ်၊ ပေါင်၍ဝှက်သိုဝ်၊ တောင်ညိုကုက္ကား၊ ၄ါးတွင်ရှိ၊ ဘုမ္မိလါက်သံ၊ မြိကြွံသင်ရာ၊ ယင်သည်မှာလေ၊ အကာအင်သိ၊ ထားတုံပိမှ၊ စစ်တွိမြိုဝ်နန့်၊ ကံစန်ကံလက်၊ တထောင်သက်လေ၊ မပျက်ထိုရွာ၊ ဆက်တက်သော်က၊ အရာလဍ်ကောင်၊ သိနန်နိသကောင်၏၊ အကြောင်းတမုံ၊ ကလူအဟံ၊ တောင်စွံနူတ်သွိ၊ အမြိုမြိုလက်၊ မြိုစ်၅ချက် ၈၊ ဆက်လတ္တုံထို့၊ ချောင်းရီမခန်၊ ပြောင်တန်သန်ကူ၊ မြော်ဂုဝသဲ၊ တေတုံလိုင်ဘင်၊ ၄စင်ရွှံကိုင်၊ တိုင်ကမောင်ဆွဲ၊ ဆကေတထော်၊ ရေကောက္ကား၊ ခေါက်လတ္တုံတွေ၊ ဥတေအုံချောင်၊ စလောင်ကျော်ဆင်၊ ဥတုတွင် နှစ်၊ တင်ခဲယင်မှာ ၊ ချဍ်ခဲပါမှ၊ မြော်မှာ နတ်တြိ၊ သံဒိုင်မှိ၏။ တခွိမြင်မိုဝ်၊ နတိုင်ချဍ်အုပ်၊ သိရိကုပ်ဍ်၊ တုပ်၍ဥချက်၊ မြဲစွာကြက်မှ၊ ထွက်လတ်ထိုဝ်ရွာ၊ ကျော်တောပိမြိုဝ်၊ ထိုသိုဝ်ချိုင်ထား၊ ကျော်လို့ ကတွင်၊ တြားစင်ခါ၊ ပေါက်လှာသင်ချပ်၊ ချိုင်ပတ်မကွာ၊ လက်သာတောင်ခြိ၊ ဆစ်လိယင်တွင်၊ သျှင်ဗင်ဟောရတ်၊

ကီဒကတ် ၉၊ မပြတ်ကြေလင်၊ ထားပြိကျင်မှ၊ ပေဖျင်လူများ၊ ဆင်ကား သောင်ပြေ၊ မြို့၏နောက်ဘက်၊ လေးဖြားနက်တွင်၊ တလက်တောင်ခြိ၊ ပတ်ကာမှို၍၊ ဒဉ်ကျီဒဉ် ကျာ၊ ကကဲရာ ၉၊ ပတ်ကာချိုင်ထို့၊ တစဆွဲမှ၊ ပိနေနတ်တောင်၊ ဆောင်ခဲတွင်ထို့၊ စိုင်ဝစိုင်ပြင်၊ ဝက်ဝင်လျှိုချောင်၊ ကံချောင်ယင်က၊ ကတုံဝဝေ၊ များလှအိန်ခြီ၊ ထားပါလီလော၊ ရစ်လိမြကျိန်၊ မုတိန်နကံ၊ ကျောင်းကံတြား၊ ယင်းဝေထားသည်၊ မှတ်သားတန်ဆိတ္တတံတည်း။

ထိုမှတချက်၊ အရှိဘက်လည်၊ ၄ချက်လိင်ကောင်၊ ပေါင်၍ချိုင်လျှင်၊ ကင်ပြင်ကျားခုတ်၊ ပေါင်တုတ်အငုံ၊ ချောင်းဖြူတောင်ရိုင်၊ သျှန်တောင်ထိုင်၍၊ ကြိုဝ်လေစလွှံ၊ အတံတံနှင့် ၊ လေရန်ချိုင်တည်၊ ပြည်ဒဉ်ကစ၊ ပြနောက်ကျ၍၊ အုံဝကန်ဗိုင်၊ အစိုင်မပျက်၊ မြို့လောင်ကြက် ၉၊ လေးချက်သျှက်လိန်၊ ပရိန်မြို့ဝေ၊ ပတ်၍ချိုင်မှ၊ အသွေမပြတ်၊ လျှံသိုဝ်တတ်၍၊ ဝန်ပြတ်ပြေလုံ၊ တောင်တိဘုံ၍၊ ပန်ကုံသဘွေ၊ အလေမြိုင်ကြီး၊ ခြားဆိဂျာသိုဝ်၊ မင်းနိမြို့နှင့်၊ ပြင်မြို့တဆော၊ ၅လုံးဝေနှစ်၊ တေလင်ကာကာ၊ စင်ကာကူကျောင်း၊ အင်လျောင်အိုင်ဝန်၊ စိုင်သန်တန်ထား၊ ထွက်သွားဝင်လေ၊ ၉၉ထို့၊ လင်ပေရီလွှတ်၊ ဆေမြောင်သတ်၍၊ ခြော်စပ်စိပွေး၊ ညံမစဲတည်၊ သျှုဝ်ထွေတံထား၊ ကျော်စာထားသည်၊ တန္တား ၉တန်၊ လွှံ ၉ဆက်တိုင်၊ ကတိုင် ၉ချက်၊ မြေခွာနက်၍၊ မပျက်မလွဲ၊ ဂျာသိုင်ချေမုံ၊ ဆကဲတထစ်၊ ကျိန်ဉရာဇ်နှသ်၊ကျော် ဆစ်မွဲရှင်၊ ဉသလင်ကိုဝ်၊ ကျားမင်နှင့်ပု၊ ကြွက်နှင့်မုံ၍၊ ဆိတ္တုလက်ပံ၊ ကံနှင့်စကား၊ သသွားမအှူ၊ သစ်ဗဆူ၉၊ မိတ္တျုဖက်ထစ်၊ နံသင့်စစ်သည်၊ မကိုက်ပြေတော် တန်ဆိတ္တဉ်း။

တန်ဆိတ်မြို့ဝ်၊ ဗသျှိုင်မကြွင်၊ ဆိုင်ပြုံလျင်အမ်
ချေခြင်းဉါး၊ ဂျာသျှိုဝ်ထားမှ
တြား ၅ရတ်၊ အချာနတ်တဉ်
ဂရတ်ပြင်လွှံ၊ တဉ်သဉ်ငါးမြေဝ်ကား၊
ပဥ္စခန္ဓာ မြို့ဝ်ပမာတဉ်။
တောင်သတွေကား၊ လွှံဇင်ခါကိုမှတ်။
နတ္တိုဝ်သတွေကား၊ ရှင်တော်ဘုရား၊ ခေါင်ထွတ်ဖျား ၉၊ ထားသဉ်တည်။
မြို့ဝ်မြတ်သာယောင် သာယာတဉ်။
ဘြားကြိကားရုံဆိ သု၉ အကာတဉ်။
စဉ်ဝတြား၊ ကုလားအကာ၊ တလဉ်အကာ။
မြင်ကပါတြား၊ ငှားယား၊ ရုံသူတိုဝ်အကာ။
ခမောင်ရှေ့ရှူ၊ နတ်မယူ၊ ရှေ့ရှူကလားအကာ။
ကြဇုသျှိသျှား၊ ပင်စုံထားသဉ်၊ ၅ါးသျှုဉ်အကာ။
ဆေတလိုဝ်၊ ပင်လေလှဉ်သည်၊ ညောင်ကဉ်ဘိလာ၊
နတ်သင်ပုံတွင် အကာ။

ရခိုင်သားကြီးစာပေ

ဥတုနတ်ရင်၊ ဓာင်တချင် ၉၊ ရံစင်ထားလေကာ။
ရာမောင်နတ်ကြို၊ တောင်ကဆိသည်၊ ရံမိမပြုလှာ။
တောတန်အလေ၊ ၡှိစံပေ၊ ထိုင်သည်ချင်နှင်လင်အကာ။
အရှေ့တုပ်၊ အနော်ပင်ယ၊ ဆေ၍ထားသည်၊ ရံပေါ်စစ်မလာ။
ပြည်တည်တောင်ဖြူ နတ်နှစ်ဆူ၊ ရံသူရှိဘက်အကာ။
ကွဲ့တည်နတ်မှာ၊ ရိုဝ်ညွှတ်ပါဗေ၊ ရောက်လှာမင်စိအရာ။
အနှစ်တရာ၊ ရံမလာ။
မဟာကရိ၊ နတ်ဒေဝိတွင်၊ အညိဆင်မြင်အရာ။
ဝန္ဒိသန္ဒာ၊ အောက်သားအကာ။
မြောက်ဥအကာ၊ သစ်ပြဝ်။
ကျောံ ဆေနတ်ကား၊ သက်နှင့်ကုလား၊ ၂၂းအကာ။
ဝင်စုနတ်ရှင်၊ မြောက်တခွင်ကိုဝ်၊ ရံစင်တားလိကာ။
စရစ်အင်ကား၊ အရည်ဆေ ၉ ရွာ။
လောက်ကဓုနတ်၊ ပုဇ္ဇော်တတ်ဗေ၊ မြိုဝ်မြတ်သာယာ၊
ငြိန်ချန်ကာ။
မြို့နသက်၊ ၂ါးအလေ့ကာ။
များများမစိန္ဒာ စန္ဒာနိုင်ဗေ။
စအင်ကျောံ စုပ်၊ ကြောင်ဘားရုပ်ကိုဝ်၊ လုပ်လုပ်မပြုရာ။
ရန်ဝထိုဝ်ရွာ၊ ကျွန်ပုဇ္ဇော်လှာသော်၊ ဘလောင်အကာ။
ကာနန်ကျွန်တွင်၊ ကျောံကန်ဆင်ခြေ၊ ထိုင်လျှင်နဲ့ပါမာ။
တန်ဆိတ် ၂ရတ်၊ ပုဇ္ဇော်တတ်သျှော်၊ မြိုဝ်မြတ်သာယာ၊
ငြိန်ချန်ကာ။
ရက်သုပြေသား၊ မျို ၎ါး၊ စိပေါ်များလေ့ကာ၊ မပျက်ဘိရာ။
မင်းတကာ ထင်ရှားပြုပြင်ပါ။
ကျိန်သိအမြဲ၊ တန်ဆိတ်မြဲ၊ လှုရံလေတခါ၊ မပြလှာ။
မင်းဆက်ရှေ၊ ကျိန်ဆက်တေ၏၊ ဖြစ်မေမချွတ်ရာ။
အတွင်ပြင်ခင်၊ လွှံ ၄ စင်ကိုဝ်၊ တွေလျှင်စုဝန်၊ မကျံရာ။
မပျက်မစိ၊ ပြုနိုင်ပြိဗေ၊ မင်းစိဧကရာဇာ။
အသေသားကား၊ ရခိုင်မြော် ဥအကာတည်။

**ပြေကြီးသျှင်**

# ရခိုင်　　ရှိုဟောင်းတေးကဗျာများ

ရခိုင်သက်ကြီးရွယ်အိုများ၏ နှုတ်ဖျား(ပဇ)က ဆိုပြလိုက်ကတ်တေ ရှိုဟောင်း ရခိုင်တေးကဗျာများကို စာစုသူရို့ စုပေါင်းရှာဖွီလာကတ်ရာ ရမ်းဗြဲမြို့နယ်က အပုဒ် (၇၀၀)ကျော်၊ ကျောက်ဖြူမြို့နယ်က (၈၀၀)ကျော်၊ မြောက်ဦးမြို့နယ်က (၆၀၀)ကျော်၊ ရသေ့တောင်၊ ကျောက်တော်၊ ပလက်ဝ၊ အနောက် ရခိုင်ပြည်၊ မြို့ပြည်ရို့ကပါ ရသမျှ စုဆောင်းထားခကတ်တေ။

ဆိုပြလိုက်ကတ်တေ ရှိုဟောင်းရခိုင်တေးကဗျာတိစွာ ယင်းဆိုပြလိုက်ကတ်တေ သက်ကြီးရွယ်အိုများ၏ အထက်အထက်က အဖိုး၊ အဖီးအစဉ်အဆက် သီဆိုလာခစွာကို ကြားမှတ်ထားလိုက်ကတ်တေ ရှိုဟောင်းအစစ်ဆိုမှ အစစ် တေးကဗျာတိပင်ဖြစ်တေ။

ယင်းတေးကဗျာတိကို ဒေသအလိုက် အမျိုးမျိုးခေါ်ကတ်စွာတိကို တွိရရေ။ ယိုင်သားခြင်း၊ အရွှေ့သာခြင်း၊ ဇမ်း၊ ကဗျာ၊ ဗျာသ၊ လင်္ကာ၊ ဇူးဝေဝေ၊ အသငယ်သိပ်၊ အစိကေချော့ စသည်ဖြင့် ရပ်ရွာဒေသအလိုက် အမျိုးမျိုး မှည့်ခေါ်ကတ်စွာတိကို တွိရရေ။ သုတေသီတိဘားက သဘာဝ တေးကဗျာကို နာမေတပ်ကတ်သိစွာကိုလည်း တွိရသိရေ။

စာစုသူရို့ စုပေါင်းထားရေ၊ ရှာဖွီထားရေ ကဗျာတိစွာ ကုန်ကြမ်းအဆင့်က လွန်ဆန်နိုင်စွမ်း မဟိသိ။ ယင်းကဗျာတိထဲက စကေ၊ စကေစီ ထုတ်နှုတ်ပြီ ဒေသထုတ် စာနယ်ဇင်းတိမှာ ဖော်ပြကေ လူထုလက်ထဲသို့ရောက်ဖို့။ ယကေလေ့ ကောင်းရေဝါဆိုရေ စိတ်ကူးနန့် အခါအခွင့် သင့်ရေပိုင် တင်ပြလိုက်ပါရေ။

အဂု ပလက်ဝမြို့နယ် လေ့လာရေးခရီးအတွင်း ရခိုင်သက်ကြီး ရွယ်အိုတိပါးက ဆိုပြရေ ရှိုဟောင်းရခိုင်တေးကဗျာတိကို တင်ပြလိုက်ပါရေ။

၁။　မတဲရင်ထူ၊ တရကူခွံပါး
　　တောမာယောက်တော၊ ခယင်ဝါး
　　ခယင်ဝါးမှာ ၊ ရီများရေ

တယောက်မေမှာ၊ ဇမ်းများရေ၊ ။

၂။ မိုးရိပ်မမြင်၊ တိမ်ဖြူစင်
ရွာရေတချို့ ချောင်းဖျားမိုးပင်
ဟိလီဖို့။
ဝတ်စားမဆင်၊ လှရေတချို့
သူချစ်တောင်းပင်၊ ဟိလီဖို့ဝေ။ ။

၃။ ဖြောက်စိပ်ကေ၊ ဒဂဖောင်
ရှိရောင်ဗင်းထန်း
ထက်အာကာမှာ၊ ကြယ်ဂဏန်
လိုလဲလိုချင်၊ ထက်အာကာမှာ
ရှာန်နှင့်ပင်
မေတစ်ယောက်ကို၊ ချစ်လဲချစ်ချင်
မိဘအိမ်မှာ၊ တစအင်
ဒေဘဝမှာ၊ မချစ်ပါရ
ဘုရားရှိမှာ ၊ ဆုတောင့်ယာ့
ထိုဘဝခါ၊ ဘုရားရှိမှာ
ဆုအတူပင်၊ မတောင်းခရို့
မေနှင့်မောက်မှာ၊ ကွဲရစာ့။

၄။ ကျောက်စရင်ချေ သွင်သွင်၊ သဲဖြူစင်ကို
လက်ခွီးတင်ယင်း၊ ချောဆင်းယင်း
တစ်ယောက်မေကို ၊ ချစ်လဲချစ်ချင်
မိဘအိမ်မှာ၊ တစအင်း။ ။

၅။ နပျိုးသီးမချို၊ ကြံရာချို
ကြံချိုမိဘ၊ ထိုဘဝမာ
မပျိုးခ။
မေနှင့်မောင်လောင်၊ အမိနပေါ်
ဖမညာဉ်ခ၊ ဒေဘဝမှာ
မပေါင်းရ၊ ။

၆။ ညဦးတစ်ယံ၊ ဇူးဝေသံ
သိန်းခေါင်ပျံပျူး၊ မိုးသောက်ထမှာ
ကျိန်ဆဲကျူး။

ရခိုင်သားကြီးစာပေ

မကိုခေးရို့ ကျူးသလော
မိုးထပျံပျူး၊ နှင်းဖြူတိုက်က
စွန်ရဲကျူး။
မေနာ့မောင်လောင်
ဒေပုံသဏ္ဍာန်ကို၊ ကြည့်လိုက်ပါကေ
သိုန်းခေါင်လောက်မာ၊ ဝမ်းနဲ့းကျူ။ ။
၇။ မှိုင်းစရီသုံးပင်၊ ခေါ်သုံးစင်
ခေါ်စင်ပပြီး၊ ယင်းခင်ထဲမှာ
ခေါ်များဟိ။
ခေါ်ကြီးသခင်၊ ခေါ်သျှင်မရွှတ်
တောင်တပျင်းမှာ၊ မဝဲတတ်
မေကြီးတသျှင်၊ မေသျှင်တစ်ယောက်
မိဘအိမ်မှာ ၊ မရွှတ်ပါတတ်
ချစ်သူဟိရာ၊ မရောက်တတ်။
၈။ နီဝင်ပဖိုင်းလောင်လင်၊ နီခြည်လဲ့းပြတ်
တစ်ယောက်မောင်မာ၊ အိမ်ကိုလဲ့းပြန်
တစ်ယောက်မောင်မှာ၊ ငယ်ကချစ်ကို
မြင်ချီလဲ့းမိ၊ လွမ်းစိတ်ထဲမှာ
တဝီတဝီ၊ မြင်ရပါတစ်ယောက်
မေကိုတအားတ။ ။
၉။ ကြက်မောက်ပန်းတဖိုင်၊ ဒါန်းတစ်စိုင်
နှစ်စိုင်အကြား၊ ချီသမင်လောင်
ထွက်ရို့စား။
တခါချောင်းလဲ့၊ ဓားနှာ့ချောင်း
နှစ်ခါချောင်းလဲ့၊ မြားနှာ့ချောင်း
ယေကေလေးတထွိ၊ ချီသမင်လောင်
မဆိုးလက်က၊ ရွှတ်ခရေ
တစ်ယောက်မေကို ၊ တခါလဲ့းချောင်း
ဆီးနှာ့ချောင်း။
နှစ်ခါချောင်းလဲ့၊ ကွမ်းနှာ့ချောင်း
တစ်ယောက်မေလောင်၊ မောင်လက်ထဲ့းက

ရခိုင်သားကြီးစာပေ

ရွတ်ခရေနောင်း။ ။

၁၀။ မတဲရုံမှာ၊ ယောက်တေဂြင့်ခါး
အရှေ့ကပင်၊ ရွတ်ဖားလား။
တစ်ယောက်မေမာ၊ ချစ်တေမိဘာ
အိမ်ကပင်၊ အလုပ်မချ
တစ်ယောက်မေကို၊ ဈာန်နတ်သားလဲး
တစ်ယောက်မောင်က၊ ချစ်ဖို့မိတ္တာ
ခက်ခဲပါရေ.....ဝေ .......။ ။

၁၁။ ထန်းပင်နပေါ်၊ အုန်းပင်ပတ်စပ်
ကျောက်ခံရွာက၊ နတ်အရပ်
အုန်းပင်နပင်၊ ထန်းပင်ခမို့
ကျောက်ခံရွာက၊ နတ်ရှိမြို့။
ကုန်းလားကုန်သွယ်၊ ကလက်ချောင်းမာ
ဇောင်ပင်တင့်တယ်၊ လက်မလေ။ ။

၁၂။ ကခြက်ကခြက်၊ ဝါးရောင်းငှက်လော
တောကြက်လော။
သငြီးသားလော၊ မင်းသားလော
သငြီးသားနှာ၊ မင်းသားဆိုကေ
မေဟိရာကို၊ ဟတ်ခမေဝေ။ ။

၁၃။ အလယ်ဂေါင်မှာ၊ သံဖြာတောင်ကြီး
ဖလာဆိန်း။
မရောက်တတ်။
ကျီးယောင်ငှက်ယောက်၊ တောင်ပံပေါက်ဖို့
မေဟိရာကို ၊ မောင်ရောက်ဖို့
ထိုဘဝခါ၊ ပေါင်းဖက်ကမာ
မပါခမိ။
မေဟိရာကို ၊ မရောက်မိ။ ။

၁၄။ ပန်းဖျားဆွဲဝင်၊ ပန်းဖျားဆွီးကျ
ရာမြိုးမမာ၊ သားမရ
ကိုယ်လုံးပပြီ၊ မတုံးလဲးထောင်
မတုံးလဲးချ၊ ရာမြိုးမကို

ရခိုင်သားကြီးစာပေ

ဖျက်သူများရေ။
ဒေလဲးတထွိ၊ နဖူးဇာကမာဆိုး
ရာမြိုးမမာ၊ ဖီးနာ့တွိရေ။
ယေလဲးတထွိ၊ နင်ရာကြောင်မိုက် ဒုစရိုက်။
ငါ့တင်းပျက်ယောင်၊ ပျက်လီစီ
မခုပ်လဲးထောင်၊ ဦးခေါင်းလဲးချ
ရာမြိုးမလောင်၊ အားပါးကျ။ ။

၁၅။ သင်းဂနက်လောင်ဖြူ စီးရေသူနာ့
လှော်သူမဟို၊ ကလက်ချောင်းမာ
မျောလို့ဟိန့်။
မောင်တစ်ယောက်ကို၊ ချစ်သူနာ့ပင်
ကြင်သူမဟိန့်၊ မိဘအိမ်မာ
ငေါင်းရှိုးဟိန့်။ ။

၁၆။ အိုးပုပ်ကေချေ၊ ကတွက်ချေ
နိဒိုင်းကစင်၊ တင်ခရို့ဗင်
တရက်ကစင်၊ မတင်ခမှိ
စဖိုရင်းမာ၊ ကွဲရို့တွိ။
မေတစ်ယောက်ကို၊ တရက်သိုက်စာ မပြုခမိ
သူတပါးနာ့၊ ပျော်ရို့တွိ။

၁၇။ ဝလိပ်ပြောင်းပြန်၊ ဝဆံခမို့
ယခင်တောင်ကို၊ မောင်ခွပ်ဖို့။
မောင်မခွပ်ခင်၊ သူဝါးယင်
ယင်ကေလဲး၊ ယင်ပါဗတ်စီ
ခယင်တောင်ကို၊ မောင်စိတ်ပြီ။
တစ်ယောက်မေကို ၊ ချစ်လဲးချစ်ချင်
မိဘအိမ်မှာ ၊ ဂုဏ်နာ့ပင်
ဇမ်းများပြတ်စင်၊ သူတစ်ယောက်ကို
တစ်ယောက်မောင်က၊ တစအင်း။ ။

၁၈။ ဖက်သရောက်ငန်းရှေ၊ ကောက်လီကောက်လောက်
တစ်ယောက်မေကို၊ လိုက်၍တောက်
စစုံစစိ၊ အမောင်ဇာခါ၊ မြင်ချိုရုံ။

ရခိုင်သားကြီးစာပေ

၁၉။ ကင်းသရက်တောင်၊ ဗိတောင်ကျော်လမ်း
ခမောင်းပင်မာ၊ သဇင်ပန်း
ဆွတ်လဲ့ဆွတ်ချင်၊ တစ်ယောက်မောင်က၊ /တစအင်။
ဝါးနာ့ချုံရှု့ မရသိန်းပ
သဇင်ပန်းကား၊ အထက်အာကာမှာ၊ ရှာန်နာ့များရုံ။
နှင်းဖြူလဲ့မှု၊ နီရောင်လဲ့ထိုး
သဇင်ပန်းကား၊ တအားညှိုး။
ယေလဲ့တစ်ခါ၊ တစ်ယောက်မောင်မာ
သဇင်ပန်းကို ၊ ပန်မေလဲ့မှတ်
ကမ္ဘာမြိန်ကြီး၊ ထိအေားင်ရာ
ကြိုရို့လဲ့ကျ၊ ယင်းခါတစ်ဆင့်
တစ်ယောက်မောင်မာ၊ ပြန်ရဖို့ ....ဝေ ....။ ။
၂၀။ တလင်းလဲ့ပွဲ၊ အပြေပြေမာ
ဝါးလဲ့ပွဲ။
သတင်းလေးစတ်၊ အပြေပြေမာ
ဝါးလဲ့ကျွတ်။
ပုတ်ကြီးလဲ့ဆွဲ၊ အပြေပြေမာ
ဝါးလဲ့ပွဲ။
အရက်ပလင်းလိုင်ချိုင်၊ ကြက်ခရင်းကို
ဘယ်ကကိုင်၊ တောင်စိုင်လဲ့စီ
မေဟိရာကို၊ သတင်းမီး
ပွဲကြီးသခင်၊ ပွဲသျှင်မိဘ
သမက်ပွဲကို ၊ ခံဖို့လော
သမီးပွဲကို ၊ ခံဖို့လော
ယေးလဲတထို၊ တစ်ယောက်မောင်လောင်
မေဟိရာကို၊ သတင်းမီး....ရေ....။ ။
၂၁။ ကျောက်စရိုက်ချေသွင်သွင်၊ ကြာညိုအင်းမာ
ငါးနှစ်ကောင်
တစ်ကောင်ရှို၊ တစ်ကောင်လျှေ
ကြာညိုအင်းမာ၊ ဂုဟိယာ့ဝေ .....။ ။
၂၂။ ရိဟင်းခနီပင်ပျို၊ ရိဟိန့်ရာမာ

ရခိုင်သားကြီးစာပေ

ရှောင်ဖို့လို။
မောင်ကားလူပျို၊ မေဟိရာကို
လားဖို့လို ....ရေ။ ။
၂၃။ ဥဒေါင်းကြိုးကြာ၊ ဟင်းသာဖော်ကွဲ
မြစ်လယ်ခေါင်မှာ၊ တစ်ကောင်တဲ့။
၂၄။ နှုတ်သွီးဝင်းရောင်၊ တောရဂုံမှာ
ငှက်ဖိုးခေါင်းဝေ။
ဖိုးခေါင်ရှုတ၊ ရက်ကိုတ ကေ
ပင်မြင့်ကဝေ။ ။
၂၅။ ဖောက်ဖီးနံ့သာ၊ ဇင်းခါလမ်းမှာ
ပွင့်မုံလာ။
လားခါအမုံ၊ ပြန်ခါအပြန့်
တန်ကိန္နရာ၊ ရီယောင်မိုက်တော။ ။
၂၆။ အသူ့တိုင်းခွင်၊ နှင်းဖြူဝင်ဝေ
မေရို့တိုင်းခွင်၊ နှင်းဖြူဝင်ရေ။ ။
၂၇။ အောက်ချိုင့်ရင်အောက်၊ ဥကပေါက်ကေ
တောင်ရင်းနန္ဒယ်၊ တောရဂုံမှာ ပျံကောင်းဖွယ်။
မယ်ရို့ပေါင်ပြောက်၊ ညင်းသိုကွက်
ရင်သားနုနယ်၊ တယောက်မေကို ချစ်ကောင်းဖွယ်။ ။
၂၈။ ကဗျလက်ာ
မာယာမတတ်
မေတစ်ယောက်ကို
မချိန်းဝန့် .... ဝေ .......။
၂၉။ နီနွှင်းကြက်မြီ
တောင်ယာထဲမှာ၊ ပုံလို့နီ။
ကြက်မြီနနွှင်း၊ ပွဲသဖင်မှာရွှီရောင်ဝင်း ။ ။
၃၀။ မြို့းမသျှေလိုင်ပြီ၊ သပင်ထက်မှာ ကြူရိုနီ။
အစာမှိုက်တော၊ ကြူပြန်ရေလော်
ရီသောက်မှိုက်တော၊ ကြူပြန်ရေလော်
အစာမှိုက်တော၊ ကြူပြန်ရေကား
မောင်ကားယာခြီ၊ မေကယာနား

ယမာလားရို့ ဝအောင်စားချိ
မောင်ကရွတ်တေ၊ ရာမြိုးပြီးလော်။
အို ......
ရိသောက်မွိုက်တေ၊ ကြုပြန်ရေကား
ကျောက်ဖျာတန်းတင်၊ ရီအိုင်ဝဝန်း
တတုတ်သောက်ကေ၊ ရင်လုံးချမ်းဝေ
ယမာလားရို့ ဝအောင်သောက်ချိ
မောင်ကရွတ်တေ၊ ရာမြိုးပြီလော်။ ။

၃၁။ သစ်ပုပ်ပဒကာ၊ လက်မာယောက်ကေ
ပြုံးပဇာ၊ ပြုံးပဇာငုတ်ကောင်း
အလယ်လောက်မာ၊ ခေါက်ရာခေါင်း
ခေါက်ရာထွင်းခါ၊ ကျိုးမင်းလဲ့ဥ
ရာဖိုးခေါင်ကျကန်းကလု
မေလဲ့အရှယ်၊ နူတ်ကပြောကေ
မေတ္တာပါရေ။ ။

၃၂။ ခေါက်သယ်ခေါက်သယ်၊ မြီဂေါင်းကျင်းမာ
ရက်ကန်းရှယ်။
ရက္ကန်းကရှို့ ရွှန်းကစိန်
စိန်ဇာရက်မေ၊ မောင်ခေါ်ဇာကို
မြစ်ရီစင်က၊ ခွန်းချင်းကြားရေ ။ ။

၃၃။ ဖြုံပင်ကြီးအောက်
တွင်းမွှိဟောက်
မွှိဟောက်တောက်မေ
ဖြူမေထွီးက
ဖြူမေထွီးကို
သနားရေ။ ။

၃၄။ ကမ္ဘာတေစ၊ ဖားတမ
ဖားနောက်ကုန်းမာ၊ လူသားလေးယောက်
ဘကံတောက်မွိုးကို၊ ရိုးပြန်ဆောက်
လေးယောက်နာမေ၊ ဇာမှေ့လေး။
တစ်ယောက်ကားရှို့၊ တစ်ယောက်ငို

ရခိုင်သားကြီးစာပေ

နီနှာ့လကို၊ တစ်ယောက်မောင်ထို့း ဖွင့်ပြမေ။
တစ်ယောက်မေထို့း၊ ဖနတ်ကိုင်နှာ့
ထီးကိုင်မေထို့း၊ မောင်ရို့နောက်ထပ်
လိုက်ရမေ။
၃၅။ နပျိုးရှက်မာ၊ နီရောင်လဲးထိုး
မေရို့ပြောကေ၊ စကားရိုး
နပျိုးရှက်မာ၊ ကွမ်းချိုနှယ်ရစ်
မောင်ရို့ပြောကေ၊ စကားချိုက်။ ။
၃၆။ ခရချေဇင်ဂလိန်၊ အိုင်နားနီ
အိုင်နီအိုင်နား၊ ခရချေကို
လူကောက်များ။
မေလဲးဇင်ဂလိန်၊ လမ်းနားနီ
လမ်းနီလမ်းနား၊ မေတစ်ယောက်ကို
လူဖျက်များ။ ။
၃၇။ တက်စူးတလ္လာ၊ စိုးမာချကေ
ကြက်ဖဝါ။
ကြက်ဖဝါကို ၊ မကျောင်းစွယ်နှာ့
သခ္ခာခွက်မာ၊ မီးကျောင်းစွယ်နှာ့
ကျားစွယ်ချီးမြှင့်၊ အထက်အာကာမာ
မိုးကြိုးကျောက်။
သွီးတစ်ခွက်ကို၊ နှစ်ခွက်ပျင်ရို့
နှုတ်မာသစ္စာ၊ လျှာမာကတိ
အေသစ္စာ၊ အမြဲဟိန့်
သံခုံးတိုင်၊ ကျောက်တိုင်ကျိုးလဲး
ကျိုးပါပတ်စီ
အေသစ္စာ၊ လုံးမဖြို။ ။
၃၈။ မောင်လဲအချေ၊ တစ်ဆယ့်ငါးနှစ်
ဆရာကျောင်းမာ၊ စာသင်တိုက်
စာတနတ်းနှာ့ချိုင်၊ စာတံနှာ့သတ်
တစ်ပေါက်မျက်ရည်၊ မောင်ခန္ဓာမာ
စီးလွမ်းရေ။

ရခိုင်သားကြီးစာပေ

မေလဲးအချေ၊ တစ်ဆယ့်ငါးနှစ်
မိအိမ်ထဲနှာ၊ တအိမ်ထဲမာ
ယိုင်သင်ဆိုက်၊ ယိုင်ကြိုးနှာ့ချိုင်
ယိုင်စင်နှာ့သတ်၊ တစ်ပေါက်မျက်ရည်
မေခန္ဓာမာ၊ စီးလွှန်းရေ။
ပိုးပဝါ၊ လိုင်မာရစ်ပတ်
မေမျက်ရည်နှာ့၊ မောင်မျက်ရည်ကို
သုတ်ကာပွတ်ကေ၊ မျက်ရည်နှစ်ကြောင်း
အတူပေါင်း၊ သျှစ်သောင်းဂတိ
တကမ္ဘာမာ၊ တေရဇီ။ ။
၃၉။ သောင်းဒရားဝယိုင်၊ ဇမ္ဗူသရက်
မေဥယျာဉ်နှာ့၊ မောင်ဥယျာဉ်မာ
ခက်ချင်းချက် ။
စားမေလိုကေ၊ ကျီးချောဇာတို့
မေဥယျာဉ်နှာ့၊ မောင်ဥယျာဉ်မာ
ဝဲလာရို့ .... ဝေ ......။
၄၀။ ရွာထွက်ရွာဝင်၊ ရွာညိုပြင်
ရွာပြင်ညိုမြ၊ တစ်ယောက်မောင်ပိုင်
ရှာမရဝေ၊ တစ်ယောက်ဒေမာ
မောင်ပိုင်ရှာ၊ ရ ရဖို့ကား
ဆီးလိပ်ကိုကိုင်၊ ပါးကိုနမ်းရို့
တစ်သက်ရင်ခွင်၊ တင်ထားဖို့ဝေ။
ချောင်းထွက်ချောင်းဝင်၊ ချောင်းညိုပြင်
ချောင်းပြင်ညိုမြ၊ တတန်းပန်းပိုင်
ရှာမရ၊ တတန်းပန်းပိုင်
ရှာရဖို့ကား၊ အကိုင်းကိုညွှန့်
အတံကိုဆွတ်၊ ရှိဦးစွာ
ဂေါင်းမာတင်ထားဖို့ ..... ဝေ .....။
၄၁။ ကျောက်တော်တောင်မာ စတီလုံးညီ
ထက်မာကွက်ရစ်၊ ရွှီနှာ့ငွိလောင်း
တန်းစီရစ်ဝေ၊ စတီတော်ကို

ရခိုင်သားကြီးစာပေ

ဖူးမောပကာမှတ်၊ မေနော့မောင်လောင်
ဒေဘဝမာ၊ ဖူးပါရကေလေး
ဟိန့်ပါဇတ်စီ၊ တစ်ယောက်မေ
မောင်စိတ်ပြီ။ ။

၄၂။ ဂြိုးမချေလိုင်ပြီ၊ သစ်ကိုင်းထက်မာ၊
ကြူရို့နီဝေ၊ ကြူရေဇာဟို
မေကအောင်သွယ်၊ ရှတ်ရို့ကြူရေလော်
ရီသောက်တော်လို့၊ ကြူရေလော်
အစာတော်ရို့၊ ကြူရေလော်။
မဟုတ်နမူ၊ ဟုတ်တမူကား
မေကအောင်သွယ်ရှတ်ရို့၊ ကြူရေလော်
မေကအောင်သွယ်၊ ရှတ်ပတိက
ကျောက်ဆစ်တန်းတင်၊ ချောင်းငယ်အိုင်ဝန်း
မေယာခြီနော့၊ မောင်ယာခြီမာ
တတုတ်သောက်လဲ့၊ ရင်လုံးချမ်း
ကောက်ပြောက်ဆရီ၊ ဆလီစပါး
တောင်တန်းဖျင်းမာ၊ တင်ရို့ကား
တတောက်စားခီ၊ မောင်ကရှတ်တေ ရာမြိုးပြီး
မဟုတ်တမူ၊ ဟုတ်တမူကား
မေကအောင်သွယ်၊ မြစ်ပတိက
ရာမြိုးပြီလောင်။
မေကအောင်သွယ်၊ မရှတ်ပါကား
မောင်ကကျိန်ဆဲ၊ ကျလီစီ
ဝေါင်းမာကွန်ချာ၊ ရင်မာထူးမြောက်
ကိုယ်ကကြီးရေ၊ ငှက်ကွမ်းလောက်ရာ
ရာမြိုးပြီးတောင်၊ စွန်ရဲငှက်နော့
ငြားလိမေ။
မဟုတ်တမူ၊ ဟုတ်တမူကား
ရာမြိုးပြီးကို၊ မောင်ကကျန်ဆဲ
ဆဲလိုက်တော။ ။

၄၃။ သင်းဂနက်လောင်းဖြူ၊ မြစ်ပင်လယ်မာ

ကုန်သယ်ကြီးမာ၊ ရွက်ပြင်းထောင်ယက်
ဖောင်ပင်တချို့ လှပတင့်တယ်
မြစ်ပင်လယ်မာ၊ ကုန်သယ်ငယ်။
လက်ရေတချို့ ကြက်သွန်ဖြူလှော်
ရွက်မညှိုး။
ဒေလောကမာ၊ ကုန်သယ်မျိုး
လောင်းဖြူချေနာ့၊ ကုန်လားရေပင်
မောင်ကုန်သယ်၊ မပျော်ပါရ
ယေလေးတထူး၊ မိတိုင်းပြေနာ့
ဖတိုင်းပြေကို ၊မမြင်ခရ
မောင်ကုန်သယ်မာ၊ အားပါးကျ။ ။
၄၄။ ဥသလင်းဝဇာတီ၊ လုံးညီကွတ်ရှစ်
ရှိနာ့ငွိလောင်း၊ တံဇီရစ်
ဇဒီတော်ကို၊ မေနာ့မောင်လောင်
ဖူးမေကာမှတ်၊ ငယ်ခါတချို့
မေနာ့မောင်လောင်၊ ဘုရားရှိမာ
ဆုတောင်းရေဝေ။
ဆုတောင်းပထနာ၊ မမြေပါခ
ဒလော်ကမာ၊ မဖူးရပါ
မဖူးရလဲ၊ ဟိန့်ပါပတ်စီ
ဒေသင်သရာ၊ ဒေဘဝမာ
မေနာ့မောင်လောင်၊ ဘုရားရှိမာ
ဆုပန်ကတ်မေ။
တစ်ယောက်မောင်ထွီး၊ ပြောရေစကား
မေထွီးတစ်ယောက်၊ တစ်သက်လုံးမှာ
အားပါးကျရေ။ ။
၄၅။ အသူ့တန်ခွင်၊ နှင်းဖြူဝင်
မေရို့တန်ခွင်၊ နှင်းဖြူဝင်
လမ်းစမ်းမမြင်၊ တန်ခွင်မသိ
မေတန်ခွင်မာ၊ ပပတ်မွှိ
မရှူးဂေါ်င်းတင်၊ သဇင်လမ်းရွတ်

မေတာန်ခွင်မှာ၊ တစ်ယောက်မောင်ထွီး
တပတ်မွီ။
၄၆။ ခြိုးမချေပေါ်င်ကျိုး၊ မီးလောင်ပြင်မာ
ဥစရိုး။
မေရို့ကမ်းဆိုး၊ မဆဖိုနှာ့
ပြားစရို့။ ။
၄၇။ ကျောက်ဆစ်လုံးထုံး၊ နို့အုံကြီးနှာ့
မောင်ကိုမီးရေ၊ ဇာကိစ္စ။ ။
၄၈။ လက်စွတ်ခဗျာ၊ ဘယ်ကဝတ်ကေ
စိမ်ယောင်းယာ၊ ငါးခါနှာ့ပင်
ဆယ်ခါပျောက်လဲ၊ ခဗျာဆိုးကို
မစိုးရိမ်။
မေရို့ရှာကေ၊ ခဗျာဆိုးကို
ပန်းညှာဖိုကေ၊ ရှဥမေဝေ
အရီးသျှင်မာ၊ မြင်ရေရင်သွီး
ကကွပ်ကြည့်ကေ၊ ညိမောင်ထွီးဝေ
ငါးခါနှာ့ပင်၊ ဆယ်ခါပြုတ်လီး
မောင်တစ်ယောက်ကို၊ မစိုးရိမ်လေ .....။
ယားထက်ရုပ်နီ၊ ယားထက်ရုပ်လှ
မေရို့ရှာကေ၊ ရခိုင်တိုင်းက
ရဦးမေဝေ .....။ ။
၄၉။ ကိုင်းလီကိုင်းလိုင်း၊ သကိုင်းထက်မာဖျိုင်း
ဖျိုင်းကဇာဖို့နားရုံ၊
ငါးမြင်ရို့ နားရေရာ။
ငါးကဇာဖို့ပေါ်ရုံ၊
ရီနောက်ရို့ပေါ်ရေရာ။
ရီကဇာဖို့နောက်ရုံ၊
ကျွဲစိမ်လို့ နောက်တေရာ။
ကျွဲကဇာဖို့စိမ်ရုံ၊
ပိုးကိုက်လို့ စိမ်ရေရာ။
ပိုးက ဇာဖို့ကိုက်ရုံ၊

မိုးလာရို့ ကိုက်တေရာ။
မိုးကဇာဖို့လာရုံ၊
ဖားအော်လို့ လာရေရာ။
ဖားက ဇာဖို့အော်ရုံ၊
မြွှန်မျိုလို့ အော်ရေရာ။
မြွှန်ကဇာဖို့မျိုရုံ၊
ပူဆိပူဆာမနီသာရို့ မျိုရေရာ။ ။

၅၀။ ကျောက်သလင်းဖြူ ကျောက်ဖြူစင်စစ်
သီတာပြင်ပမာ၊ ဘုရားဖြစ်
နှမနာ့မောင်၊ ဖူးရပါဇီ
ဆယ်တန်ပန်းကို၊ ငါးပွင့်ဝိ
ပပေါက်မပါ ပန်းမပါ
ဆံကျင်ရှိခိုး၊ နှမနာ့မောင်
သီတာပြင်မာ၊ အလွန်ညှိုး။ ။

၅၁။ ကျောက်သလင်းဖြူ ကျောက်တံဖြူ
မြီဖြူဘုရား၊ မြပင်လယ်မာ
တင်ကာထား။
ဖူးပါသျှင်သူ၊ ဖူးပါခလိုက်
ကျောက်ဖြူဘုရား၊ ဒေတဖြစ်
ကြင်ပါချင်သူ၊ ကြင်ပါခလိုက်
ကျီစားရွာမှာ၊ နင့်မောင်ရင်းကား
ဒေတနှစ်။ ။

၅၂။ သလောက်ဂင်းဂါ၊ ငါးဆဖာ
မလာရိုးကြီး၊ ပွန်ဇာလီမှာ
ခရမ်းသီး။
ကာသဂြေးဂေါ်းတင်၊ ပဲ့တင်အံဂေါက်
နီဖို့ကောင်းကေ၊ မင်းကိုင်းအောက်
အင်္ဂလိပ်စုန်ဆန်၊ မင်းကိုင်းဝ
နှင်းကျိုးပွင့်ထဗိန်၊ အခြီသုံးဆင့်
ဒါဇာလာထကြို၊ အစွန်းဖျားမာ
ပိုးခြည်ထိုး။ ။

ရခိုင်သားကြီးစာပေ

၅၃။ လက်ဖျားချောင်းချေ၊ ပွတ်တတ်တေ
ညိုရေသျှင်မ၊ လူဇာခွင်မာ
နတ်ထက်လှ။
အရှိကြေ့လဲ။ အရှိတစ်ဖုံ
အရှိဘက်က၊ ထွက်တေနီနာ့
ယောဆွတ်တူ၊
နောင်ပြင်ကြေ့လေး၊ နောက်ပြင်တပုံ
အနောက်ဘက်မာ၊ လ,ဝင်ပုံ။
နောက်ပြင်ရှိပြင်၊ ကိုယ်ပြင်ခလုံး
နောက်ဆံထုံးမှာ၊ မြပန်းကုံး
မနော်ဟာရီ၊ တုသီတာမှာ
ကျိန္တရီ။
ဈာန်ကိုရရို့ ပျံခစွာရာ။
လူ့ပြေရပ်မှာ၊ မောင့်ချစ်သူကို
မဟိန့်ပါ။
ထမင်းထုပ်နှင့် ၊ ဟင်းထုပ်သိုးမေ
မောင်ချစ်သူပိုင်၊ လူ့ပြေကျွန်းမာ
စပါးပုံမှာ၊ ဆန်ရာဆွီး
ယပိုင်မေထွီး၊ ယင်းချစ်သူကား
ထိုင်ပုံတူလဲ၊ ပြောပုံမတူ
ပြောပုံတူလဲ၊ တစ်ရွာသူ
မချစ်မဆို၊ မလိုငြင်းက
မေပိုင်ရုပ်တူ၊ မေပိုင်ရုပ်လှ
ကျိုးစာရင်းမှာ၊ တစ်ယောက်မောင်ကို ညွှန်ပြခ။ ။
၅၄။ မဒဲ့းသငယ်၊ တရကူကန်ထောက်
လက်ချက်ကုန်ဖြို၊ မေရို့နီကေ
သုံးထပ်အိမ်။
စင်းပုန်းလဲးတင်၊ အခြင်းလဲးချို
ထန်းဖြူလှနှင့်၊ ပီဖြူလှကို
နှင်းကာမိုး။
အောက်ကတရိုး၊ ပျိုင်စီထိုး

ရခိုင်သားကြီးစာပေ

အရယ်တရစ်၊ ဇမ်ပန်းချစ်
နီကောင်းသာဖွေ၊ မေရှိအိမ်ကို
အဝီးကပင်၊ မြင်လပ်တေ
အိမ်ကိုလဲ့မြင်၊ မနီပါရ
နှာ့မောင်ရင်းက၊ အညောကဇင်
ဇာဝိဘာ့ကာ်။ ။

၅၅။ မဒဲ့ယင်းသူ၊ တရဂူပင်ထက်
အသံကောင်းကော၊ ရိုင်တောကြက်
ညဦးတယံ၊ ထန်းငှက်သံ
သိုင်ခေါင်တယံ၊ ဖူးဝေသံ
မိုးသောက်ထမာ၊ လီသွန်တဖျူး
နှင်းဖြူစင်ကော၊ စိန်ဆွဲကျူးသံ
ခွန်းမညံကော၊ ထရုံချောက်ချား
မေပြောဟံပိုင်၊ မောင်ရှိနှားမာ
တတတ်ကြား။ ။

၅၆။ ဖူးဝေပေါင်ဒင်၊ လက်ပျိုင်ရဟတ်
အတောင်ဖျားမာ၊ သံဖူးတတ်
တပ်ပတ်ကိုပင်၊ မမ္ဒိလိုက်ခင်
အသားခညို၊ မောင်ပျိုလှကို
မေအိပ်မက်မှာ ၊ ရပ်စောက်မြင်
ဗေကစန်းလဲ့၊ တွိလုလု
ညာကစန်းလဲ့၊ တွိလုလု
သဘောစွန်ကော၊ ကြမ်းစွန်အိမ်မြတ်
တစ်ယောက်မောင်ကို၊ စန်းခရေ။
ဒေါက်ချုဒေါက်ချု ခြိုးယောင်လဲကြူ
ကျကန်းယောင်အာ၊ တစ်ယောက်မောင်ကို
မျက်စိရှာ။
ညီလေးပိုကော၊ တပိုမျက်စိ
တစ်ယောက်မေမှာ၊ မအိပ်မိ။ ။

၅၇။ မိုးမဟိကော၊ အာကာဟင်းလင်း
ထက်တစ်ခွင်မာ တိမ်ညိုချက်

ရခိုင်သားကြီးစာပေ

မေမဟိကေ၊ ရင်ခွင်ဟင်းလင်း
ရပ်ကြီးလဲ့သာ၊ ရွာလယ်ထဲမှာ
မောင်လုံးချင်း။ ။

၅၈။ လက်သံကြံခွန်၊ ဒန်းနီကျန်
လက်ဖန်ဒန်းဆိုး၊ နဖူးဇာမာ
တင်ကာမိုး။
လက်မာကိုယ်တိုင်၊ အာမာကွမ်းချပ်
ချစ်တေမေလှ၊ ဆက်မပါ။ ။

၅၉။ အင်းကျီလိုင်ခွင်၊ ခြုပ်စပြန်
မာယာရင်မစိ။
သုံးနှစ်ကပင်၊ မကြြင်သူကို
မောင်မသိ၊
သိလီဖို့ကား၊ လက်ဖျားဆွဲငင်
ရင်ခွင်မေကို၊ တင်လိုက်ဖိ။ ။

၆၀။ ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
မိုးသောက်ထမာ၊ လကောင်းစ
လကောင်းပခါ၊ လပတီးက
အရီးသျှင်အိမ်ဒေါက်၊ ငှက်မြီဟောက်
မြီဟောက်မောင်ကို၊ တောက်လိမေ။
ရဲစားမေထို့း၊ စိုးရှိရေ။
ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
မိုးသောက်ထမာ၊ လပတီးကား
အမဒိုးယားယား၊ တောမာနီကေ
သစ်ရဲကျား။
ရဲစားမောင်ကို၊ ကိုက်လိမေ
ရဲစားမေထို့း၊ စူးရှိရေ။
ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
မိုးသောက်ထမာ လကောင်းပ
မိုးသောက်ယံမာ၊ လပတီးကား
သွားတော်လေးဆယ်၊ စွယ်တော်သျှစ်ချောင်း
မြစ်မာနီကေ၊ သျှင်မိးကျောင်း

ရခိုင်သားကြီးစာပေ

ရဲစားမောင်ကို၊ ခတ်လိမေ။
ရဲစားမေထွီး၊ စိုးရွှီရေ။
ညဦးတယံ၊ သိုင်းခေါင်မှောင်ကျ
မိုးသောက်ထမာ၊ လကောင်းပ
ညဦးယံမှာ၊ လပတီးကား
မြို့ဟောက်မောင်မာ၊ ဒုတ်ပိုင်းရာ။
ရဲစားမေထွီး၊ မကြောင့်ကြကေ့။
နောက်ပြင်လှကို၊ မောင်မှာရေ
ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
သိုင်ခေါင်ယံမာ၊ လကောင်းပု
သိုင်ခေါင်ယံမာ၊ လပတီးကား
အမဒုံးယားယား၊ တောမနီကေ
သစ်ရဲကျား။
ရဲစားမောင်မာ၊ မြင်းစီးရာ
ရဲစားမေထွီး၊ မကြောင့်ကြကေ့။
နောက်ပြင်လှကို၊ မောင်မှာရေ
ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
သိုင်ခေါင်ယံမာ၊ လကောင်းပု
သိုင်ခေါင်ယံမာ၊ လပတီးကား
အမဒုံးယားယား၊ တောမနီးကေ
သစ်ရဲကျား။
ရဲစားမောင်မာ၊ မြင်းစီးရာ
ရဲစားမေထွီး၊ မကြောင့်ကြကေ့
နောက်ပြင်လှကို၊ မောင်မှာရေ။
ညဦးတယံ၊ သိုင်ခေါင်မှောင်ကျ
မိုးသောက်ယံမာ၊ လပတီးကား
သွားကလေးဆယ်၊ စွယ်ကသျှစ်ချောင်း
မြစ်မာနီကေ၊ ထိုမီးကျောင်း
မီးကျောင်းမောင်မာ၊ လောင်းစီးရာ။
ရဲစားမေထွီး၊ မကြောင့်ကြကေ့။
နောက်ပြင်လှကို၊ မောင်မှာရေ။

ရခိုင်သားကြီးစာပေ

၆၁။ သောင်းဒရာဝယိုင်၊ ဇမ္ဗူသရက်
မောင်ဥယျာဉ်မှာ၊ ခက်ချင်းချက်
မစားလို့ကေ၊ ကျီးညိုဇာဖို့
မောင်ဥယျာဉ်မှာ၊ ဝဲလှာရို့
အရီးသျှင်မှာ၊ မြင်ရေရင်သွီး
ပန်းနှာ့လဲးတူ၊ ပန်းနှာ့တူကေ
မရီးထွီး။
မကြင်လို့ကေ၊ မောင်ကိုဇာဖို့
ဘားစီမေထွီး၊ ဆင်လှာရို့။ ။

၆၂။ အရွက်မမွိ၊ ရဂုံဗိုင်မာ
တောပနဲ့၊ လက်သဲဆိပ်ခါ
တောပနဲမာ၊ အစီးလာ
စားတော်တစ်လှတ်၊ မကောင်းလား
ဆွတ်တော်ပရိုင်း၊ မပြေလား
အနောက်သုံးခွင်၊ ရကြေတမြို့
ကြင်မေလိုဇော၊ မေထက်ရုပ်တူ
မေအဆိုးကို၊ ရမလား။ ။

၆၃။ အရွက်ယောင်းယာ၊ ကျောက်ထရံမှာ
နှင်းမိုးကာ၊ ယောင်းယာတိုက်တက်
ကျောက်ထရံမှာ၊ ယောင်းယာပေါက်ကေ
ဇရပ်ခေါင်နှာ့၊ ကျောင်းအခေါင်ကို
စိန်ခေါင်လုပ်မေ၊ ဝါးခယင်ကို
ရမေလား။
ရကားရမေ၊ အဆစ်တိုကေ
မြို့ဇင်ဝါးမှာ ၊ ရီများရေ။
ချစ်ဖက်မေနှာ့၊ လွမ်းဖက်မေကို
ရမေလား။
ရကားရမေ၊ တလင်္ဂနီ
စနီသားမာ၊ စိတ်များရေ။ ။

၆၄။ ရက္ခန်းကားရှို၊ ရွမ်းကားမွိ
စိန်ယင်ယိုင်သွား၊ ပတ္တမြားကို

နွယ်ကန်ထား၊ နပ်ကိုလဲ့ချိ
ညေကချစ်ကို၊ တွက်ရစီ
ဝီးကိုလဲ့ချ၊ ညေကချစ်ကို ခွန်းတိုင်းတ။
ရွှမ်းသီးခံကေ၊ သဘောက်မျက်ရည်
မောင်ရင်ပြင်မှာ၊ စီးကျရေ
ပိုးပဟာနှ၊ သုကာခဏ ပွန်ပါခလိုက်၊
အညေကပင်၊ မောင့်မျက်ရစ်။ ။
၆၅။ အသီးရရဲ့ မြင်းပေါင်လောင်ကို စားရချဲ့
ပေါက်ဆိန်ဂေါင်းနှ၊ ဒါးဂေါင်းယူမိ
မြင်းပေါင်လောင်းကို၊ စားရစီ
ပေါက်ဆိန်ဂေါင်းနှ၊ ဒါးဂေါင်းမပါ
မြင်းပေါင်လောင်က၊ ယောက်လီပေါင်
မြင်းနားမှာ။ ။
၆၆။ မျက်စိခနီ၊ အခြီစင်းယင်း
သတိုင်းထက်မှာ၊ မြို့သပြင်း
မခုတ်ထင်းတော်၊ စွန်ရဲညို
အာကာတလပ်၊ တိန်တထပ်က
မြို့ကိုမျက်စိ၊ ကျချိမိရို့
တောင်ဖျားရှုတ်ကာ၊ မြို့လင်းပြာကို ထိုးစောင်လာ။
အဘိုတစ်ကိုင်း၊ သန်းခရေ
အမတစ်တောင်၊ ကျော်ခရေ
အရာတစ်ခါ၊ အရာတစ်ခေါက်
မြို့လင်းပြာကို ၊ ပေါင်းကျဖို့ပင်၊ မောင်မထင်။ ။
၆၇။ ကောက်ရိုးရိုးခြီ၊ ကောက်ရိုးနီ
ကောက်ရိုလဲ့ပြတ်၊ အပြေပြေနှ
အရှာရှာမှာ၊ ဝါးလဲ့ကျွတ်
ရက်မဒေါင်းလိုင်ချိုင်၊ ကြက်ခရင်းကို
ဘယ်ကကိုင်၊ မောင်ကအောင်သယ်
ရွှတ်လိုက်မေ၊ မေကပွဲတင် ခံမေလား။
မေကပွဲတင်၊ မခံပြားလဲ့
ပုတ်ကြီးတထောင်၊ ပိုင်ရေဘုန်းကြီး

ဇေတဝန်ကော၊ မြတ်တန်ကျောင်းမာ
ဂိုဏ်အုပ်ကြီး။
သျှင်မနီမောင်သျှင်၊ ပန်းဇင်းလုပ်ရို့
ဇေတဝန်ကော၊ မြတ်ဟန်ကျောင်းမှာ နီလိဖို့။ ။
၆၈။ ဆွမ်းစိမ်းမလှူ၊ ဆွမ်းကျက်လှူ
လှူစင်စစ်၊ နောင်ဘဝမှာ မောင်ရင်းဖြစ်။
ဆလိပ်မလှူ၊ ကွမ်းယာလှူ
လှူရေစင်စစ်၊ နောင်ဘဝမှာ လင်ရင်းဖြစ်။ ။
၆၉။ အထက်ဝါကော၊ အောက်ဝါညီညွတ်
ပိုးထပိန်ကို၊ ငင်ကာဝတ်
စစဲးကကပ်၊ ဝတ်တတ်မေသူ
နောက်ပြင်လှကော၊ ထွက်တေနီနှာ့
ယောဆွတ်တူ။ ။
၇၀။ ဂေါင်းမှာ ဝင်းဝါ၊ ပိုးဆဖာ
ခြီမာဖနပ်၊ မောင်ရို့ဝတ်ကေ ဂျလိုက်စွတ်။
စစဲးကကပ်၊ ဝတ်တတတ်မောင်သူ
စန္ဒမင်းနှာ့၊ ယောဆွတ်တူ။ ။
၇၁။ မိုးရိပ်မမြင်၊ မိုးသဇင်
ရွာရေတချို့ သူရဲစားရာ ဟိန့်လိဖို့။
ဝတိသစ်မဆင်၊ ကိုယ်မပျင်
လှရေတချို့ သူရဲစားရာ ဟိန့်လိဖို့။ ။
၇၂။ အနှမောင်းသုံးတောင်၊ ကုန်းခြောက်တောင်
ကုန်းတော်ဆင်မွန်၊ ဟေလဝန်ကေ
နှမောင်းတန်ကို၊ မြီမှာလဲးထောက်
ကိုယ်ကိုမြှောက်ရို့ လွမ်းဟောင်းကိုယ့်ပြေ
ကိုယ့်ဇာမြီကို၊ ပြန်လိမေ
သနားသူကော၊ သျှင်သူပင်ဖြစ်
နတ်ဆင်ဖောက်ကို၊ ချန်ထားလိုက်။ ။
၇၃။ တောကြံတဒိန်၊ ရိန့်တဒိန်
နှစ်တန်ပျော်ပါး၊ တောသုံးထောင်မှာ
ထွက်ရို့စား။

ရခိုင်သားကြီးစာပေ

တောကြက်ခြီမှာ၊ မွိုးထင်ပဒီး
ပါယက်လာ။
ပါကားပါယက်၊ တောကြက်ခြီက
မိုးထွက်လောင်ကေ၊ တောင်ထိပ်က။ ။

၇၄။ ဆံပင်သုံးတောင်၊ ပဒုံးရောင်
ဆံရောင်လိပ်တက်၊ မွန်းတည့်နီမာ ရီချိုးသက်။
အိုးခွက်ချေဖြူစင်၊ ခထိပ်တင်
မေဇာရီချိုး၊ နီသုံးပေါ်မှာ ဆင်းယက်ဖို့။ ။

၇၅။ ကြက်မဖြောက်ကေ၊ သားသုံးဆယ်
သားကိုရောက်ရက်၊ ခေါ်ယက်မေ
မေလဲးအချေ၊ ကကွက်ကေ
တန်းကိုလက်ကိုင်၊ ကြေ့ယက်မေ။ ။

၇၆။ ဗားဇရီလိုင်ကျင်၊ ငှက်ဆင်ပြီလောင်း
မောင်ရို့ခွတ်ကေ၊ သမြီလောင်း
တက်လဲးတက်သစ်၊ မောင်ရို့ခွတ်ကေ
ပနဲးနှစ်။
လက်သမားပျော်တော်၊ မောင်ရို့လောင်းမာ
နှစ်ကျိပ်ကျော်။
တကွဲကိုလှော်၊ တမော်ကိုသန်း
မေဆိပ်နားကို၊ ရအောင်ဖမ်
လောင်းကောင်ဇဒေ၊ ချိုင်းမေလဲး
လောင်းကောင်းချိုင်းရာ၊ ရီယင်ကောင်းကေ
အိုင်ဝန်းမာ။ ။

၇၇။ ရကြိုင်ချောင်းမာ၊ သလဲလဲးပူ
ရီလဲးဆူ၊ ငပေါ်သား
ငဒေဒေရာ၊ နီးမလဲး
ငပိုးသား၊ နီဇရာပင်
ကျောက်ကြားမာ။
ရက်ဖောက်လိုင်ရွယ်၊ ဒါးချေခါးထိုး
ရကြိုင်ချောင်းမာ၊ ထထိန့်ကြိုး
မောင်ရို့သက်လုံး၊ ဇဒေဒေရာ

နံ့မလဲႏ
မောင်ရို့သက်လုံး၊ နံ့စရာပင်
မေဇားမှာ။ ။
၇၈။ နန္ဒင်းမမျှား၊ ရီသျှင်ယာမာ
ရာဂနှံ့ခါး၊ ချေခါမခါးု
ကြီးမာခါး၊ အခါးရာသီ တွင်မလား။
အရီးသျှင်မာ၊ မြင်ရေရင်သွီး
ပန်းနာ့တူကေ၊ ညိုမေထွီး
ချေခါမချစ်၊ ကြီးမာချစ်
အချစ်ရာသီ၊ တွင်မလား။ ။
၇၉။ ခြိုးကိုမိတ်ထာ၊ မဟိန့်ပါ
စားကိုမသနား၊ ခြံပင်ထက်မာ
နဲ့တံထား။
ခြိုးတိုမကျ၊ ခြိုးမကျ
ရွှတ်ခီရွှတ်ခီ၊ ဂူရွှတ်ခီ
ရွှတ်ခီဇာဖို့၊ အဆစ်လဲးတို
ရာခြိုးညိုကို၊ ကိုယ်ချင်းစာကေ သနားရို့။ ။
၈၀။ ငုံးပြေ၊ ကုန်းချင်စိ
ပြေတက်တေ၊ မမြင်လား
ကွမ်းသီးမပါ၊ ကွမ်းသားရာ
ကွမ်းသားယင်းယေ၊ ကျောက်ပြေကို
ချုပ်မမြဲ၊ မစားလူကေ
စားမေစင်စစ်၊ ငုံးခါးကို ချိုးမပိုက်။ ။
အရီးသျှင်မာ၊ မြင်ရေရင်သွီး
ပန်းနာ့တူကေ၊ မရီးထွီး
မကြက်လို့ကေ၊ ကြင်မေစင်စစ်
အချေချင်းမာ၊ ဇမ်းမတိုက်။ ။
၈၁။ ဝသားပြောင်းပြန်၊ ဝဆန်နက်တို
ယင်းတိုင်ခွင်ကို ၊ မောင်ခွတ်ဖို့
ခြီမညီကေ၊ မိုးကောင်ခန
ယင်းတိုင်းခွင်မာ၊ ကျပါခ။

ရခိုင်သားကြီးစာပေ

ဆန်သားပြောင်းပြုံ၊ ဆန်ပင်နက်တို
ကျိုးစားရွာမာ၊ မရိုးထွိုးကို
မောင်ကြင်ဖို့
ဆံသားမညီ၊ ဆိနာ့ခဏာ
မေရို့ဂေါင်းကို ၊ ညှိပါခ။ ။
၈၂။ နှုတ်ပျိုးခထိုင်၊ ရှိုဦးယျာဉ်မာ
ဒါးမနိုင်၊ ခထိုင်သံလှော်က်
ကျမ်းရေလား။
မေရို့ကိုယ်တိုင်မောင်။
၈၃။ အသံပီးလဲး၊ ရပ်ဝီးတောင်စိုင်
မောင်ဟိရာသို့ ၊ မရောက်နိုင်
ဘန်ဒါခဏာ မောင်ဟိရာကို ရှွတ်ပါခ။ ။
၈၄။ တဖုံဖုံ၊ စေသံတကြား
နှမနာ့မောင်၊ ရပ်ဝီးထား
မေအကြားနာ့၊ မောင်အကြားမှာ တောကြီးစီး။
ဒါးနာ့ပေါက်ဆိန်၊ ဒါးကောက်ယူချီ
ယင်းတောတန်းကို၊ ဖြိုရဇီ။
ပေါက်ဆိန်လဲးပွဲ၊ ဒါးလဲးရွဲ့
လက်ဖျားသတ်ကာ၊ တစ်သက်လုံးမာ ကိုယ်ရာနာ။ ။
၈၅။ ပန်းတစ်ပင်မာ၊ တစ်တန်ပွင့်လဲး
ခံတာဆွဲလဲ၊ ရကြောင်းမမြင်
ပင်ပန်းစရာ၊ တစ်ယောက်မေမှာ ထင်မိဗျာ။
တစ်စိုင်လုံးမာ၊ တစ်ယောက်ထွန်းလင်း
ကြင်ပါချင်ယင့်၊ ရကြောင်းမမြင်
ပင်ပန်းစရာ၊ တစ်ယောက်မေမှာ ထင်မိဗျာ။ ။
၆၈။ အဝဟင်းရာ၊ အဖျားပြိုလောင်း
နဂါးဖောင်ကော၊ ရကြေချောင်း
ရကြေချောင်းတဒလာ၊ ကောင်းစားခါက
နှမနာ့မောင်၊ စဲတပေါက်မာ
အတူထိုင်ရို့။
ရကြေချောင်းတဒလာ

ရခိုင်သားကြီးစာပေ

မကောင်းစားခါ
နမတစ်ပြေ၊ မောင်ကတစ်ကျွန်း
ခနစ်ကျွန်းနှာ့၊ လေးကျွန်းစကြာ
လားလီရပ်နှာ့၊ လာလီရပ်မှာ
မေလက်ရာ။
လက်ရာကိုမြင်၊ မေယင်တင်
မောင်ဇင်စိတ်ဆိုး၊ မေလက်စကို
ကိုယ်ရှိငိုကေ၊ မေမဟိန့်လဲ။
မေဟိန့်တက်စား၊ မေမျက်နှာကို
ဘန်ဒါထား။ ။

၈၇။ ဗျိုင်းဖြူတစ္ရှိ၊ ပျော်ပီပျော်ပါး
ချောင်းသာယာမာ၊ ငါးစားလား
ငါးကိုလဲမြင်၊ မစားပါရ
ဗျိုင်းသညေက၊ ဖော်ကိုတ
မေလဲတစ္ရှိ၊ ပျော်ပီပျော်ပါး
ဇေတဝန်ကေ၊ မြတ်ဟန်ကျောင်းမာ
အသျှင်မြတ်ကို၊ ဖူးစောင်လား
ဘုရားကိုလဲမြင်၊ မဖူးပါရ
ဇေတဝန်ကေ၊ မြတ်ဟန်ကျောင်းက
မောင်ကိုတ။ ။

၈၈။ ရပ်ဝလေးတောင်၊ ဇောက်သျှစ်တောင်
ရောင်တော်မဖွီး၊ သျှစ်သောင်းသိမ်မှာ
လုံးတော်ကြီး။
တစ်နစ်တစ်ခါ၊ တစ်လတစ်ခေါက်
နမနှာ့မောင်၊ ဖူးစောင်ရောင်။ ။

၈၉။ ဇောမိရွက်သွင်သွင်၊ ညောင်ရွက်ဝန်းဝန်း
မောင်ရို့လာကေ၊ ကံသာလမ်း
ကံသာလမ်းမှာ၊ ဖြားရီပြတ်စပ်
တစ်ယောက်မေကို၊ ရီယောင်မွတ်။ ။

၉၀။ ဆင်ပေါက်တဒိန်၊ ဟိုင်းတဒိန်
နှစ်တန်ပျော်ပါး၊ ပုန်ကန်မြစ်မှာ

ရှိချိုးလား။
မကျောင်းစွာ၊ တစွယ်ငင်ရို့
ထားလိုက်ချင်ယင့်
တစ်ဖက်ငါးရာ၊ မြတ်ဆင်ဖြူမာ
ရှံရို့ပါ။ ။
၉၁။ ပြင်ဖြူပြင်ဖြူ ပြင်ဖြူပြင်ဝတ်
ဖြားသုံးစပ်၊ ဖမ်းဖက်မေနာ့
ထွန်းဖက်မေမှာ၊ မရလား။
ထွန်းဖက်နာ့ယောင်၊ ဖမ်းဖက်ရှာစိုင်
လပြာသိုမှာ၊ ဆောင်းလဲးယိုင်
ပဆိုးခင်တုန်၊ လပြာသိုမှာ
ချမ်းမလုံ။
အိပ်ဖက်မေထွီး၊ မရဆိုးလဲး
မောင်ကိုလွမ်းစာ၊ မပို့ကေ့
မောင်ကိုလွမ်းစာ၊ ပို့ပတိကား
ကျောင်းထက်သျှင်ဝင်၊ ပန်းဇင်းကြားမေ
နှမလွမ်းစာ၊ မောင်လွမ်းဇာကို
စူးရှိရေ။
ရှာမဖက်လဲ့၊ ရပ်သူရှာသား
လူအများ၊ လူကြီးကြားမေ
နှမလွမ်းစာ၊ မောင်လွမ်းဇာကို
စူးရှိရေ။
တောမာဖက်လဲ့၊ တောဆတ်သမင်
ကြွံဆင်ကြားမေ၊ နှမလွမ်းဇာ
မောင်လွမ်းဇာကို၊ စူးရှိရေ။
ချောင်းကြီးကန်နား
တောင်သာယာမှာ၊ ဖတ်ပါလီ၊
လိုင်ကိုဆွဲကော၊ ပန်းသက်ဝီ။ ။
၉၂။ မြိုးပြီးမြိုးပြီ၊ မောင်ဂေါ်င်းထက်က
ကြူရို့နီ။
ရှိသောက်မွတ်ရို့ ကြူရေဆိုလဲး

ကြက်ဖကြီးကီနီ၊ ဗာဒယာစပါး
တောင်ကုန်းထက်မှာ၊ ချရို့ထား။
ရီသောက်မွတ်ရို့ ကြူရေဆိုလဲး
မေကယမြို့ မောင်ကယာနား
ကျောက်ပြင်တန်းတင်၊ ရီရှင်အိုင်ဝန်း
တတုတ်သောက်ကေ၊ ရင်လုံးချမ်း
ဖော်နာ့ကွဲရို့ ကြူရေဆိုလဲး
မောင်ဂေါ်င်းထက်က၊ မကြူကေ့
မြိုးပြီကမှာ၊ မောင်ကမှာ
ပမာမလွဲ၊ ပုံကိုခိုင်းကေ
တလွဲလွဲ။ ။

၉၃။ ပန်းပွင့်ကေ၊ မရာတောင်သောင်း
ဥယျာဉ်သာမှာ၊ ပန်းအပေါ်င်း
ပန်းပွင့်ကေမရာပွင့်ရေ
ဥယျာဉ်သာမှာ၊ မွှီးကြိုင်ရေ
ကျီသဝါကေ၊ မရာကျက်ရုံး၊ ပန်းဂမုံး
ရာမကေရာ ချတ္တရာ၊ ပွင့်ပြန်လာကေ
ဥယျာဉ်သာမှာ၊ ကျီသဝါ
ကျီသဝါကြက်ရုံး၊ ပင်တိုင်းလုံးမှာ
ချိုလို့ကာ၊
ပန်းများပွင့်ရေ၊ ဥယျာဉ်သာမှာ
မွှီးကြိုင်ရေ။
မွှီးရေဇာဖို့ ပန်းအနံ့ လီညှင်းဆောင်လို့။ ။

၉၄။ အရီးသျှင်မာရာ၊ မြင်ရေရင်သွီး
ကွပ်လုံးညီကေ၊ ညိုမေထွီး
ပါးမာမြိုးပြီ၊ ရင်မာမြိုးညှင်း
နံပါးဟတ်ကေ၊ တကြိုင်ချင်း
သက်လုံးကြင်ကေ၊ မေထွီးထံကို
မောင်ရောက်တော၊ လှပစံသီး
လူသတင်းကို၊ လူချင်းဆောင်ရို့
မောင်ရို့နားမှာ၊ ကြားမွိုရေ။ ။

ရခိုင်သားကြီးစာပေ

၉၅။ ပန်းပွင့်ကော်မရာထောင်သောင်း
ဥယျာဉ်သာမာ၊ ပန်းအပေါင်းဝေ
ပန်းများကေမရာပွင့်လေ
ပွင့်ရေကေမရာတချို့
ဥယျာဉ်သာမှာ၊ သုံးမကျရို့
အပွင့်လှကေ မရာထင်ရှား
ဂျိသဝါကျက်ရုံး၊ ဥယျာဉ်သာမာ
ပန်းဂမုံး။
ဘုရားကေမရာမသုံး
မသုံးကေမရာ မကျ၊
ဦးယျာဉ်သာမာ ပိုက်ထားစာရာ .....။ ။
၉၆။ ပမာကေမတူ၊ ပွင့်ပုံကိုခိုင်ကေ
လိုင်ရွဲမေက၊ ပန်းနှာ့တူရေ
လူများတကာ၊ လူ့ဖာသာ
လူများထက်ပင်၊ ရုပ်မလှလဲး
ရုပ်ဆိုးကေမမြင်ရို့
ရုပ်လှမောင်ရို့ မရေကော့။ ။
၉၇။ စွယ်တော်ကေမရာခေါက်ရမ်း
နာရီကေ မပန်၊
ဒန်းပန်းကေ မဖြူစင်
ပန်းပုင်ထက်မှာ၊ ပွင့်မုံဆင်ရေ
ပွင့်ဟောင်းကိုပစ်၊ ပွင့်သစ်ယူမေ
ပန်းပင်အောက်ကို၊ မောင်ရောက်တေ။
အရိုးကေမရာအသျှင်
မမြင်ကေမရင်သွီး
နှုတ်ခွန်းချိုကေ၊ ညှိုမေထွီးဝေ။
အရုပ်ကေမရာဆိုးလေး
ဆိုလိဗတ်စီ
လက်ဖျားယူငင်၊ တစ်သက်ရင်ခွင်
တင်လိုက်ချင်ရေ။
မောင်ရင်ခွင်မာ၊ ထိုင်ပါခလိုက်

ရခိုင်သားကြီးစာပေ

ညောကပင်၊ မောင်စိတ်ကြိုက်
မထိုင်ကေမရာလို့
ရသျှင်လေ မလေးကျီး
မောင့်ရင်ခွင်က၊ ထွက်ရို့ဖြီးရေ
မေမကေရာမာချစ်သူ
ကြင်သူကေ မဟိန့်ရာ
တစ်ယောက်မေကာ၊
လားဖို့ရာ ....ဝေ .....။ ။

စာစုသူရို့ ...(၁၉၈၉–AD )၊(၁၃၅၀–ရက္ခိုင်)က ရှာဖွီစုဆောင်ခရာက အပိုဒ်–၁၀၀(တစ်ရာ) နီးပါးကို စာဖတ်သူရို့ပါးသို့ ပို့ပီးလိုက်ပါရေ။ နောက်အခါအခွင့် ကြုံကြိုက်တေအချိန်မာ သဘာဝ တေး၊ အံ၊ ကဗျာ၊ ရတု၊ ဗျာသ၊ ဝတ္ထု(ပုံပြင်)စရေ ရခိုင်ရှိဟောင်းအဖွဲ့အနွဲ့(ဖွဲ့သားလက်ာ)ရို့ကို တင်ပြလားပါဖို့သိ။

**ရမ္မာဝတီ ပညာစာရ**

# ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲ စာမူတိနန့်ပတ်သက်၍

ရခိုင်ညွန့်ဖူး ဝတ္ထုတိုပြိုင်ပွဲလုပ်လာစွာ အဂုတစ်ခါနန့်ဆိုကေ (၄)ကြိမ်မြောက်ပါလတ်ပျာယ် ဖြစ်ပါရေ။ လေးကြိမ်မြောက်မှာ ပြိုင်ပွဲဝင်ရောက်တေစာမူ စုစုပေါင်း (၇)ပုဒ်ရာ ဟိပါယင့်။ ကောင်း ကောင်းနည်းပါးရေ အရေအတွက်ဖြစ်ပါရေ။ ပြိုင်ပွဲဝင်ဝတ္ထုတိုတိထဲက 'မယုသုန်စို'၏ 'မယုမြစ် ကမ်းမှ ကြိုကွဲသံ' ဝတ္ထုတစ်ပုဒ်တည်းကိုရာ 'ပထမဆု'အဖြစ် ရွီးချယ်ပြီးကေ ကျန်ဝတ္ထုတို (၆)ပုဒ်မှာလည်း (၁)ဘာသာစကားတိ ရောထွီးခြင်း၊ (၂)ဝါကျအနိန်အထား ညံ့ဖျင်းခြင်း၊ (၃) ဝေါဟာရ အသုံးအနှုန်းကြမ်းတမ်းခြင်း၊ မမှန်ကန်ခြင်း၊ (၄) အကြောင်းအရာပိုင်းအရ အလွန်တရာ ရိုးစင်းပြီး စိတ်ဝင်စားဖွယ်ရာ မတွိဟိရခြင်း၊ အရီးအသားညံ့ဖျင်းခြင်းတိကြောင့် ကျန်ဆုတိကို ဝမ်းနည်းစွာဖြင့် ပယ်လှပ်ထားလိုက်ရပါရေ။

အဂုဆုရဟိရေဝတ္ထုရေ ညွန့်ဖူးဆုရွီးချယ်ရေးအဖွဲ့က ရွီးချယ်ရာမှာ ရောက်ဟိလာရေ ဝတ္ထုတိထဲက အကောင်းဆုံးလို့ ယူဆရေဝတ္ထုတို ဖြစ်ပါရေ။ ဒေဝတ္ထုတိုပြိုင်ပွဲရေ ရခိုင်စာပီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကလောင်သစ်တိကို မွီးထုတ်ဖို့ ရည်ရွယ်ချက်နန့် လုပ်တေပြိုင်ပွဲတစ်ခု ဖြစ်ကြောင်း စာဖတ်သူရို့ သဘောပေါက်နိုင်ကတ်ပါလိမ့်မေ ...။

စတုတ္ထအကြိမ်မြောက် ရခိုင်ညွန့်ဖူးဝတ္ထုတိုပြိုင်ပွဲ ပြိုင်ပွဲဝင်စာမူတိ

| | | |
|---|---|---|
| (၁) | မယုမြစ်ကမ်းမှ ကြိုကွဲသံ | (မယုသန်စို) ပထမဆု |
| (၂) | သူချစ်ကိုယ်ချစ်ဝတ္ထုသျှေတစ်ပုဒ် | (လေးမြို့သားသျှေ –ပန်းမြောင်း) |
| (၃) | ဘဝ၏အကွေ့အကောက်များ | (မောင်ရွှေထွန်း) |
| (၄) | သူရို့အမင် | (ရီလာသား ထွန်းဝင်း–မုနိမြေ) |
| (၅) | အချစ်ယှုံး | (ရွှေထွန်း) |
| (၆) | ကူညီထိုက်လို့ရာ | (အဥ္စနရွှေထွန်း) |
| (၇) | ငြိမ်းချမ်းကတ်စီ အနာဂတ်ဆီ | (မောင်ခိုင်–သန္တာမြို) |

ရခိုင်နားအတွက် ရခိုင်စကား ချိုပါစီ။
ရခိုင်သားအတွက် ရခိုင်စာပီ ထွန်းပါစီ။

**မှတ်တမ်းတာဝန်ခံ**

# မယူမြစ်ကမ်းမှ ကြို့ကွဲသံ

သူ့အလျှင်နှုန်းနန့်သူ မြစ်ဖျားကို အလိုက်သင့် စီးနိန်ရေ ဖြားရိုက နရီစည်းဝါးမှန်မှန်နန့် ငြိမ့်ညောင်းလိုက်တေပင်။ မြစ်ရိုက ခါးလယ်လောက်တက်နိန်ဗျာယ်။ ကျွန်တော်စီးနင်းလိုက်ပါလာရေ ဓညဝတီ(၁)သင်္ဘောက ရီစီးကို တဝေါ်ဝေါ်ဆန်လို့ ခုတ်မောင်းနိန်ရေ။ နှင်းမှုန်တိနန့် အလှဆင်ထားရေ နတ်တော်လတွင်းဖြစ်လို့ ထင်ယင့်။ သဘာဝကျ ချမ်းအီးရေ အငွေ့အသက်ကို ထုတ်လွှတ်နိန်ရေ။ နီမင်းကြီးကလည်း ကိုယ်ရောင်ကိုယ်ဝါပင် မပြဝံ့ပဲ နှင်းထုထဲမှာ ပုန်းအောင်းနိန်ရေ။ မယူမြစ်ကမ်း လက်ဝဲလက်ယာမှာဟိရေ လယ်ကွင်းက စပါးပင်တိ နှင်းရည်ကို သောက်ပျာယ် ဝင်းမှည့်ငိုက်ညွတ်နိန်စွာကလည်း တစ်မျိုးကြည့်ကောင်းနိန်ရကာ။ ဘူးသီးတောင်မြို့ကား ထိုးအဝီးကြီးမှာ မှုန်ဝါးဝါးကျန်လိုက်ပျာယ်။

သင်္ဘောက မာယာများရေ မြစ်အကွေ့အကောက်တိကို လှည့်ပတ်ခုတ်မောင်းရင်းနန့် ရှိမှာဟိရေ ညောင်ချောင်းရွာနန့် နီးသည်ထက်နီးလာရေ။

လက်မှာပတ်ထားရေ နာရီကို ငုံ့ကြည့်လိုက်တေခါ (၉)နာရီကျော်ဗျာယ် ဆိုစွာကို နာရီလက်တံသျှေက ညွှန်ပြနိန်ရေ။ ညောင်ချောင်းရွာကို ရောက်ပျာယ်။ ဒေရွာမှာ စစ်တွေကလာရေ သင်္ဘော၊ စစ်တွေကိုလားရေ သင်္ဘော တစ်ခေါက်စီဆိုက်နိန်ကျ။ ခရီးသည်တချို့အထက်အဆင်း ဟိရေ။ ဆိပ်ကမ်းမှာ ရောင်းနိန်ရေ စားစရာသောက်စရာတိ ဝယ်ရစွာလည်း အဆင်ပြေရေ။ အဓိကတော့ ထမင်းဗျာယ်။ ဆိပ်ကမ်းမှာ နိန်ကတ်တေ ရောင်းချသမားတိစွာ သင်္ဘောကို အမှီပြုနိန်ကတ်ရရေ။ ကျွန်တော်ရေ ညောင်ချောင်းရွာနန့် မစိမ်းပါ။ ညောင်ချမ်းရွာက ရှီးရောင်းသားတိနန့်လည်း ရင်းနှီးပြီးသာဖြစ်နိန်ရေ။ တွိဖူးစွာတစ်ခါမဟုတ်။ ကျွန်တော်မှတ်တတ်အရွယ် မေမေနန့် စစ်တွေကို အလည်လားရေနိန်ကပင် ဒေရွာကို စသိခရေမဟုတ်လား။ အဂုခါနန့်ဆို ကေ ညောင်ချောင်းရွာရေ ကျွန်တော့်ဆွေမျိုးတစ်ယောက်ပိုင် ဖြစ်နိန်ဗျာယ်။ ကျွန်တော် စစ်တွေကို ပရက်တီကယ်လားရလို့ တစ်လမှာ အနည်းဆုံးတစ်ခေါက် နှစ်ခေါက်လောက်တော့ ဆုံနိန်ကျ။

ညောင်ချောင်းရွာနဲ့ စတွေ့ရေ ပထမဆုံးနိန့်ကို သတိရမိရေ။

\+ + +

ဆိပ်ကမ်းက ဖောင်တော်သျှေကို သင်္ဘောကပ်လိုက်စွာနန့် တစ်ပြိုင်နက် ထမင်းရောင်းရေ လူတိ သူ့ထက်ငါယင် ဝရုန်းသုန်းကား သင်္ဘောထက်ကို ပြီးတက်လာကတ်တေ။ ခရီးသည်တိ မျက်နှာကို အားကိုးတကြီးကြည့်ဗျာယ်။

''ထမင်းပါရေ ....ထမင်းပါရေ၊ ဝယ်ကတ်ဖို့လား'' လို့အော်ဟစ်ပျာယ် ရောင်းချနိန်ကတ်တေ။ ဒေချင့် အဆန်းမဟုတ်ပါ။ သူရို့ဝမ်းရေးအတွက် ရုန်းကန်ရခြင်းဖြစ်တေ။ သင်္ဘောက ဆိပ်ကမ်းမှာ (၁၀)မိနစ်လောက်ရာ ကပ်ပြီးကေ သူ့ခရီးသူဆက်တေ။ ဟင်း၊ ထမင်းရောင်းရေ လူတိလည်း သင်္ဘောထက်မှာ လိုက်ပါရောင်းချကတ်တေ။ သူရို့လက်မှာလည်း ထမင်းထုပ်တိက မစွံသိ။ ယကေ ယင်းလူတိကိုယ့်ရွာကို ဇာပိုင်ပြန်ကတ်ဖို့လည်းချင့်။ သင်္ဘောလည်း လမ်းမှာ ကပ်စရာဆိုလို့ ရသေ့တောင်မြို့ရာ ကျန်ဗျာယ်။ သြော် ...ယင်းလူတိ ရသေ့တောင်မြို့မှာ ဆင်းကျန်လိုက်ဖို့ဟိဖို့လို့ ကျွန်တော်စဉ်းစားမိရေ။ အသျှေတစ်ယောက်ဖြစ်တေ ကျွန်တော်က ယင်းထက်ပိုလို့ တွေးမရ။ သူရို့မှာ ထမင်းစွံလာရေ အချိန်မှာကား သင်္ဘောက ညောင်ချောင်းရွာနန့် အင်တန်လောက် ဝီးလားဗျာယ်။ ဝီးဆို မြစ်ကွေ့နန့်ဖြစ်လို့ ညောင်ချောင်းရွာကိုပင် ကြည့်မမြင်လိုက်ပျာယ်။ မကြာလိုက်ပါ၊ ကျွန်တော့်အတွေးပင် မဆုံးလိုက်သိ .......

'ဂျိုး ....ဂျိုး ...' လို့ ရီထဲကို ကျသံကြားလိုက်တေ။ သင်္ဘောပဲ့ပိုင်းကို လှည့်ကြည့်လိုက်တေ အခါ ထမင်းရောင်းရေ လူတိ မြစ်ထဲခုန်ဆင်းလားစွာကို မြင်လိုက်ရေ။ ကျွန်တော် အံ့သြလားခရေ။ နှုတ်ကလည်း 'အို...ဘာလေ'လို့ အာမေဍိတ်သံ ထွက်လားရေ။ ခုန်ဆင်းလားရေအထဲမှာ မိန်းမတို့လေ့ပါစွာရာမနား။

ခရီးသည်တိုင်းလည်း သူရို့ ဆင်းလားစွာကို ငေးကြည့်ပနာ ရင်သပ်ရှုမော ဖြစ်နိန်ကတ်တေ။ သူရို့ကား ရီစုန်နန့် မျိုးပါလားရေ၊ ကြောင့်ကြစိတ်နန့် အနားမှာ ရပ်နိန်ရေ မေမေ့ဘက်ကို လှည့်ကြည့်ဗျာယ်။

'မေမေ၊ ယင်းလူတိ ကိုယ့်ရွာကို ဒေအတိုင်း ရီနန့်မျိုးလို့လား လီဖို့ လားချင့်''

''ဟုတ်တေ သားသျှေ၊ ဇာဖြစ်လို့လဲ''

''ရွာကလဲသော့ အဝီးကြီးမှာ ကျန်လိုက်ပျာယ်ကာ''

''ယင်းလူတိအတွက် စိုးရိမ်ဖို့မလို၊ သူရို့ ရီကူးကျွမ်းပြီးသားရာ သားသျှေ၊ ပြီးကေ သူရို့ လုပ်စားနိန့်စွာလေ့ ကြာဗျာယ်မဟုတ်လား''

မေမေက ကျွန်တော့်ကို ဒေလောက်ရာ ပြောရေ၊ မေမေကား အယင်ကပင် ဒေမြင်ကွင်းကို တွိဖူးပေါင်းများနိန်ဗျာယ်ဟိဖို့။ ကျွန်တော့် ပစပ်ကတော့ 'သနားကောင်းထမန်း မေမေ''လို့ ပြောဖြစ်တေ။ အဂေါင့်ဂေါင့် သူရို့ကို သနားမိရေ၊ ခေါင်းတစ်လုံး ရီမှာပေါ်ဗျာယ် မျိုးလားခရေ လူတိကား ကျွန်တော်နန့် ဝီးဝီးဝီးလို့ ကျန်လိုက်တေ။ ဘဝမှာ ပထမဆုံးတွိရရေ မြင်ကွင်းဆန်း

ကို ကျွန်တော့်မျက်လုံးထဲက ပျောက်ပစ်လို့ မရ၊ စွဲမြဲနိန်ရေ။

+ + +

ကျွန်တော် အရွယ်ရောက်လို့ အဝီးသင်ကောလိပ်ကျောင်းသားဖြစ်တေခါ သူရို့ဘဝကို ပိုလို့လေ့လာခွင့်ရရေ။ စစ်တွေကို လာတိုင်း သူရို့ကို သတိထားမိရေ။ သူရို့အထဲမှာ အရွယ်အမျိုးမျိုး ဟိကတ်တေ။ သဘော်ဆိုက်ကပ်စွာနန့် အဆင်သင့်ရောင်းလို့ရအောင် ထမင်းထုပ်၊ ဟင်းထုပ်တိကို ပလတ်စတစ်အိန်နန့် အလိုက်သင့်ထုပ်ထားရေ။ တစ်ထုပ်ကိုမှ (၂၅)ကျပ်၊ (၃၀)ရာ ပီးရရေ။ လူတစ်ယောက် (၃)ထုပ်လောက်စားကေ ဝမ်းတင်းနိုင်ရေ။

''ယာ ....အစ်ကိုကြီး၊ ဒေချိန်းခေါက်ဝါ ထမင်းမဝယ်ဗျာယ်လာ''

အတွေးမဆုံးခင် အသံကြားလို့ လှည့်ကြည့်လိုက်တေခါ လက်တစ်ဖက်တစ်ချက်မှာ ထမင်းထုတ်တွဲလွဲနန့် ရပ်နိန်ရေ ဖြူသျှေကိုတွိရရေ။ ပြုံးစစနန့်။ ဖြူသျှေနန့် ကျွန်တော်က ရင်းနှီးပြီးသားရာ။ လွန်ခရေ (၂)နှစ်(၃)နှစ်လောက်ကပင် ကျွန်တော် စစ်တွေကို လားသရှို့ သူ့ဘက်ကင ထမင်းထုပ်ကို အားပီးနိန်ကျ။ အဂုလေ့ကြည့်ပလင်၊ ကျွန်တော့်ကို မြင်စွာနန့် အားရဝမ်းသာ ထမင်းထုတ်လာရောင်းရေမလား။

''ဝယ်မေဝေ ဖြူသျှေ၊ (၃)ထုပ်ပီးခ၊ ယာ ....၁၅၀ ယူလီ၊ ပြန်မပီးကေ''

သူ့ကို (၁၀၀)တန်တစ်ရွက်နန့် (၅၀)တန်တစ်ရွက် ထုတ်ပီးလိုက်တေ။ အမှန်က ထမင်း (၃)ထုပ်ကို (၉၀)ရာကျရေ။ ယေကေလေ့ ဖြူသျှေဘက်က ထမင်းထုပ်ဝယ်တိုင်း ကျွန်တော်ဒဂီး အပိုပီးနိန်ကျမဟုတ်လား၊ ဖြူသျှေကို သနားလို့။

''ဖြူသျှေ၊ မင်းပိန်လားရေ ကာဝေ၊ ဇာဖြစ်လေ နိန်မကောင်းလား''

''ဟုတ်ပါရေ အစ်ကိုကြီး၊ ကျွန်တော် နိန်မကောင်းစွာ နှစ်ရက်သုံးရက်ဟိပါဗျာယ်၊ ဒေနိန့် တဆိတ်ကေသက်သာလို့ သဘော်ဆင်းစွာပါ''

''နိန်ကောင်းစွာ ဟုတ်ယင့်လားဝေ၊ မင်းကိုကြည့်ရစွာ တစ်မျိုးကြီးကာ''

''ဟုတ်ပါရေ အစ်ကိုကြီး၊ လားလိုက်ပါမေ၊ ကျန်ရေ ထမင်းထုပ်တိကို ရောင်းရပါဖို့သိ'' ဆိုဗျာယ် ဖြူသျှေ ကျွန်တော့်အနားက ထွက်လားရေ။ ထမင်းထုပ်ကို ကိုင်လို့ လားခရေ ဖြူသျှေ နောက်ကုန်းကို ကျွန်တော်ငေးကြည့်နိန်မိရေ။ အရွယ်နန့်မလိုက်အောင် ရုန်းကန်နိန်ရရေ ဖြူသျှေ ဘဝ။ မယူမြစ်ရိုးထဲမှာ ဘဝကိုပေါင်နှံထားရရေ ကလေသျှေ။ နီပူမယှောင် မိုးရွာမယှောင် ရှီစီးကြော မှာ မျိုးနိန်ရရေ အသက်တစ်ချောင်း။ ချမ်းအီးရေ ဆောင်းမှာလေ့မလွတ်၊ ဆရာဇော်ဂျီရီးရေ 'ဗေဒါလမ်း'ကဗျာကို ပြန်းခနဲ အတွက်ပေါ်လာရေ။ သြော် .....ဖြူသျှေဘဝကား မဗေဒါ အံကိုခဲလို့ ပန်းပန်ကတ်စွာရာမလား။ ကျွန်တော့်ခေါင်းထဲကို ဖြူသျှေအကြောင်းက ဝင်လာပြန်ရေ၊ အယင် ဖြူသျှေနန့် စတွိပုံ၊ ရင်းနှီးလာပုံတိက စီရီရီ။ ယင်းနိန့်က ကျွန်တော့်ကို ထမင်းအခမ့ရောင်းရေ ကလေသျှေတစ်ယောက်ကို တွိရေ။ အသက်က (၁၃)နှစ်လောက်ရာဟိဖို့ထင်ရေ၊ ခန္ဓာက ပိန်ပိန်၊ အသားက မည်းမည်း၊ ခါးမှာဝတ်ထားရေ ဒယောကတော့ ခြည်လုံးမပေါ်နိုင်လောက်အောင်

အညှာ့်ကပ်နိန့်ရေ။ ကျွန်တော်သူ့ကို စိတ်ဝင်စားလားရေ။

''ညီသျှေ မင်းနာမည် ဇာလဲဝေ''

''ဖြူသျှေပါ အစ်ကိုကြီး''

ယင်းနိန့်က ဒေလောက်ရာ စကားပြောဖြစ်တေ၊ သူပြောနိန်ပုံက ရင်းရင်းနှီးနှီး။ သူနန့် အချိန်ကြာကြာ စကားပြောခွင့်မရလိုက်။ သူ့မှာက အလုပ်နန့်မအား။ ယင်းနိန့် သူ့ဘာက်က ထမင်းကို စလို့ဝယ်စားလိုက်တေ။ အယင်တော့ ကျွန်တော် ညောင်ချောင်းက ရောင်းရေထမင်းကို တစ်ခါလေ့ ဝယ်မစားဖြစ်။ နောက်ကြုံကေလေ့ ဖြူသျှေဘာက်က ထမင်းကဝို အားပီးရေ သဘော နန့် ဝယ်ဝယ်စားနိန်လို့ သူနန့် ကျွန်တော်ရင်းနှီးလားရေ။ အခွင့်ကြုံကေ စကားပြောဖြစ်ကတ်တေ။ ယင်းပိုင်နန့် ဖြူသျှေဘဝကို ပိုသိလာရေ။ သူပြောရေ စကားတိက ကျွန်တော့်ရင်ထဲကမထွက်နိုင်။

''ဖြူသျှေ ... မင်းသဘော်ထက်က ခုန်ဆင်းစွာ မကြောက်လားဝေ''

''ဇာတတ်နိုင်ပါဖို့လဲယေ အစ်ကိုကြီး၊ ကျွန်တော့်ဘဝက ဒေပိုင်မလုပ်စားကေ မရလို့ပါ။ ဒေချင့်တောင် လူများဆိုင်က ထမ်ငးကို အခနန့် ရောင်းပီးနိန်စွာပါ''

''မင်းဖဝါ ဇာလုပ်လေ''

ယင်းပိုင် ကျွန်တော်မိန်းလိုက်စွာနန့် သူ့မျက်နှာ ညှိုးလားရေ။ ခေါင်းကို အောက်သို့ချဗျာယ် တစ်ခုခုကို သတိရလားပိုင် ဖြစ်လားခရေ။ ပြီးမှ မပြောချင် ပြောချင်နန့်.....

''ပါပါ သီလားခစွာ ကြာပါဗျာယ် အစ်ကိုကြီး''

ကျွန်တော်စိတ်မကောင်းဖြစ်လားရေ။ စိတ်မကောင်းဆိုစွာထက် သူ့ကို ကရုဏာသက်မိရေ ဆိုကေ ပိုလို့မှန်ဖို့ထင်ယင့်။

''ယေကေ မင်းအမိဝါ''

''မေမေကတော့ သူများလယ်မှာ ရရာအလုပ်ကို အငှားလုပ်ပါရေ၊ ယေကေလေ့ မလုံ လောက်ပါ။ ယင်းအတွက်နန့် ကျွန်တော်ဒေပိုင်ထွက်လို့ အလုပ်လုပ်ရစွာပါ အစ်ကိုကြီး''

''မင်း ကျောင်းမတက်လား''

''လေးတန်းထိသင်ဖူးပါရေ၊ ကျွန်တော့်ဘဝက ပညာတတ် ကံမပါထင်ပါယင့်၊ အဂုတော့ ခါ ညီသျှေတစ်ယောက်နန့် ညီမသျှေတစ်ယောက်ကို ကျောင်းထားပါရေ''

ဒေစကားတိစွာ ဖြူသျှေဘာက်က တစ်ရက်တည်း တစ်ချိန်တည်းမှာ သိခွင့်ရစွာမဟုတ်။ သူနန့်ကြုံလို့ တွိရေခါ တစ်ခွန်းစ နှစ်ခွန်းစ ပြောကတ်တေ စကားတိရာ။ အချိန်ကြာလီ ဖြူသျှေကို ပိုလို့ သနားလာလီ။ ညီသျှေအရင်းတစ်ယောက်ပိုင် သံယောဇဉ်တွယ်လီဖြစ်မိပါရေ။ သူကလေ့ ကျွန်တော့်ကို အစ်ကိုကြီးတစ်ယောက်ပိုင် အားကိုးရေလတ်။ ကျွန်တော်နန့်တွိလို့ သူ့ဘဝမှာ အားဟိလားရေလတ်။ ဇာကလေ့သျှေလေ့ ဖြူသျှေပိုင် ကြံ့ကြံ့ခံနိုင်ဖို့စွာ။ ဖြူသျှေကား အာဂလသတ္တိခဲ ရာမလား။ တစ်ခါကဆိုကေ ......

''အစ်ကိုကြီး၊ မေမေနိန်မကောင်းဖြစ်နိန်စွာ ကြာပါဗျာယ်၊ ဆီးထိုးဖို့ ဒင်္ဂါးမဟိဖြစ်နိန်ပါရေ၊

ကျွန်တော်လေ့ မကြုံတတ်ပါဗျာယ်''

အမိအတွက် စိုးရိမ်တကြီးနန့် ကျွန်တော့်ကို ပြောနိန်ပုံက ညီတစ်ယောက်က အစ်ကိုတစ်ယောက်ကို အားကိုးတကြီး တိုင်တည်ပြောနိန်ပုံပေါက်တေ။

ကျွန်တော် ဖြူသျှေကို ကောင်းကောင်းသနားလားရေ။ ညီသျှေကို ကူညီချင်စိတ်ပေါက်ပါလတ်တေ။

''အေးဝေ ညီသျှေ၊ အစ်ကိုကြီးလေ့ စိတ်မကောင်းဖြစ်မိရေ၊ ဒေဂါီးနန့် မင်းအမိကို ဆေးထိုးပီးလိုက်''

ဒဂါီး (၅၀၀)တန်တစ်ရွက် ထုတ်ပီးလိုက်တေ။ တတ်နိုင်ကေ ဒေထက်အများကြီး ကူညီချင်သိရေ။ ကျွန်တော့်ပိုင် မူလတန်းပြကျောင်းဆရာတစ်ယောက်အနေနန့်ကား စေတနာထက်အပြင် မတတ်နိုင်။

ယင်းနိန့်က ဖြူသျှေမျက်နှာမှာ ရုတ်တရက်ပေါ်လာရေ အပြုံးရိပ်၊ ပျော်ရွှင်ရိပ်တိကို ကျွန်တော့်တစ်သက်မှာ မိလို့ရလီဖို့ မဟုတ်။ ပြီးကေ ဖြူသျှေက ကျွန်တော့်ကို လူလယ်ကောင်မှာ ရှိခိုးဦးချသိရေ။ ကျွန်တော်လေ့ ကိုယ်တစ်ခါမှ မမြင်ဖူးရေ ဖြူသျှေအမိတစ်ယောက် ကျန်းမာပါစီလို့ ဆုတောင်းပီးလိုက်တေ။

သဘော်က မြစ်ဝကို ထွက်ပျာယ်။ ကျွန်တော် အတွေးလည်း ပြတ်လားရေ။ ရီပြင်ထိုဘက်မှာဟိရေ စစ်တွေမြို့ကိုပင် မှုန်မှုန်သျှေမြင်နိန်ရဗျာယ်။ ရီပြင်ကျယ်မှာ လှိုင်းလုံးကြီးငယ်တိ ပျော်မြူးနိန်ကတ်တေ။ လီဟုန်စီးနိန်ရေ ငှက်စင်ရော်တိလေ့ ပျံဝဲလို့။ တစ်လမ်းလုံး ဖြူသျှေအကြောင်းကို တွေးဗျာယ် စိတ်ပင်ပန်း နိန်ကေလေ့သော့ ဒေမြင်ကွင်းတိကို မြင်ရရေခါ် ကျွန်တော်စိတ်ကြည်လင်လားရေ။ တိုက်ခတ်လာရေ လီအီးနုသျှေကတော့ လန်းဆန်းစီရေ။

\+ + +

စစ်တွေမြို့က အပြန်ခရီးမှာ စိတ်ပေါ့ပါးနိန်ရေပိုင်တွိရေ။ စစ်တွေမှာ (၂)ရက်နိန်ဗျာယ် ပရက်တီကယ်လုပ်ရစွာလေ့ အဆင်ပြေယင့်။ ပြီးကေ ကိုယ့်အပေါင်းအသင်းတိနန့် ပွိုင့်ကိုလေ့သော့ ပျော်ပွဲစားထွက်ခီသိရေမလား။ စစ်တွေက ဝယ်ခရေစာအုပ်တိလေ့ အသင့်အတင့်ပါလာရေ။ တစ်လမ်းလုံး စာဖတ်ဖြစ်တေ။ ယင်းအထဲမှာ ဆရာကြီးမောင်စံဖော်ရီးရေ ရိုးမခေါ်သံစာအုပ်ကို ဖတ်ရလို့ ကောင်းကောင်းကျေနပ်မိရေ။ နီအင်တန်စောင်းနိန်ဗျာယ်။ ညောင်ချောင်းရွာဆိပ်ကမ်းကို သဘော်ကပ်စွာနန့် ကျွန်တော့်မျက်လုံးက စပ်နိန်ရေ။ ထိုနားဒေနား ရှာနိန်ရေ။ မမြင်။ လက်တစ်ဖက်တစ်ချက်စီမှာ ထမင်းထုပ်တွဲလွဲနန့် ကျွန်တော့်ကိုမြင်တိုင်း အားရဝမ်းသာဖြစ်လားရေ မျက်လုံးပိုင်သျှင် ဖြူသျှေကို ရှာနိန်စွာ။ အဂုထက်ထိ မတွိဖြစ်နိန်ရေ။ စိတ်ပူလားရေ။ နိန်မကောင်း ဖြစ်နိန်ဗျာယ်လာဂု။ သဘော်ရာဆိပ်ကမ်းက ခွာလားရေ ဖြူသျှေနန့် မတွိခရ၊ သဘော်အင်တန်လောက်လားစွာနန့် မြစ်ကမ်းနားမှာဟိရေ သချိုင်းကို လှမ်းမြင်ရရေ။ သဘော်ရေ ကမ်းနားက ကပ်လားစွာဖြစ်လို့ သချိုင်းမှာဟိရေ လူတိကို အထင်အရှားမြင်နိန်ရရေ။ အသုဘ

တစ်ခုဟိဖို့လို့ ကျွန်တော်တွေးမိရေ။ သီခြင်းတရား၏ အကြွင်းအကျန်ကို ဒေသချိုင်းကပဲ လက်ခံရရေမလား။ ကျွန်တော်နန့် မနီးမဝေးမှာ ရပ်နိန်ရေ လူတစ်ယောက်ပါးက အသံတစ်သံထွက်လာရေ။ မသဲကွဲလိုက်။ ဖြူသျှေလို့တော့ ကြားလိုက်ရရေ။ ကျွန်တော် စိတ်ဝင်စားလားရေ။ ကျွန်တော်နန့်ပတ်သက်နိန်ရေ ပိုင်တွိရေ။ ယင်းလူအနားကိုလားဗျာယ်။

''အခင်ကြီး ဇာကပါသိ''

ယင်းလူက ကျွန်တော့်ကိုကြည့်ရေ။ အသက်(၅၀)လောက်ဟိဖို။ ပါးစပ်မှာ ကိုက်ထားရေ ပန်းတူကိုလက်နန့်ယူဗျာယ် ......

''ငါ ညောင်ချောင်းကဝေ။ ဘူးသီးတောင်ကိုလားစွာရာ၊ ကိစ္စဟိလို့လား''

''မဟိပါ အခင်ကြီး၊ တနားက အခင်ကြီးပြောရေ စကားကို စိတ်ဝင်စားလို့ရာ''

''အဂုနားကမြင်ခရေ အသုဘအကြောင်းကို ပြောစွာရာဝေ၊ ဖြူသျှေ အသုဘမနားယေ''

ယင်းစကားကို ကြားစွာနန့် ကျွန်တော့်ခေါင်းကို ကာရန်းလိုက်တေပိုင် ဖြစ်လားခရေ၊ ရင်ထဲထိ ထိုးဝင်လားရေပိုင်တွိရေ။

ဖြူသျှေသီဗျာယ်လတ်၊ ဖြစ်နိုင်ဖို့မထင်။ ဟိုတစ်ရက်နှစ်ရက်က စစ်တွေအလားမှာ ဖြူသျှေ တမင်းထုပ်ကို ကျွန်တော်ဝယ်စားလိုက်သိရေ။ ဒေရွာမှာ ဖြူသျှေ ဇာနှစ်ယောက်ပင် ဟိရေကမသိ။ ကျွန်တော့် ညီသျှေတော့ လုံးဝမဖြစ်နိုင်။

''အခင်ကြီးပြောရေ ဖြူသျှေဆိုစွာ အသူပါလေ''

''ဒေရွာမှာ ဖြူသျှေတစ်ယောက်ရာ ဟိရေဝေ၊ ဆိပ်ကမ်းမှာ ထမင်းရောင်းရေ၊ အသက်အငယ်သျှေသိ၊ ညကသီစွာ၊ အဖျားမကောင်းဘဲနန့် ထမင်းဆက်ရောင်းရေ၊ မြစ်ရီကိုကူးရေ၊ ယင်းပိုင်ဆိုယင့်ဝေ''

ကျွန်တော်ရှိုဆက်လို့ ယင်းလူစကားကို မကြားဝံ့ပါဗျာယ်။ သေချာရေ။ ဖြူသျှေသီစွာ။ ကျွန်တော့်ညီအရင်းဆိုကေလေ့ ဟုတ်တေ။ ဖြစ်နိုင်ကေ ကျွန်တော့်ညီသျှေ အသုဘကို လိုက်ပို့ချင်ရေ။ အစကပင်သိကေ ကောင်းလီဖို့။ အဂုကား သင်္ဘောက ကျွန်တော့်ကို ညီသျှေ အသုဘ လိုက်ပို့ဖို့ခွင့်မပြု။ ညီသျှေကို အစ်ကိုကြီး ဇာပိုင်မိလို့ ရဖို့လဲယေ။ မယုမြစ်မှာတော့ ရီကစီးဆင်းနိန် တုန်း။ ထမင်းထုပ်ရောင်းရေ လူတိကလေ့ မယုမြစ်ရီထဲကို တဂျုံးဂျုံး။

**မယုသုန်စို**